ဥာဏ်ဝင်းစာပေ

# မင်းသိင်္ခ

ပုဏ္ဏားဘာကွန်း

ဇာတ်သိမ်း



# မင်းသိခ်

# ပုဏ္ဏားဘကွန်း

## [ ဇာတ်သိမ်း ]

## ကျွန်ုပ်နှင့် ထူးဆန်းသောမုန့်

အငတ်ဆိုသည့်ကောင်က မောင်ကြီး၏နားနားသို့ ကပ်၍ပြောသည့်စကားမှာ မည်သည့်စကားဖြစ်သည်ကို စဉ်းစား၍နေမိလေ၏။ သို့ရာတွင် အဖြေကမပေါ်ပေ။ ထို့ကြောင့် . . . တစ်ပိုင်းတစ်စကြီးထားခဲ့သော ကြေးကူးဆစ်ကိုပင် ဒေါသဖြစ်မိသေးတော့သည်။

ထိုအကြောင်းအရာကိုပင် စဉ်းစားကြည့်လိုက်၊ အဖြေမပေါ်သည်နှင့်မေ့ပစ်လိုက်၊ သို့ရာတွင် ကြာကြာမေ့လို့ကလည်းမရပေ။ သတိရလာပြန်၏။ သတိရလာပြန်၍ စဉ်းစားတော့လည်း အဖြေမပေါ်သည်နှင့် ထိုညက တော်တော်နှင့် အိပ်၍မပျော်ခဲ့ပါ၊ ကိုးနာရီ သံချောင်းခေါက်သည့်တိုင်အောင် အိပ်၍မပျော်သေးသည့်အလျောက် ဗိုက်တွင်း၌ဟာတာတာဖြစ်၍လာလေတော့၏။ ထို့ကြောင့် ထိုပြဿနာကို မစဉ်းစားတော့ဘဲ ကြေးကူးဆစ်ပေးခဲ့သော လမုန့်တစ်ချပ်ကိုစား၍ ရေသောက်ကာအိပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုသို့ဆုံးဖြတ်သည့်အတိုင်း လမုန့်ကိုယူ၍ထက်ပိုင်းချိုးလိုက်ရာ လမုန့်အတွင်းမှ ပိုးစအဖြူလေးထွက်၍လာလေ၏။ ထိုပိုးစလေးပေါ်၌ တရုတ်မင်ဖြင့်ရေးထားသော လွန်စွာဝိုင်းစက်၍ အဆက်အစပ်တို့၌ လွန်စွာမှလည် ကျွန်ုပ်သည် ဒဏ်ရာများ ကောင်းစွာမကျက်သေးသဖြင့် ဆေးရုံမှ ဆင်းခွင့်မရသေးဘဲ ဆက်လက်၍ ဝဋ်ဒုက္ခကို ခံစားနေရလေ၏။ ကျွန်ုပ်အား ဆေးရုံတစ်ရုံလုံးရှိ မည်သူ တစ်ဦးတစ်ယောက်ကမျှ ဆေးဖော်ကြောဖက် မလုပ်ကြပေ။ ဆရာဝန်နှင့် သူနာပြုဆရာမများမှာမူ ဝတ္တရားရှိသည့်အတိုင်း ကုသပေးကြပါ၏။ သို့ရာတွင် အခြားသော လူနာများကဲ့သို့ သနားကြင်နာသော အရိပ်အယောင်ကိုမူ သူတို့၏ မျက်လုံးများ၌ လုံးဝတွေ့မြင်ရခြင်းမရှိပါ။

ခုတင်နီးချင်း လူနာများကလည်း ကျွန်ုပ်အား စကားပြောဖို့ဝေးစွ၊ ကျွန်ုပ်ကပြောသည်ကိုပင် မကြားဟန်ပြု၍ တစ်ဖက်သို့ မျက်နှာလွှဲ၍သွားသည်ချည်းဖြစ်၏။ ဆေးရုံပေါ်၌ အခြားသော လူနာများမှာ တစ်ဦးနှင့်တစ်ဦး စကားပြောခြင်း၊ တစ်ဦး၌ရှိသော အစားအသောက်များကို တစ်ဦးကို ကျွေးခြင်းဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းသောအချိန်များကို ကုန်လွန်စေခဲ့ကြလေ၏။ ကျွန်ုပ်မှာမူ ခုတင်ပေါ်၌သာလျှင် ပက်လက်နေရာမှ တစ်ဖက်သို့စောင်းလိုက်၊ စောင်းနေရာမှ ပက်လက်လှန်လိုက်ဖြင့်သာ ဆင်းရဲကြီးစွာနေရလေ၏။

အဆိုးဆုံးမှာ ဧည့်သည်များလာချိန်ဖြစ်၏။ ခုတင်အသီးသီးမှ လူနာများသည် ထိုအချိန်၌ သူ့ဧည့်သည်နှင့်သူ စကားပြောခြင်း၊ ဧည့်သည်ကလူနာကို အားပေးခြင်း စသည်ဖြင့် လူနာများအဖို့ စိတ်အပြောင်းအလဲဖြစ်စေသော အချိန်ဖြစ်၏။ ကျွန်ုပ်မှာမူ မည်သူတစ်ဦးတစ်ယောက်ကမျှ လာ၍ကြည့်ခြင်း မရှိသဖြင့် မျက်နှာငယ်ရလေ၏။ ထို့ထက်ဆိုးသည်မှာ အခြားသောလူနာများထံသို့ လာသည့် ဧည့်သည်များအား ထိုလူမာများက –

“အဲဒီကောင်ပေါ့၊ တောကမိန်းကလေးတွေကို လျှောက်ပြီးဖျက်ဆီးလို့ မိန်းကလေးရဲ့ မိဘမောင်ဘွားတွေနဲ့ ရွာသားတွေက ဝိုင်းပြီးရိုက်လိုက်လို့ ဆေးရုံရောက်လာတာလေ” ဟု ပြောပြလေ၏။

ဧည့်သည်များကလည်း "ဩော် ... သိပြီ သိပြီ၊ သတင်းစာထဲမှာပါတဲ့ မိန်းကလေးတွေကို ဖျက်ဆီးလို့ အရိုက်ခံရတဲ့ စပါးပွဲစားဆိုတာ မဟုတ်လား" ဟု ပြန်၍ပြောလေ၏။ ထို့နောက် ဧည့်သည်များသည် ကျွန်ုပ်ကိုကြည့်၍ မေးငေါ့၏။ မဲ့၏။ ရွဲ့၏။ မကြားတကြား ဆဲရေး၏။

ထို့ကြောင့် ဆေးရုံတက်နေစဉ်အတွင်း၌ ကျွန်ုပ်အဖို့ စိတ်အဆင်းရဲဆုံးအချိန်ကို ပြပါဆိုလျှင် ဧည့်သည်လာချိန်ကို ပြရပေလိမ့်မည်။

နောက်များတွင် ဧည့်သည်လာချိန်၌ ကျွန်ုပ်သည် အိပ်ချင်သည် ဖြစ်စေ၊ မအိပ်ချင်သည် ဖြစ်စေ မျက်စိကိုတော့ မှိတ်၍ထားမြဲ ဖြစ်လေ၏။ ဧည့်သည်များပြန်ရန် ဂျာဒူးဝါလားတစ်ဦးက အခန်းအသီးသီးသို့ သွားရောက်၍ ဂလိုင်လှုပ်သည့်အခါမှပင် ကျွန်ုပ်လည်း မှိတ်ထားသောမျက်စိကို ဖွင့်ရလေ၏။ အပေါ့အပါး သွားရလေတော့၏။ ကျွန်ုပ်သည် ဤသို့လျှင် ဆင်းရဲငြိုငြင်စွာဖြင့် ဆေးရုံ၌ နေထိုင်ခဲ့လေ၏။

တစ်နေ့သ၌ ဧည့်သည်လာချိန်ရောက်သည်နှင့် ကျွန်ုပ်လည်း ထုံးစံအတိုင်း မျက်စိကိုမှိတ်၍ထားလိုက်လေ၏။ ဧည့်သည်များဝင်လာသည်ကိုမူ မမြင်ရသော်လည်း ကြား၍နေရလေ၏။ ထို့ကြောင့်အိပ်၍ပျော်အောင်အိပ်မည်ဟု ဆုံးဖြတ်ကာ ကြိုးစား၍အိပ်လျှင် မကြာမီ၌ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

"ဟေ့ ... ဘကွန်း ... ဟေ့ ... ဘကွန်း"

တစ်စုံတစ်ယောက်သည် ကျွန်ုပ်၏ခြေထောက်ကိုကိုင်၍လှုပ်ပြီးလျှင် အထက်ပါအတိုင်း ကျွန်ုပ်၏အမည်ကို ခေါ်၍နေသဖြင့် ကျွန်ုပ်လည်း အိပ်ရာမှ ဖျတ်ကနဲ လန့်နိုးသွားလေ၏။ ထို့ကြောင့် ကျွန်ုပ်၏ခြေထောက်ကိုလှုပ်၍ ကျွန်ုပ်၏အမည်ကိုခေါ်နေသူအား မည်သူမည်ဝါဖြစ်သည်ကို ကျိန်းစပ်သောမျက်လုံးများအား တဖြည်းဖြည်း ကြိုးစား၍ဖွင့်ပြီးလျှင် ကြည့်လိုက်ရာ ကျွန်ုပ်သည် လွန်စွာအံ့သြ၍သွားလေ၏။ ကျွန်ုပ်၏မျက်စိကိုပင် ကျွန်ုပ် မယုံသလို ဖြစ်မိသေးတော့၏။

"ကြေးကူးဆစ်"

ကျွန်ုပ်သည် ထိုသူအား အထက်ပါအတိုင်း အားရဝမ်းသာခေါ်လိုက်လေ၏။ ထိုကြေးကူးဆစ်ကား လသာလမ်း တရုတ်ဘုံကျောင်းမှ တရုတ် ဘိန်းစားကြီးဖြစ်၏။

ကျွန်ုပ် ရန်ကုန်သို့ ရောက်ခါစ အချိန်က လသာလမ်းတရုတ်ဘုံကျောင်းအနီးတွင် 'အနိုပ်သည်' အဖြစ် လုပ်ခဲ့ရသည်ဖြစ်ရာ ကြေးကူးဆစ်နှင့်သိကျွမ်းခဲ့ရလေ၏။ ကြေးကူးဆစ်သည် ပုံပြောကောင်းသူတစ်ဦးဖြစ်၍ သူ၏ပုံကို နားထောင်ချင်သူများသည် သူ့အား ပိုက်ဆံတစ်ပြားပေးရလေ၏။

ကျွန်ုပ်ကိုယ်တိုင် သူ့ပုံပြင်အမြောက်အများကို နားထောင်ခဲ့ရဖူးလေသည်။ ကျွန်ုပ်သည် နောင်အခါ၌ ၂၅ လမ်းတွင် ဒရဝမ်စောင့်ပြန်ရာ ထိုအခါ၌လည်း ကြေးကူးဆစ်နှင့်တွေ့တိုင်း ပိုက်ဆံတစ်ပြားပေး၍ ပုံပြောခိုင်းတတ်လေ၏။ သူ၏ပုံပြင်တစ်ခုသည် ကျွန်ုပ်အား အခြေအနေတစ်ခုသို့ တိုးတက်စေခဲ့သည်အထိ အသိဉာဏ်ပေးခဲ့ဖူးလေသည်။

ယခုအခါ၌ကျွန်ုပ်သည် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းဒုက္ခများကို ခံစား၍နေရသည်ဖြစ်ရာ လွန်စွာအားငယ်နေပေသည်။ ဤအချိန်မျိုး၌ 'ကြေးကူးဆစ်' သည် ကျွန်ုပ်အား သတိတရ လာ၍တွေ့ခြင်းအတွက် အထူးပင်ကျေးဇူးတင်မိလေ၏။

ကြေးကူးဆစ်၏ လက်ထဲတွင် ဖက်ဖြင့်ထုပ်၍ထားသော အရာတစ်ခုနှင့် နို့စိမ်းခွက်တစ်ခွက်ကို တွေ့ရလေ၏။

"လက်ထဲက ဘာတွေလဲ ကြေးကူးဆစ်"

"အဲဒီခွက်ထဲမှာက လက်ဖက်ရည်ကျ၊ ဒီအထုပ်ထဲမှာကမုန့်တွေ၊ ဟောဒီမှာက ပိုလိုစီးကရက်"ဟု ဆိုကာကြေးကူးဆစ်သည် ခုတင်ခေါင်းရင်းဘက်ရှိ သစ်သားဗီရိုကလေးပေါ်သို့ တင်၍ ထားလိုက်လေ၏။

"ကျုပ် ... ဒီမှာ ဆေးရုံတက်နေရတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီးသိသလဲ"

"ငါက နေ့တိုင်း သတင်းစာဖတ်တာပဲကွ၊ သိတာပေါ့၊ မြန်မာ့အလင်းမှာရော၊ သံတော်ဆင့်မှာရော မင်းရဲ့သတင်းကပါနေတာပဲဥစ္စာ"

"ကျုပ်ကို လူယုတ်မာတစ်ယောက်မှန်း သိလျက်သားနဲ့များ လာတွေ့ဖော်ရတာ အံ့သြသဗျာ"

"မင်းဟာ လူယုတ်မာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်ကွာ၊ မင်းမှာက သူဌေးဖြစ်ချင်တဲ့စိတ်က အားကြီးများတာကလား၊ ဒီလို တစ်စုံတစ်ခု ရည်ရွယ်ချက်ကြီးမားတဲ့ လူတွေဟာ သူ့ရဲ့ အောင်မြင်မှုကို ဘယ်တော့မှ အနှောက်အယှက် မခံဘူးကွ၊ ငါ့အထင်တော့ တစ်စုံတစ်ယောက်က ညစ်လိုက်လို့ပဲ ဖြစ်ရမယ်"

ကျွန်ုပ်သည် ကြေးကူးဆစ်၏ အမြော်အမြင်ကြီးမားပုံကို အံ့ဩမိသကဲ့သို့ ဒီလောကကြီးမှာ ကြေးကူးဆစ်လို အမြော်အမြင်ရှိတဲ့လူတွေချည်းပဲဆိုရင် ကောင်းလေစွဟုလည်း စိတ်ကူးမိလေ၏။

"ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဘကွန်း"

"ဘာကို မဖြစ်နိုင်တာလဲ"

"လူတွေအားလုံးဟာ ကြေးကူးဆစ်လို ငါ့ကို အမှန်အတိုင်းနားလည်ကြရင် ကောင်းလေစွလို့ မင်းစဉ်းစားနေတာ မဟုတ်လား ... "

ကျွန်ုပ်သည် လွန်စွာတုန်လှုပ်သွားလေ၏။ ကြေးကူးဆစ်ကား စိတ်တွင်ကြံသော အကြံကိုပင် သိနေပြီကော ဟုလည်း အထင်ကြီး၍သွားလေ၏။

"နေစမ်းပါဦး ကြေးကူးဆစ်ရယ်၊ ကျုပ်စိတ်ထဲမှာ စိတ်ကူးတာကို ခင်ဗျားက ဘယ်နည်းနဲ့ သိနေတာလဲ"

"လွယ်ပါတယ်ကွာ၊ ငါပြောတဲ့စကားလည်းဆုံးရော မင်းလဲ ငိုင်ပြီးစဉ်းစားနေတာကိုကြည့်ပြီး ခန့်မှန်းတာပါ"

ကြေးကူးဆစ်သည် ပြောပြောဆိုဆိုနှင့်ပင် ခုတင်ဘေးရှိ ခွေးခြေပုကလေးပေါ်၌ ထိုင်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်၏ဦးခေါင်းမှ ဒဏ်ရာများကို ကြည့်၍ မေးပြန်လေ၏။

"မင်းဒဏ်ရာတွေက တော်တော်ပဲ နာသလား"

"တခြားဒဏ်ရာတွေက ဒါလောက်မနာဘူး (နဖူးမှဒဏ်ရာကလေးကို ညွှန်ပြ၍ ) ဟောဒီဒဏ်ရာကတော့ ... အနာဆုံးပဲ ကြေးကူးဆစ်"

"ဟဲ ဟဲ ... ဒီဒဏ်ရာကပိုပြီးနာမှာပေါ့ကွ၊ အသည်းနှလုံးနဲ့ဆက်ပြီးနေတာကို" ဟု ကြေးကူးဆစ်က မဆိုင်းမတွ ပြောလိုက်လေ၏။

ကျွန်ုပ်လည်း လွန်စွာအံ့ဩ၍ မျက်လုံးပြူးသွားရလေ၏။ နဖူးမှ ဒဏ်ရာမှာ ကျွန်ုပ်၏ချစ်သူ တင်တင်က မူးစေ့ဖြင့် ပစ်ပေါက်၍သွားသောကြောင့် ရရှိသောဒဏ်ရာဖြစ်၏။ ထိုဒဏ်ရာသည် ကြေးကူးဆစ်ပြောသည့်အတိုင်းပင် နှလုံးသား၌နာကျင်မှုကို ပေးစွမ်းလေတော့၏။

"ဟာ ... ကြေးကူးဆစ်၊ ခင်ဗျား တယ်ပြီးတော်ပါလား၊ ဒီဒဏ်ရာဟာ ကျွန်တော့်ချစ်သူက အထင်လွဲပြီး ပိုက်ဆံနဲ့ ပစ်ပေါက်သွားလို့ ရတဲ့ဒဏ်ရာဗျ၊ ဒါကို ခင်ဗျားက နှလုံးသားနဲ့ဆက်နေတဲ့ ဒဏ်ရာလို့ အတပ်ပြောနိုင်တာ အံ့ပါရဲ့ဗျာ"

"ဒါက ဘာများခက်လို့လဲကွ၊ ခေါင်းမှာ ပေါက်ပြဲနေတဲ့ဒဏ်ရာတွေကို နာတယ်လို့မပြောဘဲ နဖူးက ဒဏ်ရာလေးကိုမှရွေးပြီး နာတယ်လို့ ပြောလိုက်ကတည်းက ဘာကြောင့်နာတယ်ဆိုတာ ရိပ်မိပါတယ် ဘကွန်းရာ"

"ကြေးကူးဆစ် ... ခင်ဗျားဟာ တကယ်တော်တဲ့လူပဲ၊ ဒီလိုတော်အောင် ဘယ်လိုစာတွေများ လေ့လာခဲ့လို့လဲ"

"အဲဒါမှားတာပေါ့ကွ၊ လူတော်တစ်ယောက်ဖြစ်အောင်၊ ပညာရှိဖြစ်အောင် စာများများ ဖတ်တဲ့လူဟာ ဘာနဲ့တူသလဲ၊ သိရဲ့လား"

"ဟင့်အင်း ... မသိပါဘူး"

"ပုံတင်သံတိတ်သွားအောင် တစ်အားအော်ပြီး ရပ်ခိုင်းတဲ့လူနဲ့တူတယ်ကွ၊ ပဲ့တင်သံကြားရတဲ့နေရာမှာ လူတစ်ယောက်ဟာ အဲဒီပဲ့တင်သံကို တိတ်သွားအောင် 'ကျုပ်ပြောသလိုလိုက်ပြီးမပြောပါနဲ့၊ တိတ်လိုက်စမ်းပါ' လို့ တစ်အားကုန်းပြီးအော်လိုက်ရင် ပဲ့တင်သံဟာတိတ်သွားမလား၊ ဘယ်တိတ်မလဲကွ၊ ခုနက သူအော်ထားတဲ့အတိုင်း 'ကျုပ်ပြောသလို လိုက်ပြီးမပြောပါနဲ့၊ တိတ်လိုက်စမ်းပါ' လို့ ပြန်ပြီးထွက်လာမှာပဲ မဟုတ်လား၊ တိတ်ဖို့ပြောနေသမျှ ပဲ့တင်သံဟာ မတိတ်ဘဲ ရှိနေမှာပဲ၊ ဒီလိုပဲဘကွန်း၊

စာတွေအများကြီးဖတ်ရင်တော့ ပညာရှိဖြစ်မှာပဲ ဆိုပြီး ဖတ်နေသမျှ ပညာရှိမဖြစ်ဘူးလို့ မြဲမြဲပြီးမှတ်ပေတော့၊ တကယ်တော့ တကယ်တော်ချင်ရင်၊ တကယ်ပညာရှိဖြစ်ချင်ရင် စာတွေအများကြီးဖတ်ဖို့ မလိုပါဘူး"

"ဘာဖြစ်လို့လဲ ကြေးကူးဆစ်"

"ပညာဟာ စာအုပ်ထဲမှာ မရှိဘူး၊ ပညာဟာ စာအုပ်ကို မမှီခိုဘူး၊ ပညာဟာ စိတ်နှလုံးကို ထွင်းဖောက်ပြီး မြင်အောင်ကြည့်တတ်ခြင်းပဲဖြစ်တယ်၊ ပြီးတော့ သဘာဝကို လေ့လာခြင်းပဲဖြစ်တယ် ဘကွန်း"

"ဟာ ... ခင်ဗျားဟာက အဆန်းပါကဲလား ကြေးကူးဆစ်"

"ဆန်းတယ်လို့ မင်းကထင်နေတာ၊ တကယ်က ရိုးရိုးကလေးကွ၊ စာအုပ်ထဲမှာပါတဲ့စာတွေဟာ လက်တွေ့လုပ်ခဲ့တဲ့ အဖြစ်အပျက် အတွေ့အကြုံတွေအပေါ်မှာ မှီခိုရတယ်မဟုတ်လား၊ အဲဒါတွေထားစမ်းပါဦးကွာ၊ မင်းက ဘယ်လိုဖြစ်ခဲ့တာလည်း"

"ကြေးကူးဆစ်ရယ် ... မပြောချင်ပါဘူးဗျာ" ဟူသောစကားကို ပဏာမခံလျက် ကျွန်ုပ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ပြောပြရာ ကြေးကူးဆစ်သည် စိတ်ဝင်စားစွာနားထောင်ပြီးလျှင် ကျွန်ုပ်အား ဂရုဏာသက်သော မျက်လုံးများဖြင့်ကြည့်ပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

"လူတွေကို ကူညီတာဟာ မင်းရဲ့ပထမအမှားပဲ၊ တကယ်တော့ မင်းဟာ သူဌေးကြီးဖြစ်ချင်တာ မဟုတ်လား၊ အခုမင်းလုပ်နေတဲ့ အလုပ်တွေက ကူညီရမယ့်လူကိုတွေ့ရင်လိုက်ပြီး ကူညီနေတယ်၊ အနစ်နာခံနေတယ်၊ ဒီလိုမဟုတ်ဘူး၊ သူဌေးကြီးဖြစ်ချင်တဲ့လူဟာ သူဌေးကြီး ဖြစ်အောင်ပဲ လုပ်ရမယ်၊ ဘယ်လောက်ပဲ ကူညီဖို့ကောင်းတဲ့လူနဲ့ တွေ့တွေ့မကူညီရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ကယ်ဆယ်ကူညီရေးအသင်း ဥက္ကဋ္ဌလုပ်မှာမှ မဟုတ်ဘဲ၊ ပြီးတော့ သူဌေးကြီးဖြစ်ချင်တဲ့လူဟာ သူဌေးကြီးရဲ့ အလုပ်မျိုးပဲ လုပ်ရမယ်ကွ၊ အခုမင်းလုပ်နေတာတွေက ကူညီတဲ့ အလုပ်တွေပဲ"

"သူဌေးကြီးလုပ်ရမယ့်အလုပ်တွေက . . . ဘာတွေလဲ ကြေးကူးဆစ်"

"သူဌေးကြီး (လောပန်) ဆိုတာ ကိုယ်တိုင်မလုပ်ရဘူးကွ၊ လူများကို ခိုင်းရမယ်၊ ခိုင်းလဲခိုင်းတတ်ရမယ်၊ ဒါမှ သူဌေးကြီးဖြစ်မှာကွ"

"နေစမ်းပါဦး ကြေးကူးဆစ် . . . ခင်ဗျားမှာကော သူဌေးဖြစ်နည်းများ မရှိဘူးလား"

"သူဌေးဖြစ်နည်းတော့မရှိဘူး၊ မွဲပြာကျတဲ့နည်းပဲရှိတယ်၊ အဲဒီနည်းကို လိုချင်ရင်တော့ပေးမယ်"

"မွဲတဲ့နည်းတော့ဖြင့် မလိုချင်ပေါင်ဗျာ"

"ဟား ဟား ဟား၊ တကယ်မွဲပြီဆိုတော့မှ တကယ့်ချမ်းသာအစစ်ကို တွေ့တော့တာပဲဟေ့၊ အခုနေ ငါနဲ့ ဆာဘိုးသာ ဆိုတဲ့သူဌေးကြီးနဲ့ နေရာချင်းလဲမယ်ဆိုရင် ငါကတော့ မလဲနိုင်ဘူးကွ၊ ဆာဘိုးသာက နည်းနည်းနောနော ချမ်းသာတာမဟုတ်ဘူးကွ၊ အဲဒီ စည်းစိမ်တွေကို ငါများရခဲ့လို့ရှိရင် အတော်ကြိုးစားပြီး မွဲအောင်လုပ်ယူရမှာကွ၊ ဒါကြောင့် ငါက မလဲနိုင်ဘူးလို့ပြောတာ"

ကျွန်ုပ်မှာမူ မွဲလွန်း၍ ချမ်းသာအောင်ကြိုးစားနေသူဖြစ်၏။ ကြေးကူးဆစ်မှာမူ ကျွန်ုပ်ကဲ့သို့မဟုတ်။ ချမ်းသာရမည်ကိုပင် ကြောက်ရွံ့၍နေ၏။ ထို့ကြောင့် ကျွန်ုပ်အနေနှင့် ကြေးကူးဆစ်အား လူထူးလူဆန်းသဖွယ် သေသေချာချာ ဂရုစိုက်၍ ကြည့်လိုက်မိ၏။

"ဘာလဲ ... မင်းက မယုံဘူးလား၊ မယုံရင်တော့ ပြောပြရသေးတာပေါ့ကွာ၊ တစ်ခါတုံးက ငါအိပ်တဲ့ ဘုံကျောင်းက အခန်းထဲကို သူခိုးတစ်ယောက် ဝင်လာတယ်ကွ၊ ငါက မအိပ်သေးပါဘူး၊ သူဝင်လာတာကို တွေ့ရတယ်၊ သူခိုးဟာ ခိုးစရာပစ္စည်း ရှာလိုက်တာကွာ၊ နာရီဝက်လောက်ရှာတဲ့အထိ သူ့ခမျာ ဘာတစ်ခုမှ ခိုးဖို့ပစ္စည်းမတွေ့တာနဲ့ ငါလဲ သူ့ကို တော်တော်သနားသွားတယ်၊ ဒါနဲ့ ခါးကြားထဲက ငါ့မှာရှိတဲ့ ပိုက်ဆံနှစ်ပြားကို ထုတ်ပြီး 'ဟေ့ကောင်၊ ရှာမနေနဲ့၊ ငါ့မှာ ရှိတဲ့ ပိုက်ဆံနှစ်ပြားကလွဲပြီး ဘာမှမရှိဘူးကွ၊ ငါ့ဆီကို လာပြီး ခိုးရတဲ့ ခိုးခအဖြစ် တစ်ပြားကို မင်းယူ၊ ကျန်တစ်ပြားကိုတော့ ငါ့အတွက် နို့စိမ်းခွက်နဲ့ လက်ဖက်ရည်တစ်ခွက် ဝယ်ခဲ့' ဆိုပြီး သူ့ကို ပိုက်ဆံနှစ်ပြား ပစ်ပေးလိုက်တယ်၊ သူခိုးလဲ ငါပစ်ပေးလိုက်တဲ့ ပိုက်ဆံနှစ်ပြားကို ကောက်ယူပြီး ငါ့အခန်းထဲက ထွက်သွားတယ်၊ တစ်အောင့်လောက်ကြာတော့ လက်ဖက်ရည်တင် မကပါဘူးကွာ၊ ပေါက်ဆီတွေ၊ ကော်ပြန့်တွေ၊ စီးကရက်တွေပါ ငါ့အတွက်ဝယ်လာပြီး အဘိုးကြီး ထထလို့ ငါ့ကိုနှိုးပြီး ကျွေးမွေးတယ်ကွ၊ ပြီးတော့ သူခိုးက ပြောလိုက်သေးတယ်၊ ကျုပ် သူခိုးလုပ်လာတဲ့ သက်တမ်းတစ်လျှောက်မှာ ခင်ဗျားလိုလူမျိုး တစ်ခါမှ ကျုပ် မတွေ့ဖူးပါဘူးဗျာ၊ သူခိုးဆိုတာ သိရင် ရိုက်ချင်ရိုက်မယ်၊ အော်ရင်လဲအော်မယ်၊ ခင်ဗျားကတော့ ဒီလိုမဟုတ်ဘဲ သူခိုးနဲ့ တစ်ဝက်စီ ဝေပြီးသုံးတယ်၊ ခင်ဗျားလိုလူချည်းပဲ ဆိုရင်တော့ ကျုပ်တို့လဲ သူခိုးဖြစ်တော့မှာ မဟုတ်ဘူး" လို့ ပြောပြီး ငါ့ကို အတော်ပဲ ခင်မင်သွားတယ်၊ အမှန်ကတော့ သူခိုးဆိုတာ ရန်သူမျိုးငါးပါးထဲက

ရန်သူတစ်မျိုးပဲမဟုတ်လား၊ အဲဒီရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်လိုက်တာဟာ ငါဟာ လူမွဲတစ်ယောက်ဖြစ်နေလို့ပဲ ဘကွန်း၊ အခု မင်းဆီကို ဝယ်လာတဲ့ လက်ဖက်ရည်နဲ့ မုန့်တွေဟာ . . . အဲဒီသူခိုးဆီက ပိုက်ဆံတောင်းပြီး ဝယ်လာရတာကွ"

ကြေးကူးဆစ်၏စကားများသည် ကျွန်ုပ်အဖို့ အထူးအဆန်းတွေချည်းဖြစ်နေ၏။ ကျွန်ုပ်လည်း ကြေးကူးဆစ်၏ စကားများကို တွေးတောစဉ်းစားရင်း သူ မီးညှိပေးသော စီးကရက်အသစ်တစ်လိပ်အား ရှိုက်ဖွာ၍ နေလေ၏။ အတော်အတန် ရှိုက်ဖွာပြီးသည့်အခါ၌ ...

"ကြေးကူးဆစ် ... ခင်ဗျားပြောတာတွေကတော့ အဆန်းတွေချည်းပဲ၊ ကျုပ်ဖြင့် နားတောင်မလည်တော့ပါဘူးဗျာ" ဟု ကျွန်ုပ်ကပြောလိုက်ရာ ကြေးကူးဆစ်သည် မျက်စိပေါက်ကလေးများ ကျဉ်း၍သွားသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက် ...

"ဒီလိုဆိုရင်တော့ မင်းနားလည်တဲ့စကားတွေကိုပဲ ပြောတော့မယ်ကွာ၊ ပုံပြောရင်တော့ မင်းနားလည်ပါတယ်"

"ဒါတော့ နားလည်တာပေါ့ဗျာ"

"ကဲကဲ ... နားထောင်၊ ငါ ပြောပြမယ်၊ ဟိုးရှေးရှေးတုန်းက ညီအစ်ကိုနှစ်ယောက်ရှိတယ်ကွ၊ အစ်ကိုလုပ်တဲ့သူက သိပ်ပြီးချမ်းသာတယ်၊ ညီကတော့ အလွန်ဆင်းရဲရှာတယ်ကွ၊ နေကြတာကလည်း တစ်ယောက်နဲ့ တစ်ယောက် ခြောက်မိုင်လောက်ဝေးကြတယ်"

ကြေးကူးဆစ်သည် အထက်ပါအတိုင်း ပြော၍ပြီးသည့်နောက် ချောင်းဟန့်ခြင်း၊ ဆေးလိပ်သောက်ခြင်း စသည်တို့ကိုလုပ်လေ၏။ ထိုကိစ္စများ ပြီးဆုံးသည့်အခါ၌ ဆက်လက်၍ ပြောပြန်လေ၏။

"တစ်နေ့တော့ ... အစ်ကိုကြီးအိမ်မှာ အလှူကြီးတစ်ခုလုပ်တယ်ကွ၊ အလှူကလည်း ရိုးရိုးအလှူမဟုတ်ဘူး၊ ဘုရားကိုးဆူအလှူဆိုတော့ အကျွေးအမွေးဟာ ညဘက်ကျမှပဲ လုပ်ရတာပေါ့ကွာ၊ အဲအဲ ... ပြောရဦးမယ်၊ အစ်ကိုကြီးရဲ့ နာမည်က မောင်ကြီးတဲ့၊ ညီရဲ့ နာမည်ကတော့ မောင်ငယ်တဲ့၊ အစ်ကိုကြီးအိမ်မှာ ဘုရားကိုးဆူလုပ်တဲ့အကြောင်း သိရတော့ မောင်ငယ်က သူ့မိန်းမကို 'မိန်းမရေ၊ ဒီနေ့ညတော့ ဝတ်လာခဲ့သမျှ အတိုးချပြီး စားဖို့သာပြင်ပေတော့၊ အစ်ကိုကြီးအိမ်မှာ ဘုရားကိုးဆူလုပ်တယ်ဟေ့' လို့ ပြောလိုက်တယ်ဆိုရင်ပဲ မောင်ငယ့်မိန်းမဟာ ဝမ်းသာလွန်းလို့ ထပြီး 'ကော်တာပဲ' လို့ အော်လိုက်တာ မောင်ငယ်တို့ ဆင်းရဲသားရပ်ကွက်လေးတစ်ခုလုံး လန့်များတောင် သွားတယ်ဆိုပဲ။ ကိုးနှစ်အရွယ်လောက်သာရှိတဲ့ မောင်ငယ့်သားလေးကလဲ စားရသောက်ရတော့မယ် ဆိုပြီး ထခုန်လိုက်တာ အိမ်ခေါင်နဲ့ ခေါင်းနဲ့ တိုက်မိပြီး အိမ်ခေါင်တောင် ပြုတ်ကျသွားတယ်ဆိုပဲ"

"ဟား ဟား ... ကြေးကူးဆစ်၊ ခင်ဗျားဟာက လွန်လှချေလားဗျာ၊ ကိုးနှစ်သားကလေးခုန်တာ အိမ်ခေါင်ကို ခေါင်းနဲ့တိုက်မိတယ်ဆိုတော့ ဟုတ်နိုင်ပါ့မလား၊ ကလေးကလေးက ဒါလောက်တောင်ပဲ ခုန်နိုင်ပါ့မလားဗျာ" ဟု ကျွန်ုပ်က စောဒကတက်လိုက်ရာ ... ကြေးကူးဆစ်သည် ဟက်ဟက်ပက်ပက်ရယ်မော၍ ...

"မင်းက တယ်ညံ့တာကိုးကွ၊ ကိုးနှစ်သားကလေး ထပြီးခုန်လို့ ခေါင်းနဲ့ အိမ်နဲ့ တိုက်မိပြီး အိမ်ခေါင်ပြုတ်သွားတယ်ဆိုတာ ကလေးရဲ့ ခုန်နိုင်တဲ့အစွမ်းကို ပြောတာမဟုတ်ဘူးကွ၊ အိမ်ရဲ့ သေးငယ်မှု၊ မခိုင်ခံ့မှုကိုပြောတာ" ဟုဆိုလေ၏။ ထို့နောက် ဆက်လက်၍ ပြောပြန်သည်မှာ ...

"တစ်ရပ်ကွက်လုံးလဲ အုတ်အုတ်ကျက်ကျက်ဖြစ်တော့တာပေါ့ကွာ၊ မောင့်ငယ်အစ်ကို မောင်ကြီးအိမ်မှာ အလှူရှိတယ်ဆိုတဲ့သတင်းရော၊ မောင်ငယ့်မိန်းမဟာ အလှူမှာ တဝတပြကြီးစားရမှာမို့ ဝမ်းသာလို့အော်လိုက်တဲ့အသံကြောင့် တစ်ရပ်ကွက်လုံး ထိတ်လန့်ကြရပုံ၊ ဗမောင်ငယ့်သားလေးမှာလဲ အလှူမှာ ထမင်းစားရမှာမို့ ဝမ်းသာပြီး ထခုန်တဲ့အတွက် မောင်ငယ့်အိမ်ခေါင် ကျွတ်ထွက်သွားရပုံတို့ကို တစ်ရပ်ကွက်လုံး ပြောဆိုကြတယ်ကွ၊ ညနေလဲစောင်းရော မောင်ငယ်ရယ်၊ သူ့ရဲ့မိန်းမရယ်ဟာ သားကလေးကို လက်ဆွဲပြီး အစ်ကိုဖြစ်သူမောင်ကြီးရဲ့အိမ်ကို ပျော်ရွှင်စွာသွားကြတယ်ဆိုပဲ၊ မောင်ငယ့်မိန်းမကလဲ ဘယ်သူကမှ မမေးဘဲနဲ့ ...

'ကိုမောင်ငယ့်အစ်ကိုအိမ်မှာ ဘုရားကိုးဆူရှိလို့ သွားစားကြမလို့' ဆိုပြီး တစ်ရပ်ကွက်လုံးကို ပြောလာတယ်"

ကျွန်ုပ်သည် ကြေးကူးဆစ်၏ စကားပြော စေ့စပ်ပုံကို သဘောကျ၍ ပြုံးမိလေတော့၏။ ကြေးကူးဆစ်ကလည်း တံတွေးကို ပျစ်ကနဲထွေးလိုက်ပြီးနောက် ဆက်၍ပြောပြန်လေ၏။

"မောင်ကြီးအိမ်လဲရောက်ရော မောင်ငယ်တို့မိသားစုဟာ ခြောက်မိုင်လောက်ရှိတဲ့ ခရီးကို ခြေကျင်လျှောက်လာရတော့ အတော်ပဲမောပြီး အတော်ပဲဆာနေကြပြီဆိုပဲကွ၊ မောင်ကြီးအိမ်မှာလဲ အလှူကိုလာကြတဲ့လူတွေဟာ အဝတ်အစား၊ စိန်ရွှေငွေ တောက်တောက်ပြောင်ပြောင်တွေ ဝတ်ဆင်လာကြတဲ့သူတွေချည်းပဲ၊ စုတ်စုတ်ပြတ်ပြတ်ဆိုလို့ မောင်ငယ်တို့ သားအမိသားအဖ

သုံးယောက်ပဲ ရှိတယ်တဲ့၊ မောင်ကြီးဟာ တကယ့်သူဌေးကြီး မဟုတ်လားကွာ၊ ဒီတော့သူ့ဆီလာတဲ့ ဧည့်သည်တွေဟာ သူဌေးသားတွေပဲပေါ့၊ လာသမျှ ဧည့်သည်တွေဟာ မောင်ငယ်တို့မိသားစုကို အတင်းပဲတိုးဝှေ့ပြီး အိမ်ထဲကိုဝင်ကြ၊ စားကြသောက်ကြ ပျော်ပါးကြပေါ့ကွာ၊ မောင်ငယ်တို့မှာတော့ အဝတ်အစားကလဲ စုတ်စုတ်ပြတ်ပြတ်ဆိုတော့ မဝင်ရဲရှာဘူး၊ ဒါပေမဲ့လို့ သိပ်ပြီးဆာလောင်နေတဲ့အတွက် ဇွတ်ဝင်သွားရတာပေါ့၊ အဲဒီအခါမှာ မောင်ကြီးရဲ့ အစေခံတစ်ယောက်ဟာ မောင်ငယ့်ကုပ်ကို ဖမ်းဆွဲပြီး သူတောင်းစားတွေ ဘာလာရှုပ်တာလဲဆိုပြီး အတင်းပဲ အပြင်ကိုတွန်းထုတ်တယ်ကွ၊ မောင်ငယ်က 'ကျွန်တော် သူတောင်းစားမဟုတ်ပါဘူးဗျ၊ အလှူရှင်ဟာ ကျွန်တော့်အစ်ကိုအရင်းပါ' လို့ပြောပြရင်း ပြန်ပြီးရုန်းရှာတယ်၊ ဒါပေမယ့်လို့ အစေခံကလဲ မလွှတ်ဘူးကွ၊ ဒီတော့ အလှူအိမ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာပေါ့၊ အဲဒီတော့မှ မောင်ကြီးက ထွက်လာပြီးကြည့်တယ်။ မောင်ငယ်ကလည်း အားရဝမ်းသာ 'အစ်ကို' လို့ လှမ်းပြီးခေါ်လိုက်တယ်၊ မောင်ငယ့်သားလေးကလည်း 'ဘကြီး၊ လုပ်ပါဦးဗျ၊ ဖေ့ကို သူတောင်းစားဆိုပြီး ဆွဲထုတ်နေကြတယ်' လို့ ပြောရှာတယ်၊ အဲဒီအခါမှာ မောင်ကြီးက ဘာပြောသလဲဆိုတော့"

ကြေးကူးဆစ်သည် ကောင်းခန်းရောက်ခါမှပင် အလုပ်ရှုပ်ပြန်လေ၏။ တံတွေးထွေး၏။ ရေသောက်၏။ ဆေးလိပ်သောက်၏။ ကျေနပ်လောက်အောင် အလုပ်ရှုပ်ပြီးသည့်အခါ ဆက်၍ပြောပြန်သည်မှာ ...

"မောင်ငယ် ... မင်းတို့ ဘာလာလုပ်တာလဲလို့ မေးလိုက်တယ်၊ မောင်ငယ်က အစ်ကို့အလှူကိုလာတာလေလို့ ပြောလိုက်တယ်၊ ငါ့အလှူက မင်းတို့လို ဆင်းရဲခေါင်းပါးတဲ့ လူတွေကိုကျွေးတဲ့အလှူ မဟုတ်ဘူး၊ ကိုယ့်အိမ်မှာလည်း ဒီမှာကျွေးတဲ့အတိုင်းစားနိုင်တဲ့ လူချမ်းသာတွေကို ရွေးပြီးလှူတာ၊ မင်းတို့ပြန်ကြလို့ပြောလိုက်တယ်၊ မောင်ငယ့်သားလေးဟာ ဆာလွန်းလို့ ဘကြီးရယ်၊ ပြန်တော့ပြန်ပါ့မယ်၊ ထမင်းအကျန်လေးတော့ကျွေးပါဦးလို့ ငိုပြီးပြောရှာတယ်၊ ဒါပေမယ့်မောင်ကြီးက 'မကျွေးနိုင်ဘူး၊ ဟော့ကောင်တွေ ဆွဲထုတ်သွားကြစမ်း' လို့ သူ့ရဲ့ အစေခံတွေကို ပြောလိုက်တယ် ဆိုရင်ပဲ အစေခံတွေဟာ ဆွဲထုတ်ရုံ မဟုတ်ပါဘူးကွာ၊ ထိုးကြ၊ ရိုက်ကြ၊ ကန်ကြ၊ ကျောက်ကြနဲ့လုပ်တော့တာပါပဲ။ ဟဲ ဟဲ ... ဇာတ်ပွဲထဲမှာဆိုရင် ဒီနေရာဟာ တကယ့်လွမ်းခန်းပေါ့ကွာ"

ထို့နောက် ကြေးကူးဆစ်သည် ကျွန်ုပ်အား စီးကရက်တစ်လိပ် မီးညှိပေးပြန်၏။ ကျွန်ုပ်လည်း ကြေးကူးဆစ်၏ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းသောပုံပြင်ကို သည်းခံ၍ နားထောင်ရပြန်၏။

"ဒီတော့ မောင်ငယ်တို့ဟာ ငိုပြီးပြန်လာခဲ့ကြတယ်ကွ၊ အစေခံတွေက ထိုးလိုက်၊ ရိုက်လိုက်ကြတဲ့အတွက် မျက်နှာတွေမှာလည်း အဖုတွေ အပိမ့်တွေ ထွက်လို့ပေါ့ကွာ၊ မောင်ငယ်တို့ဟာ ဒဏ်ရာတွေကလည်းနာ၊ ဆာလည်းဆာ၊ ပြန်ရမယ့်ခရီးကလည်းဝေး၊ ရာသီဥတုကလည်း နတ်တော် ပြာသိုလ ဆိုတော့ အေးကလဲ အလွန်အေးတာကလားကွာ . . . ဒီတော့ ချမ်းလွန်းလို့ ကုပ်ပြီး စကားမပြောဘဲနဲ့ ပြန်လာကြရှာတယ်ကွ၊ တော်တော်ကလေး လျှောက်မိတော့ မောင်ငယ်က အကြံတစ်ခုရတယ်၊ အဲဒီအကြံကို သူ့မိန်းမကို ပြောလိုက်တယ်၊ 'မိန်းမရေ ... ငါတို့ ဒီအတိုင်းကုပ်ပြီးပြန်သွားကြရင် ရပ်ကွက်ထဲကလူတွေက အစ်ကို့ရဲ့အလှူအိမ်မှာ မစားခဲ့ရဘဲ အရိုက်အနှက်ခံပြီး ပြန်ခဲ့ကြတယ်ဆိုတာ ရိပ်မိသွားကြမယ်ကွ။ ဒီတော့ စားပြီး ဗိုက်ဝတဲ့ပုံနဲ့တူအောင် သီချင်းဆိုသွားကြရအောင်ကွာ' လို့ ပြောလိုက်တော့ သူ့မိန်းမရော သူ့သားလေးပါ သဘောတူကြတယ်ကွ၊

"နေ့ရောညရောအရောင်မမှိန် အောင်ငြိမ်းတက်ခေတ်စိန်" ဆိုတဲ့ သီချင်းကို သုံးယောက်စလုံးသံပြိုင်ဆိုကြတယ်၊ လက်ခုပ်လည်းတီးကြတယ်၊ မောင်ငယ့်သားကလေးကလည်း ကွေးနေအောင် က,ရှာတယ်ကွ၊ အဲဒီတော့ နာတာရော၊ ဆာတာရော၊ ဝမ်းနည်းတဲ့စိတ်ရော ပျောက်သွားတာပေါ့ကွာ"

"ကြေးကူးဆစ် ... ခင်ဗျားပုံကလဲ အဆန်းပါပဲကလားဗျ" ဟု ကျွန်ုပ်က ကြားဖြတ်၍မေးလိုက်မိရာ ... ကြေးကူးဆစ်က "နောက်ပိုင်းကျရင် ဒါထက်တောင် ဆန်းဦးမယ်ကွ" ဟု ပြောလေ၏။ ထို့နောက် ဆက်လက်၍ပြောပြန်သည်မှာ ...

"မောင်ငယ်တို့ လင်မယားက လက်ခုပ်တီးပြီး သီချင်းဆို၊ သူတို့သားကလေးက ခုန်ပေါက်ပြီး က,နဲ့ တော်တော်ကလေးပျော်စရာကောင်းနေတဲ့အခါမှာ ဘယ်တုန်းထဲကရောက်နေမှန်းတောင် မသိပါဘူးကွာ ... လူတစ်ယောက်ဟာ သူတို့ကြားထဲရောက်နေပြီး သူတို့နဲ့အတူ သီချင်းဆို၊ လက်ခုပ်တီးနဲ့ လုပ်နေတာကိုး၊ အဲဒီလူကို မောင်ငယ်ရော သူ့မိန်းမကပါ မြင်လဲသွားရော မောင်ငယ်က –

"ဟော့လူ ... ခင်ဗျား ဘယ်သူလဲ" လို့ မေးတယ်။

အဲဒီလူက "ကျုပ် လူမဟုတ်ပါဘူး" လို့ဖြေတယ်။

"လူမဟုတ်ရင် မကောင်းဆိုးဝါးလား"

"မကောင်းဆိုးဝါးလဲ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မျောက်လား"

"မျောက်လဲ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ခင်ဗျားက ဘာလဲ"

"ကျုပ်က အငတ်ပါ"

"အငတ် ... ဟုတ်လား၊ အငတ်ဆိုတာ ဘာလဲ၊ ကျုပ်နားမလည်ဘူး၊ ခပ်ရှင်းရှင်းလုပ်စမ်းပါ"

"အငတ်ဆိုတာ အငတ်ပေါ့ဗျာ၊မိတ်ဆွေနားလည်အောင်ပြောရမယ်ဆိုရင် ငတ်ခြင်းသဘောတရားပေါ့ဗျာ"

"သြော် ... ကျုပ်တို့က တကယ် လက်တွေ့ငတ်နေတဲ့လူတွေ၊ ခင်ဗျားက ငတ်ခြင်းသဘောတရား၊ ပေါင်းမိတာပေါ့ဗျာ၊ ဟား ... ဟား"

"ကျုပ်ကလဲ ပျော်တတ်ပါတယ်ဗျ၊ ဒါကြောင့် ခင်ဗျားတို့နဲ့အတူပျော်ရအောင်ဆိုပြီး လာခဲ့တာပါ"

"ဒီလိုဆိုလဲ ပျော်ပေါ့ဗျာ လို့ မောင်ငယ်က လက်ခံလိုက်တယ် ဆိုရင်ပဲ ငတ်ခြင်းသဘောတရားဆိုတဲ့ အငတ်ကောင်ဟာ ကွေးနေအောင် က,တော့တာပါပဲကွာ"

ဤနေရာ၌ ကြေးကူးဆစ်သည် ပါးစပ်မှသာ ပြောသည်မဟုတ်ဘဲ လက်ကပါ သရုပ်ပါပါ ကွေး၍ပြသဖြင့် ကျွန်ုပ်သည်ရယ်မောရပြန်လေ၏။ ထို့နောက် ကြေးကူးဆစ်က ဆက်၍ပြောပြန်လေ၏။

"တကယ်ငတ်နေတဲ့ မောင်ငယ်တို့ မိသားစုနဲ့ သဘောတရားအငတ်ဟာ ... မိတ်ဆွေဖြစ်သွားကြတယ်ကွ၊ တကယ့်အငတ်နဲ့ သဘောတရားအငတ်ပေါ့ကွာ၊ အဲဒီလို တော်တော်လေးလဲ လျှောက်မိရော အငတ်ဆိုတဲ့အကောင်က မောင်ငယ့်ကို ဒီမှာမိတ်ဆွေ၊ ဟိုမှာ မီးလင်းနေတဲ့ တဲကလေးကို တွေ့တယ်မဟုတ်လား၊ အဲဒီတဲမှာ တောအရက်ကောင်းတယ်ဗျ၊ အချမ်းပြေ ဝင်ပြီးသောက်ရအောင် လို့ ဆွယ်တော့တာပါပဲကွာ၊ မောင်ငယ်ကလဲ သောက်တော့သောက်ချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်တို့မှာ ပိုက်ဆံဆိုလို့ ခြူးတစ်ပြားတောင် ပါတာမှမဟုတ်ဘဲလို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ ... အငတ်က ဘယ်ဟုတ်မလဲမိတ်ဆွေရ၊ မိတ်ဆွေရဲ့အကျီနဲ့ အရက်နဲ့လဲပြီး သောက်ကြတာပေါ့ဗျာ လို့ အကြံပေးတာကိုး၊ အငတ်ရဲ့ အကြံအတိုင်း မောင်ငယ်တို့လူစုဟာ ... တောအရက်ပုန်းရောင်းတဲ့အိမ်ထဲဝင်သွားပြီး အကျီနဲ့ အရက်နဲ့ လဲသောက်ကြတာကိုး"

ကျွန်ုပ်သည် ထိုနေရာ၌ ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။ ကြေးကူးဆစ်လည်း ကျွန်ုပ်နှင့်အတူ ရယ်မောလေ၏။

"အဲဒီလို အရက်သောက်လိုက်ကြတော့ ပိုပြီးပျော်ရွှင်သွားကြတာပေါ့ကွာ၊ ကလို့ ခုန်လို့ ဆက်ပြီးလျှောက်လာကြပြန်ရော၊ ခရီးတော်တော်ကလေးနင်မိတော့ အရက်မူးနည်းနည်းပြေသလောက်လဲရှိရော အငတ်က မိတ်ဆွေ အမူးပြေသွားပြန်ပြီဗျ၊ ဟောဟိုရှေ့မှာ အရက်ပုန်းဆိုင်တွေ့ပြန်ပြီ၊ သောက်ကြဦးစို့လား လို့ ဆွယ်ပြန်တယ်၊ မောင်ငယ်ကလဲ ထုံးစံအတိုင်း ပိုက်ဆံမရှိဘူး လို့ ပြောတာပေါ့ကွာ၊ ဒါပေမယ့် အငတ်က လွယ်ပါတယ် မိတ်ဆွေရယ်၊ ခင်ဗျားသားလေးရဲ့ အကျီကလေးကို အရက်နဲ့ လဲပြီးသောက်ရင်ရပါတယ် လို့ ... သင်ညဏ်ပေးပြန်တယ်၊ မောင်ငယ်တို့ လင်မယားကလဲ အငတ်မြှောက်ပေးတဲ့အတိုင်း ကလေးအကျီကိုချွတ်ပြီး အရက်နဲ့ လဲသောက်ကြပြန်တယ်၊ သောက်ပြီးတာနဲ့ အရက်ရှိန်ကလေး ရလာတယ် ဆိုရင်ပဲ ပျော်ပျော်ပါးပါး ခရီးဆက်ခဲ့ကြပြန်တယ်၊ ဒီလိုနဲ့ပဲ အိမ်နားကိုရောက်လာကြတယ်၊ ရောက်ခါနီးမှပဲ အရက် မူးပြေသွားပြန်ရောဟေ့၊ ပြေတာနဲ့တစ်ပြိုင်နက် အကြံပေးဆရာကြီး အငတ်က မောင်ငယ့်မိန်းမရဲ့အကျီကို အရက်နဲ့လဲပြီးသောက်ဖို့ အကြံပေးတာနဲ့ မောင်ငယ့်မိန်းမဟာ အကျီချွတ်ပြီး မောင်ငယ့်ကို ပေးလိုက်တယ်၊ အရက်ဆိုင်ထဲ ရောက်တော့ မောင်ငယ်က သူ့မိန်းမအကျီကို အရက်ဆိုင်ရှင်ကိုပေးပြီး အရက်တစ်ခွက်စီ သောက်လိုက်ကြတယ်ကွ။ ဒီလိုနဲ့ပဲ မောင်ငယ်တို့လူစုဟာ မူးရူးပြီးအိမ်ကို ရောက်ခဲ့ကြတယ်၊ ပြီးတော့မူးမူးနဲ့ပဲ အိပ်ပစ်လိုက်ကြတယ်၊ မိုးလင်းလို့ အိပ်ရာကနိုးတဲ့အခါမှာ တစ်ညလုံးဘာမှမစားခဲ့ကြရတဲ့အတွက် အလွန်ပဲ ဆာလောင်ကြတာကိုး၊ အဲဒီအခါမှာ ပညာရှိအငတ်က အကြံကောင်း ဉာဏ်ကောင်းပေးပြန်တယ်၊ အခုနေ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်က ဘူးသီးကြော်နဲ့ မုန့်ဟင်းခါး စားရရင်ကောင်းမယ်လို့ လုပ်ပြန်ရောဟေ့"

"ကြေးကူးဆစ် ... ကြည့်လဲလုပ်နော်၊ ချွတ်စရာ ဘာမှ မကျန်တော့ဘူး" ဟု ကျွန်ုပ်က ပြောလိုက်ရာ ကြေးကူးဆစ်သည် လွန်စွာသဘောကျ၍ တခစ်ခစ် ရယ်မောပြီးလျှင် ...

"မောင်ငယ့်မိန်းမကို ချွတ်ရမယ်ကွ၊ ညကချွတ်ခဲ့တာက အပေါ်အကျီပဲ ချွတ်ခဲ့တာ မဟုတ်လား၊ အခုတစ်ခါ ဘော်လီအကျီကို ချွတ်ခိုင်းပြီး လုံချည်ရင်ရှားနဲ့ နေခိုင်းရတော့မှာပေါ့"

“ကတ်သီးကတ်သတ်ဗျာ”

“ကတ်သီးကတ်သတ် မဟုတ်ဘူး . . . အဲဒီအင်တက်ကမြွောက်ပေးလိုက်တာ အိမ်အမိုးရော၊ အကာရော၊ အခင်းရော၊ အိမ်တိုင်ပါ ကျွတ်သွားတဲ့အပြင် . . . မောင်ငယ်တို့ မိသားစုသုံးယောက်ဟာလည်း လျှော်ပင်တွေပတ်ပြီး ရပ်ကွက်အပြင်က သစ်ပင်အောက်မှာ ထိုင်နေကြရတော့တယ်ကွ၊ အဲဒီအခါမှာ အင်တက်က ဒီမှာမိတ်ဆွေ … အခုနေများ ဝက်နံရိုးပေါင်းနဲ့ ပေါင်မုန့်ကိုစားပြီး လက်ဖက်ရည်ချိုဆိမ့်ဆိမ့်ကလေးကိုသောက်၊ ပိုလိုလေးတစ်လိပ်စီ ခဲရရင် မကောင်ဘူးလားလို့ ပြောပြန်တယ်”

ကျွန်ုပ်သည် ကြေးကူးဆစ်ကို မရယ်ဘဲ မနေနိုင်တော့ပေ။ နဂိုကပင် ဆင်းရဲရသည့်အထဲ အင်တက်မြွောက်ပေးလိုက်ရာ အဝတ်ပင်ဝတ်စရာမရှိတော့၍ လျှော်ပင်များပတ်ကာနေရသည့် မောင်ငယ်တို့လင်မယား၏ ပုံကို မျက်စိထဲတွင် မြင်၍လာသည့်အပြင် အင်တက ဝက်နံရိုးပေါင်းနှင့် ပေါင်မုန့်ကိုစားရန်အတွက်လည်းကောင်း၊ လက်ဖက်ရည်ချိုဆိမ့်ဆိမ့်လေးကို ပိုလိုစီးကရက်နှင့်ခဲရန်အတွက်လည်းကောင်း ထပ်မံ၍ဆွယ်သည်ဟု ကြားရသောအခါ ကျွန်ုပ်သည် မရယ်ဘဲ မနေနိုင်တော့ပေ။ ဟက်ဟက်ပက်ပက် ရယ်မိလေ၏။

“အဲဒီလို အင်တက်ကဆွယ်တဲ့အခါကျတော့ မောင်ငယ်က ဒီမှာအင်တေ် ငါတို့မှာ ငါတို့မှာ အိမ်လဲမရှိတော့ဘူး၊ ဘာမှလဲ မရှိတော့ဘူး၊ကုန်ကုန်ပြောမယ်ကွာ၊ အဝတ်တောင် ဝတ်စရာဆိုလို့ လျှော်ပင်တွေနဲ့ပတ်ပြီး နေရပြီဥစ္စာ … မင်းပြောတဲ့ ဝက်နံရိုးပေါင်းတို့၊ လက်ဖက်ရည်တို့၊ ပိုလိုတို့ကို ဘယ်လိုလုပ်ပြီး စားနိုင်မှာလဲလို့ ခပ်ငေါက်ငေါက်ကလေး ပြောလိုက်တော့ … အင်တက်ဆိုတဲ့အကောင်က ဒီအတွက်တော့မပူပါနဲ့၊ ကျွန်ုပ်နဲ့လိုက်ခဲ့စမ်းပါလို့ပြောပြီး မောင်ငယ်ကို တောထဲခေါ်သွားတယ်ဆိုပဲ၊ တောထဲရောက်တော့ ကျောက်တုံးကြီးတစ်တုံးကို သစ်ကိုင်းတစ်ခုနဲ့ကော်ပြီး မ,ခိုင်းတယ်ဆိုပဲ၊ မောင်ငယ်ကလည်း အင်တေ်ပြောတဲ့အတိုင်း ကျောက်တုံးကြီးကို သစ်ကိုင်းကြီးနဲ့ကော်ပြီး မ,ပေးရှာတယ်။ ကျောက်တုံးကြီးရဲ့အောက်မှာ ကျင်းကြီးတစ်ခု ရှိတယ်ဆိုပဲ၊ အဲဒီအခါမှာ အင်တက ‘မိတ်ဆွေ … ကျင်းထဲကို ကျုပ်ဆင်းမယ်၊ ကျုပ် အောက်ကနေ လှမ်းပြီးပေးတဲ့ ပစ္စည်းတွေကို မိတ်ဆွေက အပေါ်ကနေယူပါ’ လို့ဆိုပြီး တွင်းထဲကို ဆင်းတော့တာပဲ၊ တွင်းထဲလဲရောက်ရော အင်တက ‘ဟောဒီမှာ ရွှေအိတ်တစ်လုံး’ ဆိုပြီး ရွှေငွေကျောက်သံပတ္တမြားတွေကို အပေါ်ကို တင်,တင်ပေးတယ်၊ မောင်ငယ်ကလည်း လှမ်းလှမ်းယူရတယ်၊ အဲဒီလို တရစပ်တင်ပေးလိုက်တာ ရွှေငွေကျောက်သံပတ္တမြားအိတ်ပေါင်း ရှစ်ဆယ်လဲပြည့်ရော … အင်တက မောင်ငယ်ကို လှမ်းပြီးပြောတယ်၊ ‘မိတ်ဆွေရေ … ကျုပ်ရဲ့လက်ကိုဆွဲပြီးတင်ပေတော့ဗျို့၊ ဒါအကုန်ပဲ ဒါလောက်ဆိုရင် ဝက်နံရိုးပေါင်းရယ်၊ လက်ဖက်ရည်ရယ်၊ ပိုလိုရယ်အတွက် မပူရတော့ဘူးပေါ့ဗျာ’ လို့ ပြောလိုက်တယ်”

ကျွန်ုပ်မှာ သူဌေးကြီး ဖြစ်ချင်သူဖြစ်ပေရာ ယခုကဲ့သို့ မောင်ငယ်တစ်ယောက် ရွှေငွေကျောက်သံပတ္တမြား အမြောက်အများ ရရှိသွားသည့်အခါ ကျွန်ုပ်စိတ်တွင် ဒီလိုအင်တေ်မျိုးနဲ့တွေ့ရင်ကောင်းလေစွဟူ၍ပင် အင်တေ်ကိုမျှော်မိလေသေး၏။

“ဆက်ပြီးပြောပါဦး ကြေးကူးဆစ်ရဲ့၊ မောင်ငယ်နဲ့ အင်တေ် ဘာများ ဆက်ပြီးလုပ်ကြသေးလဲ” ဟု ကျွန်ုပ်ကမေးလိုက်ရာ ကြေးကူးဆစ်က …

“အင်တက … အောက်က လက်ကမ်းပေးလိုက်ပေမယ့် မောင်ငယ်ဟာ အင်တေ်ကို ဆွဲပြီးမတင်တော့ဘဲ ဒီမှာ အင်တေ် ဒီကျင်းထဲမှာ တစ်ယောက်တည်း ငတ်နေပေတော့၊ မင်းကိုခေါ်သွားလဲ ဟောဒီရတနာအိတ် ရှစ်ဆယ်မပြောနဲ့ ရှစ်ထောင်လဲ မလောက်ဘူး၊ မင်းဟာ တစ်ခုပြီးတစ်ခု ဖြုန်းဖို့ပြောမှာပဲ၊ ဒီတော့ မင်းကိုမခေါ်နိုင်ဘူး၊ မောင်ငယ်ဟာ ကျောက်တုံးကြီးကို ဖိချလိုက်တော့တယ်ကွ … အင်တေ်ဟာ သနားစရာ ငိုယိုပြီးတောင်းပန်ရှာတယ်၊ သူ့ကို ကျောက်တုံးကြီးအောက်မှာ ပိတ်ချင်လဲ ပိတ်ထားပါတဲ့၊ နောက်ဆုံးအနေနဲ့ ဝက်နံရိုးပေါင်းလေးနဲ့ လက်ဖက်ရည်တစ်ခွက်လောက်တော့ လိုက်ပြီးသောက်ပါရစေလို့ တဖွဖွပြောရှာတယ်၊ ဒါပေမယ့် မောင်ငယ်က သူ့ရဲ့စကားကို လုံးဝနားမထောင်တော့ဘဲ၊ ကျောက်တုံးကြီးကို ဖိချလိုက်တယ်၊ ပြီးတော့ သစ်ကိုင်းတွေချိုးပြီး စွပ်ဖားကြီးတစ်ခုလုပ်ကာ သူရရှိထားတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို စွပ်ဖားကြီးပေါ်တင်ပြီး ယူလာခဲ့တယ်ကွ”

“ကြေးကူးဆစ် … ဒီတော့ မောင်ငယ်ဟာ တစ်ခါတည်း သူဌေးကြီး ဖြစ်သွားရောပေါ့” ဟု ကျွန်ုပ်က ကြားဖြတ်၍ မေးလိုက်ရာ ကြေးကူးဆစ်က …

“ဒါပေါ့ကွ၊ သူဌေးကြီးဖြစ်သွားလိုက်တာ အိမ်ကြီးကိုလဲ တကယ့်ရဲတိုက်ကြီးလို ဆောက်ပြီး အစေခံတွေဘာတွေနဲ့ နေတာပေါ့ကွာ၊ အဲဒီလို မောင်ငယ်တစ်ယောက် နေ့ချင်းညချင်း သူဌေးကြီးဖြစ်သွားတဲ့သတင်းဟာ တစ်မြို့လုံး ပျံ့နှံ့သွားတော့တာပဲဟေ့၊ အဲဒီအခါမှာ မောင်ငယ့်အစ်ကို မောင်ကြီးဟာ မောင်ငယ့်အိမ်ကိုလာပြီး … ငါ့ညီရယ် နေ့ချင်းညချင်း ဘယ်လိုကနေဘယ်လို ဒါလောက်တောင်ချမ်းသာတဲ့သူဌေးကြီး ဖြစ်သွားရတာလဲ … မင်းနဲ့ငါဟာ ပြေးကြည့်မှ ဒီညီအစ်ကို နှစ်ယောက်ရှိတာကွာ၊ တစ်ဦးကိုတစ်ဦး ကြင်နာသင့်ပါတယ်၊ ဒါကြောင့် မင်း ချမ်းသာကြွယ်ဝလာပုံအကြောင်းလေးတော့ ပြောပြစမ်းပါ

လို့ ပူဆာတယ်ကွ … ဒီတော့ မောင်ငယ်က သူ့အစ်ကိုအလှူမှာ မောင်းထုတ်ခံခဲ့ရပုံကအစ သူဌေးကြီးဖြစ်လာပုံအထိ အသေးစိတ်ပြောပြလိုက်တယ်"

"အဲဒီတော့ ရော့ ဘာဆက်ဖြစ်သလဲ ကြေးကူးဆစ်"

"ဖြစ်တာပေါ့ကွ၊ မောင်ကြီးကလည်း လူလည်ပဲကွာ၊ ဘယ်နေလိမ့်မတုန်း၊ ချက်ချင်းပဲ မောင်ငယ့်အိမ်ကပြန်ပြီး ကျောက်တုံးကြီးကို သစ်ကိုင်းကြီးနဲ့ မနိုင့်တစ်နိုင်ကော်မ,ပြီး တွင်းထဲက အငတ်ကို ဆွဲတင်တာပေါ့ . . . အငတ်က အပေါ်လဲရောက်ရော အောင်မလေးဗျာ … ကျုပ်က အငတ်ဆိုပေမယ့် တစ်ခါမှ ဒါလောက်ဒုက္ခမရောက်ဖူးပါဘူး၊ အခုတော့ တွင်းထဲမှာ နှစ်လလုံးလုံး ဘာမှ မစားရ မသောက်ရနဲ့ ငတ်လိုက်တာဗျာလို့ ချူသံပါအောင် ညည်းရှာတယ်၊ နောက်ပြီးတော့ မောင်ကြီးနဲ့ နှစ်ယောက် လက်ခုပ်လက်ဝါးတီးပြီး ကခုန်လို့ မောင်ကြီးအိမ်ကို လိုက်သွားတယ်"

"မောင်ကြီးလဲ ထပ်ပြီးချမ်းသာကောလား ကြေးကူးဆစ်"

"ဘယ်ကလာ ဟုတ်ရမှာလည်းကွ၊ အငတ်ရောက်လာတဲ့ နေ့ကစပြီး ဖွတ်တက်တာထက် ဆိုးတာပေါ့ကွာ၊ နေ့ချင်းညချင်း မွဲတော့တာပေါ့၊ တိုက်အိမ်ကြီးလည်း မောင်ငယ်နေခဲ့တဲ့ တဲကလေးလောက် ဖြစ်သွားရှာတယ်၊ အဲဒီအခါမှာ မောင်ငယ်က ဘုရားကိုးဆူလုပ်တာကိုးကွ …ဒီတော့ မောင်ငယ့်ဘုရားကိုးဆူမှာ ငတ်လာသမျှတွေ အဝစားမယ်ဟဲ့ ဆိုပြီး မောင်ကြီးတို့မိသားစုဟာ မောင်ငယ့်အလှူကို လာကြတာကိုးကွ၊ မောင်ငယ်ကလည်း သူ့ရဲ့ သူဌေးမိတ်ဆွေတွေဧည့်ခံလို့ မောင်ကြီးတို့ကို မတွေ့ဘူးဆိုပဲ၊ အဲဒီမှာ မောင်ကြီးတို့မိသားစုကို မောင်ငယ်ရဲ့ အစေခံတွေက သူတောင်းစားတွေဆိုပြီး တွန်းထိုးလွှတ်ကြတာကိုးကွ၊ ဝဋ်လည်တာ …ဝဋ်လည်တာ၊ အဲဒီလို တွန်းထိုးလွှတ်တဲ့အခါကျတော့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တော့မှပဲ မောင်ငယ်ကရောက်လာတယ်၊ မောင်ငယ့်လဲမြင်ရော မောင်ကြီးက ဝမ်းသာအားရနဲ့ 'ညီလေး … အစ်ကိုတို့ မင်းရဲ့အလှူကိုလာတယ်လေကွာ' လို့ ပြောလိုက်တယ်၊ ဒါပေမဲ့ မောင်ငယ်က မျက်နှာထားတင်းတင်းနဲ့ 'ဒီအလှူဟာ ခင်ဗျားတို့လို ငတ်နေတဲ့လူတွေကို ကျွေးတဲ့အလှူ မဟုတ်ဘူး၊ စားနိုင်သောက်နိုင်တဲ့လူတွေကိုမှ ကျွေးတဲ့အလှူဗျ' လို့ ပြောပြီး သူ့ရဲ့ အစေခံတွေကို မောင်းထုတ်ခိုင်းလိုက်တယ်၊ ဒီတစ်ခါတော့ မောင်ကြီးရဲ့ လွမ်းခန်းပေါ့ကွာ၊ ဒါပေမဲ့ ပွဲထဲမှာဆိုရင်တော့ ပရိတ်သတ်က လိုက်ပြီးမလွမ်းတဲ့အပြင် 'ကောင်းတယ် ဒီလိုခံရမှ ကောင်းတယ်' လို့တောင်ပြောကြဦးမယ်၊ ဒါတွေထားလိုက်ပါတော့ကွာ၊ ဆက်ပြီးပြောရဦးမယ်၊ မောင်ကြီးတို့လင်မယားဟာ ငိုယိုပြီး ပြန်လာကြတယ်"

"အဲဒီလို ငိုပြီးပြန်လာတဲ့အထဲမှာ အငတ်ကောပါသလားဗျ"

"မပါဘူးကွ၊ အစကတည်းက လိုက်မလာဘူးကွ၊ မောင်ကြီးအိမ်မှာပဲနေရစ်ခဲ့တာ၊ နောက်မှမေးကွာ၊ ဆက်ပြီးပြောလိုက်ဦးမယ်၊ မောင်ကြီးတို့လင်မယားဟာ ဆာကလဲဆာ၊ ချမ်းကလည်းချမ်းနဲ့ဆိုတော့ တစ်လမ်းလုံးငိုပြီးပြန်လာကြတယ်၊ အိမ်လဲရောက်ရော … သီချင်းဆိုနေတဲ့အငတ်ကို တွေ့တယ်ဆိုရင်ပဲ မောင်ကြီးဟာ ပြေးတဲ့ပြီး 'သူငယ်ချင်း အငတ်၊ ငါတော့ မင်းလုပ်လို့မွဲပါပြီကွာ၊ ငါ့ကိုချမ်းသာအောင်လုပ်ပေးစမ်းပါဦး' လို့ ပြောရှာတယ်၊ အငတ်ကတော့ 'လုပ်ပေးချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်မှာလဲ ရတနာတွေ မရှိတော့ဘူး' လို့ ပြောလိုက်တယ်၊ တစ်ခါမောင်ကြီးက 'ကျုပ်ကို ချမ်းသာအောင်လုပ်မပေးနိုင်ရင်နေပါစေ၊ ကျုပ်ညီကို ပြန်ပြီးမွဲသွားအောင် သူနဲ့တစ်လှည့် သွားပြီးနေပါဦး' လို့ ပြောတယ်၊ ဒီတော့ အငတ်က မောင်ကြီးနားနားမှာကပ်ပြီး တိုးတိုးကလေး ပြောလိုက်တယ်"

ကြေးကူးဆစ်သည် ထိုနေရာအရောက်၌ ထိုင်ရာမှထ၍ —

"ကဲကဲ … ဘကွန်းရေ၊ ဧည့်သည်နှင့်တဲ့ ဂလိုင်လဲ မကြာခင်လာခေါက်တော့မယ်၊ ငါပြန်မယ်၊ ပုံပြောခ ပိုက်ဆံတစ်ပြားပေးပါတော့ကွာ" ဟူ၍ ဆိုလေ၏။

"ခင်ဗျားကလဲဗျာ၊ ကျုပ်ဖို့ လက်ဖက်ရည်တွေ မုန့်တွေတောင် ဝယ်လာပေးပြီးမှ ပုံပြောခ တစ်ပြားကို ပြန်ပြီးတောင်နေရသေးသလား ကြေးကူးဆစ်ရယ်"

"ဒါက မဆိုင်ဘူးကွ၊ ဟိုဟာက မိတ်ဆွေအရလာပေးတာ၊ ပုံပြောခက ငါ့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ဆိုတော့ ပုံနားထောင်တဲ့လူကို ပုံပြောခတောင်းရမှာပဲ"

"ဒီလိုဆိုရင်လဲ ပေးပါ့မယ်ဗျာ၊ ရော့ … ဟောဒီမှာ တစ်ပြားမဟုတ်ဘူး၊ ခင်ဗျားကြိုက်သလောက်ယူ" ဟုဆိုကာ ကျွန်ုပ်အိတ်တွင်းမှ ပိုက်ဆံအကြွေများကို ပုံ၍ပေးသော်လည်း ကြေးကူးဆစ်သည် တစ်ပြားသာလျှင် ယူလေ၏။

"ဆက်စမ်းပါဦးဗျ … အငတ်က မောင်ကြီးနားနားမှာ ကပ်ပြီး ဘာပြောတာလဲ"

"ဒါတော့ မပြောနိုင်ဘူးကွ ... မင်းဟာမင်း စဉ်းစားယူပေတော့၊ ငါသွားမယ်" ဟုဆိုကာ ထွက်၍သွားလေ၏။

ကြေးကူးဆစ် ပြန်သွားပြီးနောက် ကျွန်ုပ်သည် သူယူလာသော လက်ဖက်ရည်ကိုသောက်ကာ စီးကရက်တစ်လိပ်ကိုမှိန်း၍နေလေ၏။လက်ဖက်ရည် ချိုချိုဆိမ့်ဆိမ့်ကလေးကို သောက်ပြီးနောက် စီးကရက်သောက်ရခြင်း၏ ထူးခြားသောအရသာကို ကောင်းစွာ ခံစားမိလေ၏။ ထိုသို့ကောင်းမြတ်သောအရသာကို ခံစားပြီးနောက် . . . ကျွန်ုပ်သည် ရှေးဆန်သည့် အောက်ပါထူးဆန်းသော မြန်မာစာကို ဖတ်ရှုရလေတော့၏။

*အငတ်က မောင်ကြီးကို တိုးတိုးလေးပြောသွားတာကတော့ ဒီမှာမိတ်ဆွေ ခင်ဗျားညီကို မွဲပြီး ငတ်သွားအောင် ကျုပ်လဲလုပ်ချင်ပါတယ်။ ဒါပေမယ့် ခင်ဗျားညီက ကျုပ်ရဲ့အကြောင်းကို ကောင်းကောင်းကြီး နားလည်သွားပြီဗျ။ ကျုပ်ကိုနားလည်သွားတယ်ဆိုတာ ငတ်ခြင်းသဘောတရားကို နားလည်ခြင်းပဲ မဟုတ်လား။ ဒီတော့ သူဟာကျုပ်အပေါ်မှာ သိပ်ပြီးရက်စက်တော့တာပေါ့ဗျာ။ ကျုပ်အပေါ်မှာသာ မဟုတ်ဘူး၊ ငတ်တုန်းက သူ့ကို ရက်စက်ခဲ့တဲ့လူတွေကိုလဲ သူဟာ ခွင့်မလွှတ်ဘူး၊ သူနဲ့တန်သလောက် ပြန်ပြီး ဒဏ်ပေးလေ့ရှိတယ်။ တစ်နည်းပြောရရင် တန်ပြန်ရှိတဲ့လူတွေကို ကျုပ်တို့ငတ်ခြင်းသဘောတရားကတောင် လက်မြှောက်ထားရတယ်။ ဒါကြောင့် ဒီလူဟာ တကယ် သူဌေးကြီးဖြစ်ထိုက်တဲ့ လူပဲ မိတ်ဆွေ။*

*အငတ်*

*(သို့မဟုတ်)*

*ငတ်ခြင်းသဘောတရား*

ကျွန်ုပ်လည်း ထိုစာကို ကောင်းစွာ သိမ်းဆည်း၍ထားလိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်သည် လမုန့်ကိုစား၍ ရေသောက်ကာ အိပ်လိုက်ရာ များမကြာမီအချိန်၌ပင် အိပ်ပျော်ခြင်းသို့ရောက်တော့၏။

To be poor and independent is very nearly and an impossibility.

***William Cobbett***

ဆင်းရဲခြင်းနှင့် လွတ်လပ်စွာနေရခြင်းသည် နီးစပ်သကဲ့သို့ရှိသော်လည်း အမှန်စင်စစ်အားဖြင့် ဆင်းရဲလျှင် လွတ်လပ်စွာ မနေနိုင်ပေ။

**ဝီလျံ ကော့ဘက်**

* * * * *

## ကျွန်ုပ်နှင့် ကိုအန် ခေါ် ဉာဏ်ပွင့်လင်းစေသောအရာ

He is a wise man who knows the true bounds and measures.

AESOP

ပညာရှိ ဆိုသည်မှာ မိုက်မဲမှုများ၏ အတိုင်းအတာ ပမာဏကို ဂဃနဏ သိရှိနားလည်သူပင် ဖြစ်၏။

**အီစွပ်**

ကြေးကူးဆစ် ရောက်လာပြီးနောက် တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်အား ဆေးရုံမှဆင်းခွင့်ပေးလိုက်သဖြင့် ကျွန်ုပ်လည်း ဆေးရုံမှဆင်းခဲ့လေ၏။ ဆေးရုံတံခါးဝသို့ရောက်လျှင် ကြေးကူးဆစ်ကို တွေ့ရသဖြင့် ကျွန်ုပ်က အားရဝမ်းသာ နှုတ်ဆက်လေ၏။

"ကြေးကူးဆစ် ... ကျုပ် အခုပဲဆေးရုံက ဆင်းခွင့်ရလို့ ဆင်းခဲ့ပြီးဗျ၊ ခင်ဗျား ကျုပ်ဆီလာတာလား၊ ခင်ဗျားကိုတွေ့ရတာ ဝမ်းသာတယ်ဗျာ၊ တစ်ခုခု သွားစားရအောင် လာလေဗျာ" ဟု ကျွန်ုပ်ကခေါ်သော်လည်း ကြေးကူးဆစ်သည် နှစ်လိုဖွယ်သော အပြုံးကိုဖြစ်စေလျက် . . .

"စားလို့မဖြစ်တော့ဘူးကွ၊ ဒီအချိန်ဟာ ဘိန်းရှူမယ့်အချိန် ရောက်နေပြီ"

"ရှူတာပေါ့ဗျာ၊ ဘိန်းမရှူခင်တစ်ခုခုစားစမ်းပါဦး၊ စားရင်းသောက်ရင်း ပုံကလေးတစ်ပုံလောက်လဲ ပြောစမ်းပါဦး"

"မင်းကို ငါအခုပြောမှာ ပုံမဟုတ်ဘူးကွ"

"ပုံမဟုတ်ရင် ဘာလဲဗျ"

"ကိုအန် လို့ ခေါ်တယ်၊ တရုတ်လိုပြောတာ၊ 'ကို' ဆိုတာ အများနဲ့သက်ဆိုင်တဲ့အဓိပ္ပာယ်၊ 'အန်' ဆိုတာက မှတ်တမ်းစာလို့ အဓိပ္ပာယ်ရတယ်၊ အများနဲ့ဆိုင်တဲ့ မှတ်သားထားဖို့ကောင်းတဲ့ အကြောင်းအရာတွေပေါ့ကွာ၊ ဂျပန်လိုတော့ မွန်ဒို လို့ခေါ်တယ်၊ ဒီဟာတွေက ပုံမဟုတ်ဘူး၊ ဉာဏ်ပွင့်လင်းအောင်လုပ်တဲ့ အရာတွေသာဖြစ်တယ်၊ တစ်ခုကို တစ်ပြားနဲ့ ဒါမျိုးတွေနားထောင်ခွင့်ရတာ မင်းအနေနဲ့ အများကြီးကံကောင်းပါတယ်၊ အေးလေ ... ငါကတော့ ဘာမှမစားချင်ဘူး၊ ဒါပေမဲ့ မင်းကိုတော့ စကားတစ်ခုလောက်ပြောချင်တယ်၊ အဲဒါကတော့ သတ္တဝါရယ်လို့ ဖြစ်လာရင် သေတော့သေမှာပဲပေါ့ကွာ၊ ဒါပေမဲ့ သူ့ဟာသူ သေချင်သေပေစေ၊ ကိုယ်ကြောင့်တော့ မသေစေနဲ့၊ ကိုယ်ကြောင့် မသေစေနဲ့ဆိုတာက ကိုယ်ရဲ့သတိချွတ်ယွင်းမှု၊ ကိုယ်ရဲ့ ဉာဏ်ပညာ

နည်းမှုကြောင့် မသေစေနဲ့လို့ ပြောတာ၊ ကဲ ...သွားပေတော့၊ ငါလည်းဘိန်းခန်းကို သွားတော့မယ်" ဟုဆိုကာ ထွက်၍ သွားလေတော့၏။

ကျွန်ုပ်လည်း ဆေးရုံကြီးမှ ထွက်၍လာခဲ့လေ၏။ တစ်လမ်းလုံးလည်း ကြေးကူဆစ် ပြောသွားသော ကိုယ့်ကြောင့်မသေစေနဲ့ ဆိုသည့်စကားကို စဉ်းစားမိလေ၏။

သရက်တောကျောင်းတိုက်အနီး လူပြတ်သောနေရာသို့ရောက်လျှင် မလှမ်းမကမ်းနေရာ၌ ထိုင်၍နေသော လူတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း ထ၍ ကျွန်ုပ်ထံသို့လာပြီးလျှင် –

"ဘယ်လိုလဲ ကိုဘကွန်း ... ဆေးရုံကဆင်းခဲ့ပြီလား" ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်သည် ထိုသူအား မြင်ဘူးသလိုတော့ရှိသည်ဟု အောက်မေ့ကာ သေသေချာချာ ကြည့်မိသေး၏။ သို့ရာတွင် မည်သည့်နေရာ၌ တွေ့မြင်ဖူးကြောင်း အမှတ်မရသဖြင့် –

"ဟုတ်ကဲ့ ဆင်းခဲ့ပါပြီ" ဟုသာ အလိုက်သင့် ဖြေလိုက်ရာ ထိုသူသည် ရှေ့သို့တိုး၍လာပြီးလျှင် –

"ဆင်းခဲ့ရင်လည်း ပြန်ပြီးတက်ပေဦးတော့၊ ဒီတစ်ခါတက်ရင်တော့ မဆင်းရတော့ဘူး" ဟု ဆိုလေ၏။ ကျွန်ုပ်သည် ထိုသူ၏စကားသည် အနည်းငယ်ဆန်း၍နေသဖြင့် စဉ်းစားလိုက်ရင်း "သူ့ဟာသူ သေချင်သေပေ့စေ၊ ကိုယ်ကြောင့်တော့မသေစေနဲ့" ဟူသော ကြေးကူးဆစ်၏စကားကို သတိရလိုက်သဖြင့် ထိုသူအား သတိကြီးစွာထားပြီးလျှင် –

"ခင်ဗျားက ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"ကျုပ်က မြယဉ်ကို တကယ်ချစ်နေတဲ့ ကျောမွဲငကျွဲလေဗျာ ... ဟဲဟဲ" ဟုဆိုကာ ရှေ့သို့တိုး၍လာလေ၏။ထိုအခါ၌ ကျွန်ုပ်သည် ကြေးကူးဆစ်၏စကားအတိုင်း သတိကြီးစွာထား၍ ထိုသူကို အကဲခတ်လိုက်ပြီးနောက်–

"သြော် ... ဒါကြောင့် မြယဉ်လည်းပါခဲ့တာကိုး" ဟု ကျွန်ုပ်က ပြောလိုက်ပြီးလျှင် ထိုသူ၏ ပခုံးပေါ်မှ ကျော်၍ ထိုသူ၏နောက်ဆီသို့ကြည့်လိုက်ရာ ထိုသူလည်း ကျွန်ုပ်ပြောလိုက်သည်ကို အမှန်တကယ်ဟုထင်မှတ်ကာ နောက်သို့လှည့်၍ကြည့်လိုက်မိလေ၏။ ထိုအခိုက်တွင်ကျွန်ုပ်သည် ရတောင့်ရခဲသော အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ကျွန်ုပ်၌ရှိသမျှသော ခွန်အားကို ဖြစ်ညှစ်စုရုံး၍ ထိုသူ၏နားသယ်ကို လက်သီးဖြင့် တစ်အားထိုးချလိုက်ရာ ထိုသူသည် လမ်းဘေးမြောင်းအတွင်းသို့ ထိုး၍ကျသွားလေ၏။ ကျွန်ုပ်လည်း အပေါ်မှနေ၍ ခြေထောက်ဖြင့် ဆောင့်၍နင်းလိုက်ပြီး သူ၏ဆံပင်ကိုကိုင်ကာ မြောင်းပေါင်နှင့် မျက်နှာကို ခတ်ဆတ်ဆတ်လေး ရိုက်လိုက်၏။

"မင်း ဘယ်သူလဲ" ဟု ကျွန်ုပ်ကမေးသော်လည်း ထိုသူက မပြောပေ။ ကျွန်ုပ်လည်း ထပ်မံ၍ရိုက်ပြန်ရာ ထိုသူ၏မျက်နှာ၌ သွေးခြင်းခြင်းနီလေတော့၏။

"မင်း ဘယ်သူလဲ"

ထိုသူက မဖြေ။ ကျွန်ုပ်က ထပ်ရိုက်ကာ –

"မင်း ဘယ်သူလဲ ... မပြောရင် အသေသတ်ရမှာပဲ" ဟု ဆိုလိုက်မှပင် –

"ငကျွဲပါ"

"မင်း ငါ့ကို ဘာလုပ်မလို့လဲ"

"သတ်မလို့ ... မြယဉ်ကို ပန်းကောင်းအညွန့်ချိုးလုပ်သွားလို့ သတ်မလို့လာခဲ့တာ"

"ငါ ဒီလိုကောင်မျိုးမဟုတ်ဘူး၊ မြယဉ်ကို မေးကြည့်ဦး၊ ခွေးမသား" ဟု ဆိုကာ ထိုသူအား မြောင်းထဲ၌ထားခဲ့၍ ထိုနေရာမှ ထွက်ခဲ့လေ၏။ ခြေလှမ်းအတော်လျှောက်မိသည့်အခါ သစ်ပင်အောက်မှ လူတစ်ယောက်ထွက်၍လာပြီးလျှင်–

"ဘယ်လိုလဲကွ ... ဟိုကောင်သေပြီလား" ဟု မေးသဖြင့် ကြေးကူးဆစ်ဖြစ်နေကြောင်း သိရလေ၏။

"မသေပါဘူးဗျ၊ ဒါပေမဲ့ တော်တော်တော့ နာမယ်"

"အေး ငါကလဲ ဒီကကြည့်နေတာပဲ၊ ဒီကောင်က မင်းနားကို တဖြည်းဖြည်းကပ်သွားတော့ အင်း ... ဘကွန်းတစ်ယောက်သေရှာတော့မှာပဲလို့မှတ်နေတာ၊ ဟိုအကောင် မြောင်းထဲကျသွားတာကို တွေ့ရတော့မှ မင်းတော့ သေဘေးက လွတ်ပြန်ပြီလို့ အောက်မေ့မိတော့တယ်"

"ကျုပ်ကို ဒီကောင်က သတ်ဖို့စောင့်နေတာ . . . ခင်ဗျားကသိတယ်ပေါ့"

"အေး ... သိတယ်ကွ၊ ဒီကောင့်ကိုတွေ့တော့ မင်းရှိတဲ့ ခုတင်နဲ့ အခန်းနံပါတ်ကို စုံစမ်းနေတာတွေ့ရတယ်၊ မင်းဆေးရုံပေါ်က ဆင်းလဲလာရော သူဟာ မင်းကိုအတွေ့မခံဘဲ ခပ်သုတ်သုတ်ထွက်သွားပြန်ရောကွ . . . မင်းကို သတင်းမေးဖို့လာတဲ့မိတ်ဆွေဆိုရင်လဲ မင်းကိုမြင်တာနဲ့ နှုတ်ဆက်ရမှာပေါ့ကွ၊ အခုတော့ မင်းရဲ့ခုတင်နဲ့ အခန်းကိုတော့ စုံစမ်းတယ်၊ မင်းကိုမြင်တော့ ရှောင်သွားတယ်၊ ဒါကိုတွေးကြည့်တော့ မင်းရဲ့ရန်သူဆိုတာ ငါသိတယ်"

"ဒီလိုသိရက်သားနဲ့များ ကြေးကူးဆစ်ရယ် ... ကျုပ်ကိုပြောရောပေါ့"

"ပြောခဲ့သားပဲ၊ အသက်ဆိုတာသေရမှာပဲ၊ သူ့ဟာသူသေချင်ရင်တော့ သေပစေ၊ ကိုယ့်ကြောင့်တော့ မသေစေနဲ့လို မှာခဲ့တာပဲ"

"ဒီလိုမှာလို့ ဘယ်ဖြစ်မလဲဗျ၊ ဘကွန်းရေ ... မင်းကို လူတစ်ယောက် သတ်မလို့စောင့်နေတယ်ဟေ့လို့ပြောလိုက်ရင် ပိုပြီးမကောင်းဘူးလားဗျာ"

"အဲဒါတော့ မဖြစ်နိုင်ဘူးကွ၊ လောကကြီးမှာ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာ၊ ဘိန်းစားက ဘိန်းရှူတယ်၊ ဘိန်းရောင်းတဲ့လူက ဘိန်းရောင်းတယ်၊ လူသတ်သမားက လူသတ်တယ်၊ မသေရင် ဆေးဆရာက ဆေးကုမယ်၊ သေရင်စဏ္ဍာလက တူးပြီးမြှုပ်မယ်၊ လူသတ်သမားကို ပုလိပ်ကဖမ်းမယ်၊ စက်ရှင်မင်းကြီးက အမိန့်ချမယ်၊ ထောင်က ကြိုးပေးမယ်၊ သူတော်ကောင်းက မေတ္တာပို့မယ်၊ လူယုတ်မာက ဆဲမယ်၊ အဲဒါလောက် သူ့နေရာနဲ့သူ ထောင့်စေ့နေတဲ့လောကကြီးမှာ ငါက လူတတ်ကြီးလုပ်ပြီး ဘကွန်း ... မင်းကို လူသတ်သမားက သတ်ဖို့စောင့်နေပြီလို့ မပြောအပ်ဘူးလို့ထင်တယ်၊ လူသတ်သမားရဲ့ အလုပ်ကို နှောက်ယှက်ရာရောက်မယ်၊ လောကကြီးတစ်ခုလုံး သဘာဝတရားကြီးက ပြည့်စုံအောင်ဖန်တီးထားပါလျက် ငါကဝင်ရှုပ်ရင် ငါဟာ လူရှုပ်တစ်ယောက်ဖြစ်သွားမယ် . . . ဒါမှမဟုတ်ရင် အပိုအလုပ်တွေ လုပ်နေတဲ့ လူပိုတစ်ယောက် ဖြစ်သွားမယ်၊ လောကကြီးက လူပိုကို လက်မခံဘူး၊ ပိုတာနဲ့ ထုတ်ပစ်လိုက်မှာဘဲ၊ လောကကြီးက လူပိုလို့ တိတိကျကျ သတ်မှတ်လိုက်တဲ့နေ့မှာ အဲဒီလူဟာ ဒုက္ခရောက်တော့တာပဲကွ"

ကျွန်ုပ်သည် ကြေးကူးဆစ် ပြောသော စကားများကို နားထောင်၍ နေရသော်လည်း တိတိကျကျအဓိပ္ပာယ်ကို နားမလည်ပါ။ သို့ရာတွင် လေးနက်ခြင်းရှိသည်ဟုတော့ထင်မိပါသည်။

"ခင်ဗျားပြောတာ ဘာတွေမှန်းလဲမသိဘူး ကြေးကူးဆစ်"

"အေး ... ဟုတ်တယ်၊ ငါပြောတာကို နားလည်တဲ့လူလဲရှိရမယ်၊ မင်းလို ဘာတွေမှန်းမသိတဲ့လူလဲ ရှိရမယ်၊ ငါ့လို နားလည်လို့ ပြင်ပေးနိုင်တဲ့လူလည်းရှိရမယ် မဟုတ်လား၊ ဒါမှ ထောင့်စေ့တော့မှာပေါ့"

ကြေးကူးဆစ်သည် တရုတ်ဘိန်းစားများသောက်သော စီးကရက်ကလေးကို ထုတ်၍သောက်ပြီးနောက် –

"လောကကြီးမှာ ကိုယ်လုပ်ရမယ့်အလုပ်ကို ကိုယ်လုပ်၊ အချိန်မဖြုန်းနဲ့၊ မှန်တယ် မမှန်ဘူး၊ ကောင်းတယ် မကောင်းဘူး ဆိုတာကို လူတွေက ဆုံးဖြတ်လို့မရဘူး၊ သဘာဝတရားကြီးက ဆုံးဖြတ်ရမှာဖြစ်တယ်၊ တိကျတဲ့အဖြေကို သဘာဝတရားကြီးထက် ဘယ်သူကမှ ပိုပြီးမတတ်နိုင်ဘူး၊ ဘယ်လောက် အလုပ်လုပ်တဲ့လူပဲဖြစ်ဖြစ် သဘာဝတရားကြီးကို မှီအောင် အလုပ်မလုပ်နိုင်ဘူးကွ"

"ဘယ်လိုဗျ ... ရှင်းစမ်းပါဦး"

"မင်း တစ်ခုစဉ်းစားကြည့်လေ၊ ဟိုးတောထဲမှာရှိတဲ့ ဆူးပင်ကဆူးကိုလဲ သူပဲချွန်ရတယ်၊ ပန်းတွေကိုလဲ သူ့အရောင်နဲ့သူ ဖြစ်အောင်လုပ်ရတယ်၊ အသီးတွေကိုလည်း သူ့အရသာနဲ့သူဖြစ်အောင်လုပ်ရတယ်၊ တောင်တွေပေါ်မှာ ဆီးနှင်းတွေ ပုံရတယ်၊ သမုဒ္ဒရာထဲမှာ လှိုင်းတံပိုးတွေ ထအောင်လဲ လုပ်ရတယ်၊ သဲကန္တာရထဲမှာကျတော့ ရေတစ်စက်မှ မရှိအောင်လုပ်ရပြန်ရော၊ ပြီးနေ့နဲ့ညကိုလည်း အချိန်မှန်မှန် လုပ်ပေးရပြန်တယ်၊ မိုးတွင်းမှာ မိုးရွာချပေးဖို့၊ ဆောင်းတွင်းမှာ နှင်းကျဖို့ စတဲ့တာဝန်တွေကို မလစ်ဟင်းအောင် ဆောင်ရွက်နေတဲ့ သဘာဝတရားကြီးကို ဘယ်သူက မီဦးမှာလဲ၊ ဒီတော့ ဘယ်သူဘဲဖြစ်ဖြစ် သဘာဝတရားကြီးထံမှာ ဦးညွှတ်ရတော့တာပဲ မဟုတ်လား"

"ဟုတ်တယ်ဗျို့"

"ဟုတ်တာတွေ ပြောနေတာ ဟုတ်တာပေါ့ကွ၊ ဒီတော့ ပညာရှိတွေ သဘာဝတရားကို အလေးအနက်ထားတယ်၊ မဆန့်ကျင်ဘူး၊ ဒါကြောင့်လဲ ပညာရှိဖြစ်နေတာ၊ သူခိုးဆိုတာ ခိုးရတဲ့အလုပ်ကို လုပ်တဲ့လူလို့ သိထားရင် သူခိုးကိုလည်း မမုန်းတော့ဘူး၊ ကယ်ဆယ်ရေးသမားကိုလဲ ကယ်ဆယ်ရတဲ့ အလုပ်ကို လုပ်တဲ့လူလို့ သိထားလေတော့ ကျေးဇူးလဲ မတင်တော့ဘူး၊ ဒီတော့ သဘာဝကို နားလည်ခြင်းပဲ၊ သဘာဝကို နားလည်ခြင်းဟာ သဘောနားလည်ခြင်းပဲ၊ ဘာကြောင့်လဲ ဆိုတော့ လူတွေဟာ သဘောသဘာဝလို့ သုံးနှုန်းတယ် မဟုတ်လား၊ သဘာဝကိုနားလည်ရင် သဘောနားလည်ခြင်းပဲ၊ သဘောနားလည်ရင် ပညာရောက်ပြီ"

"ပညာရောက်တော့ ဘာဖြစ်သလဲ ကြေးကူးဆစ်"

"ပညာရောက်လာတော့ ပညာရှိဖြစ်တာပေါ့ကွ"

" ကျုပ်က ပညာရှိဖြစ်ချင်တာမှ မဟုတ်ဘဲ။ သူဌေးကြီးဖြစ်ချင်တာ"

"သူဌေးကြီး ဘာကြောင့် ဖြစ်ချင်တာလဲ"

"ချမ်းသာချင်လို့ပေါ့ဗျ"

"အေး … ပညာမရှိရင် သူဌေး ဖြစ်ချင်ဖြစ်မယ်၊ မချမ်းသာနိုင်ဘူး၊ သူဌေးဖြစ်ခြင်းဟာ ကိုယ်ကာယနဲ့ဆိုင်တယ်၊ ချမ်းသာခြင်းကတော့ စိတ်နဲ့ဆိုင်တယ် ဘကွန်း၊ ဒါကို သဘောပေါက်မှ တစ်နည်းပြောရရင် ဒီသဘာဝကိုနားလည်မှ ချမ်းသာလိမ့်မယ်၊ ကဲ … သွားပေတော့၊ ငါလဲ သွားမယ်"

ကြေးကူးဆစ်သည် ပြောပြောဆိုဆိုပင် ကျွန်ုပ်၏အနီးမှ ထွက်ခွာသွားလေ၏။ ကျွန်ုပ်လည်း အနော်ရထာလမ်းဘက်သို့ လျှောက်၍လာပြီးလျှင် ၂၅ လမ်းသို့ဝင်ကာ မစ္စတာရှောင်ဝှါးဆီသို့ သွားရောက်ခဲ့လေ၏။

မစ္စတာရှောင်ဝှါးသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ချင်း ထူးဆန်းသလိုကြည့်၍ –

"ကိုဘကွန်း … ဘယ်လိုဖြစ်လာတာလဲ၊ ပိန်လှချည်လား"

"ဆေးရုံက ဆင်းလာတာလေ"

"ကျုပ်တို့လဲ မသိရပါလား၊ ဘယ်တုန်းက ဆေးရုံတက်ရတာလဲ"

မစ္စတာရှောင်ဝှါးသာလျှင် မဟုတ်ပေ။ သူ၏မိန်းမ မကြင်ဝင်းကပါ ဝင်ရောက်၍ မေးမြန်းပြောဆိုလေ၏။

"မစ္စတာရှောင်ဝှါး သတင်းစာ မဖတ်ဘူးလား၊ သတင်းစာထဲမှာ ကျုပ်အရိုက်ခံရတဲ့သတင်း ပါတယ်လေဗျာ"

"သြော် … အဲဒါ ခင်ဗျားလား၊ မိန်းကလေးတွေ ဖျက်ဆီးလို့ဆို၊ ခင်ဗျား ဒီလိုလူမျိုးမှ မဟုတ်ဘဲ၊ ကျုပ်က ခင်ဗျားလို့ဘယ်ထင်ပါ့မလဲ၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမလဲဗျာ၊ အရိုက်ခံရတာပေါ့၊ မိန်းကလေးတွေ ဖျက်ဆီးတယ်ဆိုတာတော့ မဟုတ်ပါဘူး"

"ကျုပ်တို့ကလည်း မထင်ပါဘူးဗျာ"

"မစ္စတာရှောင်ဝှါးအိမ်မှာ ခဏတော့ တည်းရမှာပဲ၊ ပြီးမှ သွားစရာရှိတဲ့နေရာကို သွားရမယ်"

"ပြောနေဖို့ မလိုပါဘူး ကိုဘကွန်းရယ် … ခဏမဟုတ်ပါဘူး၊ တစ်သက်လုံးပဲနေနေပါဗျာ"

မစ္စတာရှောင်ဝှါးနှင့် မကြင်ဝင်းတို့သည် အထက်ပါအတိုင်း ကျွန်ုပ်အား ခင်မင်ရင်းနှီးစွာ လက်ခံကြသဖြင့် ကျွန်ုပ်လည်း သူတို့အိမ်၌ ရက်အတော်ကြာသည်အထိ တည်းခို၍ ဒဏ်ရာများ လုံးဝပျောက်ကင်းအောင် ကုသရင်း အနားယူခဲ့လေ၏။

* * * * *

## ကျွန်ပ်နှင့် မူးစေ့အပဲ့ကလေး ထပ်မံတွေ့ဆုံခြင်း

တစ်နေ့သ၌ ကျွန်ပ်သည် တင်တင့်ထံသို့ သွားရောက်၍ တောင်းပန်မည်ဟု သန်လျှင်သဘော်နှင့် လိုက်ပါခဲ့လေ၏။ သန်လျှင်ဆိပ်ကမ်းသို့ရောက်လျှင် ဆိပ်ကမ်းအနီးရှိရပ်ကွက်၌ရှိသော ကုန်စုံဆိုင်များသို့ တစ်ခုပြီးတစ်ခုကြည့်ရှု၍ တင်တင်တို့ သားအမိဖါင့်ထားသော ကုန်စုံဆိုင်ကိုရှာဖွေခဲ့ရာ လမ်းထောင့်တစ်ခုသို့အရောက်တွင် ဝယ်သူများစည်ကားလျက်ရှိသည့် ကုန်စုံဆိုင်တစ်ခုကို တွေ့ရသဖြင့် ခပ်လှမ်းလှမ်းမှနေ၍ ဆိုင်ရှင်ကို အကဲခတ်လိုက်ရာ … ကြက်သွန်များ ချိန်တွယ်၍ပေးနေသော တင်တင့်ကို တွေ့ရလေ၏။ တင်တင်ကလည်း လမ်းဘက်သို့ ကြည့်ရှုလိုက်ပြန်ရာ ကျွန်ပ်နှင့် မျက်နှာချင်ဆိုင် ဆုံမိလေတော့၏။ ထိုသို့ဆုံမိသည်နှင့်တစ်ပြိုင်နက် တင်တင်သည် ဘီလူးသရဲကို တွေ့ရသည့်အလား ချိန်လက်စကြက်သွန်များကို သွန်ချထား၍ အိမ်အပေါ်သို့တက်ပြေးပြီးလျှင် တံခါးကို ချက်ချထားလိုက်လေတော့၏။

ဈေးဝယ်သူများလည်း မည်သို့မည်ပုံ ဖြစ်ပျက်သည်မသိဘဲ အကြောင်ကြောင်ဖြစ်ကာ ကျွန်ပ်ရှိရာဘက်သို့ လှည့်၍ကြည့်ကြလေတော့၏။ ကျွန်ပ်သည်လည်း မည်သို့မည်ပုံ ဆက်လုပ်ရမည် မသိပဲရှိသည့်အပြင် ရှက်စိတ်ကြောင့် ချွေးများ ယိုစိမ့်လာသည့်အပြင် အသားများလည်း တဆတ်ဆတ်တုန်၍နေလေ၏။

ကျွန်ပ်သည် ဆိုင်တွင်းသို့ ဝင်၍သွားပြီးနောက် အိမ်ပေါ်သို့တက်လေ၏။ ပိတ်ထားသော တံခါးအနီးသို့ရောက်လျှင် တံခါးကို ထု၍ …

"တင်တင်ရယ် … အစ်ကိုဘကွန်းပြောပါရစေဦးကွယ်၊ ဘယ်သူတွေက အထင်လွဲလွဲ အစ်ကိုဘကွန်း ဂရုမစိုက်ပါဘူး၊ တင်တင်ကတော့ အမှန်အတိုင်းနားလည်စမ်းပါကွယ်၊ အစ်ကိုဘကွန်း ရှင်းပြပါရစေ" ဟုတောင်းပန်၏။ တင်တင့် ထံမှ မည်သည့်အသံမှ ထွက်၍မလာ။ ဆိုင်တွင်းမှ ဈေးဝယ်သူများကသာ ကျွန်ပ်အား စူးစိုက်၍ ကြည့်နေကြ၏။

"တင်တင် … တံခါးဖွင့်ပါဦးကွယ်၊ အစ်ကိုဘကွန်းပြောပါရစေဦး၊ အစ်ကိုဘကွန်း တင်တင့်ကို တွေ့ချင်လို့လာခဲ့တာပါ၊ ကောင်းကောင်းမကျန်းမာသေးပါဘူး၊ မသနားတော့ဘူးလားကွယ် . . ."

တင်တင့်ထံမှ မည်သည့်အသံမှ ထွက်၍မလာပေ။ ဆိုင်အတွင်း၌မူ မူလကရှိသော ဈေးဝယ်သူများ မဟုတ်တော့ဘဲ မည်သည်အချိန်က ရောက်ရှိနေကြသည် မသိပေ။ မျောက်ပွဲကဲ့သို့ လူများစုပြုံရောက်ရှိနေကြပြီဖြစ်၏။ အမှန်စင်စစ်အားဖြင့် မိန်းကလေးတစ်ဦးက မိမိကို မတွေ့လို၊ မမြင်လို၍ ပိတ်ထားသောတံခါးကိုမှီကာ ဖွင့်ပေးပါမည့်အကြောင်း၊ မိမိနှင့် အတွေ့ခံပါမည့်အကြောင်းကို လူပေါင်းများစွာရှေ့တွင် အသနားခံ၍ ပြောဆိုနေရသော လူငယ်တစ်ဦး၏ အဖြစ်သည် ရှားပါးသော အဖြစ်အပျက်မျိုးဖြစ်လေ၏။ ရှက်ဖွယ်လည်းကောင်း၏။ သို့ရာတွင် ကျွန်ပ်သည်မရှက်နိုင်တော့ပါ။

"တင်တင်ရယ် … အစ်ကိုဘကွန်း ပြောပါရစေဦး"

"မပြောနဲ့ ... ရှင့်မျက်နှာလည်း မကြည့်ချင်ဘူး ... အခုထွက်သွားပါ"

"ရက်စက်လှချည်လားကွယ် ... ပြောပါရစေဦး"

"ရှင် ပြောနေတာ မရဘူးလား"

တင်တင်၏အသံ၌ ငိုသံကလေးပါနေ၏။

ထိုအချိန်၌ လူအုပ်အတွင်းမှလူတစ်ယောက်က မဆီမဆိုင် "ဟေ့ကောင် ... မိန်းမသားတွေချည်းနေတဲ့အိမ်ကို ဘာလာနှောက်ယှက်တာလဲ" ဟု ဆိုလေ၏။ ကျွန်ုပ်ကမကြားချင်ဟန်ပြု၍ တင်တင့်ကိုပင် ဆက်၍ခေါ်၏။

"တင်တင်ရယ် ... အစ်ကိုဘကွန်း ရှင်းပြစရာရှိတာလေးရှင်းပြပြီးရင် ပြန်ပါ့မယ်"

"မလိုဘူးရှင်ရဲ့"

ကျွန်ုပ်သည် တံခါးကိုထု၍ တင်တင့်အားခေါ်ပြန်၏။

"ရှင် ပြောလို့မရဘူးလား ... အော်လိုက်မယ်နော်"

ထိုအခါ၌ မဆီမဆိုင် ဝင်၍ပြောသောသူကပင် –

"အော်ဖို့ မလိုပါဘူး ... ခင်ဗျားတို့နဲ့ မဆိုင်ဘူးလို့သာ ပြောလိုက်စမ်းပါ၊ ဒီကောင့်ကို ကျုပ် ရိုက်ပြီးချလိုက်ပါ့မယ်" ဟု ဆိုပြန်၏။

ကျွန်ုပ်သည် ထိုသူအား လှည့်၍မကြည့်ဘဲ တံခါးကိုထု၍ –

"တင်တင် ... အစ်ကိုဘကွန်းပြောတာ နားထောင်ပါဦး" ဟု ပြောလည်းပြော၊ တံခါးကိုလည်း အတင်းဆောင့်တွန်း၍ဖွင့်ရာ တင်တင်သည် "လာကြပါဦး" ဟု ငယ်သံပါအောင် အော်လေတော့၏။

"ဟေ့ကောင် ... မင်းဘာကောင်လဲ"

စောစောက လူပင်ဖြစ်၏။ ကျွန်ုပ်အား အထက်ပါအတိုင်းမေးရင်း ကျွန်ုပ်ထံသို့ လျှောက်၍လာ၏။ ကျွန်ုပ်သည် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ အားမလိုအားမရဖြစ်ခြင်းစသော ဝေဒနာများကို ခံစားနေရသည့် အချိန်အခါ၌ ဤကဲ့သို့ မဆီမဆိုင်လူက ဝင်၍ ကျွန်ုပ်အား ရန်စကားပြောလိုက်သောအခါ၌ ကျွန်ုပ်၏ ဒေါသစိတ်များသည် ရေကာတာကျိုးပေါက်သည့်အလား ဒလဟော ပြို၍လာလေတော့၏။

"ဘာကောင်ဖြစ်ဖြစ် မင်းနဲ့ဘာဆိုင်သလဲ ... ငရှုပ်"

ကျွန်ုပ်သည် အထက်ပါအတိုင်းပြောလိုက်လေ၏။ အဘယ့်ကြောင့် ငရှုပ်ဟုဆိုသနည်းမူ ကြေးကူးဆစ်ပြောခဲ့သည့်စကား၌ လောကကြီးတစ်ခုလုံးသည် ကိုယ့်အလုပ်နှင့်ကိုယ် ထောင့်စေ့နေပါလျက် ထိုသူသည် ကျွန်ုပ်၏အလုပ်အတွင်းသို့ ဝင်၍ ရှုပ်သောကြောင့်ဖြစ်၏။

"အောင်မာ ... ခွေးမသား ...သေချင်နေပြီကိုး"

"အေး သေချင်နေပြီဆိုတာဟုတ်တယ်၊ ခွေးမသားတော့မဟုတ်ဘူး၊ တင်တင် ... တံခါးဖွင့်ပါဦး"

ကျွန်ုပ်သည် တင်တင့်ဘက်သို့လှည့်၍ တံခါးကိုထုရင်း အော်လိုက်ပြန်၏။ ထိုသို့ အော်လိုက်ခြင်းမှာ တင်တင်အား တကယ်ခေါ်လို၍ မဟုတ်တော့ပေ။ တင်တင့်ဘက်သို့ လှည့်၍ ခေါ်လိုက်သည့်အချိန်၌ ထိုငရှုပ်သည် ကျွန်ုပ်အား အလစ်ဝင်၍ ရိုက်မည်ကို သိသောကြောင့် တမင်တကာ အကွက်ထွင်လိုက်ခြင်းဖြစ်၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် ထိုငရှုပ်သည် ဆိုင်တံခါးအနီး၌ ထောင်၍ထားသော သံတူရွင်းကိုကောက်၍ ကျွန်ုပ်၏ ဦးခေါင်းကို တစ်အား ရိုက်ချလိုက်လေတော့၏။ မည်သည့်အချိန်၌ ရိုက်မည်၊ ရိုက်လျှင် မည်သည့်နေရာသို့ရိုက်မည်ကို ကြိုတင်၍သိထားခြင်းကြောင့် ကျွန်ုပ်သည် အနည်းငယ်မျှတိမ်းလိုက်ရာ ထိုလူ တစ်အားလွှဲရိုက်သော သံတူရွင်းကြီးသည် တင်တင်ပိတ်၍ထားသော တံခါးပေါ်သို့ကျလေ၏။ ကြည့်နေသော ပရိသတ်မှာလည်း ဟာကနဲ ... ဟင်ကနဲ ဖြစ်၍ သွားလေ၏။

ကျွန်ုပ်သည် ကိုယ်ကိုလှည့်၍ ထိုသူ၏မျက်နှာသို့ တစ်အားကျုံး၍ ကန်လိုက်ရာ ထိုသူသည် နောက်သို့လန်၍လဲကျသွားလေတော့၏။ ထိုအချိန်၌ ထိုသူ၏ အဖော်အပေါင်း ငရှုပ်နှစ်ကောင်သည် အုတ်ခဲထက်ပိုင်းကျိုးကိုယ်စီဖြင့် ကျွန်ုပ်၏ ဦးခေါင်းအား ထုရန် ချိန်ရွယ်၏။ ကျွန်ုပ်ကလည်း ထုနိုင်ရန်အတွက် ခေါင်းကိုထိုး၍ ပေး၏။ အမှန်တကယ် ထုချလိုက်သောအခါ၌ ဘေးသို့ တိမ်းသည်ဆိုရုံမျှ တိမ်းလိုက်ရာ အုတ်ခဲကျိုးသည် ကျွန်ုပ်၏ နားရွက်ဘေးမှ 'ဗိုခနဲ' ဖြတ်၍ သွားပြီးလျှင် တံခါးကိုပင် မှန်ပြန်၏။ ကျွန်ုပ်လည်း ထိုသူ၏ အရိုက်ဆီသို့ ကျွန်ုပ်၏ မာကျစ်သောလက်သီးဖြင့် တစ်အားကျုံး၍ ထိုးလိုက်ရာ ထိုသူလည်း နေရာ၌ လဲပြန်လေ၏။ထို့နောက်တွင်ကား မြောက်မြားစွာသော ငရှုပ်တို့သည် ဟိုမှသည်မှ ရောက်လာကြပြီးလျှင် ကျွန်ုပ်အား ကျားဆိုးကို ဝိုင်း၍သတ်သည့်အလား သဲကြီးမဲကြီးရိုက်နှက်၍သတ်ကြကုန်၏။ ကျွန်ုပ်သည် ဒဏ်ရာများရလျက် နေရာ၌ပင် လဲကျသွားလေတော့။ သို့ရာတွင် သတိလစ်ခြင်းမရှိပါ။ ခေါင်းမှာမူ အနည်းငယ် မူးဝေသွား၏။ ခေါင်းမူးပျောက်သောအခါ၌ ကျွန်ုပ်အား ရိုက်နှက်ကြသော ငရှုပ်များသာမက ကျွန်ုပ်လက်ချက်ကြောင့်လဲ၍နေသော ငရှုပ်နှစ်ကောင်ပင် မရှိတော့ပေ။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပြီဖြစ်၏။

ကျွန်ုပ်လည်း ဆိုင်ခုံကို အားပြု၍ထလိုက်ရာ ... ချိန်ခွင်ဘေးရှိ အလေးများအနီး၌ အကြွေးစာရင်းမှတ်သော မြေဖြူကလေးကို တွေ့ရသဖြင့် ထိုမြေဖြူကလေးကို ကောက်ယူကာ တင်တင်ပိတ်၍ ထားသောတံခါးပေါ်၌ "ရှင်းပြပါရစေ တင်တင်ရယ်" ဟူသောစာကို ရေးလိုက်မိလေ၏။ စာရေးပြီးသော အခါ၌ 'ဟေ့ကောင်' ဟု ခပ်ငေါက်ငေါက်ခေါ်လိုက်သဖြင့် ကြည့်လိုက်ရာ နံပါတ်တုတ်ကိုင်၍ထားသော ပုလိပ်တစ်ယောက်နှင့်အတူ အခြားလူတစ်ယောက်ကိုပါ တွေ့ရလေ၏။ ပုလိပ်သည် ကျွန်ုပ်ထံသို့လာရောက်၍ ကျွန်ုပ်၏လက်ကောက်ဝတ်အား တစ်အားဆုပ်ကိုင်ကာ "ဟေ့ကောင် လိုက်ခဲ့" ဟုဆို၍ တစ်အားဆောင့်ဆွဲခေါ်ငင်လေ၏။ ကျွန်ုပ်လည်း ဦးခေါင်းထက်မှ သွေးများယိုစီးကျလျက် ... ဒယီးဒယိုင်နှင့် ပုလိပ်နောက်သို့ လိုက်ပါခဲ့ရလေတော့၏။

ဂါတ်သို့မရောက်မီ၌ ပုလိပ်က ကျွန်ုပ်အားစကားစလေ၏။

"ဒီအမှုဟာ . . . အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ဆယ်နှစ် အနည်းဆုံးကျနိုင်တယ်"

"များလှချည်လား ပုလိပ်ကြီးရယ်"

"များဆို ပုဒ်မက ၃၇၆ ကိုးကွ"

"ပုဒ်မ ၃၇၆ ဆိုတာ ဘာအမှုလဲဗျ"

"ပိုင်နက်ကျူးလွန်မှုလေကွာ"

ပုလိပ်ကား ကျွန်ုပ်အား ခြိမ်းခြောက်နေခြင်းဖြစ်၏။ သူပြောသောပုဒ်မမှာ ပိုင်နက်ကျူးလွန်မှုပုဒ်မလည်း မဟုတ်ပေ။ သို့ရာတွင် ကျွန်ုပ်သည် မသိဟန်ဆောင်၍ . . .

"လွတ်အောင်မတတ်နိုင်ဘူးလားဗျာ"

"ဘယ်ဖြစ်မလဲကွ"

"ကျွန်တော်လဲ အရိုက်ခံရတာပဲဗျာ၊ မသက်သာဘူးလား"

"မရဘူးကိုယ့်လူ၊ အလုပ်ကြမ်းနဲ့ထောင်ဒဏ်ဆယ်နှစ်ပဲ၊ ကြိမ်ဒဏ်တောင်ပါချင်ပါဦးမယ်"

ကျွန်ုပ်သည် ပုလိပ်၏လက်မှ လွတ်ရန်အတွက် တစ်နည်းနည်းဖြင့် လုပ်ကြံရပေတော့မည်။ အကောင်းဆုံးမှာ ဂါတ်သို့မရောက်မီ လွတ်မြောက်ရန်ဖြစ်၏။

"ဒီလိုလုပ်ပါလား ပုလိပ်ကြီး၊ အခုကိစ္စက တစ်ဖက်ကလဲ တရားလိုအဖြစ်နဲ့ တိုင်တာမှ မဟုတ်ပဲဗျာ၊ ရန်းရင်းဆန်ခတ်ဖြစ်နေလို့ ငြိမ်သက်သွားအောင်တားပေးဖို့ ခင်ဗျားကို ခေါ်တာပဲ၊ အမှုဖွင့်ဖို့မလိုပါဘူး၊ ခင်ဗျား ငွေတစ်ဆယ်ယူပြီး ကျုပ်ကို လွှတ်လိုက်ဗျာ"

"မင်းက ငါ့ကို လာဘ်စားတဲ့ကောင်မှတ်လို့လား"

"နှစ်ဆယ် ယူဗျာ"

"ဒီကောင် ဘယ်လိုကောင်လဲ၊ အမှုကြီးသွားချင်သလား"

"သုံးဆယ် ယူဗျာ"

"ပြောလေ ကဲလေပါလား"

"လေးဆယ် ယူဗျာ"

"ဒီကောင် တယ်ခက်ပါလား"

"မခက်ပါဘူးဗျာ၊ ဟောဟို အရက်ဆိုင်မှာ အရက်သောက်မယ်ဗျာ" ဟု ဆိုလိုက်ရာ ထိုသူသည် အနည်းငယ် တွေဝေလာပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်ကပင် သူ၏လက်ကို ဆွဲ၍အရက်ဆိုင်ဘက်ဆီသို့ ခေါ်ရလေ၏။ အနည်းငယ်ရုန်းပြီးနောက် ကျွန်ုပ်နှင့်ပါ၍လာလေ၏။ ကျွန်ုပ်လည်း အရက်တစ်လုံးနှင့် အမြည်းများကိုမှာယူ၍ တိုက်ကျွေးလေ၏။ ကျွန်ုပ်ကိုလည်းသူက အတင်းသောက်ခိုင်း၏။ ကျွန်ုပ်က အရက်မသောက်ရသောဆေးများ ထိုး၍ထားကြောင်း အကြောင်းပြ၍ ငြင်းဆိုပြီးလျှင် သူ့ကိုသာဖိ၍တိုက်၏။ အတော်အတန်မူးသည့်အခါ၌ ငွေနှစ်ဆယ်ထုတ်၍ပေးပြီးလျှင် သင်္ဘောဆိပ်သို့ ပြန်၍လာလေ၏။

ထိုပုလိပ်မှာမူ ဆိုင်အတွင်း၌ ခေါင်ချာစိုင်း၍ ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ်လည်း သင်္ဘောဆိပ်သို့ပြန်လာပြီးလျှင် သင်္ဘောဆိပ်၌ သင်္ဘောလာသည်ကို စောင့်၍ သင်္ဘောလာသည်နှင့်တစ်ပြိုင်နက် လေကောင်းလေသန့်ရသော ဦးပိုင်း၌ ထိုင်၍ ရန်ကုန်သို့ လိုက်ပါလာခဲ့လေတော့၏။

ထိုသို့ လိုက်ပါလာခဲ့ရာတွင် . . . မြစ်ခွဆုံသို့ရောက်လျှင် ဆေးလိပ်သောက်မည်ဟု အိတ်တွင်းသို့ နှိုက်လိုက်ရာ ကြေးကူးဆစ် မုန့်အတွင်း၌ ထည့်၍ပေးခဲ့သော ပိုးစကလေးကို နှိုက်မိလေ၏။

ထိုပိုးစကလေး၌ပါရှိသော အငတ်ပုံပြင်မှ အငတ်ကမောင်ကြီးဆိုသူအား ပြောသောစကား၌ "သူ့ကိုရက်စက်ခဲ့တဲ့လူတွေကိုလဲ သူဟာ ခွင့်မလွှတ်ဘူး၊ သူနဲ့တန်သလောက် ပြန်ပြီးဒဏ်ပေးလေ့ရှိတယ်" ဟူသော စာပိုဒ်ကို အထူးသတိထား၍ ဖတ်မိလေ၏။

ကျွန်ုပ်မှာလည်းငယ်စဉ်ကပင် လူတို့၏ ရက်စက်မှုများကို ခါးစည်း၍ ခံခဲ့ရသူဖြစ်ရာ . . . ထိုစာကိုဖတ်မိပြီးနောက် တန်သလောက်ပြန်၍ဒဏ်ပေးလိုစိတ်များ ပေါ်ထွက်၍လာ၏။ တစ်နည်းဆိုရပါမူ တန်ပြန် သို့မဟုတ် ဒဏ်ပြန်လိုစိတ်များ ယိုဖိတ်၍လာလေ၏။

မြယဉ်ကြောင့်အရိုက်ခံခဲ့ရစဉ်က ရိုက်သူများအပေါ် ပို၍ခံပြင်းမိ၏။ မြယဉ်ကိုမူ ထင်သလောက် စိတ်မဆိုးခဲ့ပါ။ ယခု ကျွန်ုပ်အမြတ်နိုးဆုံး၊ ကျွန်ုပ်အချစ်ဆုံးဟုဆိုရသော တင်တင့်ကြောင့် အရိုက်ခံရသည့်အခါ၌မူ ရိုက်သူများထက် တင်တင့်အပေါ်၌ နာကြည်းသွားလေ၏။

တင်တင့်ကို နာကြည်းခြင်းသည် လောကကြီးတစ်ခုလုံးကိုနာကြည်းခြင်းဖြစ်သည်ဟု ဆိုလိုကဆိုနိုင်ပေသည်။ တင်တင်၏ရက်စက်မှုမှတဆင့် လူတို့၏ ရက်စက်မှု၊ အသိဉာဏ်မဲ့မှုတို့အား ခုနစ်စဉ်အမျှင်တန်းလျှောက်၍စဉ်းစားကြည့်ရာ ကျွန်ုပ်အပေါ်၌ ရက်စက်ခဲ့၊ ဒုက္ခပေးခဲ့ကြသူများအားလုံးကို တရားရေးပေါ်၍လာလေတော့၏။ ထိုသူတို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) ကျွန်ုပ်အား သားချင်းသမီးချင်းမစာနာဘဲ အိမ်သာအောက်၌ ချေးဇလား ရွှေ့ခိုင်းခဲ့သော ဘီအိုစီစာရေးကြီး ဦးဘအေးနှင့် ဒေါ်ပုတို့ဖြစ်၏။
(၂) မခင်ရီနှင့် မတင်ရီတို့ ညီအစ်မဖြစ်၏။ ကျွန်ုပ်အား လက်စွပ်မခိုးပါဘဲလျက် လက်စွပ်ခိုးသည်ဟုဆိုကာ မျက်နှာကို ဖိနပ်ဖြင့် ရိုက်နှက်ခြင်း ပြုခဲ့ကြသူများ။ ထိုအထဲ၌ မခင်ရီ၏ယောက်ျားကိုတင်ဝင်းဆိုသူလည်းပါ၏။
(၃) ကိုရုပ်ဆိုး ဆိုသည့် လူလိမ်ပင် ဖြစ်၏။ထိုသူသည် ကျွန်ုပ်၏ ချွေးနဲ့စာကလေးကို အိမ်ရောင်းမည်ဟုဆိုကာ လိမ်လည်သွားသူဖြစ်၏။
(၄) တာမွေဂါတ်မှ ရာဇဝတ်အုပ်တစ်ဦး … ထိုသူကိုမူနာမည်မသိပေ။လူကိုတော့ကောင်းစွာမှတ်မိနေ၏။ ကျွန်ုပ်အားကိုရုပ်ဆိုးကလိမ်လည်သဖြင့် ကျွန်ုပ်သည် ငွေလည်းဆုံး၊ အိမ်လည်းမရ ဖြစ်နေချိန်၌ အိမ်ရှင်ဦးဘသိုက်ဘက်မှ နေ၍ဝင်ရောက်ကာ ကျွန်ုပ်အားဝေါက်ငမ်းခဲ့ဖူးသူဖြစ်၏။
(၅) ခနောင်တိုမှ သူဌေးဦးကျော်ဝင်းနှင့် သူ၏တပည့်များ။ ကျွန်ုပ်အား အပြစ်မရှိ အပြစ်ရှာ၍ ရိုက်နှက်ခဲ့သူများ။

(၆) မြယဉ် … ကျွန်ုပ်က အနစ်နာခံ၍ ကူညီပါလျက် ကျွန်ုပ် ဒုက္ခရောက်စဉ်၌ အဖြစ်မှန်ကို ဝင်ရောက်ပြောဆိုခြင်း မပြုသူ။
(၇) တင်တင် … ကျွန်ုပ်က ဖြေရှင်းခွင့်တောင်းပါလျက် ဖြေရှင်းခွင့်မပေးပဲ အော်ဟစ်ခဲ့သူ။ ထို့ပြင် ကျွန်ုပ်အား စိတ်ရိုင်းများဝင်လာအောင် နှိုးဆွပေးခဲ့သော စနက်တံဟုလည်း ဆိုနိုင်၏။

ကျွန်ုပ်သည် အထက်၌ဖော်ပြခဲ့သော သူများအား (ကြေးကူးဆစ်၏စကားဖြင့်ပြောရလျှင်) သူ့ဟာနှင့် သူ တန်သလောက် ပြန်၍ဒဏ်ခတ် ဆုံးမသင့်သူများဟု သဘောထားမိလေတော့၏။ အချို့သောသူများမှာ တိုက်ရိုက်ဒဏ်ခတ်ရမည် ဖြစ်သော်လည်း အချို့မှာမူ သွယ်ဝိုက်သောနည်းဖြင့် ဒဏ်ခတ်မှသာလျှင် ပို၍သဘာဝကျပေမည်။ ဥပမာအားဖြင့် ဆိုရပါမူ သားချင်းသမီးချင်းမစာနာပဲ ကျွန်ုပ်အား အိမ်သာအောက်သို့ဝင်စေ၍ ချေးဇလား ရွှေ့နိုင်းခြင်း၊ အိမ်သာ အခင်းများကို ခင်းခိုင်းခြင်း စသော ရွံရှာဖွယ်ရာတို့ကို ပြုလုပ်စေခဲ့သည့် ဘီအိုစီ စာရေးကြီးနှင့် စာရေးကြီးကတော် ဒေါ်ပုတို့အား ဒဏ်ခတ်ရာ၌ သူတို့နှစ်ဦးကို တိုက်ရိုက်ဒဏ်ခတ်၍မဖြစ်ပေ။ သူတို့၏သားကို ဤကဲ့သို မညှာမတာ ယုတ်နိမ့်သောအလုပ်များကို လုပ်ခိုင်း၍ သူတို့အား သိစေ၊ မြင်စေခြင်းသာလျှင် သဘာဝကျသော ဒဏ်ခတ်ခြင်းဖြစ်ပေလိမ့်မည်။

အချို့သောသူတို့သည် ကျွန်ုပ်အပေါ်၌ရက်စက်ခဲ့သော်လည်း ကျွန်ုပ်အနေနှင့် ပြန်၍ဒဏ်ခတ်ဆုံးမခြင်းမလိုသော သူများလည်းရှိ၏။ ဥပမာအားဖြင့်ဆိုရလျှင် ကျွန်ုပ်အား သတ်ရန်ကြိုးစားခဲ့သော ငကျွဲဆိုပါစို့။ ထိုသူအား ကျွန်ုပ်သည် ထပ်မံ၍ဒဏ်ခတ်ခြင်း မပြုလိုပါ။ အဘယ်ကြောင့်မူ ကျွန်ုပ်ကလည်း သူ့အား တစ်လှည့်တစ်ပြန် ထိုးကြိတ်ခွင့် ရခဲ့ပြီးသောကြောင့်ဖြစ်၏။

ကျွန်ုပ်သည် အထက်ပါအကြောင်းအရာများကို သင်္ဘောဦးခန်းတွင်ထိုင်လျက် တစိမ့်စိမ့်တွေးမိတိုင်း ဒဏ်ခတ်၍ဆုံးမခြင်းအမှုကို ပြုလုပ်ရန်အတွက် စဉ်းစားလာခဲ့ရာ သင်္ဘောသည် ညောင်တန်းဆိပ်ကမ်းသို့ ရောက်သည့်အချိန်၌ ကျွန်ုပ်၏စိတ်သည် ကြာရိုးကို ထက်လှစွာသော သင်တုန်းဓားဖြင့် လှီးဖြတ်လိုက်သကဲ့သို့ တိတိကျကျ ဆုံးဖြတ်ချက်ချပြီး ဖြစ်လေတော့သတည်း။

ကျွန်ုပ်၏မှတ်စု၌လည်း အောက်ပါစာကို ရေးမှတ်ထားမိလေတော့၏။

**မည်မျှပင် ရိုးသားစွာနေသည်ဖြစ်စေ၊ ရန်သူတွေ ဝိုင်းဝိုင်းလည်လျက်ရှိပေမည်။**

**ဥပမာအားဖြင့် အပြစ်မဲ့သော ယုန်ကလေးတစ်ကောင်ကို ကြည့်စမ်းပါ။**

**ပုဏ္ဏားဘကွန်း**

## ကျွန်ုပ်နှင့် ပုဏ္ဏားဘကွန်း အင် ကုမ္ပဏီ

ကျွန်ုပ်သည် ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် နောက်တစ်နေ့၌ ကျွန်ုပ်ငှားရမ်းထားသော ရွှေတောင်တန်းလမ်း အမှတ် ၁၁၁ သို့ ပြောင်းရွှေ့နေထိုင်ပြီးလျှင် ကုမ္ပဏီလုပ်ငန်းကို စတင်ဆောင်ရွက်လေတော့၏။ ဤအချက်သည် ရာဇနီတိလာ ရန်အောင်ကြောင်း ခြောက်ဖြာတွင် ဖော်ပြထားသော "စားနပ်ရိက္ခာဘဏ္ဍာတောင့်တင်းခြင်း" ဟူသော အချက်ကို အကောင်အထည်ဖော်လိုက်ခြင်းလည်း ဖြစ်ပေသည်။

ကျွန်ုပ်ငှားရမ်းထားသောတိုက်မှာ သုံးထပ်တိုက်ဖြစ်ရာ အောက်ဆုံးထပ်၌ ကုမ္ပဏီရုံးခန်းအတွက်အသုံးပြုရန် စီစဉ်ရလေ၏။ ဤသို့စီစဉ်ရာ၌ မစ္စတာရှောင်ဂုါး၏အကူအညီကို များစွာ ယူရလေသည်။

အောက်ဆုံးထပ်ကို ကုမ္ပဏီရုံးခန်းအဖြစ် စီစဉ်သည်ဆိုရာ၌ ရုံးသုံးပရိဘောဂများကို ဝယ်ယူ၍ နေရာချထားရလေ၏။ ကျွန်ုပ်ဝယ်ယူခဲ့သော ပရိဘောဂပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်လေ၏။

၁။ အနံ ၃ ပေ၊ အလျား ၄ ပေခန့်ရှိသော စားပွဲကြီးနှစ်လုံးနှင့် ကုလားထိုင်နှစ်လုံး။ ထိုစားပွဲနှစ်လုံးမှာ ကျွန်ုပ်ခန့်ထားမည့် အဝယ်ဘက်မန်နေဂျာ ခေါ် Purchasing Manager နှင့် အရောင်းဘက်မန်နေဂျာ ခေါ် Marketing Manager နှစ်ဦးအတွက် ဖြစ်ပေသည်။

၂။ စာရေးကြီးအတွက် နှစ်ဖက်အံဆွဲလေးဆင့်ပါ စားပွဲတစ်လုံး။ ၎င်းစားပွဲမှာ မန်နေဂျာများ၏ စားပွဲလောက် မကြီးပေ။

၃။ စာရေးများအတွက် နှစ်ဖက်အံဆွဲ တစ်ခုစီပါသည့် စားပွဲအသေးခြောက်လုံး။

၄။ စာရွက်စာတမ်းထည့်ရန် ဗီရိုကြီး ၄ လုံးနှင့် ဖိုင်တွဲများတင်ရန် သစ်သားစင် ၆ ခု၊ မီးခံသေတ္တာ တစ်လုံးနှင့် ဆင်နားရွက်တံခါးများတပ်ဆင်ထားသည့် ရွှေ့ပြောင်းနိုင်သော သစ်သားခန်းဆီးများ ဖြစ်ပေသည်။

၅။ တယ်လီဖုန်း၊ ဓာတ်မီး၊ ပန်ကာ စသည့်ပစ္စည်းများ ဖြစ်ပေသည်။

၆။ သစ်သားဝက်ခြံကလေးပြုလုပ်၍ ငွေကိုင်စာရေးအတွက် ငွေသွင်းငွေထုတ်ပြုလုပ်ရန် သီးခြားနေရာကလေးတစ်ခု စီစဉ်ထားရပြန်၏။

ကျွန်ုပ်နှင့်မစ္စတာရှောင်ဂုါးသည် ပရိဘောဂပစ္စည်းများကို မိမိသဘောအလျောက် နေရာချထားခြင်းမပြုဘဲ ပန်းချီဆရာတစ်ဦးကို ခေါ်ယူ၍ပြသကာ အကြံဉာဏ်တောင်းရပါသည်။

ကျွန်ုပ်တို့ ခေါ်ယူခဲ့သော ပန်းချီဆရာကြီးမှာ လွန်စွာ ဂိုက်ဆိုက်ကောင်းသော ဦးအောင်မြတ်ကျော် ဆိုသည့် ပန်းချီဆရာကြီးဖြစ်ပေသည်။ ကျွန်ုပ်တို့ရှိရာသို့ လန်ချားစီး၍ရောက်လာပြီးလျှင် ပန်းချီမျက်စိဖြင့် ကြည့်ကောင်းအောင် နေရာချထားပေးလေသည်။ ဤသို့လာရောက်၍ ကြည့်ရှုပေးရန်အတွက် ဉာဏ်ပူဇော်ခငွေ ၁၅ ကျပ်ပေးရလေ၏။

*မှတ်ချက်။ ။ လန်ချားဆိုသည်မှာ ဘီးနှစ်ဘီးပါ၍ လူဖြင့် ဆွဲရသော လှည်းတစ်မျိုးဖြစ်၏။ အသက် ၂၅ နှစ်အောက် စာဖတ်သူများသည် လန်ချားကို မြင်ဖူးကြမည်မဟုတ်သဖြင့် ဗဟုသုတအဖြစ်သိစေရန် လန်ချားပုံကိုပါ ဖော်ပြလိုက်ပါသည်။*

*စာရေးသူ*

ကျွန်ုပ်နှင့် မစ္စတာရှောင်ဝှါးသည် ပရိဘောဂများကို နေရာချထားပြီးနောက် စာရင်းစာအုပ်များ၊ ဖိုင်တွဲများ၊ မင်အိုး၊ မင်တံ၊ လူခေါ်ခေါင်းလောင်း၊ စာထည့်ရန်ခြင်း၊ စက္ကူစုတ် ထည့်သည့် အမှိုက်ခြင်း၊ အင်္ဂလိပ်–မြန်မာ လက်နှိပ်စက်၊ ဂက်စတင်နာ ခေါ် စာကူးစက် အစရှိသည့် ရုံးသုံးပစ္စည်းများကို ဝယ်ယူကြပြန်၏။

အလုံးစုံ စီစဥ်ပြီးသောအခါ၌ ကုမ္ပဏီကို နာမည်ပေးရန် ကျွန်ုပ်တို့ စဥ်းစားကြရပြန်၏။

"မစ္စတာရှောင်ဝှါး ... ကုမ္ပဏီနာမည်ကို ဘယ်လိုပေးကြမလဲ" ဟု ကျွန်ုပ်က အကြံဉာဏ်တောင်းလိုက်ရာ မစ္စရှောင်ဝှါးက ပြုံးလျက်–

"ပုဏ္ဏားဘကွန်းကုမ္ပဏီပေါ့ဗျာ မကောင်းဘူးလား" ဟုပြန်၍ပြောလေ၏။

"ကောင်းသားပဲ၊ ကျုပ်လဲ ဒီလိုပဲ စဥ်းစားထားပါတယ်ဗျာ"

"ဒီလိုဆိုရင် ဆိုင်းဘုတ်ရေးဖို့ ပန်းချီဆရာကြီးဆီ သွားမယ် ကိုဘကွန်း"

"အဟုတ်ပဲဗျို့"

ကျွန်ုပ်နှင့် မစ္စတာရှောင်ဝှါးသည် ကုမ္ပဏီဆိုင်းဘုတ်ရေးရန်အတွက် ပန်းချီဆရာထံသို့ သွားကြပြန်၏။ ပန်းချီဆရာမှာလည်း တစ်ခြားသူမဟုတ်ပေ။ ကျွန်ုပ်တို့ရုံးခန်းနေရာချရန် ခေါ်ယူခဲ့သော ပန်းချီဆရာကြီးဦးအောင်မြတ်ကျော်၏ တပည့် ကိုတင်မောင်ဆိုသူဖြစ်၏။ ကိုတင်မောင်သည် ဗိုလ်ချုပ်ဈေးရှိ "လှမောင်အတ်" ဆိုသော ပန်းချီဦးလှမောင်၏ဆိုင်၌ ဆိုင်းဘုတ်ရေးလျက်ရှိပေသည်။

***မှတ်ချက်။*** *။ထို လှမောင်အတ် ပိုင်ရှင်မှာ နောင်အခါ၌ ဂျီလှမောင် ဟူ၍ ကျော်ကြားသော ပန်းချီဆရာကြီးတစ်ဦးဖြစ်လာလေ၏။ မကြာသေးမီက ကွယ်လွန်ခဲ့ပေပြီ။ ပန်းချီနှင့်ပတ်သက်သော စာအုပ်များအပြင် အခြားသော စာအုပ်အချို့ကိုလည်း ရေးသားသွားလေသည်။*

***စာရေးသူ***

ဤနေရာ၌ ဖွင့်ပြီးသော ကုန်တိုက်ကြီးများ၏ စာရင်းကို ရေးသားရန်လိုပေသည်။

**ရိုးကုမ္ပဏီ** – သက္ကရာဇ် ၁၈၆၇ ခုကတည်းက တည်ထောင်ခဲ့သည်။ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်တွင် တည်ရှိ၏။ အပ်မှနေ၍ စက်ဘီးတိုင်အောင် ရောင်းချလေသည်။ မျက်နှာဖြူပိုင်ဖြစ်၏။ (ယခု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန သန်းခေါင်စာရင်းရုံး)

**ဝှိုက်တဝေးတိုက်**– အရင်းငွေ ၁၈ သိန်းခန့်ဖြင့် တည်ထောင်ခဲ့၏။ မျက်နှာဖြူပိုင်ဖြစ်၏။ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် ရှိ၏။ (ယခု ကုန်သွယ်ရေးရုံး)

**ဝဗ်ဆင်တိုက်** – အရင်းငွေ ၁၅ သိန်းခန့်ဖြင့် တည်ထောင်ခဲ့၏။ မျက်နှာဖြူပိုင်ဖြစ်၏။ (နောင်တွင် စိန်ဘရားသားတိုက်ဟူ၍ မြန်မာပိုင်ဖြစ်ခဲ့သည်။) ပန်ဆိုးတန်းလမ်း၌တည်ရှိ၏။ ကုန်ပစ္စည်းမျိုးစုံရောင်း၏။

**ချီဇာတိုက်** – ကိတ်မုန့်ချည်းသက်သက်ရောင်း၏။ မြန်မာလူမျိုးများသည် ကိတ်မုန့်ကို "ချီဇာမုန့်" ဟူ၍ ခေါ်ကြသည့်တိုင်အောင် ကျော်ကြားခဲ့ပေသည်။ ဆူးလေဘုရားလမ်း၌ တည်ရှိ၏။ ဂျူးအမျိုးသားပိုင်ဖြစ်၏။

**ဗီရာနာကဖီးတိုက်** – ပွဲနေပွဲထိုင်ကျင်းပ၍ မုန့်ရောင်းသောတိုက်ကြီးဖြစ်၏။ ပြင်သစ်ပိုင် ဖြစ်၏။ (ပန်းဆိုးတန်း ဂရင်းဟိုတယ်နေရာ၌ဖြစ်၏။)

**ကွန်တီနင်တယ်တိုက်** – မုန့်ချည်းသက်သက် ရောင်းသောတိုက်ဖြစ်၏။ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် ရှိ၏။ မျက်နှာဖြူပိုင်ဖြစ်၏။

ဤမျှ ငွေရင်းငွေနီးများသော လူမျိုးခြားပိုင်ကုန်တိုက်ကြီးများအား အန်တု၍ ရောင်းဝယ်ဖောက်ကားရန်အတွက် ကျွန်ုပ်သည် ပုဏ္ဏားဘကွန်းကုမ္ပဏီကို မျက်ကန်းတစ္ဆေမကြောက်ဆိုသည့် စကားပမာ တည်ထောင်လိုက်ခြင်း ဖြစ်လေ၏။ ကျွန်ုပ်တို့သည် ကုမ္ပဏီဆိုင်းဘုတ်ကြီးတပ်ပြီးသည့်အခါ၌ ကုမ္ပဏီအတွက် အသုံးပြုရန် ရိုက်တင်းပက် ခေါ် စာရေးစက္ကူကိုလည်း ပြင်ဆင်ရပြန်၏။

ကျွန်ုပ်ပြင်ဆင်သော ကုမ္ပဏီစာရေးစက္ကူမှာ အောက်ပါအတိုင်းဖြစ်လေ၏။

**<u>PONAR BAKOON</u>**
**BUSINESS AGENT**

**ပုဏ္ဏားဘကွန်း ကုန်သည်တိုက်**
**ကိုယ်စားလှယ်လုပ်ငန်း**

No. 111, Shwedaungdan St.
Yangon
Myanmar
Date ……………..

Bankers: - Thomas Cook & Sons
Phone : 4711
**ဘဏ်တိုက် – သောမတ်ကွတ် နှင့် သားများ ဘဏ်**
တယ်လီဖုန်း – ၄၇၁၁
Telegraphic Address P. O. Box
ကြေးနန်းလိပ် . . . . ပုဏ္ဏား . . . . စာတိုက်သေတ္တာနံပါတ်

REF: …………………………………………..
SUB: ………………………………………….

ထိုခေါင်းစီးစာတန်းကို ကရော့စလေ ခေါ် အကောင်းစားစာရေးစက္ကူ၌ ရိုက်နှိပ်၍ ကျွန်ုပ်၏ ကုန်တိုက်အတွက် အသုံးပြုရန် ပြင်ဆင်လေ၏။

* * * * *

## အလုပ်ခန့်ခြင်း

ကျွန်ုပ်သည် ကုမ္ပဏီကြီးတစ်ခုလုံး အဆင်သင့်ဖြစ်သောအခါ၌ ကုမ္ပဏီအတွက် မန်နေဂျာမှ အစပြု၍ အလုပ်သမားများကို ခန့်ရန် စီစဉ်ရလေတော့၏။

ကျွန်ုပ်၏ ကုမ္ပဏီအတွက် အောက်ပါနေရာများ လစ်လပ်လျက်ရှိလေ၏။

| | | | | | |
|---|---|---|---|---|---|
| ၁။ | အဝယ်မန်နေဂျာ | ၁ ယောက် | လခ | ၃၀၀ | ကျပ် |
| ၂။ | အရောင်းမန်နေဂျာ | ၁ ယောက် | ။ | ၃၀၀ | ။ |
| ၃။ | ငွေကိုင်စာရေးကြီး | ၁ ယောက် | ။ | ၁၀၀ | ။ |
| ၄။ | ရုံးအုပ်စာရေးကြီး | ၁ ယောက် | ။ | ၁၀၀ | ။ |
| ၅။ | အဝယ်ဘက်ဌာနစာရေး | ၃ ယောက် | ။ | ၇၀ | ။ |
| ၆။ | အရောင်းဘက်ဌာနစာရေး | ၃ ယောက် | ။ | ၃၀ | ။ |
| ၇။ | လက်နှိပ်စက်စာရေး | ၁ ယောက် | ။ | ၃၀ | ။ |
| ၈။ | ဒစ်စပက် ခေါ် စာလက်ခံသူစာရေး | ၁ ယောက် | ။ | ၂၀ | ။ |
| ၉။ | ပြွန်း | ၁ ယောက် | ။ | ၂၀ | ။ |
| ၁၀။ | စာပို့ခိုင်းရန် ချာပရာစီ | ၁ ယောက် | ။ | ၂၀ | ။ |
| ၁၁။ | ဒရဝမ် | ၁ ယောက် | ။ | ၁၅ | ။ |
| ၁၂။ | ပက်ကာကလပ် ခေါ် ကုန်ထုပ်စာရေး | ၁ ယောက် | ။ | ၁၅ | ။ |
| ၁၃။ | ဂျာဒူး ခေါ် တံမြက်လှည်း | ၁ ယောက် | ။ | ၁၀ | ။ |

စုစုပေါင်း : ၁၈ ယောက်

စုစုပေါင်း လူ ၁၈ ယောက်ကို ခန့်ထားရမည်ဖြစ်၏။ လစဉ် ကျွန်ုပ်ပေးရမည့် လစာငွေများမှာ စုစုပေါင်း ၉၉၀ ကျပ်ဖြစ်၏။ မီတာခ၊ တိုက်လခ၊ စာတိုက်ခ၊ တယ်လီဖုန်းခ၊ မော်တော်ယာဉ်ခများပါဆိုလျှင် ၂၀၀၀ ကျပ်ခန့် ကုန်ကျပေလိမ့်မည်။

ကျွန်ုပ်သည် အကြမ်းဖြင်း လျာထားပြီးနောက် ကုမ္ပဏီအတွက် လူများ ရွေးချယ်ခန့်ထားရန် စီစဉ်ရလေ၏။ ထိုသို့ခန့်ထားရာ၌ အထက်တွင် ဖော်ပြခဲ့သော စာရင်း၌ မပါသည့် ရာထူးတစ်ခုရှိ၏။ ထိုနေရာမှာ လခ ၅၀၀ ကျပ်ခန့် အနည်းဆုံးပေး၍ ခန့်ရမည့် Managing Director ခေါ် မန်နေဂျာချုပ်ရာထူးနေရာပင်ဖြစ်၏။

ထိုနေရာကိုမူ တစ်ခြားလူမခန့်ဘဲ လခ ၅၀၀ ကျပ် သတ်မှတ်၍ ကျွန်ုပ်ကိုယ်တိုင်ပင်လုပ်လေ၏။ လစဉ်လတိုင်းလည်း လခငွေ ၅၀၀ ကျပ်ကို ကျွန်ုပ်အတွက် ထုတ်ယူရလေ၏။

ထို့နောက် မစ္စတာရှောင်ဝှါးအား အရောင်းမန်နေဂျာအဖြစ် ခန့်ထားလိုက်လေ၏။ ကျွန်ုပ်နှင့် မစ္စတာရှောင်ဝှါးသည် အလုပ်သမားများခန့်ထားရန်အတွက် အမျိုးမျိုးအဖုံဖုံ စဉ်းစားကြရာ ပထမဦးဆုံး ခန့်ရမည့်သူမှာ တောက်တိုမည်ရ ခိုင်းစေရန်

"ချာပရာစီ" ကို အရင်ဆုံးခန့်ထားရန် လိုအပ်ကြောင်းသိရလေ၏။ ထို့ကြောင့်သတင်းစာတွင် "ချာပရာစီတစ်ဦး အလိုရှိသည်" ဟူသော ကြော်ငြာတစ်ခုကို ထည့်လိုက်ရာ များစွာသော မြန်မာလူငယ်များသည် စုပြုံ၍ရောက်ရှိလာကြတော့၏။ ကျွန်ုပ်တို့သည် ထိုသူများအား တစ်ဦးစီ တွေ့ဆုံ၍ အင်တာဗျူးလုပ်ကြရပြန်၏။

ချာပရာစီလုပ်ရန် လာရောက်လျှောက်ထားကြသောသူများအနက် ဆယ်တန်းအထိ ပညာသင်ဖူးသူများ၊ အင်္ဂလိပ်စကားကို လည်လည်းပတ်ပတ် ပြောတတ်သူများ၊ ဘုန်းကြီးလူထွက်များ ပါဝင်လေ၏။ ကျွန်ုပ်သည် ချာပရာစီအလုပ်နှင့် မထိုက်တန်လောက်အောင် ပညာတတ်နေသူများကို ပယ်ချခဲ့လေ၏။ အဘယ်ကြောင့်ဆိုသော် ထိုလူမျိုးကို ခန့်မိပါက ကုမ္ပဏီပါ ပျက်၍သွားနိုင်၏။ မိမိရာထူးက ချာပရာစီဖြစ်ပါလျက် ရုံးအုပ်စာရေးကြီးကိုလည်း ကိုယ့်လောက်နားလည်သည်၊ တတ်သည်ဟု မထင်၊ မန်နေဂျာကိုလည်း ထိုနည်းတူစွာပင် သဘောထားကာ ခိုင်း၍ မရ၊ ခိုင်းပြန်လျှင်လည်း မချေမငံ ပြောပေလိမ့်မည်။ မြင်းခွာတစ်ဖက်ပြုတ်သဖြင့် စစ်ပွဲကြီးတစ်ပွဲ ရှုံးရသော ဥပမာကဲ့သို့ ချာပရာစီကြောင့် ကုမ္ပဏီကြီးတစ်ခုလုံး စိတ်ဓာတ်ကျကာ ပျက်စီးနိုင်ပေသည်။ ထို့ကြောင့် ချာပရာစီကို ရွေးချယ်ရယူ၌လည်းကောင်း၊ ပြွန်း ခေါ် ရုံးလုလင်ကို ရွေးချယ်ရာ၌လည်းကောင်း မန်နေဂျာကို ရွေးချယ်ရသည်ထက် ပို၍ ဂရုစိုက်ရလေသည်။ ကျွန်ုပ်တို့သည် လူအမြောက်အမြားကို တစ်ဦးချင်းတွေ့ဆုံ၍ စစ်မေးပြီးလျှင် ကွန်နီ ဆိုသော ကုလားလေးတစ်ဦးကို ရွေးချယ်ခန့်ထားလိုက်လေ၏။

ချာပရာစီခန့်ပြီးနောက် ရုံး၌ခိုင်းစေရန် ပြွန်းတစ်ယောက်ကို ရွေးချယ်ခန့်ထားရပြန်၏။ ပြွန်းနေရာအတွက်လည်း မြန်မာအမျိုးသား လူငယ်လူရွယ် အမြောက်အမြား အလုပ်လျှောက်ကြလေ၏။ ထိုလျှောက်ထားသူများအနက်မှ မောင်ဖြူလေးဆိုသည့် သူငယ်လေးတစ်ဦးအား ပြွန်းအဖြစ် ခန့်ထားလိုက်လေ၏။

ထို့နောက် စာရေးများကို ရွေးချယ်ရပြန်၏။ စာရေးနေရာများအတွက်လည်း စုပြုံ၍ လျှောက်ကြလေ၏။ ကျွန်ုပ်နှင့်မစ္စတာရောင်ဂှါးသည် လျှောက်ထားသူများကို တစ်ဦးချင်းခေါ်ယူ၍ မေးမြန်း စစ်ဆေးခဲ့လေ၏။ ထိုသို့စစ်ဆေးရာတွင် အိုင်အေတန်းထိအောင် ပညာသင်ခဲ့သော မောင်မြဒင်ဆိုသည့် လူငယ်တစ်ဦးအား ခေါ်ယူမေးမြန်းရာတွင် –

"မောင်မြဒင်က အိုင်အေအထိပညာသင်ဖူးတယ်ဆိုတော့ တော်တော်ကလေး ပညာတတ်တာပဲ" ဟု ကျွန်ုပ်က စကားစလိုက်၏။

"ဟုတ်ကဲ့၊ တတ်ပါတယ်"

"မောင်မြဒင်ကို အလုပ်ခန့်လိုက်ပြီ ဆိုပါတော့ကွာ၊ မောင်မြဒင်လဲ အလုပ်လုပ်နေပြီ၊ အဲဒီအချိန်မှာ ကုမ္ပဏီကြီးကို မီးလောင်ရင် မောင်မြဒင် ဘာလုပ်မလဲ"

"ကျွန်တော် ဘာမှမလုပ်ဘူး၊ အပြင်ကိုထွက်သွားမယ်"

"ဟေ ... မီးတွေ ဘာတွေ ဝိုင်းမသတ်ဘူးလား"

"ဘာဖြစ်လို့ သတ်ရမှာလဲ၊ ကျွန်တော်က စာရေးအလုပ်လျှောက်တာပဲ၊ မီးသတ်သမားမှ မဟုတ်ဘဲ"

"ဟေ ... ပစ္စည်းတွေ ဘာတွေဝိုင်းပြီး မသယ်ဘူးလား"

"ကုမ္ပဏီကြီးတစ်ခုလုံးမီးလောင်နေမှပဲ၊ ကျန်တာလေးတွေသယ်လို့ကော ဘာထူးဦးမှာလဲ၊ သယ်လဲမသယ်သင့်ဘူးလို့ထင်တယ်၊ အသစ်က ပြန်ပြီးစ,တာဟာ အကောင်းဆုံးပဲ"

ကျွန်ုပ်က မောင်မြဒင်၏ စိတ်ဓာတ်ကို အထူးနှစ်သက်သွားလေ၏။ ထိုလူမျိုးသည် သူတစ်ပါး၏အလုပ်၌ ဝင်ရောက်စွက်ဖက်ခြင်းပြုတတ်လိမ့်မည် မဟုတ်။ မိမိတာဝန်ကိုသာ ကျေပွန်အောင် ဆောင်ရွက်တတ်လေသည်။ ထို့ကြောင့် သူ့အား ကျွန်ုပ်သည် အလုပ်ခန့်လိုက်လေတော့၏။ ကျွန်ုပ်၏ တွက်ချက်မှုသည် မည်မျှ မှန်ကန်သနည်းဆိုမူ ထိုသူငယ်သည် နောင်တစ်ချိန်၌ "ဂဲဒေါက်မြဒင်" ဟူ၍ ကျော်ကြားခဲ့သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာလေ၏။

နောက်တစ်ယောက်မှာ မောင်ကြည်ဝင်းဆိုသူကို အင်တာဗျူး ပြုလုပ်ခဲ့ရာတွင် –

"မောင်ကြည်ဝင်းကို အလုပ်ခန့်လိုက်ပြီဆိုပါတော့၊ အဲဒီအခါမှာ ကုမ္ပဏီ အရှုံးပေါ်နေရင် မောင်ကြည်ဝင်း ဘာလုပ်မလဲ"

"လခလျှော့ယူပါ့မယ်၊ တခြားလူတွေကိုလဲ ကျွန်တော့်လိုပဲ လခလျှော့ယူဖို့ တိုက်တွန်းပေးပါ့မယ်"

ကျွန်ုပ်သည် မောင်ကြည်ဝင်းကို မခန့်ခဲ့ပါ။သူသည် ကျွန်ုပ်အကြိုက်ကိုလိုက်ပြောနေခြင်းသာဖြစ်၏။ကျွန်ုပ်၏ ခန့်မှန်းတွက်ချက်မှု မည်မျှမှန်ကန်ပါသနည်းဆိုမူ နောင်တွင် လိမ်မှုပေါင်းများစွာနှင့် မောင်ကြည်ဝင်းသည် ထောင်ကျသွားကြောင်း သတင်းစာ၌ ဖတ်ရှုခဲ့ရသောကြောင့်ဖြစ်၏။

နောက်တစ်ယောက်မှာ ငွေကိုင်ဟာရေးနေရာ၌ လျှောက်ထားသူ မောင်သော် ဖြစ်၏။

"မောင်သော် ... ပညာဘယ်လောက်အထိသင်ဖူးသလဲ"

"မြန်မာသက်သက် ဆယ်တန်းပါ"

"အနော်ရထာမင်းကြီးနန်းတက်တာ ဘယ်နခုနှစ်မှာလဲ"

"ကျွန်တော် မသိပါဘူး"

"ငါတို့ကို အုပ်ချုပ်နေတဲ့ ဘုရင်ခံဟာ ဘယ်သူလဲ"

"မသိပါဘူး"

"ချောကလက်နဲ့ ဘာနဲ့စားရင် သေတတ်သလဲ"

"မသိပါဘူး"

"အင်္ဂလိပ်လို ပိုးဟတ်ကို ဘယ်လိုခေါ်သလဲ"

"မသိပါဘူး"

"မင်းကလဲ ဘာမှမသိပါဘဲကလားကွ . . . မင်းသိတာပဲပြောပါတော့"

"ကျွန်တော်သိတာက ငါးကျပ်တန် အရွက် ၂၀ ကို ငွေတစ်ရာ၊ ဆယ်တန် ၁၀ ရွက်ကို ငွေတစ်ရာ၊ မူးစေ့ ၈၀၀ ကို ငွေတစ်ရာ၊ ပဲစေ့ ၁၆၀၀ ကို ငွေတစ်ရာ၊ မတ်စေ့ ၄၀၀ ကို ငွေတစ်ရာ၊ ငါးကျပ်တန် ၁၀ ရွက် ဆယ်တန် ငါးရွက် ကို ငွေတစ်ရာ၊ မူးစေ့ ၄၀၀ ပဲစေ့ ၈၀၀ ကို ငွေတစ်ရာ ... "

"ဟိုး ... ဟိုး ... တော်ပြီ၊ မင်းကိုခန့်လိုက်ပြီ"

ဤသို့လျှင် ကျွန်ုပ်နှင့် မစ္စတာရှောင်ဝှါးတို့သည် လူများကို ခေါ်ယူစစ်ဆေးပြီးလျှင် အလုပ်ခန့်ထားခြင်းကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ခဲ့လေ၏။

* * * * *

## ပုဏ္ဏားဘကွန်းကုမ္ပဏီ၏ လုပ်ဆောင်ချက်များ

ကျွန်ုပ်၏ ပုဏ္ဏားဘကွန်းကုမ္ပဏီမှာ အမှန်စင်စစ်အားဖြင့် မည်သည့်ကုန်ပစ္စည်းမှ မရှိပါပေ။ သို့ရာတွင် Business Agent ခေါ် ကိုယ်စားလှယ်လုပ်ငန်းကို လုပ်ဆောင်ခြင်းမျှသာဖြစ်ပေရာ ကျွန်ုပ်သည် ကျွန်ုပ်ကုမ္ပဏီမှ ဆောင်ရွက်ပေးမည်ကိစ္စရပ်များကို **"ရန်ကုန်ဂေဇက်၊ ရန်ကုန်ဒေလီနယူး၊ နယူးဘားမား၊ ဒေလီဂေဇက်"** စသော အင်္ဂလိပ်သတင်းစာများ၌ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ **"သူရိယ၊ မြန်မာ့အလင်း၊ ဆယ်သန်း၊ တိုးတက်ရေး"** စသောမြန်မာသတင်းစာများ၌ မြန်မာဘာသာဖြင့်လည်းကောင်း ကြော်ငြာထည့်ရလေ၏။

ကျွန်ုပ်၏ ကုမ္ပဏီသည် အောက်ပါလုပ်ငန်းများလုပ်ကိုင်ကြောင်း နေ့စဉ်ရက်ဆက် ကြော်ငြာထည့်ရလေ၏။

(၁) မည်သည့်ပစ္စည်းဖြစ်စေ ဝယ်ယူခြင်း –
ထိုသို့ဝယ်ယူရာ၌ ဆန်၊ ပဲ၊ သစ်၊ ကုန်စိမ်း၊ ဓာတ်သတ္တု စသော ပစ္စည်းများကို ဝယ်ယူမည့်နှုန်းထားနှင့်တကွ ဖော်ပြ၍ကြော်ငြာလေ၏။
(၂) ကုမ္ပဏီတွင် လက်ခံရရှိပြီး ပစ္စည်းများကိုလည်း ကြော်ငြာ၍ ရောင်းချခြင်း၊ ကုန်ပစ္စည်း တစ်ခုစီ၏ ဈေးနှုန်းများကိုလည်း ဖော်ပြ၍ ကြော်ငြာလေ၏။
(၃) ကုန်သိုလှောင်ခြင်းလုပ်ငန်းကိုလည်း တာဝန်ခံ၍ပြုလုပ်ပေးပြီးလျှင် သိုလှောင်ခယူခြင်း။

အထက်တွင်ဖော်ပြသော ဝယ်ခြင်း၊ ရောင်းခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းများမှာ တစ်ခုစီဖော်ပြနေရသော်လည်း အမှန်စင်စစ် လုပ်ငန်းအမျိုးအစားတစ်ခုတည်းသာလျှင် ဖြစ်လေသည်။ ရောင်းမည့်သူများထံမှ စာရင်းယူပြီးလျှင် ဝယ်မည့်သူများထံသို့ လက်လွှဲပြောင်းခြင်းသာ ဖြစ်ပေသည်။ အခိုက်အတန့်အားဖြင့်ကြန့်ကြာနေလျှင် ကုန်များကို သိုလှောင်၍ ထားရသေး၏။

### ဆိုင်တည်ခင်းပေးခြင်း

ကုမ္ပဏီ၌ ကုန်များစုံလင်လာသောအခါ၌ မြို့တိုင်းမြို့တိုင်းတွင် ဆိုင်ဖွင့်လိုသူများအား ဒီပိုဇစ်တင်စေ၍ စာချုပ်စာတမ်းများပြုလုပ်ကာ ဈေးဆိုင်များဖွင့်လှစ်ပေးသော လုပ်ငန်းကိုလည်း လုပ်ကိုင်ရန် စီစဉ်ထားရလေ၏။

### Sold Distributer (ဖြန့်ချိရေး)

ပစ္စည်းထုတ်လုပ်တတ်သူများထံမှ ပစ္စည်းများကို လက်ခံ၍ တစ်ဦးတည်းဖြန့်ချိ ရောင်းချသော လုပ်ငန်းကိုလည်း ကြော်ငြာ၍ ထည့်သွင်းစီစဉ်ထားလေ၏။

ဤသို့ အစီအစဉ်များပြုလုပ်၍ သတင်းစာများ၌ နေ့စဉ်ရက်ဆက်ဆိုသလို ကြော်ငြာခဲ့ရာ ကျွန်ုပ်၏ ကုမ္ပဏီသို့ နယ်မှဆက်သွယ်သော ကုန်သည်များကိုထား၍ ရန်ကုန်မြို့ပေါ်ရှိ နိုင်ငံခြားသားပိုင် ကုမ္ပဏီများဖြစ်သော ချီဇာမုန့်တိုက်၊ ဗီရာနာကဖီးတိုက်များမှ နယ်တွင်မုန့်များ ဖြန့်ဖြူးပေးရန်လည်းကောင်း၊ မြို့ကြီးများ၌ ကိတ်မုန့်ဆိုင်ခွဲများ ဖွင့်ပေးရန်လည်းကောင်း ဆက်သွယ်ခဲ့ကြလေသည်။ ဂိုက်တဝေးကုမ္ပဏီနှင့် ဝဗ်ဆင် အင် ဆန်း ကုမ္ပဏီမှလည်း နယ်ဖြန့်ချိရေးလုပ်ငန်းများကို အပ်နှံလေ၏။

နယ်မှကုန်သည်များသည် ဆန်၊ ပဲ၊ သစ် စသော ကုန်များရောင်းချရန် ဆက်သွယ်သူက ဆက်သွယ်၊ ဝယ်ရန် ဆက်သွယ်သူကဆက်သွယ်နှင့်ပင် ကျွန်ုပ်၏ကုမ္ပဏီသည် ဖွင့်သည့်လဲ့ပင် Abstract ခေါ် စာရင်းအကျဉ်းချုပ်တစ်ခု ဆွဲကြည့်ရာ ငွေတစ်သောင်းကျော်ခန့် မြတ်စွန်းနေကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေ၏။

ကျွန်ုပ်၏ ကုမ္ပဏီအတွက် ကုမ္ပဏီပိတ်ရက်များကို ရုံးအုပ်ကြီးမှတဆင့် အောက်ပါအတိုင်း ထုတ်ပြန်ကြော်ငြာရပြန်၏။

| | |
|---|---|
| အင်္ဂလိပ် ခရစ္စမတ်နေ့ | ၇ ရက် |
| အင်္ဂလိပ် နှစ်ဆန်းတစ်ရက်နေ့ | ၁ ရက် |
| ဘက်ကရီအစ်နေ့ | ၁ ရက် |
| တရုတ်နှစ်သစ်ကူးနေ့ | ၁ ရက် |
| တပေါင်းပွဲတော် | ၂ ရက် |
| အင်္ဂလိပ် အီစတာပွဲနှင့် မြန်မာနှစ်သစ်ကူး | ၆ ရက် |
| ကဆုန်လပြည့်နေ့ | ၁ ရက် |
| အင်ပါယာနေ့ | ၁ ရက် |
| အင်္ဂလိပ်ရှင်ဘုရင်မွေးနေ့ | ၁ ရက် |
| ဝါဆိုလပြည့်နေ့ | ၂ ရက် |
| သီတင်းကျွတ်ပွဲတော် | ၃ ရက် |
| ဒီဝါပလီနေ့ | ၁ ရက် |
| တန်ဆောင်တိုင် | ၂ ရက် |
| အမျိုးသားအောင်ပွဲနေ့ | ၁ ရက် |
| ကရင်နှစ်သစ်ကူး | ၁ ရက် |
| ပေါင်း | ၃၇ ရက် |

ထို့ကြောင့် တနင်္ဂနွေနေ့ ကုမ္ပဏီပိတ်ရက်အပြင် တစ်နှစ်လျှင် စုစုပေါင်း ၃၇–ရက်ပိတ်ပေးရလေ၏။

**Filing System** (ဖိုင်တွဲပေါ်မှ စာအမှတ်)

တစ်နေ့သ၌ ကျွန်ုပ်သည် နောင်တွင် ဂဲဒေါက်မြဒင် ဟုတွင်လာမည့် စာရေး ကိုမြဒင် လာရောက်ပြသသော တခြားကုမ္ပဏီတစ်ခုသို့ပေးပို့ရန် စာတစ်စောင်ကို ဖတ်ကြည့်ရာတွင် စာ၏လက်ယာထောင့် စာအမှတ်နေရာ၌ အောက်ပါအတိုင်း ရေးသားထားသည်ကိုတွေ့ရသဖြင့် အံ့သြမိလေ၏။

စာအမှတ် . . . မြဒင်/၁

"ဘယ်လိုလဲ ကိုမြဒင်၊ စာအမှတ်က ဘာဖြစ်လို့ မြဒင်/၁ လို့ရေးထားတာလဲ"

"ကုမ္ပဏီမှာက စာတွေအများကြီးပဲ မဟုတ်လား၊ နောင်တစ်ချိန်မှာ ဘယ်သူရေးခဲ့တဲ့စာမှန်းသိရလေအောင်ပေါ့ဗျာ၊ နောက်တစ်စောင်ရေးတော့ မြဒင်/၂၊ နောက်တစ်စောင်ရေးတော့ မြဒင်/၃ လို့တပ်သွားမယ်"

"မဟုတ်သေးဘူးထင်တယ်၊ ရုံးလုပ်ငန်းမှာ ဒီလိုအသုံးပြုလို့ မရဘူး၊ ခင်ဗျားတို့ ဖိုင်တွဲတွေကိုရော ဘယ်လိုအသုံးပြုထားသလဲ"

"လာသမျှစာတွေ ဖိုင်တွဲတစ်ခုတည်းမှာ စုပြီးထည့်ထားတယ်လေ၊ ပြည့်သွားရင် နောက်ဖိုင်တွဲတစ်ခုကို အသုံးပြုတယ်"

"ဒီတော့ အကြောင်းရှိလို့ စာတစ်စောင်ရှာရင် ... ရှိသမျှဖိုင်တွေ အကုန်လုံးလျှောက်လှန်နေရမှာပေါ့၊ ဒီနည်းဟာ စနစ်မကျသေးဘူး"

"ဒါတော့ ကျုပ်မသိဘူး၊ ကုမ္ပဏီတစ်ခုလုံးက စာရေးတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်ကြိုက်သလို အလုပ်လုပ်နေကြတာပဲ၊ ကျုပ်လဲ ကျုပ်ကြိုက်တဲ့နည်းနဲ့လုပ်တာပဲ"

"ရုံးအုပ်ကြီးက ခင်ဗျားတို့ကို ဘယ်လိုလုပ်ရမယ်လို့ မသင်ပြဘူးလား"

"ရုံးအုပ်ကြီးလဲ ကျုပ်တို့လိုပါပဲ၊ သူကြိုက်သလို လုပ်နေတာပဲ"

ကျွန်ုပ်သည် ရုံးစာများ ရေးသားခြင်း၊ ဖိုင်တွဲများ စနစ်တကျထားရှိခြင်းနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်ရလေ၏။ ကုမ္ပဏီတစ်ခုတည်းမှထွက်သော စာများသည် တစ်ပုံစံတည်းဖြစ်သင့်ပါလျက် တစ်ယောက်တစ်ပေါက် ပုံစံတစ်မျိုးစီဖြစ်နေလျှင် နေရာကျမည်မဟုတ်ရကား ရုံးလုပ်ငန်း၌ တစ်ပုံစံတည်းဖြစ်အောင် စီစဉ်ခဲ့ရလေ၏။ ကျွန်ုပ်စီစဉ်ပုံမှာ အောက်ပါအတိုင်းဖြစ်လေ၏။ ကျွန်ုပ်သည် ဗေဒင်ဆရာတစ်ဦး ဖြစ်ခဲ့သည့်အားလျော်စွာ ကုမ္ပဏီလုပ်ငန်းကို ဗေဒင်၌ ၁၂ ရာသီ ပိုင်းသကဲ့သို့ လုပ်ငန်းကြီး ၁၂ မျိုးကို ပိုင်းခြားလိုက်လေ၏။ ၎င်းလုပ်ငန်းကြီး ၁၂ မျိုးမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ တန	မိမိကုမ္ပဏီနှင့်ပတ်သက်၍ ကြော်ငြာများ၊ ညွှန်ကြားချက်များ၊ လုပ်ဆောင်ချက်များ ပါဝင်၏။
၂။ ကဋ္ဌုပ	မိမိကုမ္ပဏီပိုင်ကုန်ပစ္စည်းများ၊ ကုမ္ပဏီမှ သိုလှောင်ထားသောပစ္စည်းများ ပါဝင်၏။
၃။ သဟဇ	မိမိကုမ္ပဏီမှ ထူထောင်ပေးခဲ့သော ဆိုင်ခွဲများကိစ္စပါဝင်၏။
၄။ ဗန္ဓု	ကုမ္ပဏီ၏ အဆောက်အအုံနှင့် ပတ်သက်လျှင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်လျှင်လည်းကောင်း ပါဝင်၏။
၅။ ပုတ္တရ	ကုမ္ပဏီသို့ အကြံပေးချက်များ၊ ရှေ့လုပ်ရမည့် စီမံကိန်းများ ပါဝင်၏။
၆။ အာရိ	ကုမ္ပဏီမှ ပေးဆောင်ရန်ရှိသော ကြွေးမြီများ၊ ကုမ္ပဏီသို့ အတိုက်အခံပြုသော အတိုက်အခံပြုချက်များ ပါဝင်၏။
၇။ ပထနီ	နောင်တွင် အစုအစပ်များ ထည့်ဝင်ခြင်းကို လက်ခံမည်ဖြစ်ရာ အစုရှယ်ယာများနှင့်ပတ်သက်သော ကိစ္စများပါဝင်၏။
၈။ မရဏ	ကုမ္ပဏီမှ ပေးဆပ်ရန်၊ လျော်ရန်ကိစ္စများ ပါဝင်၏
၉။ သုဘ	ကုမ္ပဏီမှကျင်းပသော ဆုပေးပွဲများ၊ ဘောနပ်စ်ငွေများ ကိစ္စ ပါဝင်၏။
၁၀။ ကမ္မ	ကုမ္ပဏီ၏ တိုးချဲ့သော လုပ်ငန်းကိစ္စများ ပါဝင်၏။
၁၁။ လာဘ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီကိစ္စများပါဝင်၏။
၁၂။ ဗျာယ ကုမ္ပဏီ၏ ပျက်စီးယိုယွင်းမှုမှန်သမျှနှင့် ပတ်သက်သည့်ကိစ္စများပါဝင်၏။

ဤသို့ ၁၂ မျိုး ခွဲခြားထားရာတွင် ယင်း တန၊ ကဋ္ဌုပ၊ သဟဇ ဟူသော ခွဲခြားမှုမှာ ဗေဒင်ပညာ၌ ရာသီ ၁၂ ပါးနှင့် ဘာဝ ၁၂ ပါးမှ ဝေါဟာရများနှင့် သဘောတရားများကို ယူငင်သုံးစွဲခြင်းဖြစ်၏။ ထို့ကြောင့် ဖိုင်တွဲများကိုလည်း ၁၂ မျိုးစီ ခွဲခြားထားစေ၏။ စာအမှတ်ကိုလည်း ယင်းဖိုင်တွဲများအတိုင်းပင် ရေးမှတ်စေ၏။

ဥပမာအားဖြင့် ကျွန်ုပ်၏ ကုမ္ပဏီမှာ ကြွေးတောင်းသောစာကို စာအမှတ်တပ်လျှင် ဤသို့ဖြစ်ပေမည်။

စာအမှတ် – လာဘ/ /ပုဏ္ဏားဘကွန်းကုမ္ပဏီ/၁၉၁၆

ဤအမည်ကို အတိုကောက်ပြုလုပ်လိုက်လျှင် အောက်ပါအတိုင်းဖြစ်၏။

စာအမှတ် – လာဘ/ / ပဏဘက/၁၉၁၆

မျဉ်းစောင်းနှစ်ခုအကြားတွင် နေ့စဉ်ထွက်သမျှ စာအမှတ်ကို ရေးသွင်းသွားရန်ဖြစ်၏။ ကျွန်ုပ်သည် ဤသို့လျှင် ရုံးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် တစ်စထက်တစ်စ ပြုပြင်သွားရလေ၏။

ကျွန်ုပ်၏ကုမ္ပဏီသည် အရှိန်ရသည်ထက်ရ၍လာလေ၏။ အမြတ်အစွန်းများလည်း များသထက်များ၍လာလေ၏။ ကျွန်ုပ်သည် ဇွဲလုံ့လနှင့် အကြံဉာဏ်ကို အသုံးပြု၍ ကုမ္ပဏီကြီးတစ်ခုကို အောင်မြင်စွာ တည်ထောင်လိုက်နိုင်ပြီ ဖြစ်လေ၏။ ထို့ကြောင့် ကျွန်ုပ်၏မှတ်စုစာအုပ်၌ အောက်ပါအတိုင်း ရေးမှတ်၍ ထားလိုက်လေ၏။

**မည်မျှခက်ခဲသည့် အရာဖြစ်ပါစေ၊ မဖြစ်မနေကြိုးစားလျှင် မုချဖြစ်၍လာမည်မှာ သေချာပါသည်။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ပ်နှင့် ဦးဘသိုက် ပြန်လည်တွေ့ဆုံခြင်း

ကျွန်ပ်၏ကုမ္ပဏီသည် တစ်လထက်တစ်လ မြတ်စွန်းသည်ထက် မြတ်စွန်းလာလေ၏။ ကျွန်ပ်သည် လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်လျက် ရှိပေသည်။ ထိုသို့ စီးပွားရေးဘက်၌ အောင်မြင်လာသည့်အချိန်တွင် တစ်ခါက အလိမ်ခံခဲ့ရသော ကန်တော်ကြီးစောင်းမှ တိုက်နှင့်ခြံကို ဝယ်ယူရန်ကြိုးစားရပြန်၏။ ကျွန်ပ်သည် မစ္စတာရှောင်ဝှါးကို လွှတ်၍ ထိုခြံနှင့် တိုက်ကို ဝယ်ယူလိုကြောင်း စကားကမ်းလှမ်းရာ … ပိုင်ရှင်ဖြစ်သူ ဦးဘသိုက်က သုံးသောင်းခွဲရလျှင် ရောင်းလိုကြောင်း စကားပြန်သဖြင့် ကျွန်ပ်၏ကုမ္ပဏီရုံးခန်းသို့ ဦးဘသိုက်အား ခေါ်ယူကာ အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့လေ၏။

ယခုအခါ၌မူ ကျွန်ပ်သည် အတော်အတန် လူရည်လည်နေပြီဖြစ်သည့်အလျောက်  စာချုပ် ချုပ်ဆိုရာတွင် ဝတ်လုံတစ်ဦးကို အသင့်ခေါ်ယူထားပြီးဖြစ်လေ၏။ ကျွန်ပ်၏ ရုံးခန်းသို့ ဦဘသိုက်ရောက်ရှိလာသည့်အခါ သက်သေအဖြစ် လက်မှတ်ထိုးကြမည့် ကျွန်ပ်၏အရောင်းမန်နေဂျာနှင့် အဝယ်မန်နေဂျာများပါ ကျွန်ပ်၏ အနီး၌ရှိနေကြသည့်အပြင် … ကျွန်ပ်၏ရုံးအုပ်ကြီးပါ လိုအပ်သော စာရွက်စာတမ်းများ ပြင်ဆင်ပေးရန် ရှိနေလေ၏။

ဦးဘသိုက်သည် ကျွန်ပ်ကို တွေ့လျှင်တွေ့ချင်း တစ်နေရာ၌ မြင်ဖူးသလိုလိုရှိသည့် အမူအရာနှင့် ကျွန်ပ်အား စိန်းစိန်းကြည့်လေ၏။ ထို့နောက်မည်သည့်နေရာ၌ မြင်ဖူးကြောင်း အစရှာ၍ မရသည့်အဆုံးတွင် အောက်ပါအတိုင်း မေးမြန်းလေတော့၏။

"ကျွန်ပ်တော် ခင်ဗျားကို မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာမြင်ဖူးမှန်းမသိဘူး၊ မြင်ဖူးတာတော့ တော်တော့်ကို ရင်းရင်းနှီးနှီးမြင်ဖူးတာပါပဲ"

"ဟား ဟား … ကျုပ် ဘကွန်းလေဗျာ၊ ဒီတစ်ခါနဲ့ဆိုရင် ဦးဘသိုက်ရဲ့ ခြံနဲ့တိုက်ကိုဝယ်တာဟာ နှစ်ခါရှိပြီလေ၊ တစ်ခါက ကိုရွှေရိုးဆီက ဝယ်ခဲ့တာ၊ အဲဒီတုန်းက ခြံနဲ့တိုက် မရတဲ့အပြင် အချုပ်တောင် ခံရဦးမလိုဖြစ်ခဲ့တာပဲ၊ မမှတ်မိတော့ဘူးလား"

"ဩော် . . ."

ဦးဘသိုက်သည် အံ့ဩလွန်း၍ ဩော်တစ်လုံးတည်းသာ ရေရွတ်နိုင်ပြီးလျှင် ပါးစပ်အဟောင်းသားနှင့် ကြက်သေသေ၍သွားလေ၏။ တစ်အောင့်မျှကြာအောင် စကားမပြောနိုင်ဘဲ ငြိမ်၍နေပြီးနောက် . . .

"ကိုဘကွန်းက အဲဒီတုန်းက ဗေဒင်ဆရာမဟုတ်လား"

"ဟုတ်ပါတယ်"

"အခုတော့ ကုမ္ပဏီပိုင်ရှင်ဖြစ်နေပြီပေါ့ … အံ့ဩလောက်အောင်ကြီးပွားပါပေတယ်ဗျာ"

"ဟား … ဟား … ဟား"

ကျွန်ုပ်အား တစ်ခါက ကလေကချေတစ်ဦးအဖြစ် အိမ်ပေါ်မှဆွဲချရန် ပုလိပ်ကို တိုင်ကြားခဲ့သော ဦးဘသိုက်၏ ချီးမွမ်းခြင်းကို ခံရသဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ပြီးလျှင် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့လေတော့၏။

× × × × ×

ကျွန်ုပ်သည် ခြံနှင့်တိုက်ကို ဝယ်ယူခဲ့ပြီးနောက် အကျအနပြင်ဆင်၍ ဆေးများသုတ်ပြီးလျှင် အိမ်ထောင်ပရိဘောဂများကိုလည်း ရိုးကုမ္ပဏီနှင့် ဂိုက်တဝေးကုမ္ပဏီမှ မှာယူကာ အသုံးပြုလိုက်သည်ဖြစ်ရာ ဦးဘသိုက်၏လက်တွင် ရှိစဉ်အခါကထက် ပိုမို၍ လှပခံ့ညားသွားလေ၏။ ထိုသို့ မွမ်းမံပြင်ဆင်ပြီးနောက်ထိုတိုက်သို့ နေ့ကောင်းရက်သာရွေး၍ ပြောင်းရွှေ့ နေထိုင်ခဲ့လေ၏။

တိုက်မှကုမ္ပဏီသို့လာရန်အတွက် "ဖို့ဒ်"ကားတစ်စီး ကိုလည်းဝယ်ယူရပြန်၏။

ကုမ္ပဏီမှာလည်း တစ်နှစ်အတွင်း၌ပင် သုံးသိန်းကျော် လေးသိန်းနီးပါးအထိ မြတ်စွန်းခဲ့လေ၏။ ကျွန်ုပ်သည် ရည်ရွယ်ချက်အတိုင်း ခြံနှင့်တိုက်နှင့်နေသော်လည်း ... အခြားသော ဇိမ်ခံသည့်အလုပ်မျိုးကို ဝါသနာမရှိသည့်အလျောက် ကုမ္ပဏီ၏ တိုးတက်ရာ တိုးတက်ကြောင်းများကို ကြံစည်၍ နေခြင်းပင်လျှင် ကျွန်ုပ်၏ ဖျော်ဖြေမှုတစ်မျိုး ဖြစ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် အိမ်မှနေ၍ ကုမ္ပဏီသို့လာခဲ့ရာ ဗဟန်းသို့အရောက်တွင် လွန်စွာအရိပ်ကောင်းသော မန်ကျည်းပင်ကြီးအောက်၌ ခြေပစ်လက်ပစ်ထိုင်လျက် တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းလျက်ရှိသော လူတစ်ယောက်ကို တွေ့ရလေ၏။ ထိုသူအား မြင်သည့်တစ်ခဏ ... ကျွန်ုပ်သည် တစ်နေရာရာ၌ မြင်ဖူးသလိုလိုရှိသည်နှင့် ဒရိုင်ဘာ၏ ကျောကို ပုတ်၍ ကားအရှိန်ကို လျှော့စေပြီးလျှင် ထိုသူအား သေသေချာချာကြည့်ရာ ကျွန်ုပ်အား ငယ်စဉ်က ချေးဇလားရွှေ့ခိုင်းသော ဘီအိုစီစာရေးကြီး၏သား မောင်သန်းအေး ဖြစ်ကြောင်း သိရှိရလေ၏။

ကျွန်ုပ်လည်းကားကို ရပ်ခိုင်းလိုက်ရာ ဒရိုင်ဘာသည် ကားကိုရပ်ရုံမျှမဟုတ်ဘဲ ကပျာကယာဆင်းကာ တံခါးကို ဖွင့်၍ပေးလေ၏။ ကျွန်ုပ်သည် ကားပေါ်မှဆင်းပြီးလျှင် မောင်သန်းအေးထိုင်၍နေသည့်အနီးသို့ သွားရောက်လေ၏။ မောင်သန်းအေးလည်း ကားပေါ်မှဆင်း၍ ၎င်းထံသို့လာနေသော ကျွန်ုပ်အား ထူးဆန်းသလိုကြည့်နေ၏။ ကျွန်ုပ်သည် ၎င်းအနီးသို့ ရောက်သည့်အခါ၌ –

"မောင်သန်းအေး မဟုတ်လား ... " ဟု မေးလိုက်ရာ မောင်သန်းအေးက –

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော် မောင်သန်းအေးပါ" ဟု ဖြေလေ၏။

"အဒေါ်တို့ ဦးလေးတို့ကော နေကောင်းကြရဲ့လား"

"ကောင်းကြပါတယ်ခင်ဗျ"

(ကျွန်ုပ်အား မမှတ်မိသေးပါ။ ဘယ်သူပါလိမ့် ဟူသော မျက်နှာထားမျိုးနှင့် အကဲခတ်လျက် ရှိလေ၏။)

"မောင်သန်းအေး ရန်ကုန်ရောက်တာ ကြာပြီလား"

"ကြာပါပြီ"

"အခု ဘာအလုပ်များ လုပ်နေသလဲ"

"လောလောဆယ် အလုပ်မရှိပါဘူး . . . အရင်ကတော့ ဓာတ်ဆီဆိုင်မှာ လုပ်ပါတယ်၊ အဲဒီအလုပ် ပြုတ်သွားတာ ခြောက်လလောက် ရှိပါပြီ"

"အိမ်ထောင်ကော ကျပြီလား"

"ဟုတ်ကဲ့ခင်ဗျ၊ အလုပ်ပြုတ်မဲ့လကမှ အိမ်ထောင်ကျပါတယ်"

"ဩော် ... ကျွတ် ကျွတ် ကျွတ် ... ဒုက္ခပါပဲလား၊ စားရေးသောက်ရေး တော်တော်ကျပ်နေမှာပဲနော်"

"ကျပ်တာပေါ့ဗျာ၊ အဲဒါကြောင့် မိတ်ဆွေတစ်ယောက်က အလုပ်ရှာပေးမယ်ဆိုလို့ ဗဟန်းကိုလာတာ၊ မောတာနဲ့ ထိုင်ပြီးနားနေတာပဲ"

"ကဲ ကဲ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်လဲ သွားလိုက်ဦးမယ်"

ကျွန်ုပ်သည် ကျွန်ုပ်၏ ကုမ္ပဏီလိပ်စာပါသော ကတ်ပြားလေးအား မောင်သန်းအေးအားပေး၍ ကားပေါ်သို့ ပြန်၍ တက်လာခဲ့လေ၏။ မောင်သန်းအေးသည် ကားထွက်၍သွားသည့်တိုင်အောင် ကတ်ပြားကိုတစ်လှည့်၊ ကားကိုတစ်လှည့် ကြည့်ရင်းကျန်ရစ်ခဲ့လေ၏။

နောက်တစ်နေ့တွင် ... ပြာတာကလေးက ကျွန်ုပ်ထံလာရောက်၍ လူတစ်ယောက်က တွေ့လိုကြောင်းပြောနေပါသည်၊ လွှတ်လိုက်ရမလား သူဌေးမင်းဟုမေးရာ ... ကျွန်ုပ်က ခေါင်းညိတ်ပြလေ၏။ ထိုတွေ့လိုသောသူကား ကျွန်ုပ်အတပ်သိပါ၏။ ဘီအိုစီစာရေးကြီး၏သား မောင်သန်းအေးမှတစ်ပါး အခြားလူ မဖြစ်နိုင်ပါ။

ကျွန်ုပ်ထင်သည့်အတိုင်းပင် ပြာတာကလေးနှင့်အတူ မောင်သန်းအေး လိုက်ပါ၍လာပြီးလျှင် ကျွန်ုပ်၏ စားပွဲရှေ့၌ ခပ်ယို့ယို့ကလေး ရပ်လေ၏။

"မောင်သန်းအေး ထိုင်ပါ၊ ပြီးတော့ မင်းလာရင်းကိစ္စကိုလဲ ပြောပါ"

"ဟုတ်ကဲ့ သူဌေးမင်း ... ကျွန်တော် အလုပ်လိုချင်လို့ပါ၊ ပြီးတော့ သူဌေးမင်းက ကျွန်တော့်ကို ဘယ်တုန်းက သိနေတာပါလိမ့်"

"သိနေတာထားဦး၊ အလုပ်ကိစ္စ ပြောကြစို့လား၊ မင်းဘယ်လို အလုပ်မျိုးပဲဖြစ်ဖြစ် လုပ်မယ်မဟုတ်လား"

"ဒီလို ရှိပါတယ်"

"မင်းမှာ အလုပ်မရှိဘူးဆိုလို့ ခန့်ရမှာ၊ လခက ၁၀ဝိ ပေးမယ်"

မောင်သန်းအေး၏ မျက်နှာသည် ရွှင်ပျ၍ သွားလေ၏။ ထိုခေတ်က ကရာနီ ခေါ် စာရေးကြီး၏လခမှာ ၆ဝိ မျှသာ ဖြစ်ရာ ... ကျွန်ုပ်ပေးမည့် လခ ၁၀ဝိ ဆိုသည်မှာ မြို့ပိုင်ရုံးတွင်လုပ်သော ရုံးအုပ်ကြီးထက်လည်းကောင်း၊ ပုလိပ်ဘက်တွင်လုပ်သော ရာဇဝတ်အုပ်တစ်ဦးထက်လည်းကောင်း၊ စစ်တပ်တွင်လုပ်သော ဆူဗေဒါစစ်ဗိုလ်၏ လခထက်လည်းကောင်း ပို၍နေသည်ဖြစ်ရာ မောင်သန်းအေးသည် စပါးကြီးမြွေ အညှို့ခံရသော ယုန်သူငယ်ကဲ့သို့ စကားကို ဆက်၍မပြောနိုင်ဘဲ ငိုင်၍သွားလေ၏။ ထို့နောက် တစ်စုံတစ်ခုကို တိတိကျကျ ဆုံးဖြတ်လိုက်သည့်အခါ မျက်နှာအမူအရာ ပြောင်းသွားပြီးလျှင် –

"ဘာအလုပ်ပဲဖြစ်ဖြစ်လုပ်မယ် သူဌေးမင်း၊ လခ ၁၀ဝသာ ရပါစေ" ဟု ပြောလေ၏။

"ဒီလိုရှိတယ်ကွ၊ ဒီအလုပ်က အခုလုပ်လိုက်၊ အခုထွက်သွားလိုက် လုပ်လို့မရဘူး၊ အရေးကြီးတဲ့နေရာဆိုတော့ လူတိုင်းလဲ မခန့်ချင်ဘူး၊ အနည်းဆုံးခြောက်လ လုပ်မယ်လို့ စာချုပ်နိုင်မှ ခန့်နိုင်မယ်"

"လုပ်မယ်ခင်ဗျာ၊ စာလဲချုပ်မယ်၊ ဘာအလုပ်လဲ"

"ဂျာဒူးဝါလား လုပ်ရမယ်၊ ဂျာဒူးဝါလား ဆိုပေမယ့် ကျုပ်တစ်ယောက်တည်းသွားတဲ့ အိမ်သာပါ"

မောင်သန်းအေး၏ မျက်နှာသည် ရှုံ့တွ၍သွားလေ၏။ အိမ်သာသန့်ရှင်းရမည့် အလုပ်ဖြစ်သဖြင့် လုပ်ချင်ပုံမရပေ။သို့ရာတွင် ကျွန်ုပ်ပေးသော လခ ၁၀ဝိ ကိုလည်း မစွန့်လွှတ်ချင်ပေ။ ဟိုဘက်သည်ဘက် စည်းရိုးပေါ် ခွထိုင်၍နေသည့်အလား မည်သည့်ဘက်ကိုတိမ်းယိမ်းရမည်ကို မဆုံးဖြတ်နိုင်ဘဲ ရှိလေ၏။ ဤနေရာတွင် ကျွန်ုပ်က လျှော့ပေးလိုက်နိုင်လျှင် မောင်သန်းအေးသည် အိမ်သာသန့်ရှင်းရေးအလုပ်ကို လုပ်ဖြစ်လိမ့်မည်။

"ဒီလိုရှိပါတယ်၊ ကျုပ်တစ်ဦးတည်း နေတဲ့အိမ်၊ အိမ်သာကလည်း ကျုပ်တစ်ယောက်တည်း အသုံးပြုတဲ့အိမ်သာ၊ မောင်ရင် ဒီအလုပ် လုပ်နေတာကိုလဲ ဘယ်သူမှ သိမှာလဲ မဟုတ်ဘူး၊ မြင်မှာလဲ မဟုတ်ဘူး၊ မနက်တစ်ခါ ညနေတစ်ခါလာပြီး သန့်ရှင်းရေးလုပ်ရုံကလေးပါပဲ"

မောင်သန်းအေးသည် အနည်းငယ်တွေဝေလျက်ရှိပေ၏။

"မောင်သန်းအေးမိန်းမခများမှာလည်း ယောကျ်ားစရကတည်းက အလုပ်ပြုတ်သွားတဲ့ယောကျ်ားကို ပေါင်းသင်းနေရလေတော့ အားငယ်ရှာပေမပေါ့၊ အခုတော့ မနက်တစ်ခါ၊ ညနေတစ်ခါလာ သန့်ရှင်းရေးလုပ်၊ ပြန်သွား၊ မိန်းမကိုလည်း ဂျာဒူးဝါလားလို့ မပြောနဲ့ပေါ့၊ မိန်းမရေ – ငါတော့ ပုဏ္ဏားဘကွန်းကုမ္ပဏီမှာ စာရေးအလုပ်ရတယ်ဟေ့ လို့ပြော၊ မောင်သန်းအေးကို ဘယ်သူကမှ ဂျာဒူးဝါလားလို့ ထင်ဝံ့မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဂျာဒူးဝါလားဟာ တစ်လ ၁၀ဝိ မှ ရတာမှမဟုတ်ဘဲကလား"

မောင်သန်းအေးသည် ငိုင်၍နေပြီးလျှင် တစ်စုံတစ်ခုကို တိတိကျကျ ထပ်၍ဆုံးဖြတ်လေ၏။

"လုပ်မယ်ဗျာ"

"ကလင် … ကလင်"

ကျွန်ုပ်သည် ရုံးအုပ်ကြီးကို ဘဲလ်တီး၍ခေါ်လိုက်ပြီးနောက် စာချုပ်တစ်စောင်ရေးသားစေလေ၏။ စာချုပ်တွင် ခြောက်လမပြည့်မီ အလုပ်ထွက်၍သွားပါက ငွေကို နှစ်ဆပြန်၍ လျော်ပါမည်ဟုလည်း အချက်တစ်ချက်၌ ထည့်၍ထားလေ၏။ စာချုပ်ရေးသားပြီးသည့်အခါ၌ မောင်သန်းအေးကို လက်မှတ်ရေးထိုးစေရာ မောင်သန်းအေးသည် နီမြန်းလျက်ရှိသောမျက်နှာကြီးနှင့် လက်မှတ်ရေးထိုးလိုက်လေတော့၏။

"ဟား ဟား ဟား … ဒါပေါ့ကွာ၊ ဒါဘာခက်တာလိုက်လို့လဲ၊ ရုံးအုပ်ကြီး လောလောဆယ်သုံးဖို့ ငွေငါးဆယ် ထုတ်ပေးလိုက်ပါ၊ ပြီးတော့ အဲဒီငွေကို လခထဲက မဖြတ်ပါနဲ့၊ ကျုပ်က သတ်သတ်ပေးတဲ့သဘောပါ"

မောင်သန်းအေးသည် ကျွန်ုပ်အား ထူးဆန်းသောသူအဖြစ် ကြည့်ရှုလေ၏။ ဤသူကား ရက်ရောသော သဘောရှိပါလျက် အဘယ်ကြောင့်များ ငါ့ကို ဂျာဒူးဝါလားအလုပ်၌သာ လုပ်စေပါသနည်း ဟူသည်ကို တွေးတောနေသည့်အလား ငိုင်၍သွားလေ၏။ ရုံးအုပ်ကြီးက "ဟော့ကောင် လာ" ဟု ခေါ်လိုက်မှပင် ရုံးအုပ်ကြီးနောက်သို့ အူကြောင်ကြောင်ပုံစံမျိုးဖြင့် လိုက်ပါ၍သွားလေ၏။

"ဟား … ဟား … ဟား"

ကျွန်ုပ်သည် အူလိုက်သည်းလိုက် ရယ်မော၍ ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ်အား အိမ်သာအခင်းပျဉ်များ ခင်းခိုင်းသော၊ ချေးအပြည့်ရှိသည့် ချေးဇလားကို အရွှေ့ခိုင်းသော စာရေးကြီး ဦးဘအေးနှင့် စာရေးကတော်ကြီးဒေါ်ပုတို့၏ တစ်ဦးတည်းသောသားကို ကျွန်ုပ်သည် ပြန်၍ ချေးကျုံးခိုင်းရတော့မည်ဖြစ်ရာ ကျွန်ုပ်၏ ယုတ်မာသောစိတ်များက ကျွန်ုပ်အားဝမ်းမြောက်ဝမ်းသာ ရှိစေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုနေ့ညက မှတ်စုစာအုပ်တွင် အောက်ပါအတိုင်း ရေးမှတ်ထားခဲ့လေ၏။

**ဆင်းရဲပြီဆိုရင် နှိပ်စက်လို့ရပြီ။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ုပ်နှင့် ကိုရင်ကြီး ပြန်၍တွေ့ပြန်ခြင်း

ကျွန်ုပ်သည် မောင်သန်းအေးအား အိမ်သာဆေးရသော ဂျာဒူးဝါလားအလုပ်ခန့်ပြီးနောက် မောင်သန်းအေး၏လုပ်ပုံကိုင်ပုံကို ကြည့်ရှု အကဲခတ်မိလေ၏။ မောင်သန်းအေးသည် နံနက်စောစော၌ ကျွန်ုပ်၏တိုက်သို့ရောက်အောင်လာလေ၏။ ထိုသို့လာရာ၌လည်း . . . ဂျာဒူးဝါလားလုပ်မည့်သူ၏ ပုံစံမျိုးမဟုတ်ဘဲ ဘုရင်ခံ၏ညှိ့ခံပွဲသို့တက်မည့် ကျက်သရေဆောင် ရွှေစလွယ်ရ လူကြီးလူကောင်းတစ်ဦးကဲ့သို့ ကျနစွာဝတ်စား၍လာလေ၏။ ရောက်သည်နှင့်တစ်ပြိုင်နက် အဝတ်အစားကောင်းများကိုချွတ်၍ အဝတ်ဟောင်းများဖြင့် လဲလှယ်ဝတ်ဆင်ကာ လက်ကိုင်ပုဝါတစ်ထည်အား ခေါက်ချိုး ချိုး၍ နှာခေါင်းတွင် စည်းပြီးလျှင် အိမ်သာအားတံမြက်စည်းကြမ်းဖြင့် လှဲလေ၏။ လှဲပြီးနောက် ရေနှစ်ပုံးသုံးပုံးခန့်ဖြင့်လောင်း၍ ဆေးပြီးလျှင် "ဖီနိုင်" ခေါ် ကာဘော်လစ်ဆီဖြင့် ပက်ဖြန်းလေ၏။ အလုံးစုံသန့်ရှင်းစေပြီးနောက် ရေတွင်း၌ရေချိုးကာ အဝတ်ဟောင်းများကိုချွတ်၍ အဝတ်သစ်များကို ပြန်လည်ဝတ်ဆင်ပြီးလျှင် ဆင်နီတံဆိပ် စီးကရက်တစ်လိပ်ကို ထုတ်၍ သောက်ကာ ပြန်သွားလေ၏။

ထိုသို့ ပြန်သွားပြီးနောက် ညနေ ၆ နာရီလောက်တွင် တစ်ခေါက်ထပ်၍လာပြန်ပြီးလျှင် အထက်ပါအတိုင်း ပြုလုပ်၍ ပြန်သွားပြန်၏။

ဤသို့ လုပ်ကိုင်လာခဲ့ရာ သုံးလမြောက်သောနေ့၌ ကျွန်ုပ်က မောင်သန်းအေးအား ခေါ်တွေ့ကာ အောက်ပါအတိုင်း မေးမြန်းတီးခေါက်ကြည့်မိလေ၏။

"ကဲ ... မောင်သန်းအေးရေ၊ ကျုပ်နဲ့ စာချုပ်ထားတာကတော့ ခြောက်လပြည့်မှ ထွက်ခွင့်ပေးမယ်လို့ ချုပ်ထားတာပဲ၊ ဒါပေမဲ့ တကယ်လို့များ မောင်သန်းအေးအနေနဲ့ ဒီအလုပ်ကို မလုပ်ချင်တော့ဘူးဆိုရင်တော့ စာချုပ်ကြောင့် မှိတ်ပြီးလုပ်မနေပါနဲ့၊ အလုပ်ကနေ ထွက်ခွင့်ပေးပါ့မယ်"

"ကျွန်တော်ကလဲ ပြောမလို့ပါပဲ၊ ခြောက်လပြည့်ပြီးသွားရင်လဲ ကျွန်တော် အလုပ်ကမထွက်ပါဘူး၊ ဆက်ပြီးလုပ်ပါ့မယ်၊ ကုန်ကုန်ပြောမယ် သူဌေးမင်းရာ . . . ကျွန်တော့်အနေနဲ့ ဒီအလုပ်ကို တစ်သက်လုံးတောင် လုပ်သွားချင်ပါတယ်"

"ဟား ဟား ဟား ... ကဲ ကဲ သွားတော့ မောင်သန်းအေး တစ်သက်လုံး လုပ်ချင်ရင်လဲ တစ်သက်လုံးထားပါ့မယ်ဗျာ၊ ဟား ဟား"

ကျွန်ုပ်သည် တဟားဟား ရယ်မောရင်း ကျန်ရစ်ခဲ့လေ၏။

ဂျာဒူးဝါလားအလုပ်ကိုပင် သေတစ်ပန် သက်တစ်ဆုံး လုပ်လိုပါသည်ဆိုသည့် မောင်သန်းအေး၏ သနားဖွယ်ရာဆန္ဒသည် ကျွန်ုပ်အဖို့ ရယ်မောဖွယ်ရာကြီး ဖြစ်၍နေလေ၏။ တစ်ချိန်က အိမ်သာအောက်သို့ဝင်မည်အလုပ်တွင် သူ၏မိခင်ကြီးက နောက်မှနေ၍ ကုပ်ကိုဖမ်းဆွဲပြီးလျှင် "ဘုန်းနိမ့်တတ်တယ် သိလား" ဟု ဆိုကာ ရေမိုးချိုးစေ၍ နံ့သာဖြူ ကရမက်များလူးပေးခြင်းခံရသော

မောင်သန်းအေးသည် ယခုအခါ၌ သူ၏ဘုန်းသည် မည်မျှမြင့်၍နေပါသနည်း။ ကျွန်ုပ်၏ အိမ်သာ၌ ဂျာဒူးဝါလား လုပ်၍နေရပြီ မဟုတ်ပါလား ... ကျွန်ုပ်မှာမူ မောင်သန်းအေးတို့၏ အိမ်သာအောက်ကိုဝင်၍ ချေးအပြည့်ရှိသော ချေးဇလားကြီးကို မ,ခဲ့ရ၏။ အိမ်သာအခင်းပျဥ်များကို ပြန်၍ရိုက်ခဲ့ရ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဘုန်းနိမ့်ခဲ့သည်။ သို့တည်းမဟုတ် ဘုန်းမရှိတော့ဟု ထင်မှတ်ခဲ့မိဖူး၏။ ယခုမူကား ကျွန်ုပ်က ဘုန်းကံမြင့်၍ မောင်သန်းအေးအား ကျွန်ုပ်၏အိမ်သာ၌ တစ်လှည့်ပြန်ခိုင်းစေ၍ နေရပြန်၏။ ဤအခြင်းအရာတို့သည် ကျွန်ုပ်အဖို့ လူ့ရွှင်တော် ညုပ်ကြီးနှင့် ဒံပေါက်တို့၏ ပြက်လုံးထက်ပင် ရယ်ဖွယ်ကောင်းသေးတော့၏။

"ဟား ... ဟား ... ဟား"

ကျွန်ုပ်သည် တောင်ဆုပ်လောက်နီးပါးခန့်မြင့်၍ ကတ္တီပါပန်းပွင့်ကြီးများဖြင့် အုပ်၍ထားသော ဆိုဖာကြီးပေါ်၌ထိုင်ကာ ဟက်ဟက်ပက်ပက် ရယ်မော၍နေလေ၏။

"ဟေ့ကောင် ဘကွန်း . . . ဘာတွေများ ဒါလောက် သဘောကျနေတာလဲကွ"

ကျွန်ုပ်သည် လွန်စွာ အံ့အားသင့်၍သွားလေ၏။ ထိုအသံမှာ ကျွန်ုပ်၏မူလလက်ဟောင်းဆရာဖြစ်သည့် ကိုရင်ကြီးပဏ္ဍိတ၏ အသံဖြစ်သောကြောင့်တည်း။

ကျွန်ုပ်သည် အသံလာရာဖက်သို့လှည့်၍ ကြည့်လိုက်ရာ သပိတ်ရောင်တမျှ နက်မှောင်လှသော အသားအရောင်နှင့် လုံးဝလိုက်ဖက်ခြင်း မရှိလှသော လိမ္မော်ရောင်သင်္ကန်းကို ဆင်မြန်းထားသည့် ကိုရင်ကြီးကို တွေ့ရလေ၏။ ကိုရင်ကြီး၏ အသားရောင်သည် သပိတ်ရောင်ထ၍နေသော်လည်း သွားများမှာမူ ပွတ်သစ်စခရုသင်းကဲ့သို့ ဖြူဖွေး၍ အကြားအပေါက်မရှိ ညီညွတ်လှပေ၏။ ထိုကဲ့သို့ ဖြူဖွေးညီညွတ်သောသွားများကို ဖော်လျက် ပြုံးနေသော ကိုရင်ကြီး၏မျက်နှာသည် နှင်းရည်ဝ၍ လန်းဆန်းနေသော နေကြာပန်းကြီးအား ... နေအာရုဏ်တက်စအခါ၌ တွေ့မြင်ရဘိသကဲ့သို့ ကျက်သရေရှိ၍ အေးချမ်းလှပေ၏။

ကျွန်ုပ်သည် ထိုင်နေရာမှ ဖြုန်းကနဲ ထပြီးလျှင် –

"ကိုရင်ကြီး" ဟု အော်ဟစ်ကာ ပြေးဖက်လိုက်မိလေ၏။

ကျွန်ုပ်သည် ဝမ်းသာလွန်း၍ မျက်ရည်များ ကျဆင်းလာလေ၏။ ကိုရင်ကြီးသည် ကျွန်ုပ်၏ကျောကိုပွတ်သပ်၍ သားငယ်အား ဖခင်က ချော့မော့သကဲ့သို့ "ငါ့တပည့်ကြီး၊ ဟန်ကျနေပြီကိုး၊ ငါ သိပ်ဝမ်းသာတာပဲကွာ" ဟု ချော့မော့လေ၏။

ထိုအခါကျမှပင် ကျွန်ုပ်သည် ကိုရင်ကြီးအား ဖက်ထားရာမှ ထိုင်၍ချလိုက်ပြီးလျှင် ကျွန်ုပ်၏ဆံပင်ဖြင့် ကိုရင်ကြီး၏ ခြေထောက်ကို ပွတ်သပ်၍ ရှိခိုးဦးချ ပူဇော်လေတော့၏။ ကိုရင်ကြီးလည်း ၎င်း၏စိတ်၌ မည်သို့ ခံစားရသည် မသိပေ။ စကားပြောရာ၌ အသံသည် တစ်ဆို့ဆို့ကြီးဖြစ်၍နေသည်ကို ကျွန်ုပ်သတိပြုမိလေ၏။

"တပည့်တော်က ၁၃၀၁ ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက်နေ့ကျမှ တပည့်တော်ထွက်လာတာ ခုနစ်နှစ်တိတိပြည့်တဲ့နေ့ မဟုတ်လားဘုရား၊ အဲဒီအခါကျမှ အရှင်ဘုရားကို အကျအနပင့်မယ်လို့ရည်ရွယ်ထားပါတယ်"

"ဟုတ်ပါတယ်ကွ ... ငါက မင်းရဲ့ကုမ္ပဏီက ကြော်ငြာတွေ့လို့ ခဏလာလည်တာပါ၊ ကိစ္စကလေးလဲ နည်းနည်းရှိတယ်လေကွာ"

"ဘယ်လိုကိစ္စ မျိုးပါလဲဘုရား"

"မင်းရဲ့ ပုဏ္ဏားဘကွန်းကုမ္ပဏီကနေ အမြို့မြို့မှာ ဆိုင်ခွဲတွေတည်ထောင်ဖွင့်လှစ်ပေးမယ်ဆိုတဲ့ ကြော်ငြာကို တွေ့ကတည်းက ငါ့တပည့်ကြီးတော့ ကြီးပွားနေပြီဆိုတာ သိရတယ်ကွာ၊ ဝမ်းသာလိုက်တာကလဲ ပြောဖွယ်ရာ မရှိတော့ပါဘူး"

"အမိန့်ရှိပါဦး ဘုရား"

"ငါတို့မြို့မှာ ... မင်းလဲသိပါတယ်၊ ဘီအိုစီစာရေးကြီး ဦးလုထွန်းလည်း ပင်စင်ယူလိုက်ပြီကွ၊ အဲဒါ ဆိုင်ခွဲတစ်ခု ထောင်ချင်တယ်၊ သူ့ဆီမှာ စုထားတဲ့ငွေကလေး ၂၀၀ လောက်ပဲရှိတယ်၊ အဲဒါ ဖြစ်နိုင်ပါ့မလား"

"ဘယ်နှယ်မဖြစ်ရမှာတုံးဘုရား၊ ကိုရင်ကြီးနဲ့ ပတ်သက်နေတဲ့လူတွေပဲ၊ ငွေ ၂၀၀ ပဲ ရှိရုံမကလို့ တစ်ပြားမှ မရှိရင်လဲ တပည့်တော်က ဖြစ်အောင်လုပ်ပေးရမှာပေါ့"

"အေး ... ဒီလိုဆိုရင် ဟန်ကျတာပဲကွာ"

"တစ်ခုတော့ရှိပါတယ်ဘုရား၊ ချောက်မြို့က လူတွေကိုတော့ ပုဏ္ဏားဘကွန်း ဆိုတာ တပည့်တော်မှန်း မသိပါစေနဲ့ဦး"

"ဒါပေါ့ကွ … မင်းရဲ့ရည်ရွယ်ချက် အပြည့်အဝ ရောက်သေးတာမှ မဟုတ်ဘဲ၊ အသိပေးလို့ ဘယ်ဖြစ်ဦးမလဲကွ"

ကျွန်ုပ်နှင့် ကိုရင်ကြီးသည် အထက်ပါအတိုင်း ပြောဆိုဆွေးနွေးကြပြီးနောက် ကျွန်ုပ်၏ မော်တော်ကားနှင့်ပင် ကုမ္ပဏီကို ပင့်ဆောင်၍သွားလေ၏။ ကုမ္ပဏီ၏ စာရေးများ၊ ငွေကိုင်များ၊ မန်နေဂျာများ အလုပ်လုပ်ကိုင်နေကြပုံ၊ ကျွန်ုပ်ရောက်ရှိသွားသည့် တစ်ခဏ၌ ကျွန်ုပ်၏အလုပ်သမားများ၊ စာရေးကြီး၊ စာရေးကလေးတို့က ထိုင်နေရာမှထ၍ အရိုအသေပေးကြပုံတို့ကို ကိုရင်ကြီးတွေ့မြင်ရပေရာ –

"ဟော့ကောင် ဘကွန်း . . . တယ်ပြီးဟုတ်နေပါလားကွ" ဟု ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းရှာလေ၏။

ကျွန်ုပ်သည် ကိုရင်ကြီးအား ကျွန်ုပ်၏ မန်နေဂျာချုပ်ရုံးခန်းဆီသို့ ခေါ်ဆောင်ပြီးလျှင် ကုလားထိုင်တစ်လုံး၌ ကောင်းစွာထိုင်စေပြီးလျှင် စားပွဲပေါ်မှ ခေါင်းလောင်းကို တီးလိုက်ရာ ပြာတာကလေးရောက်၍လာလေ၏။ ထိုပြာတာအား အရောင်းဘက် မန်နေဂျာ ခေါ်ပေးရန် ပြောလိုက်ရာ . . . များမကြာမီ၌ပင် အရောင်းဘက် မန်နေဂျာသည် ကျွန်ုပ်၏ စားပွဲရှေ့၌ ခပ်ရို့ရို့ကလေး လာ၍ရပ်လေ၏။

ကျွန်ုပ်သည် စာရွက်အလွတ်တစ်ခုပေါ်၌ **(ချောက်မြို့ တောင်ရပ် စာရေးတန်းနေ ပင်စင်စား ဘီအိုစီ စာရေးကြီး ဦးလုထွန်း)** ဟူသည့်စာကို ရေးပြီးလျှင် –

"မန်နေဂျာကြီး၊ ဟောဒီလိပ်စာအတိုင်း ဒီကလူလွှတ်ပြီး ဆိုင်ခွဲတစ်ခု ခုနစ်ရက်အတွင်းမှာ အပြီးထောင်ပေးလိုက်ပါ၊ သူ့ဆီက ဒီပိုဇစ်တင်မယ့်ငွေကိုလဲ လက်မခံပါနဲ့" ဟု ညွှန်ကြားလိုက်ရာ အရောင်းဘက်မန်နေဂျာသည် ကျွန်ုပ်ရေးပေးသောစာရွက်ကို လက်နှစ်ဖက်ဖြင့် ရိုသေစွာယူပြီးလျှင် –

"စိတ်ချပါ သူဌေးမင်း၊ အခုပဲ စီစဉ်လိုက်ပါ့မယ်" ဟုဆိုကာ အရိုအသေပြု၍ အခန်းတွင်းမှ ထွက်၍သွားလေ၏။ ထိုအချိန်၌ ကိုရင်ကြီးက –

"ဟော့ကောင် ဘကွန်း … အဲဒီစာရေးကြီး ဦးလုထွန်းကို မင်းသိတယ်မဟုတ်လား" ဟု မေးလေ၏။

"ဘယ်မသိဘဲ ရှိပါ့မလဲ၊ အဲဒီစာရေးကြီးအိမ်မှာ တပည့်တော် အဝတ်သွားလျှော်တုန်းက ကိုရင်ကြီးနဲ့စပြီး အသိအကျွမ်းဖြစ်ရတာမဟုတ်လား၊ ကိုရင်ကြီးကျောင်းကိုတောင် ဘိလပ်ရည်ပုလင်းအလွတ်တွေ ထမ်းပြီးပို့ရသေးတယ်လေ"

"အေး … ဟုတ်တယ်၊ မင်းမှတ်မိသားပဲ"

ကိုရင်ကြီးသည် ကျွန်ုပ်၏ ကြီးပွားတိုးတက်မှုများကိုကြည့်၍ ပီတိဖြစ်လျက်ရှိပေသည်။ ထိုနေ့နံနက်က ကိုရင်ကြီးအား ဟိုတယ်သို့ပင့်ဆောင်ကာ ဟိုတယ်၌ ဆွမ်းကပ်လေလျှင် "တယ်ပြီးကောင်းပါလားကွ" ဟု သဘောကျစွာ ပြောလေ၏။

တစ်နေ့လုံးလည်း ကျွန်ုပ်၏ကားဖြင့် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် အစရှိသော ဘုရားများသို့ လိုက်၍ပို့ရလေ၏။ ရွှေတိဂုံဘုရားသို့ ရောက်သည့်အခါ၌ ကျွန်ုပ်၏ ဗေဒင်ဆရာအဖြစ် ဗေဒင်ဟောခဲ့သော နေရာကလေးသို့ရောက်လျှင် "ဟော့ကောင် ဘကွန်း၊ ပုဏ္ဏားဘွဲ့ထူးကို မင်းစပြီးရတာ ဒီနေရာကလေးမဟုတ်လား" ဟု မေးငေါ့ပြုံးရင်းပြောလေ၏။

ကျွန်ုပ်က ဟုတ်မှန်ကြောင်းပြော၍ ဆရာတပည့်နှစ်ဦး ရယ်မောကြလေ၏။

*မှတ်ချက်။ ။ ထိုနေရာကလေးမှာ ယခုအခါ၌ "တက်နေ "ဟူသော နိဗ္ဗာန်ကုန်ဆိုင်နေရာပင် ဖြစ်ပါသည်။*

*စာရေးသူ*

ကိုရင်ကြီးသည် ဘုရားစောင်းတန်း တစ်လျှောက်လုံး၌ တွေ့သမျှသော ရေခဲစက်လုပ်နည်း၊ မော်တော်ပြင်နည်း၊ လျှပ်စစ်ပန်ကာလုပ်နည်း၊ ဒိုင်နမိုလုပ်နည်းစသော စာအုပ်များကို ဝယ်ယူလေ၏။ ထိုအထဲတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် ဝတ္ထုစာအုပ်ကိုလည်း မျက်နှာဖုံးပုံကို သဘောကျသည်ဆိုကာ ဝယ်ယူခဲ့သေး၏။ ထိုစာအုပ်၏ မျက်နှာဖုံးမှာ ရုပ်ဖျက်ဝိဇ္ဇာဟု နာမည်ကျော်သည့် **(Lon Ceaney)** လုံချန်နေး ခေါ် မင်းသားကြီး၏ အရုပ်ဆိုးအကျည်းတန်စွာ ရုပ်ဖျက်ရိုက်ကူးထားသောဓာတ်ပုံဖြစ်၏။ ထိုစာအုပ်ကား … စာရေးဆရာ မေရီကော်လစ်ဂျီရပ် ရေးသည့် လန်ဒန်မြို့၏ သန်းခေါင်ယံ ဟု အမိပ္ပာယ်ရသော စာအုပ်ဖြစ်လေ၏။ ထိုနေ့ည၌ ကိုရင်ကြီးသည် ဝယ်ယူလာခဲ့သော စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် လှန်၍ကြည့်ပြီးနောက် ထိုအင်္ဂလိပ်ဝတ္ထုစာအုပ်သို့ ရောက်သောအခါ . . .

"တောက် ... အင်္ဂလိပ်စာ မတတ်တာ နာတာပဲကွာ၊ ဒီစာအုပ်မှာ ထူးထူးဆန်းဆန်းတွေပါမယ်ကွ၊ နားလည်ချင်လိုက်တာကွာ" ဟု လေးနက်စွာ ညည်းတွားလေ၏။

"ကိုရင်ကြီး သိချင်လိုလား"

"သိချင်လို့ပေါ့ကွ"

"သိချင်ရင် တပည့်တော် ဖတ်ပြပါ့မယ်"

"ဟေ ... မင်း အင်္ဂလိပ်လို တတ်နေပြီလား"

ကျွန်ုပ်သည် ထိုဝတ္ထု၏ အပိုင်း (၁) ၏ ပထမဆုံးစာကြောင်းဖြစ်သော **Many Generations of Balfours are Lived, Married and Died In Balfour House.** ဟူသည်ကို အင်္ဂလိပ်လို အသံထွက်၍ ဖတ်ပြလိုက်ပြီးလျှင် "ဘဲလ်ဖိုးအိမ်ကြီးမှာ ဘဲလ်ဖိုးမျိုးဆက်ကြီးဟာ နေခဲ့ကြတယ်၊ အိမ်ထောင်တွေ ကျခဲ့ကြ၊ ဒီအိမ်ကြီးမှာပဲ သေဆုံးခဲ့ကြရတယ်" ဟု ဘာသာပြန်၍ပြလိုက်ရာ ကိုရင်ကြီးသည် သဘောကျလွန်း၍ –

"ဟိုက် ... အာဂကောင်ပါလား၊ သိတ်တော်နေပါလားကွ၊ သဘောကျသကွာ၊ ဟား ... ဟား၊ သူတကာအိမ်မှာ ချေးကျုံး၊ အဝတ်လျှော်၊ သူတကာကျွေးတဲ့ ထမင်းကျန် ဟင်းကျန်ကလေးကို မဝတဝစားပြီး သူတကာရဲ့ နှိပ်စက်သမျှကို ခံခဲ့ရတဲ့ ဘကွန်း၊ အခုတော့ . . . သူဌေးကြီးဘကွန်း ဖြစ်နေရုံတောင်မကဘူး၊ အင်္ဂလိပ်လိုကလဲ ဖောင်းထဲကလွတ်လိုက်တဲ့မြင်းလို ဒေါင်းဒေါင်းပြေးတတ်နေပါပြီကောလားကွာ၊ ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ကျွန်ုပ်ကလည်း ကိုရင်ကြီးနှင့်အတူ ရောနှော၍ ရယ်မိလေတော့၏။ ကျွန်ုပ်တို့၏ ရယ်သံသည် တိုက်နီးပါးချင်းများကိုပင် ထိတ်လန့်စေခဲ့လေ၏။ ထိုအချိန်မှစ၍ ကိုရင်ကြီးအား ကျွန်ုပ်သည် ပြန်၍မလွှတ်တော့ဘဲ ကျွန်ုပ်၏ အိမ်ဦးခန်း၌ ကျောင်းအမှတ်ဖြင့် သီတင်းသုံးရန် နေရာထိုင်ခင်းပေး၍ အနီးကပ်ခြေဆုပ်လက်နယ်ပြုကာပူဇော်ခဲ့လေ၏။ ကျွန်ုပ်သည် ကိုရင်ကြီးအား နီးနီးကပ်ကပ်ပြုစုရသည့်အတွက် အထူးပင်ဝမ်းမြောက်ရွှင်လန်းမိပါ၏။ ထို့ကြောင့် ကျွန်ုပ်၏မှတ်စု၌ အောက်ပါအတိုင်း ရေးသားထားမိလေတော့၏။

> **ကျေးဇူးရှင်ဆရာသမားအား ပြုစုစောင့်ရှောက်ရခြင်းကြောင့် စိတ်နှလုံး၌ အေးချမ်းသောအရသာတစ်ခု ရရှိခံစားရပေသည်။**
>
> **ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ုပ်နှင့် ရာဇဝတ်အုပ်မင်း

ချောက်မြို့သို့ အရောင်းဘက်ဆိုင်ရာ မန်နေဂျာ၏ စီစဉ်မှုဖြင့် ကျွန်ုပ်၏ကုမ္ပဏီမှ လူယုံတစ်ယောက်ကို စေလွှတ်၍ စာရေးကြီး ဦးလှထွန်းအား ဆိုင်ခွဲတစ်ခု တည်ထောင်ပေးခဲ့ပုံကို ဖော်ပြခဲ့ပြီးဖြစ်လေ၏။ ထိုလူယုံသည် စာရေးကြီးဦးလှထွန်းအား ဆိုင်ခွဲတစ်ခု ဖွင့်လှစ်ပေးခဲ့ရာတွင် ချောက်မြို့မှပင် အခြားသော ဆိုင်ဖွင့်လိုသူ နှစ်ဦး ပေါ်ပေါက်လာလေ၏။ တစ်ဦးက ရှူးဖိနပ်သက်သက်ဖွင့်လို၍ တစ်ဦးက ကိတ်မုန့်မျိုးစုံ ဖွင့်လိုသည်ဟု ဆို၏။

ထိုနှစ်ဦးမှာလည်း တစ်ခါက ကျွန်ုပ်အား စိန်လက်စွပ် မခိုးပါဘဲလျက် ခိုးပါသည်ဟုစွပ်စွဲကာ ရိုက်၍ အချုပ်ခန်းတွင်းသို့ပို့ခဲ့သော ကျွန်ုပ် အလွန်အင်မတန်မြတ်နိုးရသည့် တင်တင်ဆိုသည့် မိန်းကလေး၏ အဒေါ်များဖြစ်ကြသော မခင်ရီ၏ ယောကျ်ား ကိုတင်ဝင်းနှင့် မခင်ရီ၏ အစ်မကြီး မတင်ရီကိုယ်တိုင်ဖြစ်ကြောင်း သိရလေသည်။

ကိုတင်ဝင်းသည် ယခုအခါ၌ အလုပ်အကိုင် မရှိဖြစ်၍နေသဖြင့် ရှူးဖိနပ်ဆိုင်တစ်ဆိုင် တည်ခင်းလို၏။ မတင်ရီမှာ ဝမ်းဆွဲဆရာမလုပ်သည်ထက် ကိတ်မုန့်ဆိုင်ပိုင်ရှင်လုပ်ရသည်က ဝင်ငွေပိုမည်ဖြစ်ကြောင်း သိသောကြောင့် သူ၏မတ်ဖြစ်သူ ကိုတင်ဝင်းနှင့် ပူးပေါင်းကြံစည်ကြခြင်း ဖြစ်ပုံရလေ၏။ ကျွန်ုပ်တို့လူယုံတော်မှာလည်း သူတို့ထံမှ ငွေ ၅၀၀ စီကို ဒီပိုဇစ်အဖြစ် လက်ခံကာ စာချုပ်စာတမ်းများ ပြုလုပ်၍ ဆိုင်များဖွင့်လှစ်ပေးခဲ့လေ၏။

ထိုသို့ ဆိုင်များဖွင့်လှစ်ပေးခဲ့ကြောင်းကို စာချုပ်များ၊ ဆိုင်ခွဲပိုင်ရှင်များ၏ ဓာတ်ပုံနှင့် လျှောက်လွှာများ၊ ဖွင့်လှစ်၍ တင်ပေးထားသော ကုန်ပစ္စည်းတန်ဖိုးများပါသည့် အစီရင်ခံစာကိုကျွန်ုပ်၏ စားပွဲပေါ်သို့ တင်ပို့လိုက်သည့်အခါ၌ ကျွန်ုပ်သည် ကိုတင်ဝင်း၏ဓာတ်ပုံကို မြင်လိုက်သည့်တစ်ခဏ၌ "ငါ့ရဲ့ ထောင်ချောက်ထဲကိုတော့ မချောက်ရဘဲနဲ့ ဝင်လာပြီကော" ဟူသော အသိစိတ်ကြောင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ သွားလေ၏။

ဤသို့ဖြင့် ဆိုင်များဖွင့်လှစ်ပေးပြီးခြောက်လခန့်အကြာတွင် အရောင်းဘက်ဆိုင်ရာမန်နေဂျာထံမှ ကျွန်ုပ်ထံသို့ ကုန်ဖိုးငွေများပေးရန် သုံးလတိုင်တိုင် ပေးသွင်းခြင်းမရှိသော ဆိုင်ခွဲများ၏ အမည်စာရင်းကို တင်ပြရာ၌ ကိုတင်ဝင်းသည် ရှေ့ဆုံးမှ ပါ၍လာလေတော့၏။ ထို့ကြောင့် ပေးသွင်းရန်လိုနေသော ငွေအရေအတွက်ကို တွက်စစ်ကြည့်ရာ ငွေနှစ်ထောင်ကျော်ခန့်သာ ရှိကြောင်းသိရသဖြင့် ကျွန်ုပ်သည် အရောင်းမန်နေဂျာအားခေါ်ယူ၍ ကျန်သောကုန်ဖိုးများပေးသွင်းရန် နှိုးဆော်စာများလည်း ပို့ခိုင်း၍ နောက်ထပ်လည်း ကုန်သုံးထောင်ဖိုးလောက်ကို စာချုပ်စာတမ်းနှင့် တင်ပို့ရန် ညွှန်ကြားခဲ့လေ၏။

ကျွန်ုပ်၏အကြံမှာ ကိုတင်ဝင်းသည် လောင်းကစားဘက်၌ ဝါသနာ အနည်းငယ် ရှိသည့်အလျောက် ကုန်ဖိုးငွေများကို ပေးသွင်းခြင်းမပြုဘဲ လောင်းကစားပြုလုပ်ခဲ့ပေမည်။ ဤအတိုင်းမှန်ခဲ့လျှင် ကျွန်ုပ်နောက်ထပ်ပို့လိုက်သော ကုန်သုံးထောင်ဖိုးကိုလည်း သုံးစွဲပစ်မည်မှာ အမှန်ပင်ဖြစ်၏။ ဤသို့ဆိုလျှင် သူ့အပေါ်သို့ ငွေ ၅၀၀၀ ဝ ကုမ္ပဏီမှ ကြွေးတင်လျက် ရှိပေလိမ့်မည်။ ထိုအခါကျမှပင် ဝတ်လုံငှားပြီး တရားစွဲဆို၍ ထောင်ချပစ်ရန်ဖြစ်၏။

ကျွန်ုပ်သည် ထိုနေ့က အိမ်သို့ ပျော်ရွှင်စွာ ပြန်ခဲ့လေ၏။ ထိုကဲ့သို့ပြန်ခဲ့ရာတွင် မအူကုန်းထိပ်သို့အရောက်၌ ပလက်ဖောင်းပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ စိတ်ပျက် အားငယ်စွာ လျှောက်၍လာသော လူတစ်ယောက်အား ကားပေါ်မှနေ၍ လှမ်းပြီးမြင်လိုက်သဖြင့် ထိုလူကို သေသေချာချာ ကြည့်မိရာ တစ်နေရာရာ၌ သေသေချာချာ သိကျွမ်းဖူးကြောင်း သိရသော်လည်း မည်သည့်နေရာ၌ သိကျွမ်းခဲ့သည်၊ မည်သူဖြစ်သည်ကို အစဖော်၍မရသဖြင့် ကျွန်ုပ်သည် ဒရိုင်ဘာကျောကိုပုတ်၍ ဖြည်းဖြည်းမောင်းရန် ပြောလိုက်ပြီးလျှင် စဉ်းစားနေမိလေ၏။

ကျွန်ုပ်သတိရပေပြီ။ တစ်ခါက ကိုရုပ်ဆိုး ဆိုသူက ကျွန်ုပ်အား ယခုနေလျှက်ရှိသော တိုက်နှင့်ခြံအား လိမ်၍သွားစဉ်က ကျွန်ုပ်အား လှောင်ပြောင်ခဲ့သော ရာဇဝတ်အုပ်ဖြစ်ကြောင်း ကောင်းစွာသိရပေပြီ။ ကျွန်ုပ်သည် ကားကိုရပ်ခိုင်းလိုက်ပြီးလျှင် ထိုသူ၏ရှေ့တည့်တည့်သို့သွားရောက်ကာ ခါးကိုညွတ်၍ –

"ရာဇဝတ်အုပ်မင်း ... ကျန်းမာ ချမ်းသာပါရဲ့နော်" ဟု နှုတ်ဆက်လိုက်ရာ ထိုသူသည် နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံရသကဲ့သို့ ပြူးကျယ်သောမျက်လုံးဖြင့် ကျွန်ုပ်အား ကြည့်ရှုလေ၏။

"နေစမ်းပါဦး ... ခင်ဗျားဘယ်သူများပါလိမ့်၊ ဏိတ်တော့မရှိနဲ့နော်၊ ကျွန်တော်က သတိနည်းနည်းမေ့တတ်လို့ပါ"

"ကျွန်တော်ဘကွန်းလေ ရာဇဝတ်အုပ်မင်းရဲ့၊ တစ်ခါက ကန်တော်ကြီးစောင်းကတိုက်ကို အဝယ်မှားလို့ အမှုဖြစ်တော့မလို့ ဖြစ်သွားတဲ့ ဗေဒင်ဆရာ ဘကွန်းလေ"

"သြော် ... မှတ်မိပြီဗျို့"

"ကဲ ကဲ ... ရာဇဝတ်အုပ်မင်းလဲ သွားစရာ ရှိဦးမယ်၊ ကျွန်တော်လဲ သွားရဦးမယ် . . . နောက်တွေ့ကြသေးတာပေါ့၊ (ကျွန်ုပ်၏ လိပ်စာကတ်ပြားကလေးကို ရိုသေစွာထုတ်ပေး၍ ) လိုတာရှိရင်တော့ ကြွခဲ့ပါနော် ရာဇဝတ်အုပ်မင်း" ဟု ဆိုကာ ကျွန်ုပ်သည် ခါးကိုညွတ်၍ အရိုအသေပြုပြီးလျှင် ကားပေါ်သို့တက်၍ ထွက်ခွာခဲ့လေ၏။ ရာဇဝတ်အုပ်မှာမူ ကျွန်ုပ်ကို မျက်စိတစ်ဆုံး ကြည့်၍ ကျန်ခဲ့လေ၏။

× × × × ×

နောက်တစ်နေ့တွင် ကျွန်ုပ်၏ကုမ္ပဏီသို့ ရာဇဝတ်အုပ်ရောက်ရှိလာပြီးလျှင် ကျွန်ုပ်အားတွေ့လိုကြောင်း ပြာတာမှတစ်ဆင့် ပြောလေ၏။ ကျွန်ုပ်ကလည်း ပြာတာအား ဝင်ခွင့်ပြုရန် ပြောလိုက်လျှင် ပြာတာသည် ထိုရာဇဝတ်အုပ်အား ရုံးခန်းအတွင်းသို့ ခေါ်ယူလာလေ၏။

ရာဇဝတ်အုပ်သည် ကျွန်ုပ်စားပွဲရှေ့ရှိကုလားထိုင်၌ ဝင်၍ထိုင်ပြီးလျှင် –

"ဦးဘကွန်းဆီမှာ အကူအညီတစ်ခု တောင်းဖို့ရှိလို့ လာခဲ့တာပဲ"

"အမိန့်ရှိပါ ရာဇဝတ်အုပ်မင်း၊ ကူညီရတာပေါ့"

"(အနည်းငယ် တုံ့ဆိုင်းဆိုင်းဖြစ်ပြီးနောက်) ကျွန်တော် ရာဇဝတ်အုပ်မင်း မဟုတ်တော့ဘူး၊ အလုပ်ပြုတ်သွားတာ တစ်နှစ်လောက်ရှိပြီ၊ အဲဒါ ဦးဘကွန်းရဲ့ ကုမ္ပဏီမှာ အလုပ်ကလေး ဘာလေးများ ရမလားလို့ပါ"

"သြော် ... အလုပ်ပြုတ်သွားပြီလား၊ ကျွတ် ကျွတ် ကျွတ် အလုပ်ကပြုတ်တာ နမြောစရာပဲဗျာ၊ ဒါနဲ့ နေပါဦး၊ နာမည် ဘယ်လိုများ ခေါ်ပါသလဲ"

"ကျွန်တော့်နာမည် ဖေဝင်းပါ"

"အေးဗျာ ... ကိုဖေဝင်းကို ကုမ္ပဏီမှာ အလုပ်ခန့်ချင်ပါတယ်၊ ဒါပေမယ့် နေရာက မရှိဘူးခင်ဗျာ"

"ဦးဘကွန်းပိုင်တဲ့ ကုမ္ပဏီပဲဗျာ၊ နေရာမရှိလည်း ဦးဘကွန်းခန့်မယ်ဆိုရင် ဖြစ်နိုင်တာပဲ မဟုတ်လား"

"ဒီလိုတော့မဟုတ်ဘူးဗျ . . . ကျုပ်မှာက လက်ထောက်မန်နေဂျာတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေ ဆွဲပြီး လုပ်ထားတဲ့အလုပ်ဖြစ်လေတော့ လုပ်ချင်သလို လုပ်လို့တော့မဖြစ်ဘူး၊ ဒါနဲ့နေပါဦး၊ ရာဇဝတ်အုပ်မင်းလုပ်တုန်းက လခ ဘယ်လောက်များ ရပါသလဲ"

"လေးဆယ်ပါ ခင်ဗျာ"

"ဒီလိုရှိပါတယ်၊ ကုမ္ပဏီမှာတော့ ခန့်လို့မဖြစ်ဘူး၊ လခကလဲ ၆၀ိ ပေးမယ်ဗျာ၊ တခြားနေရာမှာဆိုရင်ကော လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်"

"ဒါနဲ့ နေပါဦး ... ကိုဖေဝင်းက ပညာဘယ်အထိ သင်ခဲ့ဘူးပါသလဲ"

"အင်္ဂလိပ်–မြန်မာ ခုနစ်တန်းအောင်တာနဲ့ ဆပ်ကျောင်းတက်ပြီး ပုလိပ်ဘက် ရောက်လာတာပဲ"

"ဒီလိုဆိုရင် ကျုပ်အိမ်မှာတော့ ဒရဝမ်တစ်ယောက်လိုနေတယ်၊ လုပ်နိုင်မယ်ဆိုရင်တော့ လခက ၆၀ိ ရမယ်၊ ကာကီယူနီဖောင်း တစ်နှစ်ကို နှစ်စုံပေးမယ်"

"ရာဇဝတ်အုပ်မျက်နှာသည် ရှုံ့မဲ့၍သွားလေ၏။ ကျွန်ုပ်က မမြင်ချင်ဟန်ဆောင်၍ ဆက်လက်ပြောပြန်သည်မှာ –

"ခြံဝမှာ ခင်ဗျားထိုင်ဖို့ ရုံကလေးတစ်ခု ဆောက်ထားမယ်၊ ခင်ဗျားအလုပ်ကတော့ လူဝင်လူထွက်ကို စာအုပ်မှာ မှတ်ရမယ်၊ မသိတဲ့လူထဲကလာရင် ငေါက်ငမ်းပြောဆိုရမယ်၊ ဒီအလုပ်ကလဲ ရာဇဝတ်အုပ် လုပ်ခဲ့ဘူးလေတော့ အထူးလေ့ကျင့်ဖို့ မလိုပါဘူး၊ နောက်တစ်ခုကတော့ ကျုပ်ဝင်တဲ့ ထွက်တဲ့အခါတိုင်း မတ်တပ်ရပ်ပြီး ဆလံပေးရမယ်၊ ဆလံပေးတဲ့အလုပ်လဲ သင်ဖို့မလိုပါဘူး၊ ခင်ဗျားတတ်ပြီးသားပဲ"

ရာဇဝတ်အုပ်သည် မျက်နှာရှုံ့မဲ့၍ နားထောင်နေရာ ကျွန်ုပ်သည် သူ၏စိတ်ကို နှိုးဆွလိုသည်ဖြစ်၍ –

"တစ်နှစ်လောက် အလုပ်ပြုတ်ထားတယ်ဆိုတော့ တော်တော်ပဲ ခေါင်းပါးနေမှာ၊ ကြွေးတွေဘာတွေလဲ တင်ချင်တင်နေမှာ . . . ၆၀ိ ဆိုတော့ နည်းလွန်းပါတယ်ဗျာ၊ ၇၅ိ ပေးပါ့မယ်"

ကျွန်ုပ်သည် အထက်ပါစကားကိုပြောပြီးနောက် ရာဇဝတ်အုပ်အား အကဲခတ်လိုက်ရာ သူသည် "မထူးဘူး၊ လုပ်မယ်" ဟု ဆုံးဖြတ်လိုက်သော မျက်နှာထားမျိုး ဖော်ပြလိုက်ပြီးလျှင်

"လုပ်မယ် ဦးဘကွန်း"

"ကလင် ... ကလင်"

ကျွန်ုပ်သည် စားပွဲပေါ်မှ ခေါင်းလောင်းကိုတီး၍ ပြာတာကိုခေါ်လိုက်ပြီးလျှင် စာရေးကြီးအားခေါ်၍ စာချုပ်စာတမ်းများပြုလုပ်၍ ရာဇဝတ်အုပ် ကိုဖေဝင်းအား ဒရဝမ်အလုပ်ခန့်အပ်လိုက်ရန် ညွှန်ကြားလိုက်လေတော့၏။

ထိုသို့ ရာဇဝတ်အုပ်ပြုတ်ကို အလုပ်ခန့်ပြီး၍ ခြံဝတွင် သစ်သားရုံကလေးတစ်ခု ချက်ချင်းပြုလုပ်စေ၍ သူ့အား အလုပ်ဆင်းခိုင်းခဲ့လေ၏။ သူသည် ကျွန်ုပ်ပေးသော ကာကီယူနီဖောင်းကိုဝတ်၍ ခြံဝရှိ သစ်သားရုံကလေး၌ ဒရဝမ်အလုပ်ကို လုပ်ကိုင်၍ ကျွန်ုပ်ဝင်တိုင်းထွက်တိုင်း၌ မတ်တပ်ရပ်၍ ဆလံပေးရှာလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် အောက်ပါ မှတ်စုကို ရေးသားမိလေတော့၏။

**ဤလောက၌ လူဖျင်းလူညံ့တို့သည် အရှုံးပေးလွယ်တတ်၏။**
**ကြံ့ကြံ့မခံနိုင်တကား။**

**ပုဏ္ဏားဘကွန်း**

## ကျွန်ုပ်နှင့် ဂျာဒူးဝါလား မိသားစု

တစ်နေ့သ၌ ကျွန်ုပ်သည် ကုမ္ပဏီပိတ်ရက်ဖြစ်သဖြင့် အိမ်၌ပင် ကိုရင်ကြီးနှင့်ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက် ရှိကြလေ၏။ ထိုသို့စကားပြောနေရာမှ ကိုရင်ကြီးက –

"ကျိုက်ထီးရိုးဘုရားဖူး သွားချင်တယ်ကွာ" ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း –

"သွားချင်ရင် သွားပေါ့၊ ကိုရင်ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုဖို့လဲ လူတစ်ယောက်ထည့်ပေးလိုက်ပါ့မယ်၊ စရိတ်စကအပြင် လှူချင်တာ လှူဖို့ကိုလဲ ငွေအလုံအလောက် ထည့်ပေးလိုက်ပါ့မယ်"

"အေး ... ကောင်းသားပဲကွ၊ ဒီလိုဆိုရင် အခုပဲ ရွှေတိဂုံဘုရားကိုသွားပြီး ရွှေဆိုင်းဝယ်မယ်ကွာ၊ ကျိုက်ထီးရိုးမှာဝယ်တော့ ဈေးကြီးတယ်ကွ"

ကျွန်ုပ်သည် ဒရိုင်ဘာကိုခေါ်၍ ကိုရင်ကြီးအား ရွှေတိဂုံဘုရားသို့လိုက်ပို့ရန်ပြောပြီးလျှင် ကိုရင်ကြီးအားလည်း ရွှေဆိုင်းဝယ်ရန်အတွက် ငွေ ၅ဝဝိ လှူလိုက်လေ၏။ ကိုရင်ကြီးသည် တစ်နေကုန်ပြန်မလာပဲ မိုးစုပ်စုပ်ချုပ်မှ ပြန်၍လာလေသည်။ ကားပေါ်၌လည်း မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားကြီးတစ်ယောက် ပါ၍လာလေ၏။ ထိုယောကျ်ားကြီးနှင့် မိန်းမကြီး ကားပေါ်မှ ဆင်း၍ လာသောအခါ၌ ကျွန်ုပ်သည် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အား ငယ်စဉ်က အိမ်သာအောက်သို့ဝင်၍ ချေးဇလားကို မ,ခိုင်းသော မောင်သန်းအေး၏ မိဘများဖြစ်ကြသော ဦးဘအေး၊ ဒေါ်ပုတို့ ဖြစ်နေခြင်းကြောင့်ပေတည်း။

ဒေါ်ပုသည် ကျယ်ဝန်းသော ခြံကြီးကိုလည်းကောင်း၊ ခမ်းနားသောတိုက်ကြီးကိုလည်းကောင်း၊ တိုက်အတွင်း၌ ခင်း၍ထားသည့် မနင်းရက်လောက်အောင် လှပသော မှိုင်းလုံးကော်ဇောကြီးများကိုလည်းကောင်း ကြည့်ရှု၍ အံ့ဩနေလေ၏။ ထို့နောက် ကျွန်ုပ်ကို မြင်ဖူးသလိုလိုတော့ရှိသား ဟူသော မျက်နှာထားမျိုးဖြင့် ကြည့်၍နေလေ၏။

"ဟော့ ... ဘကွန်း၊ လူတစ်ယောက်ထည့်ပေးဖို့ မလိုတော့ဘူးကွ၊ သူတို့ကလည်း ကျိုက်ထီးရိုးသွားမယ့်ဘုရားဖူးတွေပဲ၊ တို့မြို့ကပဲကွ၊ ဘုတာမှာ အိပ်မလို့ ငါက ခေါ်လာတာ" ဟု ကိုရင်ကြီးက ပြောလေ၏။

ထိုအခါ၌ ဒေါ်ပုသည် "ဘကွန်း" ဆိုသော နာမည်ကို ကြားလိုက်ရလျှင် ကျွန်ုပ်အား မှတ်မိ၍သွားလေ၏။ သို့ရာတွင် လောကတွင် လူတူမရှား၊ နာမည်တူမရှားဘဲ . . . ငယ်ငယ်က ငါတို့ခိုင်းခဲ့တဲ့ ဘကွန်း ဆိုတာတော့ ဒါလောက်တောင် ကြီးပွားချမ်းသာဖို့ မရှိပါဘူးဟု အောက်မေ့နေပုံရ၏။

"အဒေါ်နဲ့ ဦးလေးတို့ ဒီအိမ်မှာ လွတ်လွတ်လပ်လပ် တည်းခိုကြပါနော်၊ ဘာမှ အားနာဖို့ မရှိပါဘူး" ဟု ပြောလိုက်လျှင် ဦးဘအေးသည် မရဲတရဲလေသံဖြင့် –

"ဒီကသူငယ် ... အင်း အင်း ... သူဌေးမင်းကို မြင်ဖူးသလိုလိုပဲ" ဟု မေးလေ၏။

"ဘယ်ကလာ မမြင်ဖူးဘဲ ရှိရမှာလည်း ဦးလေးရယ်၊ ဦးလေးတို့ အိမ်မှာတောင် . . . ကျွန်တော့်ကို ငယ်ငယ်တုန်းက ခေါ်ပြီးခိုင်းထားသေးတာပဲ"

"ဟင်"

"ဟောတော့"

ဦးဘအေးနှင့် ဒေါ်ပုတို့သည် အာမေဍိတ်သံများ ဖြစ်ပေါ်ကြလေ၏။ ထို့နောက် ဒေါ်ပုသည် ယုတ်ညံ့သော ဗီဇတစ်ခုကိုဖော်ပြလေတော့၏။

"တခြားလူမှတ်တယ်၊ လက်စသတ်တော့ မင်းကိုးကွယ့်၊ တိုက်ကြီးကလဲ ဟိန်းနေတာပါပဲ၊ ဒါပေမဲ့ အစေခံ တော့ တစ်ယောက်မှ မရှိပါလား" ဟူ၍ မဆီမဆိုင် အပြစ်တင်ခြင်းပြုလေ၏။ အမှန်စင်စစ်အားဖြင့် ဒေါ်ပုသည် သူ၏အိမ်၌ အခိုင်းအစေဖြစ်ခဲ့ဖူးသော ကျွန်ုပ်အား ဤသို့ ချမ်းချမ်းသာသာ ဖြစ်နေသည်ကို သူ၏မနောဌ်မနှစ်မြို့ခြင်းကို ဖော်ပြလိုက်ခြင်းဖြစ်၏။

ကျွန်ုပ်သည် နံရံမှ ပိုးကြိုးကလေးကို ထ၍ဆွဲလိုက်ရာ ထိုပိုးကြိုးကလေးသည် တိုက်နောက်ဖက်ရှိ အစေခံတန်းလျား၌ ခေါင်းလောင်းမြည်၍သွားသည့်ဖြစ်ရာ ယောက်ျား၊ မိန်းမအစေခံ ခုနစ်ယောက်တို့သည် တစ်ပြိုင်နက် ပြေး၍ဝင်လာကြလေ၏။

ဒေါ်ပုသည် အစေခံများ ပြေး၍ဝင်လာကြသည်ကိုပင် အထိတ်တလန့် ဖြစ်၍သွားလေ၏။ အစေခံများသည် ကျွန်ုပ်၏ရှေ့၌ ခါးကိုညွတ်၍ အမိန့်တစ်စုံတစ်ရာကို ငံ့လင့်စောင့်စား၍ နေကြစဉ်၌ –

"ဒေါ်ဒေါ် ဘာများခိုင်းရာရှိပါသလဲ ... အဲဒါတွေဟာ ကျွန်တော်ခေါ်ထားတဲ့ အစေခံတွေပါပဲ" ဟု ပြောလိုက်လေ၏။

ဒေါ်ပုသည် မည်သို့ပြောရမည်ကိုမသိပဲ အူကြောင်ကြောင်ဖြစ်ကာ –

"ဘာ ... ဘာ ... ဘာမှ ခိုင်းစရာမရှိပါဘူးတော် ... ရှင်" ဟု အယောင်ယောင်အမှားမှား ဖြေလိုက်လေတော့၏။

ထိုအခါ၌ ကျွန်ုပ်သည် ဦးကြက်ချေး ထမင်းချက် "အော်လီဗာ" အား –

"အော်လီဗာ ... စပယ်ရှယ်ဒင်နာတစ်ခု စီစဉ်ပေးပါ" ဟု အမိန့်ပေးလိုက်ရာ အော်လီဗာသည် အကြိမ်ကြိမ်ဆလံပေး၍ ထွက်သွားလေတော့၏။ အခြားအစေခံများကိုလည်း ပြန်၍ လွှတ်လိုက်လေတော့၏။

ကျွန်ုပ်သည် ကိုရင်ကြီးအား အိမ်၌ခေါ်ထားသည့်နေ့မှစ၍ အစေခံ အလုံအလောက် ငှားရမ်းခဲ့ပြီး ဖြစ်ပါသည်။

နံနက်နှင့် ညနေတိုင်း . . . အိမ်သာ လာ၍ ဆေးရသော မောင်သန်းအေးကိုလည်း ကိုရင်ကြီးသည် တွေ့တော့တွေ့၏။ သို့ရာတွင် ဦးဘအေး–ဒေါ်ပုတို့၏သားမှန်း မသိခဲ့ပေ။

ကျွန်ုပ်တို့သည် ဦးဘအေးတို့ လင်မယားနှင့်အတူ ရောက်တတ်ရာရာများကို ပြောဆိုလျက်ရှိကြလေ၏။ ဤနေရာ၌ ဒေါ်ပုသည် သူ၏သားအား စန်းတင်၍ ပြောဆိုလိုသေးသည်ဖြစ်ရာ –

"အဒေါ့်သား မောင်သန်းအေးလဲ ကောလိပ်ရောက်ပြီး ဆရာဝန်ဖြစ်အောင် ဆေးကျောင်းတက်ခိုင်းပါတယ်ကွယ်၊ ဒါပေမဲ့ အဒေါ့်သားက အနံ့အသက်နဲ့ပတ်သက်လာရင် နည်းနည်းကလေးမှ မရဘူးကွယ့်၊ အဲဒါနဲ့ ဆေးကျောင်းမတက်တော့ဘဲ ထွက်ပြီး ဝို့က်တဝေးတိုက်မှာ မန်နေဂျာကြီးလုပ်နေတယ်ကွယ့်၊ တစ်နေ့မှ ရုံးနှစ်ခါပဲတက်ရတယ်၊ မနက်တစ်ခါ ရုံးမှာသွားစစ်ဆေးတယ်၊ ညနေတစ်ခါသွားပြီးစစ်ဆေးတယ်၊ ဒါပဲ၊ သိပ်ကိုဟန်ကျတဲ့အလုပ်ပဲ၊ လခကလဲ ၄၀၀ိ ကျော်တောင်ရတယ်ကွယ့်"ဟု ချီးမွမ်းပြောဆိုလေ၏။ ကျွန်ုပ်ကလည်း အလိုက်သင့် အလျားသင့်လောက်သာ ပြောဆိုနေရလေ၏။

ညနေစာ စားကြသောအခါ၌ ကြီးကျယ်ခမ်းနားသော ထမင်းစားပွဲကြီးအားကြည့်၍ ဒေါ်ပုနှင့် ဦးဘအေးသည် မည်သည်ကစ၍ နှိုက်ရမှန်းမသိအောင် ဖြစ်၍နေသဖြင့် ကျွန်ုပ်က ဟင်းများ လိုက်၍ ထည့်ပေးရလေသေး၏။

ညနေစာ စားပြီးသောအခါ၌လည်း အဖျော်ယမကာချိုချဉ်ခဲဖွယ်များကို ကျွေးမွေးလိုက်သေး၏။ ထို့နောက် စားသောက်ပြီး အတော်အတန်ကြာသည့်အခါ၌ ကိုရင်ကြီးနေရာ ခေါင်းရင်းခန်းသို့သွားရောက်၍ စကားစမြည်ပြောကြလေ၏။ ဦးဘအေးနှင့် ဒေါ်ပုက

ထိုင်လျက်စကားပြော၏။ ကိုရင်ကြီးက ဝမ်းလျားမှောက်လျက်မှ စကားပြော၏။ ကျွန်ုပ်ကမူ ကိုရင်ကြီး၏ ခြေသလုံးများကို ဆုပ်နယ်ပေးရင်း စကားပြောရလေ၏။

နောက်တစ်နေ့ နံနက်၌ ဘုတာသို့ဆင်းရန် ခပ်စောစောပင် အိပ်ရာမှ ထကြလေ၏။ ကျွန်ုပ်သည် အိမ်သာသို့တက်ပြီးပြန်အထွက်၌ မောင်သန်းအေးသည် အိမ်သာသို့ဝင်၍ တံမြက်လှည်းခြင်း၊ ရေဆေးခြင်း၊ ကာဘော်လစ်ဆီဖျန်းခြင်းများကို ပြုလုပ်၍နေ၏။ ထိုအချိန်၌ပင် ဒေါ်ပုသည် အိမ်သာတက်ရန် ရောက်၍လာသော်လည်း အိမ်သာဆေးနေသောကြောင့် အပြင်၌ ခေတ္တ စောင့်ဆိုင်းနေရသေး၏။

မောင်သန်းအေးသည် ကာဘော်လစ်ဆီဖျန်း၍ အိမ်သာမှထွက်လာရာ ဒေါ်ပုနှင့် မျက်နှာချင်းဆိုင် ဆုံမိလေတော့၏။ ဤသို့ဆုံမိရန် ချိန်း၍ထားလျှင်ပင် ထိုသို့ဖြစ်နိုင်လိမ့်မည် မဟုတ်ရကား လွန်စွာချိန်သားကိုက်လှသည်ဟု ဆိုနိုင်လေ၏။

"ဟင် … အမေ"

"ဟင် … သား၊ မင်း … မင်း ဒီမှာ အိမ်သာ လာဆေးနေရတယ် … ဒါနဲ့ ဂိုက်တဝေးတိုက်မှာ မန်နေဂျာကြီးဆို … အောင်မလေး … လူလေးရဲ့"

ဒေါ်ပုသည် အံ့သြခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ရှက်ခြင်း စသော စေတသိက်တို့ကြောင့် အရုပ်ကြိုးပြတ် လဲကျသွားလေတော့၏။

ထိုအခါ၌ မောင်သန်းအေးသည် ကာဘော်လစ်ဆီပုလင်းကို လွှတ်၍ချကာ ဒေါ်ပုအား ပြေး၍ပွေ့၏။ ဦးဘအေးနှင့် ကိုရင်ကြီးလည်း ရောက်၍ လာကြလေ၏။ အစေခံများလည်း ရောက်လာကြပြန်၏။ ကျွန်ုပ်သည် မလှမ်းမကမ်း၌ပင် အဖြစ်အပျက်ကို လက်ပိုက်ကို လက်ပိုက်၍ ကြည့်နေမိလေ၏။

ဒေါ်ပုကို ဝိုင်း၍ နှာနှပ်ခြင်း၊ ခြေမ ချိုးခြင်းပြုလုပ်ကြသည့်အခါ၌ဒေါ်ပုသည် ပြန်လည်၍ သတိရလာပြီးလျှင် ကျွန်ုပ်ဘက်သို့ကာ …

"ဒီမှာ မောင်ဘကွန်းရဲ့၊ မင်းက အဒေါ့်သားလေးကို အိမ်သာဆေးတဲ့အလုပ်မှ ခိုင်းရသလားကွယ်၊ ရက်စက်လှချေလား" ဟု လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလေ၏။

ကျွန်ုပ်သည် လက်ပိုက်လျက်ပင် တစ်လှမ်းချင်း ရှေ့သို့တိုးသွားပြီးလျှင် ဒေါ်ပု၏မျက်နှာကို သေသေချာချာကြည့်လိုက်၏။ ကိုရင်ကြီးအပါအဝင် လူအားလုံးသည်လည်း ကျွန်ုပ်ကို အာရုံစိုက်၍ ကြည့်နေကြလေ၏။

"ရက်စက်တယ်လို့ အဒေါ်ထင်သလား"

"ဒါကို ရက်စက်တယ်လို့မခေါ်ရင် ဘယ်ဟာကို ရက်စက်တယ်လို့ခေါ်ရမှာလည်း မောင်ဘကွန်းရဲ့"

"ဟား … ဟား … ဟား ပြန်ပြီးစဉ်းစားစမ်းပါဦး၊ ရှစ်နှစ်ကိုးနှစ်သားအရွယ်ရှိသေးတဲ့ ဘကွန်းဆိုတဲ့ မိဘမဲ့ကလေးတစ်ယောက်ကို အိမ်သာအောက်ကိုဝင်၊ ချေးတွေပြည့်လျှံနေတဲ့ ချေးဇလားကြီးကို အရွှေ့ခိုင်း၊ အိမ်သာအခင်းပျဉ်တွေ ပြန်ပြီး သံရိုက်ခိုင်း၊ အဲဒီကလေးဟာ ရွံလွန်းလို့ ပျို့ပျို့ပြီးအန်နေတာကိုတောင် အသိအမှတ်မပြုဘဲ ကိုယ်ခိုင်းချင်တာကို ခိုင်းခဲ့တယ်၊ ချေးတွေပေကုန်လို့ ရေချိုးပါရစေဆိုတော့ ရေချိုးခွင့်မပေးဘဲ မြစ်ထဲမှာ သွားချိုးခိုင်းခဲ့တယ်၊ အဲဒါကျတော့ မရက်စက်ဘူးလား၊ အဲဒီကလေးကို မတရားခိုင်းပြီး လုပ်ခအဖြစ် ဘယ်လောက်များပေးခဲ့လိုလဲ၊ ထမင်းကြမ်းခဲလေးပေါ်မှာ ငါးပိရည်လေးဆမ်းပေးထားတာကလေးကိုပဲ အဲဒီကလေး ရခဲ့တယ်မဟုတ်လား၊ အခုကျုပ်က မောင်သန်းအေးကို ဒီလို မတရားခိုင်းတာ မဟုတ်ဘူး၊ သူဟာ အသက် ၂၀ ကျော်နေပြီ၊ စဉ်းစားတတ်နေပြီ၊ ဒီအိမ်သာဆေးတဲ့အလုပ်ကို လုပ်နိုင်ပါ့မလားလို့ မေးသေးတယ်၊ သူကိုယ်တိုင်က လုပ်နိုင်ပါတယ်ဆိုမှ ခိုင်းတာ၊ ပြီးတော့ ပေးထားတဲ့လခကလဲ မြို့ပိုင်မင်းရတဲ့ လခလောက်ပေးထားတာကိုး၊ ရက်စက်တယ်လို့ ကျုပ်တော့မထင်ဘူး၊ ခင်ဗျားတို့ ကိုယ်က မတရားလုပ်ရရင်တော့ ကျေနပ်လို့၊ ကိုယ်ခံရတဲ့ အခါကျတော့မှ ရက်စက်လှချေလား၊ ဘာလားဆိုတဲ့ ကိုယ်ကချည်း အသာယူချင်တဲ့ လူတစ်ဖက်သတ်တွေကို ဆုံးမဖို့ ကျုပ်မှာ တာဝန်ရှိတယ်"

ဒေါ်ပုရော ဦးဘအေးပါ ငြိမ်ကျသွားလေ၏။ မောင်သန်းအေးမှာမူ ခေါင်းငိုက်စိုက်ချလျက် မျက်ရည်များ ကျ၍ နေလေ၏။ ကိုရင်ကြီးမှာ ယခုအခါမှပင် အဖြစ်အပျက်တစ်ခုလုံးကို သဘောပေါက်သွားပုံရလေ၏။ သို့ရာတွင် တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမပြုပေ။ ဤသို့ ပြောဆိုခြင်းမပြုသည်ကိုပင် ဒေါ်ပုက မကျေမချမ်းဖြစ်ကာ –

"အမယ်လေး ကိုရင်ကြီးရဲ့ ... နည်းနည်းကလေးမှ ဝင်ပြီးမပြောတော့ဘူးလား၊ နေနိုင်လှချည်လားတော့" ဟု ကိုရင်ကြီးကို ရင်ဘတ်စည်တီး အော်ဟစ်ကာ အပြစ်တင်လေ၏။

"ဒါက ဝင့်လိုက်တဲ့ကိစ္စပဲ၊ ကျုပ်ဝင်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြီးတော့ ဘကွန်းဟာ ကျုပ်တပည့်ဆိုပေမယ့် သူ့အလုပ်ကိစ္စထဲမှာ ဝင်မရှုတ်သင့်ဘူး ဒကာမကြီးရဲ့"

"တော်ပါတော့ ... တော်ပါတော့ ... တစ်ကျိပ်တည်း တစ်ဉာဏ်တည်းတွေပါပဲ"

ဒေါ်ပုက ထိုသို့ပြောလိုက်လျှင် ဦးဘအေးကပါ ...

"ပြောမနေပါနဲ့ မပုရာ၊ ဟော့ ... သား၊ ပြီးတာတော့ ပြီးပါစေတော့၊ အခုပဲ ဒီအလုပ်ကထွက်ကွာ၊ သွားကြမယ်" ဟု ဆိုလိုက်လျှင် မောင်သန်းအေးသည် တုန်တုန်ယင်ယင်အသံဖြင့် . . .

"မဟုတ်ဘူး အဖေ"

"ဘာမဟုတ်တာလဲ သားရဲ့"

"ခြောက်လမပြည့်သေးဘဲ အလုပ်ကထွက်ရင် ခြောက်လစာအတွက် နှစ်ဆပြန်ပြီးလျော်ပါ့မယ်လို့ စာချုပ်ထားတယ်အဖေ"

"ဟေ ... ဒီမှာ ဘကွန်း၊ မင်းက သေသေချာချာစီစဉ်ပြီးမှ ယုတ်မာတာပဲ၊ ငါတို့ကိုချိုးတာပဲ၊ ဒါဟာ ဂျင်တယ်လ်မင်းတွေမလုပ်ဘူး၊ လိုဖာ(ကြမ်းပိုးသူခိုး)တွေလုပ်တဲ့ အလုပ်မျိုးပဲ ထို့"

"ဟား ... ဟား ... ဟား၊ လက်စားချေတယ်ဆိုတာ တရားမျှတအောင်လုပ်ခြင်းတမျိုးပါပဲ ဦးဘအေး၊ ပထမ ကျုပ်ကို ချေးကျုံးခိုင်းခဲ့ကြတယ်၊ အခု ကျုပ်က ပြန်ပြီး ချေးကျုံးခိုင်းတယ်၊ မမျှတဘူးလား၊ ခင်ဗျားတို့က ကျုပ်ချည်းပဲ ချေးကျုံးနေမှ တရားတယ်လို ပြောမှာလား၊ ဒါပေမဲ့လို ဘကွန်းသဘောထားကြီးကြောင်းတော့ ပြလိုက်မယ်"

ကျွန်ုပ်သည် တိုက်အတွင်းသို့ ပြေး၍ဝင်သွားကာ မောင်သန်းအေး၏ စာချုပ်ကို ယူခဲ့ပြီးလျှင် . . .

"ဒီမှာ မောင်သန်းအေး လက်မှတ်ထိုးတဲ့စာချုပ်၊ ဒီစာချုပ်ကို ဖျက်ဆီးပစ်လိုက်ပါ့မယ်၊ ခင်ဗျားတို့ တစ်ခါတည်း ဒီခြံထဲက ထွက်သွားကြပါ" ဟု ပြော၍ ကျွန်ုပ်သည် စာချုပ်ကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲ၍ မောင်သန်းအေးအား ဂျာဒူးဝါလားဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်လေတော့၏။

ထိုအချိန်၌ ကိုရင်ကြီးလည်း အနီးအနား၌ အရှိတော့ပေ။ ကျွန်ုပ်သည် တိုက်အပေါ်ထပ်သို့ တက်၍ သွားပြီးသည်နှင့် ဆင်ဝင်ပေါ်မှနေ၍ ကန်တော်ကြီးဘက်သို့ ငေးမောနေမိလေ၏။

ဒေါ်ပုအား ဦးဘအေးနှင့် မောင်သန်းအေး တို့သည် တစ်ဖက်တစ်ချက်မှတွဲ၍ ခြံအတွင်းမှ ထွက်ခွာ၍သွားကြသည်ကို ကျွန်ုပ်သည် လက်ပိုက်၍ ကြည့်နေမိရာမှ လူတို့၏ တစ်ဖက်သတ် အနိုင်ယူလိုမှုစိတ်ဓာတ်၊ကိုယ်က အနိုင်ရသည့်အခါ၌ ကျေနပ်နှစ်သိမ့်ကြသော်လည်း အရှုံးခံရသောအခါ၌ မခံနိုင်သော စိတ်ဓာတ်တို့၏ မြစ်ဖျားခံရာ "အောက်တန်းကျသောစိတ်ဓာတ်" ကို ကွင်းကွင်းကွက်ကွက် တွေ့မြင်ရလေတော့၏။ ထို့နောက် လူဆိုသော သတ္တဝါတို့သည် သက်ရှိသတ္တဝါတို့အနက် နိုင့်ထက်စီးနင်းအကျဆုံး သတ္တဝါမျိုးလည်း ဖြစ်ပေသည်။

ကျွန်ုပ်သည် ထိုနေ့က မှတ်စုစာအုပ်၌ အောက်ပါအတိုင်း မှတ်သားထားမိလေ၏။ –

**လူတွေ တရားသလား .... လူက ကျားကိုသတ်တော့ အမဲလိုက်တယ်လို့ ဆိုကြတယ်။ ကျားက လူကိုကိုက်တော့ ကျားဆိုးတယ်လို့ ခေါ်ကြတယ် မဟုတ်လား .... ။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ပ်နှင့် ရက်စက်မှု

ကျွန်ပ်သည် ချောက်မြို့မှ ကိုတင်ဝင်း၏ ကုန်ဖိုးငွေပေးသွင်းသောစာရင်းကို မန်နေဂျာမှတစ်ဆင့် တောင်းယူကြည့်ရာ ငွေငါးထောင် ကုန်ဖိုးများကို တစ်ပြားတစ်ချပ်မျှပင် ပေးသွင်းခြင်းမရှိသည်ကို တွေ့ရသဖြင့် အရောင်းမန်နေဂျာကိုခေါ်ယူ၍ –

"ကဲ ... မန်နေဂျာကြီး၊ ဟောဒီလူကိုတော့ ဝတ်လုံနဲ့တိုင်ပင်ပြီး တရားစွဲပေတော့၊ ဖြစ်နိုင်ရင် တစ်ခါတည်းဖမ်းချုပ်နိုင်အောင် ကြိုးစားပေတော့" ဟု ညွှန်ကြားလိုက်ရာ စစ်ခရာသံကိုကြားသော စစ်မြင်းကဲ့သို့ အရောင်းမန်နေဂျာသည် သွက်လက်ပေါ့ပါးစွာ အခန်းတွင်းမှ ထွက်၍သွားလေ၏။

အထက်ပါအတိုင်း ညွှန်ကြားပြီး သုံးရက်မြောက်သောနေ့၌ ချောက်မြို့မှ မောင်တင်ဝင်းအား အလွဲသုံးစားမှုဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ကျွန်ပ်အား အကြောင်းကြားလေတော့၏။ ကျွန်ပ်သည် ထိုသတင်းကို ရလျှင်ရခြင်း ချောက်မြို့သို့ လိုက်၍ သွားလေ၏။

ချောက်မြို့ရှိ ကျွန်ပ်၏ဆိုင်ခွဲများမှတစ်ဆင့် ပုဏ္ဏားဘကွန်းကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးပုဏ္ဏားဘကွန်း လာမည်ဆိုသည့်သတင်းသည် မြို့လုံးကျွတ်ပျံ့နှံ့၍သွားလေတော့၏။ ကျွန်ပ်သည် ချောက်မြို့သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ... ကိုတင်ဝင်းကိုချုပ်ထားသော ဂါတ်တဲသို့ လိုက်၍သွားရာ ... ကိုတင်ဝင်းမိန်းမ မခင်ရီ၊ သူ့၏ အစ်မ မတင်ရီ (ကျွန်ပ်၏ ကိတ်မုန့်ဆိုင်ခွဲပိုင်ရှင်) တို့နှင့်ပက်ပင်းတိုးလေတော့၏။

ထိုညီအစ်မနှစ်ဦးသည် ကျွန်ပ်အား တွေ့ဖူးသလိုလိုရှိသည်ဟူသော အမှတ်ဖြင့် စူးစူးဝါးဝါး ကြည့်ရှုကြလေ၏။ ပုလိပ်အင်စပိတ္တော်တစ်ဦးက ကျွန်ပ်အား . . . ခရီးဦးကြိုပြုပြီးလျှင် ကိုတင်ဝင်းကိုချုပ်ထားသော အချုပ်ခန်းဆီသို့ ခေါ်ဆောင်၍ ပြလေ၏။

"သူဌေးမင်း ... အခုတော့ ဖိုးတွမ်တီးနဲ့ပဲ ဆွဲထားတာပါ" ဟု ပုလိပ်အင်စပိတ္တော်က ရှင်းပြလေ၏။

"ငွေငါးထောင်စလုံး သုံးပစ်တယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်၊ တစ်နေရာရာမှာများ သိမ်းထားသေးသလားလို့ ကျုပ်သိချင်ပါတယ်"

"ကျွန်တော်တို့လဲ ဒီလိုပဲ ထင်ပါတယ်၊ ဒါကြောင့်စစ်နေတာပဲ"

"ပါးစပ်နဲ့စစ်လို့တော့ ပေါ်မှာမဟုတ်ဘူး အင်စပိတ္တော်မင်း၊ ရိုက်စစ်ဖို့လိုမယ်ထင်တယ်"

ထိုအခါ အချုပ်ခန်းအတွင်းမှ ကိုတင်ဝင်းသည် ကျွန်ပ်အား ဆတ်ကနဲ မော့်၍ကြည့်လိုက်လေသည်။ မခင်ရီကမူ လက်တွင်းမှ ထမင်းချိုင့်ကိုပစ်ချ၍ ကျွန်ပ်၏ခြေထောက်ကို ပြေး၍ဖက်ပြီးလျှင် –

"အနီထောင်ကစားပစ်တာပါရှင်၊ တစ်ပြားမှမကျန်ပါဘူး၊ ရိုက်ပြီးတော့ မစစ်ကြပါနဲ့" ဟု တောင်းပန်လေ၏။

ကျွန်ုပ်သည် မခင်ရီ၏စကားကို လုံးဝအသိအမှတ်မပြုဘဲ အင်စပိတ္တော်ဘက်သို့လှည့်ကာ အင်္ဂလိပ်ဘာသာဖြင့် ...

"ဟောဒီငွေငါးရာဟာ အင်စပိတ္တော်မင်းကို ကျုပ်က ဆုပေးတာပါ၊ ဒီကောင့်ကို အခုပဲ ရိုက်ပြီးစစ်ပါ၊ အခုလို ရိုက်နှက်စစ်လို့ ခင်ဗျားအလုပ်ထိခိုက်မယ်ဆိုရင် ကျုပ်ကုမ္ပဏီမှာ ခင်ဗျား အခုရတဲ့လခထက် နှစ်ဆပိုပေးပြီး မန်နေဂျာ ခန့်ထားမယ်၊ ဒီကောင့်ကိုတော့ မညှာပါနဲ့" ဟု ကျွန်ုပ်လိုချင်သည်ကို တည့်တည့်ပင်ပြောလိုက်ရာ ငွေတော်လှသော အင်စပိတ္တော်လည်း "အိုကေ" ချင်းကို မိုးမွှန်သွားအောင် အဖြေပေးပြီးနောက် ကိုတင်ဝင်း၏မိန်းမနှင့် မရီးကို အပြင်သို့ ပုလိပ်တစ်ယောက်အား ခေါ်ထုတ်သွားစေပြီးလျှင် ... ကိုတင်ဝင်း၏ ခြေသလုံးပေါ်သို့ ပုလိပ်တစ်ယောက်အား မျဉ်းလုံးဖြင့် လိုမ့်စေလေတော့၏။

ကိုတင်ဝင်းသည် နာကျင်လွန်းသဖြင့် အသံကုန်ဟစ်၍ အော်လေတော့၏။ ခေတ္တ အနားပေးလိုက်သောအခါ၌ ကျွန်ုပ်အား အောက်ပါအတိုင်း အသနားခံလေတော့၏။

"သူဌေးမင်းရယ် ... အနီထောင်ရှုံးပစ်တာပါခင်ဗျာ၊ တစ်ပြားမှချန်ထားတာ မရှိပါဘူး၊ နာလှပါပြီခင်ဗျာ၊ ချမ်းသာပေးတော်မူပါ"

"ဟား ဟား ... ချမ်းသာပေးပါ၊ ဟုတ်လား၊ ဒီမှာ ကိုတင်ဝင်း စိန်လက်စွပ်ကို မခိုးဘဲနဲ့ ခိုးပါတယ်ဆိုပြီး ... ကျုပ်ကို ဟောဒီ အချုပ်ခန်းထဲမှာ ရိုက်ခဲ့တုန်းကတော့ သိပ်ကောင်းတယ်ပေါ့၊ ဟုတ်လား" ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုတင်ဝင်းသည် ကျွန်ုပ်အား သေသေချာချာ မော့်၍ကြည့်ပြီးလျှင် အံ့အားသင့်၍သွားလေ၏။ ကျွန်ုပ်ကိုလည်း ကောင်းစွာမှတ်မိသွားလေပြီ။

ထိုအချိန်၌ ... မခင်ရီနှင့် မတင်ရီတို့လည်း ငိုယိုလျက် အချုပ်ခန်းအနီးသို့ ပြန်၍ ရောက်လာကြလေတော့၏။

"ကိုဘကွန်းရယ် ... ကျွန်မတို့က ကျူးလွန်မိတာရှိရင်လဲ ခွင့်လွှတ်ပါရှင်၊ ကျွန်မတို့နောင်တရပါပြီ"

"ဟား ဟား ဟား ... နောင်တရပါပြီ ဟုတ်လား၊ အဲဒါပေါ့ဗျ၊ လောကနီတိမှာ **ပုရိသာနံ–ယောကျ်ားတို့အား၊ နမညာထ–မထိမဲ့မြင် မပြုကုန်ရာ** လို့ ဆိုထားတာပေါ့ဗျာ . . . ကိုယ့်အိမ်မှာ ထမင်းကျန် ဟင်းကျန်လေးစားပြီး ရေထမ်းအဝတ်လျှော်လုပ်နေရတဲ့ အကောင်ပဲဆိုပြီး လက်စွပ်ကို မခိုးရဘဲ ခိုးတယ်ဆိုပြီးဝိုင်းရိုက်ကြတယ်၊ အချုပ်ခန်းထဲ ပို့ကြတယ်၊ အခုကြည့်စမ်း မခင်ရီ၊ ခင်ဗျားယောကျ်ား ကိုတင်ဝင်းဟာ ကျုပ်ရဲ့ ငွေ ၅၀၀၀ ကို အနီထောင်ကစားပစ်လိုက်ပြီ၊ အဲဒါကျတော့ အချုပ်ခံရမှာ အရိုက်ခံရမှာ ကြောက်နေကြပြီ မဟုတ်လား၊ ဟား ဟား ဟား"

ကျွန်ုပ်သည် ထိုသို့ပြောပြီးနောက် တိုက်ပုံအင်္ကျီအိတ်ထဲတွင် လက်နှစ်ဖက်ကိုထည့်ကာ တစ်လှမ်းချင်း လှမ်း၍ အင်စပိတ္တော်၏ရုံးခန်းဆီသို့ လျှောက်၍သွားလေ၏။ မခင်ရီနှင့်မတင်ရီတို့လည်း ကျွန်ုပ်၏နောက်သို့ တကောက်ကောက်ကပ်၍ပါလာပြီးလျှင် ရုံးခန်းအတွင်း၌ ကျွန်ုပ်ထိုင်လိုက်သောအခါ၌ မခင်ရီသည် ကျွန်ုပ်၏ခြေသလုံးကို လာ၍ဖက်ပြန်က–

"ကိုဘကွန်းရယ် ... ကျွန်မတောင်းပန်ပါတယ်ရှင်" ဟု တောင်းပန်ပြန်လေ၏။ ထိုအချိန်၌ပင် အချုပ်ခန်းဆီမှ –

"အမယ်လေးဗျ ... အမယ်လေးဗျ ... သေပါပြီဗျ" ဟူသော ကိုတင်ဝင်း၏ ငယ်သံပါအောင် အော်လိုက်သောအသံကို ကြားရလေ၏။ ထိုအခါ၌ မခင်ရီနှင့် မတင်ရီတို့သည် အချုပ်ခန်းဆီသို့ ပြေး၍သွားလေ၏။

တစ်အောင့်မျှကြာလျှင် သူတို့နှစ်ဦးသည် ကျွန်ုပ်ဆီသို့ ပြေး၍လာပြန်ပြီးလျှင်–

"အမယ်လေး ကိုဘကွန်းရဲ့ ... ဒီအတိုင်းဆိုရင် ကျွန်မယောကျ်ား သေရပါလိမ့်မယ်ရှင်၊ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မတို့ ကိုဘကွန်းအပေါ်မှာ မတရားပြုခဲ့ကြပါတယ်၊ နိုင့်ထက်စီးနင်း လုပ်ခဲ့ဖူးပါတယ်။ အဲဒါတွေကို တောင်းပန်ပါတယ်၊ ဝန်ချပါတယ်"ဟု ငိုယို၍ ကျွန်ုပ်၏ ခြေထောက်ကိုဖက်ကာ တောင်းပန်လေ၏။ ထိုအချိန်၌ ကိုတင်ဝင်းအား ရိုက်နှက်သောပုလိပ် ရောက်လာပြီးလျှင် သူ၏အင်စပိတ္တော်အား ဆလံပေး၍–

"ဆရာ ... ဟိုကောင်တော့ သတိလစ်သွားပြီ" ဟု ပြောလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏မန်နေဂျာအား အင်္ဂလိပ်ဘာသာဖြင့် "အဲဒီပုလိပ်ကို ငွေနှစ်ရာ ဆုချလိုက်" ဟု ပြောလိုက်၏။ထို့နောက် ထိုပုလိပ်ကို –

"ကဲ ... အချုပ်ခန်းကိုသွား၊ သတိပြန်ပြီးရလာရင် ဒီကိုခေါ်ခဲ့" ဟု ကျွန်ုပ်က ပြောလိုက်လျှင် ပုလိပ်လည်း အချုပ်ခန်းသို့သွားပြီးနောက် တစ်အောင့်မျှကြာလျှင် ကိုတင်ဝင်းကို ကျွန်ုပ်တို့ထံသို့ တွဲ၍ ခေါ်ခဲ့လေ၏။ မခင်ရီသည် သူ၏ယောကျ်ားအား ပြေး၍ကူညီ တွဲယူရှာလေ၏။

"ဟဲ ဟဲ ... ဘယ်လိုလဲ ကိုတင်ဝင်း" ဟု ကျွန်ုပ်က မေးလိုက်ရာ ကိုတင်ဝင်းသည် မျက်ရည်များ တွေတွေစီးကျလာ၍ –

"ကိုဘကွန်း မကျေနပ်ရင် ကျွန်တော့်ကို ထောင်ချပစ်ပါဗျာ၊ ထပ်ပြီးတော့ မနှိပ်စက်ပါနဲ့တော့" ဟု အသံတိုးတိုးကလေးဖြင့် ပြောလေ၏။

"ကောင်းပါပြီ၊ တစ်ခါတုန်းက ကျုပ်ကိုနှိပ်စက်ခဲ့တာ အခုလိုပဲ ကျုပ်ဟာ သေမတတ် ခံစားရလိမ့်မယ်ဆိုတာ ကိုယ်ချင်းစာတတ်ပြီလား"

"စာတတ်ပါပြီခင်ဗျာ၊ ကျွန်တော်တို့ မှားပါတယ်" ဟု ဆိုကာ ထိုင်၍ ရှိခိုးလေတော့၏။

"ကဲ ... ကောင်းပြီ၊ အင်စပိတ်တော်မင်း၊ ဒီအမှုကို ကျုပ်အနေနဲ့ ပိတ်လိုက်ပါတော့မယ်" ဟု ပြောလိုက်ရာ အင်စပိတ်တော်က ရိုသေစွာခေါင်းညိတ်၍ သူ၏လက်အောက်မှ အရာရှိအားအမှုပိတ်ပစ်ရန် အမိန့်ပေးလိုက်လေ၏။

"ကဲ မန်နေဂျာကြီး၊ ကိုတင်ဝင်းဆေးကုဖို့ ငွေတစ်ထောင်ထုတ်ပေးလိုက်ပါ၊ ခင်ဗျားတို့ ပြန်နိုင်ပါပြီ၊ ခင်ဗျားတို့အနေနဲ့ ကိုယ့်အမှားကို ကိုယ်ဝန်ခံတာကိုပဲ လိုချင်ပါတယ်၊ ကိုတင်ဝင်းအနေနဲ့ ပြီးတာတော့ပြီးပါစေ၊ ဒါမျိုး နောက်ထပ်မလုပ်ဘူးဆိုရင် ခင်ဗျားဆိုင်ကိုလဲ မပိတ်ပါဘူး၊ ကုန် ဆက်ပြီးတင်ပေးပါ့မယ်"

"အောင်မလေး ကျေးဇူးတင်လိုက်တာ ကိုဘကွန်းရယ်" ဟု ဆိုကာ ကိုတင်ဝင်းတို့လင်မယားသည် ကျွန်ုပ်အား ထပ်မံ၍ ကန်တော့ကြပြန်၏။

"မတင်ရီဆိုင်လဲ ချဲ့ချင်ရင် ဒီမန်နေဂျာကြီးကို ပြောပေါ့၊ လိုတာရှိရင်၊ အရေးကြီးတာရှိရင်တော့ ကျုပ်ဆီကို တိုက်ရိုက်ဆက်သွယ်ပါ၊ ကဲ ... ကျုပ်သွားမယ်" ဟုဆိုကာ ကျွန်ုပ်သည် ထိုနေရာမှ ထွက်၍ လာခဲ့လေ၏။ မတင်ရီနှင့် မခင်ရီတို့က "ထမင်းကျွေးလိုက်ပါရစေဦး၊ မပြန်ပါနဲ့ဦး" စသည်ဖြင့် ကျွန်ုပ်အား ပြောဆိုကြလေ၏။ ကျွန်ုပ်ကမူ မစားလိုကြောင်း၊ ယခုပင် ပြန်တော့မည်ဖြစ်ကြောင်း ပြောဆို၍ ထွက်ခဲ့လေ၏။

ဂါတ်တဲရှေ့အရောက်တွင် ကျွန်ုပ်ကုမ္ပဏီမှ ဆိုင်ခွဲတစ်ခုထောင်ပေးထားသော ပင်စင်စား စာရေးကြီး ဦးလှထွန်းက လာရောက်နှုတ်ဆက်လေ၏။ ထို ဦးလှထွန်းမှာ ... တစ်ခါက သူ၏အိမ်၌ ကျွန်ုပ်သည် အဝတ်ဟောင်းများ လျှော်ဖွတ်ခဲ့ရဖူးသော ဦးလှထွန်းပင် ဖြစ်လေ၏။ ဦးလှထွန်းဆိုင်နှင့် ပတ်သက်၍ လိုအပ်တာရှိလျှင် မန်နေဂျာကြီးနှင့် တိုင်ပင်စီစဉ်ရန် မှာကြား၍ ငယ်စဉ်က ကျွန်ုပ်ပန်းကန်ဆေးအလုပ်လုပ်ခဲ့ရသော အကျောက်ခေါက်ဆွဲဆိုင်သို့ သွားရောက်ကာ ဆိုင်ရှင် အကျောက်ကိုလည်းကောင်း၊ သူ၏ မိန်းမ ဒေါ်ကြည်ကိုလည်းကောင်း နှုတ်ဆက်ခြင်းပြုရလေ၏။

"အမယ်လေးတော် ... သူဌေးကြီး ပုဏ္ဏားဘကွန်းဆိုလို့ ဘယ်သူများလဲ အောက်မေ့တယ်၊ လက်စသတ်တော့ ငကွန်းကိုကွယ့်၊ အေးကွယ် ... အခုလို ချမ်းချမ်းသာသာတွေ့ရတာ ဝမ်းသာပါတယ်ကွယ်" ဟု ဒေါ်ကြည်က ပြောလေ၏။

ကျွန်ုပ်သည် မန်နေဂျာကြီးအား ထားခဲ့ပြီးနောက် ထိုနေ့ညတွင်ပင် ပြန်ခဲ့လေတော့၏။

ကျွန်ုပ်အဖို့ မခင်ရီတို့လူစုအား အနိုင်ယူလိုက်နိုင်ခြင်းသည် ကြီးစွာသော အောင်မြင်မှုဟု ဆိုနိုင်လေသည်။ အနိုင်ရနေပါလျက် ကိုတင်ဝင်းအား အဘယ်ကြောင့် ဆက်လက်၍ အနိုင်မယူရသနည်းဆိုမူ ကျွန်ုပ်အနေနှင့် နိုင်ပြီးဖြစ်သောသူကို အနိုင်ဆက်၍ ယူရက်လောက်အောင် ရက်စက်သောစိတ်ဓာတ်မျိုး မရှိခြင်းကြောင့်ပင်ဖြစ်၏။

ကျွန်ုပ် . . . ဤသို့ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ရသည့်အကြောင်းတွင် သူတို့လူစုသည် အရေးကြီးသောအချက်၌ပါဝင်လေ၏။ ကြီးမားသောဗုံးကြီးပေါက်ကွဲရန်အတွက် သေးငယ်သော စနက်တံကလေးသည် အရေးကြီးဘိသကဲ့သို့ တစ်ခါက မခင်ရီတို့လူစုက ကျွန်ုပ်အား ရက်စက်လိုက်ကြခြင်းပင်လျှင် ကျွန်ုပ်အား သူဌေးကြီးတစ်ဦးဖြစ်ရန် တိုက်တွန်း၍ ပို့ခဲ့သည် မဟုတ်ပါလား။

**လူတွေဟာ တိရစ္ဆာန်လိုရက်စက်မှ ဦးညွတ်ချင်ကြတယ်။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ုပ်နှင့် ကုံကူဆံကလေးတစ်တုံး

ချောက်မြို့မှ ကျွန်ုပ်ပြန်လာပြီး နောက်တစ်နေ့၌ ကျွန်ုပ်သည် ကန်တော်ကြီးစောင်း၌ အညောင်းပြေ လမ်းလျှောက်ရာမှ ခြံတွင်းသို့ ပြန်၍ဝင်ခါနီးတွင် တစ်စုံတစ်ယောက်က –

"ဟေး အိုင်ဆေး ကိုဘကွန်း . . . ယူ့ကိုတွေ့ချင်နေတုန်းလာတွေ့ရတာ အိုင်အလွန်ပဲ ဝမ်းသာတယ်၊ ဟဲ … ဟဲ" ဟု ဆိုလိုက်သဖြင့် ကြည့်လိုက်ရာ မြယဉ်၏အစ်ကိုဝမ်းကွဲ ကိုဘိုကေဆိုသူဖြစ်ကြောင်း သိရလေတော့၏။

"သြော် … ကိုဘိုကေပါလား"

"ဟုတ်ပါတယ်ဗျ၊ ဘိုကေပါ၊ ခင်ဗျားကို သိပ်ပြီးတွေ့ချင်နေတဲ့ ဘိုကေပါ"

"ဘာဖြစ်လို့တွေ့ချင်နေရတာလဲ"

"ပြောစရာတွေ ရှိလို့ပေါ့"

"ဘာတွေများ ပြောစရာရှိလို့လဲ"

'ကျုပ်တို့တစ်ရွာလုံးက ပထမတော့ ခင်ဗျားကို မြယဉ်ကို ဖျက်ဆီးတဲ့လူဆိုပြီး အော့နှလုံးနာနေကြတာ၊ ကိုကျော်ဝင်းတို့လူစုက ခင်ဗျားကို ရွာသားတွေနဲ့ဝိုင်းပြီးရိုက်လို့ ဆေးရုံတက်ရတယ်မဟုတ်လား၊ ဆေးရုံကဆင်းတော့ လူတစ်ယောက်က ဓားနဲ့လာပြီးထိုးတယ်မဟုတ်လား၊ အဲဒါ မြယဉ်ကို တစ်ဖက်သတ်ပိုးနေတဲ့ ငကျွဲဆိုတဲ့အကောင်လေ၊ ဒီကောင်က ရွာပြန်လာပြီး မြယဉ်ကို အဖြစ်အပျက်ပြောပြတော့ …"

"ဘယ်လိုအဖြစ်အပျက်ပြောပြတာလဲဗျ"

"မြယဉ် နင့်ကို ကလေးတစ်ယောက်ရမှ ပစ်သွားတဲ့ကောင်လေ၊ ဆေးရုံမှာ မသေဘူးဆိုတာသိလို့ ငါသွားသတ်သေးတယ်၊ ဒီကောင်ထွက်ပြေးသွားတယ်ဟ၊ ထပ်ပြီးစုံစမ်းပြီး ငါသတ်ဦးမယ်လို့ ပြောတာကိုဗျ၊ အဲဒီတော့မှ မြယဉ်က ချုံးပွဲချပြီးငိုတော့တာ၊ ငါ့ကိုစော်ကားတာ အစ်ကိုဘကွန်းမဟုတ်ဘူးဟဲ့၊ ကျော်ဝင်း … ကျော်ဝင်း သိရဲ့လား လို့ပြောပြီး ခင်ဗျားဘယ်လောက် အနစ်နာခံသလဲဆိုတာကို ရှင်းလဲပြလိုက်ရော ငကျွဲဟာ ဘာမပြော ညာမပြောနဲ့ စက်သူဌေးကိုကျော်ဝင်းကို အိမ်ပေါ်တက်ပြီး ဓားနဲ့ခုတ်ပါလေရောဗျာ"

"ဟင် … ကိုကျော်ဝင်း သေသွားကောလား"

"ဘယ်ကလာ သေရမှာလဲ . . . ကိုကျော်ဝင်း ထပြေးလို့ သီသီကလေးလွတ်သွားတယ်ဗျို့"

ကျွန်ုပ်က ကိုကျော်ဝင်း သေသွားကောလားဟု အရေးတကြီး မေးလိုက်ရခြင်းမှာ ကိုကျော်ဝင်းသေသွားမည်ကို စိုးရိမ်၍မဟုတ်ပေ။ ကျွန်ုပ်အနေနှင့် လက်စားမချေလိုက်ရမည်စိုး၍ဖြစ်၏။

"အင်း … ဆက်စမ်းပါဦး ကိုဘိုကေ"

"ဆက်ဆို ငကြွဲက ကိုကျော်ဝင်းလဲ ဓားနဲ့မထိုးရရော ဆန်စက်ကိုသွားပြီး မီးရှို့တော့တာပဲဗျို့၊ ကိုကျော်ဝင်းလဲ မွဲပြီ၊ ငကြွဲလဲ ထောင်ကျသွားပြီ၊ ခင်ဗျားနဲ့ မြယဉ်တို့ရဲ့ အဖြစ်မှန်ကိုလဲ သိသွားကြပြီ . . . ပထမတုန်းကတော့ ခင်ဗျားရဲ့မိတ်ဆွေကြီး ကိုစံဖေကတောင် ခင်ဗျားကို လူယုတ်မာလို့ အထင်ရှိနေခဲ့တာဗျာ၊ ဒါကလဲ ကိုကျော်ဝင်းလက်ချက်တွေပါ"

"အေးဗျာ … ခင်ဗျားနဲ့ တွေ့ရတာ ကျုပ်တော့ဖြင့် သိပ်ပြီးဝမ်းသာတာပဲ၊ အိမ်ထဲကို ဝင်ပါဦး"

"ဒီအိမ် ခင်ဗျားအိမ်လား"

"ဟုတ်ပါတယ်"

ကျွန်ုပ် ခြံတွင်းသို့ဝင်လျှင် ရာဇဝတ်အုပ်ပြုတ် ဒရဝမ်ဖေဝင်းက ကျွန်ုပ်အား မတ်တတ်ရပ်လျက် ဆလံပေးသည်ကို ကိုဘိုကေမြင်လျှင် –

"ဟာ … ကိုဘကွန်း၊ တယ်လဲကြီးပွားနေပါလား၊ ဝမ်းသာလိုက်တာဗျာ" ဟု ချီးကျူးပြောဆိုလေ၏။ ကျွန်ုပ်သည် ကိုဘိုကေအား ကောင်းစွာဧည့်ခံကျွေးမွေး၍ လွှတ်လိုက်လေ၏။

ကိုဘိုကေပြန်ခါနီး၌ ကျွန်ုပ်က အောက်ပါအတိုင်း မေးမြန်းမိလေ၏။

"ကိုဘိုကေ … အခု ဘယ်ကလာတာလဲ"

"ရွှေတိဂုံဘုရားဈေးမှာ ကံ့ကူဆံ သွားဝယ်တာလေဗျာ"

"ကံ့ကူဆံ … ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

"ကျုပ်က အခု သရက်တောကျောင်းတိုက်ထဲမှာ နေတယ်ဗျ၊ နေတာက ကျုပ်ကို ဦးပဥ္စင်းတစ်ပါးက အင်္ဂလိပ်စာ သင်ပေးနေတယ်၊ ကျုပ်ဦးပဥ္စင်းက စာသင်ရင် ကျောက်သင်ပုန်းမှာ ကံ့ကူဆံနဲ့ပဲရေးပြီး သင်ပေးလေ့ရှိတယ်ဗျ . . . ဒါမှ ကံ့ကူလက်လှည့်ဆရာပီသမှာဆိုပဲ"

*မှတ်ချက်။ ။ ကံ့ကူလက်လှည့်ဆရာ ဆိုသည်မှာ ပထမဦးဆုံး စာသင်ပေးသူကို ဆိုလိုပါသည်။ ကံ့ကူဆံဖြင့် စာလုံးကို ဘယ်လှည့် ညာလှည့် မှန်အောင် ရေးဆွဲပြသခဲ့ရသော သဘောကို ဆိုလိုဟန်ရှိ၏။*

*စာရေးသူ*

"ပြစမ်းပါဦး ခင်ဗျား ကံ့ကူဆံ"

"ရော့ဗျာ … တစ်ခဲယူထား" ဟု ဆိုကာ ကံ့ကူဆံတစ်ခဲကို ကျွန်ုပ်အားပေး၍ ကိုဘိုကေပြန်သွားလေ၏။ ကျွန်ုပ်သည် ကိုဘိုကေ ပေးခဲ့သော ကံ့ကူဆံကလေးအား လက်တွင်းဝယ်မြှောက်ရင်း ကိုကျော်ဝင်းစက်ကြီး မီးလောင်၍သွားပုံကို စဉ်းစား၍နေမိလေ၏။

"ဟေ့ … မင်းလက်ထဲက ဘာခဲလေးလဲကွ" ဟု ကျွန်ုပ်၏ အနီးသို့ ရောက်ရှိလာသော ကိုရင်ကြီးက မေးမြန်းလေ၏။

"ကံ့ကူဆံပါ ကိုရင်ကြီး . . . မိတ်ဆွေတစ်ယောက် ကျောက်သင်ပုန်းမှာရေးဖို့ ဝယ်ခဲ့တဲ့အထဲက ပေးသွားတာပါ"

"အေးကွ … ကျောက်သင်ပုန်းမှာ ကျောက်တံနဲ့ရေးရတာက ခေတ်မီလာတယ်ကွ၊ တို့ငယ်ငယ်တုန်းကများ ပျဉ်ပြားကို မီးသွေးမှုန့်နဲ့ထမင်းရည်နဲ့နယ်ပြီး သုတ်ရတယ်ကွ၊ ပြီးတော့ အခြောက်ခံထားရတယ်၊ ခြောက်သွားမှ ကံ့ကူဆံနဲ့ရေးရတယ်၊ တစ်နေ့လုံးရေးပြီးသားတွေကို ကျက်လို့ မှတ်မိပြီဆိုရင် တစ်ခါမီးသွေးမှုန့်နဲ့ ထမင်းရည်နဲ့နယ်ပြီးသုတ်ရပြန်တယ်၊ အဲဒါကိုသင်ပုန်းချေတယ်လို့ခေါ်တယ်ကွ၊ တစ်ယောက်နဲ့တစ်ယောက် အာဃာတတွေ၊ တေးမှတ်ထားတာတွေရှိရင် လက်စားမချေဘဲ လျှော်ပစ်တဲ့အခါမျိုးမှာ တစ်ဦးနဲ့တစ်ဦး သင်ပုန်းချေလိုက်ကြတယ်၊ အာဃာတတွေ မထားတော့ဘူး . . . ခွင့်လွှတ်လိုက်ကြပြီလို့

ဆိုတယ်ကွ၊ ဒီတော့ မင်းရဲ့ လက်စားချေရေးအလုပ်မှာ တစ်စုံတစ်ယောက်ကိုတော့ သင်ပုန်းချေပြီး ခွင့်လွှတ်လိုက်ရလိမ့်မယ်ထင်တယ်၊ ဒါဟာ နိမိတ်ပဲ"

ကိုရင်ကြီးသည် ကဲ့ကူဆံခဲကလေးကို မြင်ရုံနှင့်ပင် နိမိတ်ဟုပြောဆိုလိုက်လေ၏။ ကျွန်ုပ်သည် ကိုရင်ကြီးအား တစ်စုံတစ်ရာပြန်၍ပြောဆိုခြင်းမပြုဘဲ နားထောင်ရုံသာ နားထောင်၍ နေလေ၏။ ထိုနေ့ညခွဲ အိပ်ရာဝင်ခါနီးတွင် ထုံးစံအတိုင်း စာအုပ်တစ်အုပ်ဖတ်ရှုလေ၏။ ထိုစာအုပ်မှာ "မြန်မာပြည်နှင့် ဓာတ်သတ္တု" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စာအုပ်ပင်ဖြစ်၏။ ကျွန်ုပ်သည် ထိုစာအုပ်ကိုဖတ်ရှုရာတွင် တစ်နေရာ၌ Talc (တက်) ဟူသော စာလုံးကိုတွေ့ရလေ။ ထို့ကြောင့် ကျွန်ုပ်သည် ထို Talc (တက်) အား အဘိဓာန်၌ ရှာကြည့်ရာ ကဲ့ကူဆံဖြစ်ကြောင်းသိရလေ၏။ ပီးယားအဘိဓာန်၌မူ Talc Powder (Toilet Powder Made From) (ကိုယ်လိမ်းပေါင်ဒါကို ထိုကဲ့ကူဆံမှပင် ထုတ်လုပ်ခြင်းဖြစ်၏။) ဟု ဖော်ပြထားလေ၏။ ကျွန်ုပ်သည် ချက်ချင်းပင် ဗီရိုပေါ်မှ ကိုယ်လိမ်းပေါင်ဒါဘူးကို ထ၍ယူကြည့်မိလေ၏။ ကျွန်ုပ်ကြည့်မိသော ပေါင်ဒါဘူးမှာ အမျိုးသမီးများ လွန်စွာနှစ်သက်သော ကာတီးကူးရား ပေါင်ဒါဘူးပင်ဖြစ်၏။ ထိုဘူး၌ "ကဲ့ကူဆံမှုန့်"ဟူသော အင်္ဂလိပ်စာတန်းကို တွေ့ရလေတော့၏။

ကျွန်ုပ်သည် ကဲ့ကူဆံ ဆိုသည်မှာ ကျောက်သင်ပုန်း၌ စာရေးရန်သာ အသုံးဝင်သည်ဟုထင်မှတ်ခဲ့သော်လည်း ယခုကဲ့သို့ ပေါင်ဒါမှုန့် ပြုလုပ်နိုင်ကြောင်း သိရှိရသောအခါ၌ ထိုစာအုပ်ကိုဖတ်ရာ မြန်မာပြည် မင်းဘူးလောက်ဆီမှ ရခိုင်ရိုးမတောင်တန်းကြီးအထိ မိုင်ပေါင်းများစွာ ရှည်လျားသော ကဲ့ကူကြောကြီးရှိသည်ဟု ဖော်ပြထားလေ၏။

ကျွန်ုပ်သည် နောက်တစ်နေ့ ကုမ္ပဏီသို့ ရောက်ရှိသောအခါ၌ ကာလကတ္တားမြို့ရှိ ကာတီးကူးရားကုမ္ပဏီသို့ ကဲ့ကူဆံအလိုရှိမရှိ၊ အလိုရှိလျှင် မည်သည့်ဈေးဖြင့် ရလိုကြောင်းကို သံကြိုးဖြင့်တစ်မျိုး၊ စာဖြင့်တစ်ဖုံ မေးမြန်းဆက်သွယ်ကြည့်ရာ များမကြာမီရက်အတွင်း၌ ကဲ့ကူဆံကိုရမည်ဆိုလျှင် တန်နှင့်ချီ၍မှာယူလိုကြောင်း၊ အမြင့်ဆုံးပေးနိုင်သော ဈေးနှုန်းမှာ တစ်ပေါင်လျှင် နှစ်ကျပ်ဖြစ်ကြောင်း (ထိုအချိန်က အိန္ဒိယငွေနှင့် မြန်မာငွေ အတူတူပင်ဖြစ်၏။) ပြန်ကြားလေ၏။ ထိုကုမ္ပဏီ၏ပြန်ကြားချက်တွင် တစ်ပေါင်ထုပ်ကလေးများထုပ်၍ နမူနာပေးပို့စေလိုကြောင်း ပါရှိလေ၏။

ထိုသို့ပြန်စာရပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် အခြားကုမ္ပဏီများသို့လည်း ဤနည်းအတိုင်း ဆက်သွယ်ကြည့်ရာ လချေး (လကြီး) မှန်ပြုလုပ်သော ကုမ္ပဏီကလည်း ယူလိုကြောင်းပြန်ကြားသဖြင့် ကျွန်ုပ်သည် ရွှေတိဂုံဘုရားဈေးမှ ကဲ့ကူဆံ အနည်းငယ်ကို ဝယ်၍ နမူနာထုပ်ကလေးများ၌ထည့်သွင်းကာ ထိုကုမ္ပဏီများသို့ ကြိုက်မကြိုက် ပေးပို့ပြသခဲ့လေ၏။

ထိုကုမ္ပဏီများမှ ကြိုက်နှစ်သက်ကြောင်းပြန်စာများရလျှင် မိုင်းဌာန၌လုပ်ဖူးသော ပင်စင်စား တွင်းတူးဗိုလ်ကြီးတစ်ဦးအား နေ့တွက်ပေး၍ ကျွန်ုပ်၏လူယုံများဖြင့် မင်းဘူး၊ ငဖဲ၊ စေတုတ္တရာမြို့များဆီသို့ ကဲ့ကူဆန်ထွက်နိုင် မထွက်နိုင် လေ့လာရန်စေလွှတ်ခဲ့လေ၏။

ထိုသို့ တစ်လခွဲခန့်အကြာတွင် ကျွန်ုပ် လွှတ်လိုက်သော တွင်းတူးဗိုလ်က ကဲ့ကူဆံ အမြောက်အများ ရရှိနိုင်ကြောင်း ပြန်ကြားလျှင် အစိုးရထံ၌ အခွန်ဆောင်၍ ကဲ့ကူဆံတူးလိုကြောင်း (ပေတင့်) ခေါ် တူးဖော်ခွင့်လိုင်စင် လျှောက်ထား၍ လိုင်စင်ရလျှင်ရခြင်း တူးဖော်ရေးအဖွဲ့ကလေးတစ်ခုဖွဲ့ပြီးလျှင် တူးဖော်၍ မှာကြားထားသောကုမ္ပဏီများသို့ ကဲ့ကူဆံများကို တန်ပေါင်းများစွာ တင်ပို့ရောင်းချခဲ့လေရာ သိန်းပေါင်းများစွာ အမြတ်အစွန်းရရှိလေတော့၏။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ဆယ်သိန်းမျှသာ ဖြစ်သော်လည်း ယခု၌မူ သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝလျက်ရှိပေပြီ။

ကျွန်ုပ်၏ ရည်မှန်းချက်များကား ပြည့်စုံသည်ထက်ပင်ကျော်လွန်၍နေပြီဖြစ်၏။

**သေးဖွဲ့သောအရာကလေးပင်ဖြစ်လင့်ကစား အကြောင်းတိုက်ဆိုင်၍လာပြီဆိုလျှင် ကြီးစွာသောအကျိုးကို ပေးစွမ်းနိုင်ပေသည်တကား။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ကျွန်ပ်နှင့် လူယုတ်မာတစ်သင်း

တစ်နေ့သ၌ ကျွန်ပ်သည် တိုက်ရှေ့ရှိ ကျောက်ခုံပေါ်တွင်ထိုင်လျက် အေးချမ်းစွာ အနားယူလျက်ရှိစဉ်၌ ကိုဘိုကေဆိုသူ ရောက်လာပြန်၏။

"ဟိုလူတွေတော့ စတီးဝပ်အချုပ်ထဲရောက်ကုန်ပြီ ဆရာကိုဘကွန်းရေ"ဟုဆိုကာ ကိုဘိုကေက တွေ့လျှင်တွေ့ချင်းပြောလေ၏။

"ဘယ်သူတွေလဲဗျ"

"ကိုကျော်ဝင်းတို့လူစုလေဗျာ"

"ဘာမှုနဲ့လဲ ကိုဘိုကေ"

"ဓားပြမှုလေဗျာ ... ခင်ဗျားကို ဝိုင်းရိုက်တဲ့ကောင်တွေ အကုန်လုံးပါတယ်"

ကျွန်ပ်သည် ထိုသတင်းကိုကြားသည်နှင့် တစ်ပြိုင်နက် ရန်ကုန် စတီးဝပ်အချုပ်ခန်းကိုအုပ်ချုပ်ရသော ပုလိပ်အရာရှိနှင့်ဆက်အသွယ်ပြုလုပ်ကာ ထိုပုလိပ်အရာရှိအား လာဘ်ပေးရလေ၏။ ထိုသို့ စတီးဝပ်၌ 'ရမန်ကြီး' ခေါ် ၁၄ ရက် ချုပ်ထားစဉ်အတွင်း စက်သူဌေးဟောင်း ကိုကျော်ဝင်းဘက်မှ လိုက်လံဆောင်ရွက်ပေးနေသူတစ်ဦးရှိ၏။ ထိုသူမှာ ကိုကျော်ဝင်း၏တူမအရင်း မနှင်းရည် ဆိုသူဖြစ်လေ၏။ ကိုကျော်ဝင်း၏ အမှုအားအမိန့်ချမည့် တရားသူကြီးကိုလည်း သွားရောက်ချဉ်းကပ်လေ၏။ တရားသူကြီးကလည်း ငွေသုံးထောင်ရလျှင် ဦးကျော်ဝင်းတစ်ယောက်တည်းကိုတော့ အမှုမှ တစ်ခါတည်း လွှတ်ပေးမည်ဟု ပြောလိုက်သည်ဆို၏။

မနှင်းရည်သည် ငွေသုံးထောင် ရရှိရေးအတွက် အပြင်းအထန် ကြိုးစားရှာဖွေလျက်ရှိကြောင်းကိုလည်း တစ်ဆင့်စကားသိရလေ၏။ အမှန်စင်စစ်အားဖြင့် သုံးထောင်ဆိုသောငွေကိုရရှိရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။

*မှတ်ချက်။ ။ စာဖတ်သူများသည် ထိုခေတ်ငွေသုံးထောင်၏ အဖိုးတန်ပုံကို မှန်းဆနိုင်ရန်မှာ မြိတ်ထုံးရွှေဒင်္ဂါးတစ်ပြားလျှင် ၁၃ ကျပ်သာ တန်သောခေတ်ဖြစ်လေသည်။ ငွေတန်ဖိုး လွန်စွာမြင့်သောအချိန်အခါဟု ဆိုလိုပါသည်။*

*စာရေးသူ*

ကျွန်ပ်သည် ထိုသတင်းကိုကြားသည်နှင့်တစ်ပြိုင်နက် မနှင်းရည်ထံ နားပေါက်စေမည့်သူကို အပူတပြင်း ရှာဖွေ၍ "လူပျိုသူဌေးကြီးတစ်ဦးက တစ်ညတာမျှ မယားအဖြစ် အိပ်ရလျှင် ငွေသုံးထောင်ပေးမည်" ဟု စကားပစ်လိုက်လေ၏။

မနှင်းရည်သည် ငွေသုံးထောင်ရလျှင် သူ၏ ဦးလေးကိုကျော်ဝင်း ထောင်မကျဘဲ တစ်ခါတည်းလွတ်၍ သွားမည်ဖြစ်ရာ ကြိုးစား၍ ရှာဖွေလေ၏။ နောက်ဆုံး မည်သည့်နည်းနှင့်မျှ မရသည့်အဆုံးတွင် တိုးတိုးတိတ်တိတ် ကျိတ်၍ ကျွန်ပ်နှင့်

တစ်ညတာမယားအဖြစ် အိပ်ပါမည့်အကြောင်းကို စကားပြန်လေ၏။ ထိုကိစ္စအားလည်း မည်သူ တစ်စုံတစ်ယောက်ကိုမျှ မပြောဘဲ နှုတ်လုံစွာထားဖို့လည်း အတန်တန် အသနားခံရှာလေ၏။

ကျွန်ုပ်သည် မနင်းရည်ထံမှ စကားပြန်ရလျှင်ရချင်း ဈေးသက်သာသဖြင့် ကျွန်ုပ်ဝယ်ယူထားသော ခြံကြီးတစ်ခြံအတွင်းရှိ တစ်ထပ်တိုက်ပုကလေးတစ်လုံးအား အစေခံတစ်ယောက်ကိုလွှတ်၍ ရှင်းလင်းစေပြီးလျှင် လူယုံတော်တစ်ဦးကို စေလွှတ်၍ မနင်းရည်အား ညနေ ၆ နာရီလောက်ကတည်းက ရောက်ရှိနေစေရန် စီစဉ်ခိုင်းထားလေ၏။ ထိုတိုက်ကလေးအတွင်း၌ စားဖွယ်သောက်ဖွယ် အပြည့်အစုံကိုလည်း စီစဉ်ထားလေ၏။

ထိုသို့ စီစဉ်ထားပြီးနောက် စတီးဝပ်အချုပ်ခန်းသို့ ညနေ ၆ နာရီလောက်တွင်သွားရောက်ကာ ကိုကျော်ဝင်းနှင့် တွေ့ဆုံလေ၏။ အမှန်စင်စစ်အားဖြင့် အချုပ်ခန်းမှာ ညနေ ၅ နာရီဆိုလျှင် လုံးဝ အပြင်လူတွေ့ခွင့် မရှိတော့ပေ။ သို့ရာတွင် ကျွန်ုပ်မှာ ငွေကြေးမြောက်များစွာ လာဘ်ထိုးထားသူဖြစ်၍ ညသန်းခေါင်မှ သွားလျှင်လည်း အချုပ်ခန်းတံခါးကို ဖွင့်၍ပေးမည်သာဖြစ်၏။

*မှတ်ချက်။ ။ကိုလိုနီခေတ်က ငွေရှိပါက လာဘ်ထိုး၍ မည်သည့်လုပ်ငန်းမဆို မိမိဖြစ်ချင်သလိုဖြစ်အောင် လုပ်၍ရသည်က များပါသည်။*

*စာရေးသူ*

"ဘယ်လိုလဲ ကိုကျော်ဝင်း၊ ကျန်းခန့်သာလို့ မာပါရဲ့လား"

"ဟာ ... ကိုဘကွန်းပါလား၊ ခင်ဗျားလာတွေ့တာ ဝမ်းသာတယ်ဗျာ၊ ၆ နာရီတောင် ထိုးနေပြီပဲ၊ ခင်ဗျားကို အချုပ်ခန်းတံခါး ဖွင့်ပေးသေးတယ်နော်"

"ဟဲ ဟဲ ... ဒါကတော့ ကျုပ်က သန်းခေါင်မှလာရင်လဲ ဖွင့်ပေးမှာပါ၊ ခင်ဗျားလဲသိပါတယ်၊ ငွေသော့နဲ့ ဝင်တာပဲဗျာ၊ ဘယ်တော့ဝင်ဝင်ပေါ့"

"ဟုတ်ပါတယ် ကိုဘကွန်း၊ ဒါနဲ့ကျုပ်ကို သတင်းလာမေးရုံပဲလား၊ အကူအညီကော မပေးနိုင်ဘူးလားဗျာ"

"ဟား ဟား ... အကူအညီ ဟုတ်လား၊ ဒီမှာ ကိုကျော်ဝင်း၊ မောင်နီဆိုတဲ့ ကောင်ကလေးကို လက်စွပ်မခိုးဘဲ ခိုးတယ်ဆိုပြီး ဂါတ်မှာ ညှဉ်းဆဲခဲ့တာ မှတ်မိသေးရဲ့လား၊ သူ့မှာ အနိုပ်စက်ခံလိုက်ရတာ"

"ဒါတွေထားလိုက်ပါတော့ ကိုဘကွန်း"

"ထားလိုက်ပါဆိုရင်လည်း ထားလိုက်ပါ့မယ်၊ ဒါပေမယ့် မြယဉ်ကိုစော်ကားပြီး ကျုပ်က ကြားထဲက ဝင်လဲ ဓားစာခံရသေးတယ်၊ ခင်ဗျားနဲ့ ခင်ဗျားကောင်တွေက ဝိုင်းပြီးရိုက်ခဲ့ကြတာကော မေ့ပစ်လိုက်ပြီလား၊ အခု ခင်ဗျားကိုရိုက်မယ်၊ ကျုပ်ကိုယ်တိုင် မရိုက်ဘူး၊ လာဘ်ပေးပြီး အရိုက်ခိုင်းမယ်၊ ထောင်ကျသွားရင် ထောင်ထဲမှာ ခင်ဗျားကိုနှိပ်စက်ခ ငွေထိုးသင့်တဲ့လူတွေကို ငွေထိုးထားမယ် ကိုကျော်ဝင်း၊ အခု ကျုပ်အလှည့်ရောက်ပြီ၊ ခင်ဗျားခံပေတော့"

ကျွန်ုပ်သည် အချုပ်ခန်းတွင်းမှ ထွက်၍လာလေတော့၏။

ကိုကျော်ဝင်း၏ ငယ်သံပါအောင် အော်ဟစ်သောအသံများသည် အချုပ်ခန်းအတွင်းမှ ထွက်ပေါ်၍နေလေတော့၏။

အကယ်၍ ကိုကျော်ဝင်းသည် ထောင်ကျမည်ကိုကြောက်ပြီး မနင်းရည်အား မရမကငွေရှာခိုင်း၍ လွတ်သွားလျှင်လည်း ထိုငွေမှာ မနင်းရည်အနေဖြင့် ကျွန်ုပ်နှင့် တစ်ညတာ မယားအဖြစ်မှ ရရှိခဲ့သောငွေများဖြစ်ကြောင်းကို ကိုကျော်ဝင်းအား တစ်နည်းနည်းဖြင့် သိစေရန် ပြုလုပ်မည်ဖြစ်ရာ ကိုကျော်ဝင်းအနေနှင့် အချုပ်မှလွတ်လျှင်လည်း တူမအရင်းခေါက်ခေါက်တစ်ယောက် ကျွန်ုပ်၏ တစ်ညတာမယားအဖြစ် ရောက်ရှိပြီးမှ အချုပ်မှလွတ်ခဲ့ရသည့်အတွက် ယူကျုံးမရ ဖြစ်ရပေလိမ့်မည် မဟုတ်ပါလား။

ကျွန်ုပ်သည် အထက်ပါအတိုင်း တွေးတောပြီးနောက် သင်္ကန်းကျွန်းခြံသို့ လာခဲ့လေတော့၏။ ထိုညက လမှာ ထိန်ထိန်သာလျက်ရှိပေသည်။ ကျွန်ုပ်၏စိတ်၌ ကြည်နူးသလိုလို ဖြစ်နေ၏။ ရင်၌လည်း တဒိတ်ဒိတ်နှင့် ခုန်၍နေသကဲ့သို့ ရှိလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်၏ကားကလေးသည် ခြံတွင်းသို့ဝင်၍လာခဲ့လေပြီဖြစ်၏။ ခြံစောင့်ကုလားကြီးက တံခါးဖွင့်၍ပေးလေ၏။ ခြံအတွင်း၌ လေးဘီးအော်စတင် ကားကလေးတစ်စီး ရပ်ထား၏။ ထိုကားမှာ ကုမ္ပဏီအနေနှင့်အသုံးပြုရန်အတွက် ကျွန်ုပ်ဝယ်၍ထားသော ကားကလေးဖြစ်၏။

ထိုကားကလေးဖြင့် မနှင်းရည်အား ကျွန်ုပ်၏ လူယုံတော်တစ်ဦးက ဤခြံကြီးအတွင်းသို့ ညနေ ၆ နာရီလောက်ကတည်းက ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပေသည်။

"သူဌေးမင်း … အထဲမှာ ရောက်နေပါပြီ" ဟု လူယုံက ကျွန်ုပ်အနီးသို့ ကပ်၍ပြောလေ၏။

ကျွန်ုပ်သည် ကားပေါ်မှ ဆင်း၍ တိုက်တံခါးဝအနီးရောက်ခါမှ ရင်တွေတဒိတ်ဒိတ်ခုန်၍လာလေ၏။ ကျွန်ုပ်အနေနှင့် ကိုကျော်ဝင်းအား လက်စားချေလို၍သာ မနှင်းရည်အားငွေနှင့်ပေါက်၍ စော်ကားရမည်ဖြစ်သော်လည်း တစ်သက်တွင်တစ်ခါမျှ မိန်းမနှင့်ပတ်သက်၍ ဤမျှအထိပတ်သက်ဖူးခြင်း မရှိရကား ခြေဖျားလက်ဖျားများပင် အေးစက်၍လာလေတော့၏။

"ဟေ့ကောင် … အထဲဝင်ပြီး မီးတွေအားလုံး ပိတ်လိုက်စမ်း" ဟု ကျွန်ုပ်သည် ကျွန်ုပ်၏လူယုံအား စေခိုင်းလိုက်လေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏မျက်နှာအား မနှင်းရည်မြင်၍သွားမည်ကို ရှက်၍နေသောကြောင့် ဖြစ်၏။

ကျွန်ုပ်၏လူယုံသည် တိုက်အတွင်းသို့ဝင်၍ မီးများပိတ်လိုက်လေ၏။ ထိုသို့မီးပိတ်လိုက်၍ မှောင်သွားကာမှပင် ကျွန်ုပ်သည် တိုက်ထဲသို့ဝင်လေ၏။ မနှင်းရည်သည် အိပ်ခန်းအတွင်း၌ရောက်ရှိနေသည်ဖြစ်ရာ အိပ်ခန်းပြတင်းပေါက်ကို ဖွင့်၍ထားသဖြင့် လရောင်သည် ပြတင်းပေါက်မှနေ၍ ခုတင်ပေါ်သို့ထိုး၍ကျနေသောကြောင့် အိပ်ခန်းတစ်ခုလုံးသာမက ခုတင်ပေါ်၌ပင် ငွေရောင်ပက်ဖြန်းထားသကဲ့သို့ ဝင်းလက်၍ နေလေ၏။ ကျွန်ုပ်သည် အခန်းဝမှနေ၍ အခန်းတွင်းသို့ ခေါင်းလေးအသာငဲ့၍ကြည့်လိုက်ရာ မနှင်းရည်သည် ခုတင်တိုင်ကလေးကိုမှီကာ ခုတင်အောက်သို့ ခြေထောက်များ တွဲလောင်းချကာ ထိုင်လျက်နေ၏။ မနှင်းရည်၏ မျက်နှာကလေးသည် လရောင်အောက်၌လှနေ၏။ သူ၏ ကျစ်လစ်သေးသွယ်သော ကိုယ်လုံးကလေးမှာလည်း တစ်မျိုးတစ်ဖုံ ဆွဲဆောင်လျက်ရှိလေ၏။

ကျွန်ုပ်သည် ဝတ်ထားသော ကုတ်အင်္ကျီကို ချွတ်လိုက်၏။ ပြီးလျှင် ရှပ်အင်္ကျီကို လက်ပင့်လိုက်လေ၏။ ထိုသို့ လက်ပင့်ပြီးသည်နှင့်တစ်ပြိုင်နက် မနှင်းရည်ရှိရာ အခန်းတွင်းသို့ စွတ်၍ဝင်သွားပြီးလျှင် မနှင်းရည်အား ဖက်လိုက်ရန်ဖြစ်၏။

သို့ရာတွင် ကျွန်ုပ်သည် ဘယ်ဘက်အင်္ကျီလက်မောင်းကို ပင့်လိုက်သည့်အခါ၌ ကျွန်ုပ်၏လက်ဖျံမှ အမာရွတ်ကလေးတစ်ခုကို စမ်းမိလေ၏။

ထိုအမာရွတ်ကလေးမှာ မြယဥ်က ကျွန်ုပ်အား အလိုမတူပဲ မိန်းမတို့၏မာယာကွန်ရက်ဖြင့် မရမက ဖမ်းဆီးခဲ့စဥ်က ကျွန်ုပ်၏ တဏှာရာဂစိတ်အား တားဆီးရန်အတွက် ကျွန်ုပ်ကိုယ်တိုင် ခြောက်လက်မ မောင်းချဓားဖြင့် ထိုးခဲ့သောကြောင့် ရခဲ့သောအမာရွတ်ကလေးဖြစ်လေ၏။ ကျွန်ုပ်သည် အလိုမတူပါဘဲလျက် မြယဥ်၏ တဏှာကွန်ရက်မှ အနာတရပြုလုပ်၍ ရုန်းထွက်ခဲ့ရပုံကို စဥ်းစားမိသည့်အခါ၌ မနှင်းရည်သည် အလိုမတူပါဘဲလျက် ကျွန်ုပ်၏ငွေကွန်ရက်ဖြင့်အုပ်ဖမ်း၍ သူ၏အပျိုရည်ကို ဖျက်ဆီးပစ်ရန် သင့်ပါမည်လား။ သူမည်သို့ ခံစားရမည်နည်း။ သူသည်လည်း ကျွန်ုပ်ကဲ့သို့ပင် သူတစ်ပါးအတွက် ကြားဝင်၍ အနစ်နာခံရှာသူ မဟုတ်လား။

သူတစ်ပါး၏ဒုက္ခကို ကယ်တင်ရန်အတွက် မိမိဒုက္ခအရောက်ခံနိုင်သော သတ္တိသည် နယ်နယ်ရရသတ္တိမျိုး မဟုတ်ပေ။ ဤစိတ်ဓာတ်ကား သူရဲကောင်းစိတ်ဓာတ် မဟုတ်ပါလား။ မနှင်းရည်ကား သူရဲကောင်းမလေးဟု ဆိုနိုင်ပေသည် မဟုတ်ပါလား။ ကျွန်ုပ်သည် ပင့်ထားသော အင်္ကျီလက်များကို ပြန်၍ချလိုက်ပြီးလျှင် ကုတ်အင်္ကျီကို ပြန်၍ဝတ်လိုက်လေတော့၏။

"ဒီမှာ မနှင်းရည် … ခင်ဗျားဦးလေးကို မကျေနပ်လို့ ခင်ဗျားကို ငွေနဲ့ပေါက်ပြီး လက်စားချေဖို့ ကျုပ်စီစဥ်ခဲ့တာပဲ၊ ဒါပေမဲ့ ကျုပ် ခင်ဗျားကို ဒုက္ခမပေးရက်တော့ပါဘူး၊ ဟောဒီမှာ ခင်ဗျားအတွက် သေရေးရှင်ရေးတမျှ လိုနေတဲ့ ငွေသုံးထောင်၊ ဒီငွေသုံးထောင်က ခင်ဗျားဦးလေး ထောင်ကလွတ်ဖို့အတွက် ခင်ဗျား အသုံးပြုရမှာမဟုတ်လား၊ အဲဒီငွေသုံးထောင်အပြင် ခင်ဗျားအတွက် ငွေ ၇၀၀၀ သတ်သတ်လဲပါတယ်၊ အားလုံး ငွေတစ်သောင်းတိတိ၊ ဟောဒီမှာ" ဟု ဆိုကာ ကျွန်ုပ်သည် ငွေတစ်သောင်းထုပ်အား ခုတင်ပေါ်သို့ အသာအယာကလေး ပစ်၍တင်လိုက်ပြီးနောက် ကျွန်ုပ်လူယုံအားခေါ်၍ –

"ဟေ့ကောင် . . . မနှင်းရည်ကို ပြန်ပို့လိုက်၊ လမ်းမှာ မဲ့တစ်ပေါက်မှ မစွန်းစေနဲ့၊ ကြားလား" ဟု ပြောလိုက်ရာ ကျွန်ုပ်၏လူယုံသည် မနှင်းရည်၏အခန်းတွင်းသို့ ကျွန်ုပ်မဝင်ပါဘဲလျက် အဘယ်ကြောင့် ပြန်၍ပို့ခိုင်းသည်ကို နားမလည်သဖြင့် –

"ဘယ်လိုဖြစ်တာလဲ သူဌေးမင်း"

"ဒါတွေ မင်းကို မဖြေနိုင်ဘူး၊ ငါပြောသလိုသာလုပ်၊ လမ်းမှာလည်း မနှင်းရည်ကို မေးလားစမ်းလားမလုပ်နဲ့၊ ကြားလား"

"ကောင်းပါပြီ သူဌေးမင်း"

ကျွန်ုပ်သည် တစ်လှမ်းချင်းလှမ်း၍ ပြန်ထွက်လာပြီးလျှင် ကျွန်ုပ်၏ကားပေါ်သို့ တက်လိုက်ပြီး ဒရိုင်ဘာအား . . .

"တိုက်ကိုမောင်းဟေ့" ဟု ဆိုလိုက်လျှင် ဒရိုင်ဘာလည်း စတင်၍ မောင်းနှင်လေတော့၏။

လရောင်သည် ထိန်ထိန်သာလျက်ရှိ၏။ အေးမြသောလေကလေးသည် ကျွန်ုပ်မျက်နှာသို့ တိုးလျက်ရှိလေ၏။ ကျွန်ုပ်သည် တစ်စုံတစ်ခုကို လေးနက်စွာစဉ်းစားရင်း ပြန်ခဲ့လေတော့၏။

တိုက်သို့ ပြန်ရောက်သည့်အခါ၌ ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း တိုက်လှေခါးဝတွင် ကျွန်ုပ်အားစောင့်ဆိုင်းလျက်ရှိသော ကိုရင်ကြီးက –

"ဟေ့ ... ဘကွန်း၊ နောက်ကျလှချေလားကွ၊ ငါစိတ်ပူလို့ ထွက်ပြီးစောင့်နေတာ"

"မှန်ပါ့ဘုရား ... အရေးကြီးတဲ့ကိစ္စရှိလို့ နောက်ကျသွားတာပါ ဘုရား"

"အေး ဒါနဲ့ပြောရဦးမယ်၊ မနက်ဖြန်ဟာ ၁၃၀၁ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်နေ့လေကွာ၊ သူဌေးကြီးမှချဖြစ်ရမယ် ဆိုတဲ့ အဓိဋ္ဌာန်နဲ့ မင်းစပြီးထွက်ခဲ့တာ ခု ၇-နှစ်ပြည့်တဲ့နှစ်လေကွာ"

"တင်ပါ့၊ တပည့်တော်လဲ မှတ်မိပါတယ်ဘုရား"

ကျွန်ုပ်သည် ပြောပြောဆိုဆိုနှင့်ပင် တိုက်တွင်းသို့ ဝင်လိုက်လေ၏။ ကိုရင်ကြီးလည်း ကျွန်ုပ်နှင့်အတူ လိုက်ပါ၍ လာပြီးနောက် ဆိုဖာကြီးပေါ်၌ ထိုင်လိုက်သဖြင့် ကျွန်ုပ်က ကော်ဇောပေါ်၌ ထိုင်ချလိုက်ပြီးလျှင် ကိုရင်ကြီး၏ခြေသလုံးအား ဆုပ်နယ်၍ ပေးလေတော့၏။

"အေး အေး ... ငါ့တပည့် မျှော်မှန်းထားတဲ့အတိုင်း ပြည့်စုံပြီ မဟုတ်လား"

"တပည့်တော်တို့ မျှော်မှန်းခဲ့တာက ခြံနဲ့တိုက်တစ်လုံးရယ်၊ မော်တော်ကားတစ်စီးရယ်၊ ငွေဆယ်သိန်းရယ်ပါပဲဘုရား"

"အခု ဘယ်လောက်တောင် ရှိနေပြီလဲ"

"နောက်ဆုံး ဘဏ်စာရင်းမှာ သိန်းပေါင်း ခြောက်ဆယ်ကျော်နေပါပြီဘုရား၊ တိုက်တွေကလဲ ... ရန်ကုန်မြို့ပေါ်မှာတင် ငါးလုံးလောက်ပိုင်ပါတယ်ဘုရား၊ တခြားမြို့တွေမှာလည်း တပည့်တော်ပိုင် တိုက်တွေခြံတွေက မနည်းပါဘူးဘုရား၊ မော်တော်ကား ဆိုတာလဲ . . . လော်ရီကားတွေချည်းပဲ ကုံ့ကူဆံသယ်ဖို့ဝယ်ထားတာ ဆယ်စီးလောက်ရှိပါတယ်ဘုရား"

"မနည်းပါလားကွ"

ကျွန်ုပ်သည် ဩစတြေးလျလုပ် ခြသေ့်တံဆိပ် မတ်ရပ်မီးခံသေတ္တာကြီးအားဖွင့်၍ အစီအရီထည့်ထားသော ရွှေဒင်္ဂါးများကို လက်ဖြင့်တစ်အားကျုံး၍ ကြမ်းပြင်ပေါ်သို့ ပုံ၍ချလိုက်ရာ ရွှေဒင်္ဂါးပုံကြီးသည် ကျွန်ုပ်၏ဒူးဆစ်မျှလောက်အထိ မြင့်တက်၍ နေလေ၏။ ကျွန်ုပ်သည်ရွှေဒင်္ဂါးများအား လက်နှစ်ဖြင့် တချွင်ချွင်မြည်အောင်ဖွ၍ဖွ၍ပြရင်း "တပည့်တော်ကို ဝိုင်းရိုက်ပြီး အချုပ်ထဲကိုထည့်ခဲ့တဲ့ မခင်ရီတို့ကိုလဲ အလားတူပြန်ပြီး နိုပ်စက်အနိုင်ယူခဲ့ပြီးပါပြီ ဘုရား"

"ဒါဖြင့် ဘာလိုသေးလဲ ဘကွန်း"

"လိုပါသေးတယ် ဘုရား ... သူဌေးကြီးဖြစ်အောင်လုပ်ပြီး တင်တင့်ကိုယူဖို့ဆိုတဲ့ ရည်ရွယ်ချက်ကတော့ မပြည့်တော့ပါဘူး ဘုရား၊ တင်တင် အိမ်ထောင်ပြုသွားပါပြီဘုရား၊ အဲဒီတစ်ချက်တော့ဖြင့် တပည့်တော် မပြည့်စုံပါဘူး"

"မပြည့်စုံတာကတော့ ဟုတ်ပါပြီ၊ သူ့ကိုကော လက်စားချေဦးမှာလား"

"ချေရမှာပဲ ဘုရား"

ကိုရင်ကြီးသည် မှားသည် မှန်သည် မပြောဘဲ ကျွန်ုပ်အား ပြုံး၍ကြည့်နေလေ၏။

ထိုနေ့ညက ကျွန်ုပ်နှင့် ကိုရင်ကြီးသည် တစ်ညလုံးမအိပ်ကြဘဲ ခြံအတွင်း၌လျှောက်ခါ မိုးလင်းသည်အထိ စကားပြောလျက်ရှိလေ၏။ ကျွန်ုပ်အနေနှင့် တွေ့ကြုံခဲ့ရသမျှသော အဖြစ်အပျက်များအားလုံးကို ကိုရင်ကြီးအား ခရေစေ့တွင်းကျ ပြောပြနေခြင်းပင်ဖြစ်၏။ ကိုရင်ကြီးမှာလည်း လွန်စွာကောင်းသော ပုံပြင်ကြီးတစ်ခုအား နားထောင်နေရဘိသည့်အလား

ရယ်ရမည့်နေရာတွင် ရယ်လိုက်၊ ဒေါသဖြစ်ရမည့်နေရာ၌ "တောက်"တွေဘာတွေ ခေါက်သည်အထိ ဒေါသထွက်လိုက်ဖြင့် စိတ်ဝင်စားစွာ နားထောင်လျက်ရှိပေသည်။

ဤသို့ တစ်ညလုံး မိုးလင်းအောင် စကားပြောကြရာတွင် ကျွန်ုပ်သည် လွန်ခဲ့သော ခုနစ်နှစ်တာ၏ညကို ပို၍အမှတ်ရစိမ့်သောငှာ ထိုစဉ်က ဝတ်၍လာခဲ့သော အင်္ကျီအစုတ်၊ လုံချည်အစုတ်တို့ကို ဝတ်ဆင်လျက် ထိုစဉ်က လွယ်ခဲ့သောလွယ်အိတ်ကြီးကိုလည်း လွယ်၍ထားသည့်အပြင် ဝါးရင်းတုတ်ကြီးကိုလည်း တဒေါက်ဒေါက်ထောက်၍ လျှောက်နေပေ၏။ ထို့ပြင် လသာနေပါလျက် ထိုစဉ်က ထွန်းညှိခဲ့သော မှန်အိမ်ကြီးကိုပင် မီးထွန်း၍ လက်တစ်ဖက်မှ ဆွဲ၍ထားခြင်းပင် ဖြစ်လေ၏။

အရုဏ်ဦး ကြက်တွန်သည့်အခါ၌ စကားစ,လည်း ရတ်သိမ်းပြီးဖြစ်ရာ ကိုရင်ကြီးက –

"ကဲ ... ဘကွန်း၊ တစ်ရေးအိပ်လိုက်ပေဦး၊ အိပ်ရာကထရင် မင်းကုမ္ပဏီကလူတွေနဲ့ အသိမိတ်ဆွေတွေကိုဖိတ်ပြီး တစ်ခုခုအမှတ်တရကျွေးမွေးဖို့ စီစဉ်၊ ငါတော့ ပရိတ်ရွတ်လိုက်ဦးမယ်" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း တစ်ရေးတစ်မော အိပ်လိုက်၏။ ထို့နောက် အိပ်ရာမှနိုးလျှင်နိုးချင်း ဘဏ္ဍာစိုးအားခေါ်၍ ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံရန်အတွက် စီစဉ်ခိုင်းလိုက်လေတော့သတည်း။

**ပုဏ္ဏားဘကွန်း**

**သူဌေးကြီး ပုဏ္ဏားဘကွန်း က**

**ကူလီ ပုဏ္ဏားဘကွန်းအား ပြောပြသော**

**ပုဏ္ဏားဘကွန်း အတ္ထုပ္ပတ္တိကား**

**ဤတွင်ရွှေ့ ပြီး၏တည်း။**

## ကူလီပုဏ္ဏားဘကွန်း စိတ်ပြောင်းသွားခြင်း

“အဲဒီလို သူဌေးကြီးက ဘဏ္ဍာစိုးကို စီစဉ်ခိုင်းလိုက်တော့ ဘဏ္ဍာစိုးဟာ ကျောက်မြောင်းဈေးကို သွားပြီး လိုအပ်တဲ့ ဟင်းချက်စရာ သား ငါး၊ မဆာလာ၊ အုန်းသီး၊ ထောပတ် စတဲ့အရာတွေကိုဝယ်ပြီး ထမ်းပို့မဲ့ကူလီကိုရှာတယ်ခင်ဗျ၊ တခြားကူလီတွေကတော့ တခြားဈေးဝယ်သူတွေ ငှားသွားကြလို့တစ်ယောက်မှ မရှိကြတော့ဘူး၊ အဲဒီမှာ အလွန်ပျင်းရိပြီး အလွန်အင်မတန်မှ ဖွဲလုံ့လည့်ဖျင်းတဲ့ ‘ပုံနားဘကွန်း’ ဆိုတဲ့ ကူလီတစ်ယောက်ပဲ တစ်ဈေးလုံးမှာ ကျန်တော့တယ်၊ အဲဒီတော့ သူဌေးကြီးရဲ့ ဘဏ္ဍာစိုးဟာ ကူလီ ပုံနားဘကွန်းကို မငှားချင် ငှားချင်နဲ့ တောင်းကိုထမ်းဖို့ငှားရမ်းခဲ့တယ်ခင်ဗျ၊ သူဌေးကြီးရဲ့အိမ်ကို ကူလီပုံနားဘကွန်းရောက်လာတဲ့အခါမှာ သူဌေးကြီးပုဏ္ဏားဘကွန်းနဲ့ ကူလီဟာ အဆင့်အတန်းချင်းကွာခြားလွန်းမက ကွာခြားနေသော်လဲပဲ နာမည်ရော မွေးသက္ကရာဇ်(သက္ကရာဇ်)ရော၊ မွေးတဲ့နာရီပါ တစ်ထပ်တည်းတူညီနေတာကို တွေ့ရလေတော့ ကူလီဟာ ဝမ်းနည်းပြီး ငိုရှာပါလေရော၊ အဲဒီအခါမှာ သူဌေးကြီးပုဏ္ဏားဘကွန်းက ကူလီကို မငိုဖို့၊ သူကိုယ်တိုင်လဲ ဒီလို သူဌေးရင့်မကြီးဖြစ်အောင် ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ကြိုးပမ်းခဲ့ရပုံတွေကို ပြောပြရှာခဲ့တယ်၊ အဲဒီထိအောင်ပြောမှ ပိုပြီးပြည့်စုံသွားမှာပေါ့ သူဌေးကြီး” ဟု ကူလီ ပုံနားဘကွန်းသည် စာစာကကဲ့သို့ ငိုကြွေးခြင်းမပြုတော့ဘဲ ပြုံးကာရယ်ကာနှင့် ပြောလေ၏။

“အေး … ဟုတ်တယ်ကွ၊ မင်းပြောတာ မဆိုးဘူး၊ နေရာကျသားပဲ” ဟု ကိုရင်ကြီးက ထောက်ခံပြောဆိုလေ၏။

ထိုအခါ၌ ကူလီသည် သူ၏ ထမ်းပိုးရာတွင် အသုံးပြုသောတောင်းအား မီးဖိုဆောင်မှ သွား၍ယူပြီးလျှင် ပြန်ထွက်လာလေ၏။ သူ၏လက်တွင်း၌လည်း ဘဏ္ဍာစိုး ပေးလိုက်သော ကူလီထမ်းခ ပိုက်ဆံအကြွေကလေးအနည်းငယ် ပါ၍လာလေ၏။

“သူဌေးကြီး ပုဏ္ဏားဘကွန်းအနီးသို့ ရောက်လာသောအခါ ကူလီဘကွန်းအား သူဌေးကြီးပုဏ္ဏားဘကွန်းက –

“ကဲ ကဲ … ကိုယ့်လူနဲ့ ကျုပ်နဲ့က နာမည်ချင်းလဲတူ၊ မွေးနေ့မွေးချိန်ချင်းလဲတူ . . . ပြီးတော့ ဒီနေ့ဟာလည်း ကျုပ်တို့မွေးနေ့ဖြစ်လေတော့ ခင်ဗျားကို မစ,တဲ့အနေနဲ့” ဟု ဆိုကာ ငွေ ၁၀၀၀ ကို ထုတ်ယူကာ ကူလီဘကွန်းအား ပေးလေ၏။ ကူလီဘကွန်းက လှမ်း၍ယူလိုက်ပြီးလျှင် –

“ဟား … ဟား … ဟား”

ကူလီဘကွန်းသည် သူဌေးကြီးဘကွန်းအား ကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။ အားရကျေနပ်သည်အထိ ရယ်မောပြီးနောက် –

“သူဌေးကြီး … ဘယ်လိုလဲဗျ၊ မ,စတဲ့အနေနဲ့ ငွေ ၁၀၀၀ ဟုတ်လား၊ ဟား ဟား ဟား … ငွေတစ်ထောင်ဘာလုပ်ဖို့လဲဗျ၊ ခင်ဗျားဆီက သူဌေးကြီးဖြစ်တဲ့နည်းကို ရပြီးမှ ကျုပ်က ဒီငွေတစ်ထောင်ကို မက်နေရဦးမှာလား၊ ခင်ဗျားက စပြီးလုပ်တဲ့လူဆိုတော့ ခုနစ်နှစ်တောင် ကြာပေမပေါ့၊ ကျုပ်က ခင်ဗျား လျှောက်ပြီးသားလမ်းကို လျှောက်ရမဲ့လူပဲ၊ ပိုပြီးလွယ်တာပေါ့၊ ငါးနှစ်အတွင်း ကျုပ်လဲ

ခင်ဗျားလို သူဌေးကြီးဖြစ်အောင် လုပ်လာခဲ့မယ်၊ ရော့ ... ခင်ဗျားငွေတစ်ထောင်၊ ကျုပ် မလိုချင်ဘူး" ဟု ဆိုကာ သူ၏တောင်းကို ပခုံး၌လက်ပြန်ချိတ်၍ သူဌေးကြီးပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးတို့အား နှုတ်ဆက်၍ ထွက်သွားလေတော့၏။

သူဌေးကြီးပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးတို့သည် ရင်ကော့၍ထွက်သွားသော ကူလီကို မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့လေ၏။

"ဟော့ ... ဘကွန်း၊ ဒီကောင်လဲ သူဌေးကြီးဖြစ်လာဦးမှာပဲ"

"ဟုတ်လိမ့်မယ်ထင်တယ်ဘုရား"

"ဟုတ်လိမ့်မယ် မဟုတ်ဘူးကွ . . .ဟုတ်ကိုဟုတ်ရမယ်၊ ဘာကြောင့်လဲ သိလား၊ လူတွေဟာ တစ်ယောက်ယောက်ကို အားကျမိရင် အဲဒီလူလိုဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်တွေတော့ ပေါ်ပေါက်တတ်ကြတယ်၊ ဒါပေမဲ့ အဲဒီလိုဖြစ်လာလိမ့်မယ်လိုတော့ အခိုင်အမာ ကိုယ့်ကိုယ်ကို မယုံကြည်ကြဘူးကွ၊ ဒီကူလီကတော့ . . .သူဟာ အမှန်တကယ် သူဌေးကြီးဖြစ်လာလိမ့်မယ်ဆိုတာကို ခိုင်ခိုင်မာမာယုံကြည်သွားပြီကွ၊ သူ့အနေနဲ့ မင်းပေးတဲ့ ငွေတစ်ထောင်ကိုမယူဘဲနဲ့ ဒီအတိုင်းထွက်သွားတာဟာ သူ့ရဲ့ ခိုင်မာတဲ့ယုံကြည်မှုကို ပြသွားတာပဲ၊ ဒါကြောင့် ဒီကောင်လဲ မုချသူဌေးကြီးဖြစ်လာလိမ့်မယ်ဟေ့"

ထို့ကြောင့် သူဌေးကြီးပုဏ္ဏားဘကွန်းသည် သူ၏မှတ်စု၌ အောက်ပါအတိုင်း ရေးမှတ်၍ထားလိုက်လေ၏။

**လူဆိုသည်မှာ အတုခိုးလွယ်သော သတ္တဝါတစ်မျိုးဖြစ်၏။ ထို့ကြောင့် ကောင်းသည့်အရာကို အတုခိုးမိရန်လိုပေသည်။**

**ပုဏ္ဏားဘကွန်း**

* * * * *

## သူဌေးကြီး ပုဏ္ဏားဘကွန်းနှင့်

## နာရီသံပတ်မပေးမိသော ပတ္တရောင်ပုလိပ်ကလေး

သူဌေးကြီးပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးသည် အထက်၌ဆိုခဲ့သည့်အတိုင်း ကုလီဘကွန်းနှင့် စကားပြောဆိုခဲ့ကြလေ၏။ ကုလီဘကွန်းထွက်၍သွားပြီး များမကြာမီ၌ပင် သူဌေးကြီး၏မွေးနေ့ သို့တည်းမဟုတ် ကြီးမားသော အခမ်းအနားဖြင့် သူဌေးကြီးဖြစ်အောင်ကြိုးစားခဲ့ရသော ခုနစ်နှစ်မြောက်သောနေ့အတွက် ထမင်းချက်၊ စားပွဲထိုးနှင့် ဘဏ္ဍာစိုးတို့သည် အလုပ်များလျက်ရှိကြလေ၏။

သူဌေးကြီးနှင့် ကိုရင်ကြီးသည် ထမင်းချက်များ စီစဉ်ချက်ပြုတ်နေသော အချိန်အတွင်း ကန်တော်ကြီးစောင်း၌ အပျင်းပြေလမ်းလျှောက်မည်ဟု ထွက်၍လာကြရာ ခြံဝအရောက်တွင် . . . တစ်ဖက်မှ လျှောက်၍လာသော လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရလေသည်။ ထိုသူကို သူဌေးကြီးပုဏ္ဏားဘကွန်းက မြင်ဘူးသလိုလိုရှိသည်ဟု ထင်မှတ်၍ ကြည့်၏။ ထိုသူကလည်း သူဌေးကြီးဘကွန်းအား ထိုနည်းတူစွာ ကြည့်လေ၏။

"ဟာ ... မိတ်ဆွေကြီး၊ ခင်ဗျား ၂၅ လမ်းက ဒရဝမ် မဟုတ်လား" ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်လေ၏။

"ဟုတ်ပါတယ်၊ ခင်ဗျားလဲ ကျုပ်နဲ့ အတူတူ 'ကြေးကူးဆစ်' ဆိုတဲ့ တရုတ်အဖိုးကြီးရဲ့ ပုံပြင်ကို နားထောင်ခဲ့တဲ့ ပတ္တရောင်မဟုတ်လား၊ ခင်ဗျားနာရီက ၁၅ မိနစ်တစ်ကြိမ် သော့ပေးရတယ်လေ"

"အစစ်ပေါ့ဗျာ၊ အဲဒီညက အဘိုးကြီးပုံပြောကောင်းလို့ နာရီကို သော့မပေးမိတာနဲ့ လခတောင် အဖြတ်ခံရသေးတယ်ဗျ"

"ဟဲ ဟဲ ... ခင်ဗျားက တယ်ပြီး ပုံကြိုက်တာကိုးဗျ"

"ပုံကြိုက်ဆို ဒီလိုဗျ၊ ဗဟုသုတလဲရတယ်ဗျ၊ နားထောင်လို့လဲကောင်းတာကိုး"

"ခင်ဗျား အခု ပတ္တရောင်ပုလိပ်ပဲလား"

"အလုပ်ပြုတ်သွားပြီဗျ"

"ဘာဖြစ်လို့လဲ"

"ပတ္တရောင်အလုပ်ကျတိုင်း တရုတ်အဘိုးကြီးကြေးကူးဆစ်ဆီကိုသွားပြီး ပုံပြောတာပဲ နားထောင်နေလေတော့ အလုပ်ဖြုတ်ပစ်လိုက်ပြီ ... သုံးလတောင်ကျော်နေမှပဲ၊ ခင်ဗျားကော ၂၅ လမ်းမှာ ဒရဝမ်မလုပ်တော့ဘူး မဟုတ်လား"

"မလုပ်တော့ဘူး"

"ဒါဖြင့် ဘာလုပ်နေသလဲ"

"ကုမ္ပဏီထောင်ပြီးထားတယ်ဗျ"

"ကုမ္ပဏီထောင်ထားတယ် … ဟုတ်လား၊ ဘာကုမ္ပဏီလဲ"

ပတ္တရောင်ပုလိပ်သည် သူဌေးကြီး၏အဖြေကို ထူးဆန်း၍နေသည်ဖြစ်သဖြင့် အလောတကြီး မေးလိုက်လေ၏။

"ပုဏ္ဏားဘကွန်းကုမ္ပဏီ ဆိုပြီး ကျုပ်ကုမ္ပဏီထောင်ထားတယ်"

"ဩော် … အဲဒီကုမ္ပဏီဟာ ခင်ဗျားကုမ္ပဏီလား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုတော့ ခင်ဗျား သူဌေးဖြစ်သွားပြီကိုး" ဟု ဆိုကာ သူဌေးကြီး၏ခြံအား ကြည့်လိုက်ပြန်ရာ ခြံဝ၌ ချိတ်ဆွဲထားသော "သူဌေးကြီးပုဏ္ဏားဘကွန်း" ဟူသည့် ဆိုင်းဘုတ်ကို တွေ့မြင်သွားသည်ဖြစ်၍ ပတ္တရောင်ပုလိပ်သည် သူဌေးကြီးအား အံ့အားသင့်စွာ ကြည့်နေလေ၏။

"ဒီနေ့ ကျုပ်ရဲ့မွေးနေ့လေ၊ ခင်ဗျားကိုလည်း ဖိတ်ပါတယ်ဗျာ၊ တော်တော်ကြာဆိုရင်ပဲ မွေးနေ့အခမ်းအနား စ,တော့မှာပါ၊ ဩော် … ဒါထက် ခင်ဗျားမှာ အလုပ်မရှိဘူးဆိုတော့ ကျုပ်ရဲ့ ကုမ္ပဏီမှာ ခင်ဗျားကို အလုပ်ပေးနိုင်ပါတယ်၊ ခင်ဗျားလုပ်မလား"

သူဌေးကြီးသည် ထိုပတ္တရောင်ပုလိပ်အား စေတနာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ပုံနားထောင်တတ်သော ဝါသနာချင်းတူသောကြောင့်ဖြစ်၏။

"ကျုပ်ကို အခုလို အကူအညီပေးမယ် ဆိုတာသိရလို့ အထူးပဲ ဝမ်းသာပါတယ် ဦးဘကွန်း၊ ဒါပေမဲ့ မလွတ်လပ်တဲ့ လခစားအလုပ်ကိုတော့ ကျုပ်တစ်သက်မှာ ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါ"

"ကြိုက်တယ်ဗျာ ဒီစိတ်ဓာတ်ကို … ခင်ဗျား အခု ဘာလုပ်နေသလဲ"

"ဘုရားဈေးမှာ စာအုပ်အဟောင်း ရောင်းတယ်ဗျ၊ ဝယ်သူမလာတဲ့အခါမှာ စာရေးတယ်"

"ဘာစာတွေများရေးတာလဲ"

"ဝတ္ထုတွေ ရေးနေတာ၊ ပုံတွေနားထောင်ခဲ့ရတာများတော့ အဲဒီလို ထူးထူးဆန်းဆန်းလေးတွေ ရေးချင်တဲ့စိတ်ပေါ်တာနဲ့ ဝတ္ထုတွေရေးနေတာပဲ ဦးဘကွန်း"

"သဘောကျသဗျာ၊ ခင်ဗျား ကြိုးစားပါ၊ တစ်နေ့ နာမည်ကျော် စာရေးဆရာကြီးဖြစ်လာအောင် ကြိုးစားစမ်းပါဗျာ"

"စိတ်ချပါ ဦးဘကွန်း၊ ကြိုးစားနေပါတယ်"

"နေစမ်းပါဦး … ခင်ဗျားက ဘယ်လိုဟာတွေ ရေးထားတာလဲ"

"ဒီလိုဗျာ … ကျုပ် အခုရေးနေတဲ့ ဝတ္ထုတစ်အုပ်ရှိတယ်၊ ပထမဆုံးစာကြောင်းတစ်ကြောင်းကို ရွတ်ပြမယ်"

"လုပ်စမ်းပါဦး … နားထောင်ရအောင်"

"နေချိုအသွေး၊ ဆွေးစရာပို၊ ငိုစရာပိုက်၊ ရှိုက်စရာငင်၊ ထိုဖြစ်အင်ကြောင့် … "

"ဟား … ဟား … ဟား"

သူဌေးကြီးပုဏ္ဏားဘကွန်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရာ စာရေးဆရာလောင်းထိုလူရွယ်သည် ရွတ်လက်စ သူ၏စာကို ရုတ်တရက်ရပ်လိုက်လေ၏။ ရပ်လိုက်ပြီးနောက် မည်သည့်အတွက်ကြောင့် ဤမျှအထိ ရယ်မောရပေသနည်း။ ငါရွတ်ပြမည့်စာက လွမ်းခန်းဆွေးခန်းကို အစပျိုးထားပါလျက် ဤသူက အဘယ်ကြောင့်ရယ်မောရပါသနည်းဟုမတွေးတတ်အောင် ဖြစ်သွားပြီးလျှင် သူဌေးကြီးပုဏ္ဏားဘကွန်းအား ကြည့်လေ၏။ ထို့နောက် အောက်ပါအတိုင်းမေးလေ၏။

"ဦးဘကွန်း … ဘာကိုရယ်တာလဲဗျ"

"ခင်ဗျား ခုနက ရွတ်ပြတဲ့စာက ဘာကိုဆိုလိုတာလဲဗျ"

"နေရောင်ခြည်ကလဲ အလွန်မပူပြင်းတဲ့အခါ၊ လေကလေးလဲ တိုက်ခတ်နေတယ်၊ အဲဒီအချိန်မှာ လွမ်းစရာလိုလို၊ ဆွေးစရာလိုလို၊ ငိုစရာလိုလို ခံစားရတာကို ရေးထားတာပဲ"

"အခု ခင်ဗျားပြောတဲ့အတိုင်း ရေးလိုက်ရင် ပိုပြီးကောင်းတာပေါ့ဗျာ၊ အဓိပ္ပာယ်ပိုပြီးပေါ်လွင်သေးတယ်"

“ဒီလိုတော့ မဟုတ်ဘူးဗျ၊ စာရေးတယ်ဆိုတာ ရသကို ဂရုစိုက်ထားရသေးတယ် ဦးဘကွန်း”

“အဲဒါတော့ ကျုပ်မသိသေးဘူးဗျ၊ ခင်ဗျားပြောတဲ့ ရသဆိုတာက ဘယ်လိုဟာလဲ၊ ပြောစမ်းပါဦး”

“ရသ ဆိုတာက သိင်္ဂါရ၊ ဟာသ၊ ကရုဏာ၊ ရုဒ္ဒ၊ ဝီရ၊ ဘယာနက၊ ဝိဘစ္ဆ၊ အဗ္ဘုတ၊ သန္တ လို့ ပါဠိလို ခေါ်တယ်၊ အဓိပ္ပာယ်ကတော့ ချစ်ခင်ခြင်း၊ ရယ်ရွှင်ခြင်း၊ သနားကြင်နာခြင်း၊ ကြမ်းကြုတ်ခက်ထန်ခြင်း၊ ရဲ့ရင့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ခြင်း၊ အံ့သြခြင်း၊ ငြိမ်းအေးခြင်းရယ်လို့ဖြစ်ပါတယ် ဦးဘကွန်း”

“မဆိုးဘူးဗျ . . . ခင်ဗျားပြောတာ၊ အဲဒါတွေက စာရေးတဲ့အခါမှာ ဘယ်လိုအသုံးချရမှာလဲ”

“ဒီလိုလေ ဦးဘကွန်းရဲ့၊ ကြောက်ရွံ့တဲ့ အကြောင်းကိုရေးချင်ရင် အဲဒါ ဘယာနကရသပေါ့ဗျာ၊ အဲဒီရသ ပေါ်လွင်အောင် ရေးရမှာပေါ့”

“အင်း … ဟုတ်ပြီဗျို့၊ ဆိုစမ်းပါဦးဗျာ”

“မိန်းကလေးနဲ့ ယောကျ်ားလေး ချစ်တဲ့အကြောင်းရေးမယ် ဆိုပါတော့ဗျာ၊ သိင်္ဂါရရသ ပေါ်အောင်ရေးရတာပေါ့ ဦးဘကွန်း”

“ကဲဗျာ … ဒီလိုဆိုရင် ဘုန်းကြီးကို ကြည်ညိုတာကို ဘယ်ရသထဲ ထည့်မလဲဗျ”

ထိုအခါ၌ စာရေးဆရာလောင်းသည် ပါးစပ်ဟ၍သွားလေ၏။ မည်သည့်ရသ၌ … သွတ်သွင်းရမည်ကိုမသိသောကြောင့် အူကြောင်ကြောင်လည်းဖြစ်၍သွားလေ၏။ ထိုအခါ၌ သူဌေးကြီး ပုဏ္ဏားဘကွန်းက –

“သိင်္ဂါရရသဆိုတာ ချစ်ခင်ခြင်းကို ဆိုတာဗျ၊ ကြည်ညိုခြင်းလို့ ဆိုတာမဟုတ်ဘူး၊ ဒီတော့ ဝစ္ဆလျရသ ခေါ်တဲ့ ရသထဲမှာ ထည့်သင့်တယ်လို့ ထင်တာပဲ”

“ဦးဘကွန်းပြောသလိုဆိုရင် ရသဟာ ကိုးပါးမဟုတ်ဘဲ ဆယ်ပါးဖြစ်နေမှာပေါ့”

“မတတ်နိုင်ဘူးလေဗျာ . . . ခင်ဗျားပြောတဲ့ကိုးပါးထဲမှာ ကြည်ညိုခြင်းရသမှ ထည့်လို့မရဘဲ၊ ဆယ်ပါးဖြစ်ချင်လဲ ဖြစ်ပါစေပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်ပြောတာကို အမှန်လို့ မယူဆနဲ့နော်၊ ကျုပ်က ခင်ဗျားလို စာရေးဆရာလုပ်မယ့်လူလဲမဟုတ်တော့ ဒါတွေကိုတော့ ကျုပ်လဲ လေ့လာမထားဘူး၊ ကျုပ်ထင်တာ ကျုပ်ပြောတာပါ၊ တကယ်လို့ မှားတယ်လို့ ခင်ဗျားယူဆရင်လဲ ယူဆခွင့်ရှိပါတယ်၊ တကယ်ကတော့ သူဌေးကြီးဖြစ်အောင်လုပ်ရတာက လွယ်ဦးမယ်၊ စာရေးဆရာဖြစ်အောင်လုပ်ဖို့က ပိုပြီးခက်တယ်လို့ ထင်တယ်၊ အခု ကျုပ်ပြောတာတွေကိုလဲ အမှန်လို့ မယူပါနဲ့ဦး၊ ဒါနဲ့ မေးလက်စနဲ့ မေးရဦးမယ်”

“မေးပါ ဦးဘကွန်း”

“ဒါနဲ့ ခင်ဗျားနဲ့ ကျုပ်က မိတ်ဆွေသာ ဖြစ်ကြတယ်၊ ခင်ဗျားနာမည်က ဘယ်သူတဲ့”

“ကျွန်တော့်နာမည် မောင်ဘသင်လို့ခေါ်ပါတယ်”

“ကောင်းပြီ ကိုဘသင် . . . စလေဦးပုညက ဒေါနဆီမေတ္တာစာမှာ ဒေါနဆီဘဝမှ စတေမနေ၊ သေလွန်ပြီးလျှင် အထောက်မတန် ရေနံ့ဘဝတွင်၊ ပဋိသန္ဓေစွဲနေ ဖွားမြင်လာသည်လို့ စပ်ဆိုထားတယ်ဗျ . . . အဓိပ္ပာယ်ကတော့ ဒေါနဆီဘဝကသေပြီး ရေနံ့ဆီဘဝမှာ သန္ဓေစွဲပြီး ဖွားမြင်ခဲ့တယ်လို့ ဆိုချင်တာပဲ၊ ခင်ဗျား ဘယ်လိုသဘောရမလဲ”

“ဟာ … ဒါက အတိဝုတ္တဒေါသသင့်တာပဲ၊ အလွန်အကြူးဖွဲ့ဆိုထားတဲ့အတွက် အဲဒီစာဟာ ဒေါသမလွတ်ဘူး”

“အမှန်ကတော့ ဂုဏ်မြောက်တယ်ဗျ၊ လောကီထုံးစံမဟုတ်သော်လဲ တင်စားသောစကားဖြင့် စီကုံးခြင်းဆိုတဲ့ သမာဓိဂုဏ်မြောက်နေတယ်၊ တင်စားလွန်းသည်ဟု ဆိုဖွယ်ရာမရှိလောက်အောင် ရေးဖွဲ့မှုကောင်းတဲ့အတွက် ကန္တိဂုဏ်လဲ မြောက်နေတယ် မဟုတ်လား”

“ဦးဘကွန်းက . . . စာရေးဖို့ဝါသနာမပါဘူးသာဆိုတယ် ဂုဏ်တွေ ဘာတွေတော့ သိနေသားပဲ”

“ကျုပ်ပြောတာတွေကိုတော့ အမှတ်တွေချည်းပဲလို့ မယူဆနဲ့ဦးနော်၊ ကိုဘသင်ကို စော်ကားပြီးမေးတာမဟုတ်ဘူးနော်၊ ခင်ဗျားရေးတဲ့ဝတ္ထုထဲက ‘ဇာတ်ရုပ်’ (ဇာတ်ကောင်) က ရယ်စရာတွေ့လို့ ရယ်တယ်ဆိုပါတော့ဗျာ၊ ခင်ဗျား ဘယ်လိုရေးမလဲ ကိုဘသင်”

“ဘယ်လိုရေးရမှာလဲ၊ ရယ်စရာတွေ့လို့ ရယ်တယ်လို့ပဲ ရေးရမှာပေါ့ ဦးဘကွန်း၊ ဒါကဘာဆန်းလို့လဲ”

“ဒီလိုဆိုရင် ရယ်ခြင်းခြောက်မျိုးဆိုတာ ခင်ဗျားသိသလား”

“မသိဘူးဗျ၊ ရယ်တာ ခြောက်မျိုးတောင်ရှိသလား၊ ကျုပ်ကတော့ ရယ်တာတစ်မျိုးပဲသိတယ်ဗျ၊ ပြောပြစမ်းပါဦး”

“မျက်စိပွင့်ရုံမျှ ရယ်ခြင်းကို သိတ လို့ခေါ်တယ်။

“သွားပေါ်ရုံမျှ ပြုံးရယ်ခြင်းကို ဟိသ လို့ခေါ်တယ်၊ အဲဒီ နှစ်မျိုးဟာ မြင့်မြတ်သူတွေရဲ့ ရယ်ခြင်းမျိုးပဲ။

“အသံအနည်းငယ်ထွက်ပြီးရယ်ခြင်းကို ဝိဟသိတ။ ပခုံး၊ဦးခေါင်းလှုပ်အောင်ရယ်ခြင်းကို ဥပဟသိတ လို့ခေါ်တယ်။ ဒါကတော့ အလတ်စားလူတွေရဲ့ ရယ်ခြင်းမျိုးဖြစ်တယ်။

မျက်ရည်ထွက်အောင် ရယ်ခြင်းကို အပဟသိတ။

ခြေ၊ လက်၊ ကိုယ် စသည်တို့ ယိမ်းယိုင်၍ ရယ်ခြင်းကို အတိဟသိတ။ အဲဒါကတော့ သူယုတ်တို့ရဲ့ရယ်ခြင်းလို့ဆိုတယ်။ ဒီတော့ ခင်ဗျားရဲ့ ဇာတ်ရုပ်ဟာ သူမြတ်၊ သူလတ်၊ သူယုတ် ဆိုတာကို ခွဲခြားပြီး ရယ်ခိုင်းရင် ပိုပြီးသင့်လျော်မယ်ထင်တယ် ကိုဘသင်၊ ပြီးတော့ ရယ်ဖွယ်ဆယ်ပါးတို့၊ မယားသည့်ရယ်ခြင်း၊ မြေကရယ်ခြင်း၊ ရွှေငွေကရယ်ခြင်း ဆိုတဲ့ ရယ်ခြင်းကြီးသုံးပါးတို့ကိုလည်း လေ့လာဆည်းပူးထားဖို့လိုမယ် ထင်ပါတယ်”

“နေပါဦး ဦးဘကွန်းရယ် … မယားသည့်ရယ်ခြင်း ဆိုတာတော့ ကြားဖူးပါတယ်၊ လင်ယောကျ်ားလုပ်တဲ့လူက ကလေးကို သူ့ကလေးမှတ်လို့ နမ်းရှုပ်တဲ့အခါမှာ အဲဒီလင်ယောကျ်ားနဲ့ရတဲ့ကလေး မဟုတ်လေတော့ မိန်းမက တိုင်ကွယ်ပြီး ရယ်တယ်ဆိုတာတော့ ကြားဖူးပါရဲ့၊ မြေကရယ်ခြင်းတို့၊ ရွှေကရယ်ခြင်းတို့ဆိုတာတော့ ဘုရားကို စူးရပါစေရဲ့၊ အခု ဦးဘကွန်းပြောမှပဲ ကြားဖူးပါတယ်”

“ဒါက ဒီလိုလေဗျာ၊ ငါ့လယ် ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာခင်မင်၊ ဆိုပြန်လျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာမူ၊ ကမ္ဘာမကြေ မချင်းနေ၏။ မသွေယွင်းယို၊ သင်းတို့ကိုယ်မူ၊ လိုမပိုင်ဘဲ၊ ရယ်ဖွယ်ပဲဟု၊ ပြောင်မြဲသောနှယ်၊ မြေကရယ်၏ တဲ့၊ ငါ့လယ် ငါ့ယာ ငါ့မြေလို့ လူတွေကပြောနေကြပေမယ့် ကမ္ဘာမကြေမချင်းနေရမဲ့မြေကြီးက မကြာခင် သူ့ကိုပိုင်ပါတယ်၊ ဆိုင်ပါတယ်ဆိုတဲ့ လူတွေဟာ သေမင်းနိုင်ငံကို လိုက်ပါသွားကြရမယ့်လူတွေဆိုတာ သိလေတော့ မြေကြီးက ရယ်လေတယ်လို့ ပညာရှိတွေက ဆိုထားတယ်၊ ရွှေက ရယ်ခြင်းလဲ ဒီသဘောပါပဲ ကိုဘသင်”

“ဟုတ်တယ် ဦးဘကွန်း၊ အဲဒါတော့ မှတ်ထားရမယ်”

“ဒါနဲ့ နေပါဦးဗျ၊ ခင်ဗျားဝတ္ထုရေးတော့ ဘယ်နေရာကနေရေးသလဲ ကိုဘသင်”

“အိမ်မှာရေးရင်တော့ အိမ်ရှေ့မှာ ရေးတယ်ဗျ၊ ဆိုင်မှာရေးရင်တော့ ဈေးရောင်းရင်းရေးတာပေါ့”

“ကျုပ်မေးတာက ဒီလိုမဟုတ်ဘူးဗျ၊ ဝတ္ထုရေးတဲ့ဆရာဟာ ဇာတ်ရုပ်ရဲ့ အဖြစ်အပျက်ကို ဇာတ်ရုပ်ကိုယ်တိုင်က ‘ကျွန်တော်’ ဖြစ်စေ၊ ‘ကျွန်ုပ်’ ဖြစ်စေနဲ့လဲ ရေးတတ်တယ်မဟုတ်လား၊ အဲဒါကတော့ ဝတ္ထုရေးတဲ့ဆရာဟာ ဇာတ်ရုပ်ကနေဝင်ပြီးရေးတာ မဟုတ်လား၊ ဥပမာဗျာ … ကျုပ်က ဝတ္ထုရေးတဲ့ဆရာဆိုပါတော့၊ ကျုပ်နဲ့ခင်ဗျားနဲ့ အခုလိုတွေ့ကြတာကို ဝတ္ထုရေးမယ် ဆိုပါတော့ . . . ‘တစ်နေ့သ၌ ကျွန်ုပ်ဦးဘကွန်းသည် အညောင်းပြေလမ်းလျှောက်ထွက်၍လာရာ တစ်ခါက ကျွန်ုပ်နှင့်ကြေးကူးဆစ်ဆိုသော တရုတ်အဖိုးကြီးတစ်ဦး ပြောပြသည့်ပုံပြင်များကို အတူတကွနားထောင်ဖူးသော ကိုဘသင်ဆိုသည့် ပတ္တာရောင်ပုလိပ်နှင့် အမှတ်မထင် တွေ့ဆုံမိလေ၏’ လို့ ရေးရမယ် မဟုတ်လား၊ အဲဒီလိုရေးရင် ‘ကျွန်ုပ်’ဟာ ဇာတ်ရုပ်ရဲ့ မူလပြောသူနေရာက ရေးတာမဟုတ်လား”

“ဟုတ်ပါတယ် ဦးဘကွန်း”

“ပြီးတော့ ဇာတ်လမ်းရဲ့ အဓိကဇာတ်ရုပ် ဖြစ်ပျက်နေတာကို အဲဒီဇာတ်ကောင်နဲ့ အတူတကွရှိနေတဲ့ အခြားအရေးမကြီးတဲ့ ဇာတ်ကောင်က စာဖတ်ပရိသတ်ကို တစ်ဆင့် ပြောပြသူနေရာက ရေးတာမဟုတ်လား”

“ဟုတ်ပါတယ် ဦးဘကွန်း”

“နောက်တစ်ခုက . . . ဝတ္ထုရေးဆရာက ဇာတ်လမ်းကြီးတစ်ခုလုံးကိုရော၊ ဇာတ်ရုပ်တွေအားလုံးရဲ့ အဖြစ်အပျက်တွေကိုရော အပေါ်ကနေစီးပြီး ကြည့်ရှုနေရတဲ့အလား ရေးပြတာမျိုးလဲ ရှိတယ်မဟုတ်လား၊ အဲဒီသုံးနေရာမှာ ခင်ဗျားက ဘယ်နေရာကနေ ရေးတာလဲလို့ မေးတာပါ”

“အခု ဦးဘကွန်းပြောတဲ့ နောက်ဆုံးရေးနည်းနဲ့ ရေးလေ့ရှိပါတယ်”

“မှားချင်လဲ မှားမယ်နော်၊ ကျုပ်ထင်တာပြောတာ၊ အဲဒီနေရာကရေးရင် ဖတ်ရတဲ့သူအဖို့ ဝတ္ထုဖတ်နေရတယ်လို့ပဲထင်နေတတ်တယ်”

“ဝတ္ထုဖတ်နေတာကို . . . ဝတ္ထုဖတ်နေတယ်လို့ မထင်လို့ ဘယ်လိုထင်ရမလဲဗျ”

“ဝတ္ထုဖတ်နေပေမယ့် တကယ်ဖြစ်ပျက်နေတဲ့ ကိစ္စလို့ စာဖတ်ပရိသတ်ကိုထင်စေရမယ်ဗျ၊ ကျုပ်အထင်ပြောတာနော်၊ အဲဒီလိုထင်နေအောင်ကတော့ ဇာတ်လမ်းကို တစ်ဆင့်ပြောပြသူနေရာကရေးပြီး လိုအပ်တဲ့နေရာတွေမှာ ဇာတ်ရုပ်ရဲ့ အဖြစ်အပျက်ကို ဇာတ်ရုပ်ကိုယ်တိုင်က ပြောပြနေတဲ့နေရာက ရေးလိုက်နဲ့ တစ်လှည့်စီ ရေးရမယ်၊ အဲဒါမှ ပိုပြီးထိရောက်တယ်လို့ ကျုပ်တော့ထင်တယ်”

"စဉ်းစားစရာပဲ ဦးဘကွန်း"

"ပြီးတော့ ... ကိုဘသင် ဇာတ်လမ်းတွေ ဘယ်လိုဆင်ယူသလဲဗျ"

"ဒါကတော့ဗျာ ... အလွမ်းရေးရမယ်ဆိုရင် လွမ်းရမယ့် မင်းသမီးနဲ့ မင်းသားကို ခွဲပစ်လိုက်တယ်ဗျာ၊ စွန့်စားခန်းရေးမယ်ဆိုရင် မင်းသားကို အန္တရာယ်တစ်ခုခု ကျရောက်ပေးလိုက်တယ်ဗျာ"

"အဲဒါတော့ ကျုပ်လဲမသိဘူး ကိုဘသင် ... အဲဒါကတော့ စာရေးဆရာဇီဇပါလာတဲ့ လူတွေရဲ့ အလုပ်ပဲ၊ အဲဒါနဲ့ စကားပြောနေတုန်း ကျုပ်တို့ကိုပုံပြောပြတဲ့ တရုတ်ဘိန်းစားကြီးကြေးကူးဆစ်ကို သတိရတယ်ဗျာ၊ ကိုဘသင် ခင်ဗျားကော သတိမရဘူးလား"

"ဘယ့်နယ် ပြောပါလိမ့် . . . သတိရတာပေါ့"

"အဲဒါနဲ့ ကြေးကူးဆစ်အကြောင်းကော ခင်ဗျား သေသေချာချာသိရဲ့လား"

"သေသေချာချာတော့ မသိဖူးပါဘူးဗျာ၊ ဒါပေမယ့် အဲဒီအဖိုးကြီးက သိပ်ပြီးတော်တာပဲဗျ၊ ထူးလဲ သိပ်ထူးဆန်းတာပဲ"

"ဟဲ ဟဲ ... အဲဒီ ကြေးကူးဆစ်နဲ့ ဘုံကျောင်းမှာ အတူတူနေတဲ့ အဘိုးကြီးတစ်ယောက်ရှိသေးတယ်၊ တစ်ခုထူးဆန်းတာကတော့ အဲဒီအဘိုးကြီးဟာ တရုတ်မဟုတ်ဘူးဗျ . . . မြန်မာအဘိုးကြီးဗျ၊ သူ့နာမည်ကတော့ 'ဦးသယကော'လို့ ခေါ်တယ်၊ အရင်က ဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးဗျ . . . နောက်တော့မှ ဘုံကျောင်းကိုရောက်သွားတာ"

"ဦးဘကွန်းကသာ မြန်မာအဘိုးကြီးလို့ပြောတာ၊ နာမည်ကတော့ ဘယ့်နယ် 'ဦးသယကော'ရယ်လို့ဗျာ၊ ဘာနာမည်ကြီးလဲ"

"ပါဠိလိုဗျ၊ အဓိပ္ပာယ်က 'အအိပ်ကြီးသူ'လို့ အဓိပ္ပာယ်ရတယ်၊ နာမည်နဲ့ကတော့ လိုက်ပါပေ့ဗျာ၊ ဘယ်တော့ သွားကြည့်ကြည့် ဦးသယကောကတော့ အိပ်နေတာပဲဗျ၊ သူ့ကိုဘုံကျောင်းခေါ်ထားတာလဲ ကြေးကူးဆစ်က ခေါ်ထားတာပဲ၊ ဒီနေရာမှာ တစ်ခုထူးဆန်းတာက တရုတ်အဘိုးကြီးနဲ့ မြန်မာအဘိုးကြီး ဘယ်လိုပတ်သက်ကြတယ်ဆိုတာပဲ"

သူဌေးကြီး ဦးဘကွန်းသည် ထိုနေရာ၌ အနည်းငယ်ရပ်လိုက်ပြီးလျှင် ဆက်၍ပြောပြန်သည်မှာ –

"သူတို့နှစ်ယောက်ဟာ ပြည်က ဆရာတော်တစ်ပါးဆီမှာ အတူတကွ ပါဠိဘာသာကို သင်ယူဖူးကြတယ်ဆိုပဲ၊ ကြေးကူးဆစ်ကတော့ သင်ပေးသမျှတွေကို တစ်နေကုန်ရွတ်နေတာပဲ၊ ဦးသယကောကတော့ တစ်နေကုန်အိပ်ပြီးနေတယ်။ ညကျလို့ ဆရာတော်က စာပြန်ခိုင်းတဲ့အခါမှာ ကြေးကူးဆစ်စာပြန်နိုင်သလို ဦးသယကောလဲ စာပြန်နိုင်တာပဲ၊ ဒါကြောင့် ကြေးကူးဆစ်က သယကော အိပ်နေတာတောင် စာတွေရနေတယ်၊ ငါ့လိုများစာအံမယ်ဆိုရင် ဆရာတော်ကိုတောင် ပြန်ပြီး စာချနိုင်မလား မသိဘူးလို့တောင် ညည်းရှာတယ်"

စာရေးဆရာလောင်း ကိုဘသင်သည် သူဌေးကြီးပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေလေ၏။ ထိုအခါ၌ သူဌေးကြီးဦးဘကွန်းက ဆက်လက်၍ ပြောပြန်သည်။

"နှစ်ယောက်စလုံး စာတတ်ကြတော့ နှစ်ယောက်စလုံး ကပ္ပိယလုပ်ကြတယ်ဗျ၊ ကြေးကူးဆစ်က ဘုံကျောင်းမှာ၊ ဦးသယကောက ဘုန်းကြီးကျောင်းမှာ၊ အမှန်ကတော့ ကပ္ပိယလုပ်မှာပဲ ဒါလောက်တောင် ပါဠိကို ကြိုးကြိုးစားစားသင်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ . . . သူတို့နှစ်ယောက်ဟာ ပါဠိဘာသာကို တကယ့်ကို ကြိုးကြိုးစားစား သင်ခဲ့ကြတယ်"

စာရေးဆရာလောင်း ကိုဘသင်သည် ပို၍စိတ်ဝင်စားလာသည်ဖြစ်၍ ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာလေ၏။ သူ၏အမူအယာမှာ ဖိမ်နှင့်နားထောင်တော့မည်ဟု ပေါ်လွင်လျက် ရှိလေသည်။ သူဌေးကြီးပုဏ္ဏားဘကွန်းကလည်း အနီးတွင်ရပ်နေသော ကိုရင်ကြီးအား အားနာ၍လာသဖြင့် –

"ကိုရင်ကြီး လျှောက်နှင့်ပါ၊ တပည့်တော် ဖြည်းဖြည်းလိုက်ခဲ့ပါ့မယ်" ဟုပြောလိုက်သဖြင့် ကိုရင်ကြီးသည် ဇဟန်းဘက်သို့ ဆက်၍လျှောက်သွားလေ၏။ ထိုအခါ၌ သူဌေးကြီးက ဆက်၍ ပြောပြန်သည်မှာ – "ဦးသယကောမှာ အကျင့်တစ်ခုရှိတာက တစ်နေ့လုံးအိပ်ပြီး ညကျမှ ထတယ်၊ အဲဒီတော့မှပဲ မျက်နှာသစ်တယ်၊ ဘုံကျောင်းကပေးတဲ့ စားစရာသောက်စရာတွေကို စားတယ်၊ အညောင်းပြေ လမ်းလျှောက်တယ်၊ ဘုံကျောင်းအပြင်ဘက်ကိုလဲ ထွက်ပြီး ဆေးလိပ်ဝယ်တယ်၊ ဆေးလိပ်နဲ့အတူ နို့စိမ်းခွက်နဲ့ လက်ဖက်ရည်ပါ ဝယ်တယ်၊ သူသောက်တဲ့ ဆေးလိပ်ကလည်း 'သူဌေးဝါးလား' ဆိုတဲ့ ဆေးပေါ့လိပ်ဗျ၊ အဲဒီအခါမှာ ကြေးကူးဆစ်မအိပ်သေးရင် ကြေးကူးဆစ်နဲ့ စကားပြောတယ်"

သူဌေးကြီးသည် ခြေထောက်ညောင်းသဖြင့် အနည်းငယ် နေရာရွှေ့လိုက်၏။ ကိုဘသင်ကလည်း ဆေးလိပ်ပြာခြွေလေ၏။ ထို့နောက် ဆက်၍ပြောပြန်သည်။

"ဦးသယကောက ကြေးကူးဆစ်ကို လက်ဖက်ရည်သောက်ရင်း ပုံပြောလေ့ရှိတယ်ဗျ၊ ကြေးကူးဆစ်က ပုံနားထောင်တယ်၊ ပြီးရင် ပုံပြောခဆိုပြီး ကြေးကူးဆစ်က ဦးသယကောကို ပိုက်ဆံတစ်ပြားပေးလေ့ရှိတယ်"

ကိုဘသင်သည် ကြေးကူးဆစ်၏ ပုံပြောကောင်းမှုကြောင့် ပတ္တရောင်ဝတ္တရား မကျေပွန်ဟုဆိုကာ ပုလိပ်အဖွဲ့မှ ထုတ်ပစ်ခြင်းခံခဲ့ရသူဖြစ်၏။ ယခု သူဌေးကြီးထံမှကြားရသည်မှာ ၎င်းကပုံပြောကောင်းသူဟု ထင်မှတ်ထားသော ကြေးကူးဆစ်ကပင်လျှင် ပိုက်ဆံတစ်ပြားပေး၍ ပုံပြောခိုင်းရလောက်အောင် ဦးသယကောဆိုသည့် အဘိုးကြီးက ပုံပြောသည့်နေရာ၌ တစ်ဖက်ကမ်းခတ်အောင်တော်နေကြောင်း သိရသောအခါ၌ ပို၍စိတ်ဝင်စားမိလေ၏။ ထိုအခါတွင် သူဌေးကြီးက ဆက်၍ပြောပြန်သည်မှာ –

"ဦးသယကောဟာ တစ်နေ့လုံးအိပ်နေပြီး ညကျမှ အိပ်ရာထတာ၊ ဘာစာအုပ်မှလည်းဖတ်တာမဟုတ်ဘူး၊ ဒါပေမဲ့ ညကျရင် ကြေးကူးဆစ်ကိုတော့ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ပုံတစ်ပုံတော့ ပြောစမြဲပဲ၊ ဒါကြောင့် ကြေးကူးဆစ်က ငါမှာတော့ ပုံပြောနိုင်အောင် ဖတ်လိုက်ရတဲ့ စာအုပ်တွေကွာ၊ သယကောတို့များ ဘာစာအုပ်မှလည်း မဖတ်ဘူး၊ သယကောဆိုတဲ့အတိုင်း တစ်နေ့လုံးအိပ်၊ အိပ်ရာကနိုးတာနဲ့ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ပုံတစ်ပုံတော့ ပြောပြတော့တာပဲ၊ ဘယ်လောက်များ ထူးဆန်းတဲ့ သယကောလဲ လို့ပြောရှာတယ်၊ အဲဒီအခါ ဦးသယကောက ဘာပြန်ပြောသလဲဆိုတော့ . . ."

"ဒီမှာ ဝဠကော၊ အဲ အဲ … ပြောရဦးမယ်၊ ဦးသယကောက ကြေးကူးဆစ်ကို ဝဠကောလို့ ခေါ်တယ်၊ ပါဠိလိုတော့ လှည့်စားတတ်သူ၊ လူညာလို့ အဓိပ္ပာယ်ရတယ်၊ ဘာကြောင့်လဲဆိုတော့ ကြေးကူးဆစ်ဟာ ဘယ်တော့မှ အမှန်ပြောလေ့မရှိဘူး၊ ဘိန်းခန်းက ပြန်လာပေမဲ့ ဘယ်ကလာတာလဲလို့ မေးလိုက်ရင် နတ်ပြည်ကလာတယ်လို့ ပြောလေ့ရှိတယ်၊ စားပြီးပေမယ့် မစားရသေးဘူးလို့ ပြောလေ့ရှိတယ်၊ တစ်ညလုံး သိုးနေအောင်အိပ်ပေမယ့် မနက်ကျရင် ညက တစ်ရေးမှတောင် မမှေးလိုက်ရဘူးလို့ ဆိုချင်ဆိုတာကိုး၊ ဒါကြောင့် ဦးသယကောက ကြေးကူးဆစ်ကို 'ဝဠကော' လိမ်လည်လှည့်စားသူလို့ ခေါ်တာ"

ထိုအခါ၌ ကိုဘသင်သည် ကြေးကူးဆစ်အကြောင်းကို စဉ်းစားမိလေ၏။ ကြေးကူးဆစ်၏ ရယ်စရာ သဘောမျိုးဖြင့် လိမ်လည်၍ ပြောဆိုတတ်သော အကျင့်ကလေးများကိုလည်း ပြန်၍ စဉ်းစားမိလေ၏။ ထိုအခါ၌ သူဌေးကြီးက ဆက်၍ ပြောပြန်သည်မှာ –

"တစ်နေ့ ဦးသယကောကို ကြေးကူးဆစ်က 'သယကော၊ မင်းဟာအိပ်နေပြီး ညကျရင် ပုံတစ်ပုံ … တစ်ပုံ မှန်မှန်ပြောပြနိုင်တာကို ငါ သိပ်ပြီးအံ့ဩတာပဲလို့ ပြောတယ်၊ အဲဒီအခါမှာ ဦးသယကောက ဘယ်လိုပြန်ပြောသလဲဆိုတော့ ဒီမှာ ဝဠကော၊ မင်းမသိရင်မှတ်ထား၊ ပညာရှိဖြစ်ချင်ရင် များများအိပ်ပေးရမယ်၊ သေသေချာချာ အိပ်တတ်ရင် ပညာရှိဖြစ်ပြီလို့ဆိုလိုက်တော့ ကြေးကူးဆစ်က 'သယကော မဟုတ်တာတွေမပြောပါနဲ့၊ ပညာရှိဖြစ်အောင် လူတွေဟာ မနားမနေကြိုးစားကြရတယ် မဟုတ်လား၊ ရှေးပညာရှိတွေကလဲ 'အလဟသ ကုတော သိပ္ပ၊ ပျင်းသောသူအား အတတ်ဘယ်မှာ တတ်အံ့နည်း' လို့တောင် ဆိုထားတယ်မဟုတ်လား၊ မင်းကျမှပဲ များများအိပ်ရမယ် များများအိပ်မှ ပညာရှိဖြစ်မယ်လို့ ပြောရက်ပလေကွာ' လို့ စောဒကတက်လိုက်တယ်၊ အဲဒီအခါ ဦးသယကောက ဟက်ဟက်ပက်ပက်ရယ်မောပြီး ဘယ်လိုပြောလိုက်သလဲဆိုတော့ သေသေချာချာနားထောင်နော် . . . ဦးသယကောပြောတဲ့စကားဟာ သိပ်ပြီးထူးဆန်းတယ်၊ ဟုတ်တယ်လို့လဲ အတပ်မပြောနိုင်ဘူး၊ မဟုတ်ဘူးလို့လဲ မဆိုနိုင်ဘူး၊ ဘယ်လိုပြောသလဲ ဆိုတော့"

"ဒီမှာ ဝဠကော၊ လူမှာ နိုးကြားတဲ့စိတ်ရယ်၊ ငိုက်မျဉ်းတဲ့စိတ်ရယ်၊ အိပ်မောကျတဲ့စိတ်ရယ်လို့ သုံးမျိုးရှိတယ်ကွ၊ နိုးကြားတဲ့စိတ်ဆိုတာကတော့ အခုလို မင်းနဲ့ငါ စကားပြောနေတဲ့စိတ်၊ ဟိုက မြင်းရထားကုလားလို မြင်းရထား မောင်းသွားတဲ့စိတ်၊ ဟိုနားမှာ အီကြာကွေးကြော်နေတဲ့ကောင်ရဲ့ စိတ်မျိုးပေါ့၊ ငိုက်မျဉ်းတဲ့စိတ် ဆိုတာကတော့ ဟိုအီကြာကွေးကြော်နေတဲ့ကောင်ဟာ ဒီကနေ မင်းမြင်ရတယ် မဟုတ်လား၊ အီကြာကွေးကြော်ရင်း သီချင်းဆိုနေတာလေ၊ အီကြာကွေး ကြော်တာကတစ်စိတ်၊ သီချင်းဆိုတာက တစ်စိတ်၊ နှစ်စိတ်ရှိလိုသာ တစ်ချိန်တည်းမှာ အလုပ်နှစ်မျိုးလုပ်နေတာပေါ့ကွာ၊ အီကြာကွေးလည်း အကြော်မပျက်သလို သီချင်းလဲ အဆိုမပျက်ဘူး မဟုတ်လား၊ ဒီတော့ အီကြာကွေးကြော်တာက လက်တွေ့လုပ်ရတယ်၊ သူက ကူလီနဲ့တူတယ်၊ အဲဒီကူလီနဲ့တူတာက 'နိုးကြားတဲ့စိတ်ရဲ့အစွမ်း'၊ သီချင်းဆိုတာက လက်တွေ့လုပ်ဖို့မလိုဘူး၊ စိတ်ကူးနဲ့လုပ်ရတာ၊ သူက သူဌေးနဲ့တူတယ်၊ အဲဒါက ငိုက်မျဉ်းတဲ့စိတ်ရဲ့ အစွမ်း၊ လူတွေဟာ နိုးကြားတဲ့စိတ်လောက်ကိုပဲ သိနေကြတယ်၊ ငိုက်မျဉ်းတဲ့စိတ်ရဲ့အစွမ်းကို မသိကြရှာဘူး၊ အဲဒီအစွမ်းကိုသိလို့ အသုံးချရင် နှယ်နှယ်ရရမဟုတ်တော့ဘူး၊ တစ်ခါ အဲဒီ ငိုက်မျဉ်းတဲ့စိတ်ထက် ပိုပြီး အဖိုးတန်တာကတော့ အိပ်မောကျတဲ့စိတ်ပဲ၊ တစ်ခါတစ်လေ လူတွေမှာ အခက်အခဲတွေ့လို့ မကြံတတ် မစည်တတ်ဖြစ်ပြီး အကြံအိုက်တဲ့အဆုံးမှာ မထူးတော့ပါဘူးဆိုပြီး အိပ်ချလိုက်တယ်၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပြီး အိပ်ရာကနိုးတဲ့အခါကျမှ စောစောက မကြံတတ် မစည်တတ်တာတွေရဲ့ အဖြေကို ဖျတ်ကနဲ ပေါ်လာတတ်တာကို တွေ့ဘူးမှာပေါ့၊ အဲဒါကြောင့် မြန်မာစကားမှာ 'အိပ်သောယောကျ်ား၊ နိုးသောလား' လို့တောင် ဆိုထားတယ်ကွ၊ အဲဒီအခါမှာ ကြေးကူးဆစ်ဟာ သူ့ဟာသူ စဉ်းစားကြည့်မိတယ်၊ သူလည်းမကြာခဏ အဲဒီလိုဖြစ်ဖူးကြောင်း သတိရလာမိတယ်၊ ဦးသယကောက ဆက်ပြီးပြောပြန်တာကတော့ အဲဒီလိုအကြံပေါ်လာတာဟာ အိပ်မောကျတဲ့စိတ်ကြောင့်ဖြစ်တယ်၊ အိပ်မောကျတဲ့စိတ်ဟာ ပညာရှိနဲ့တူတယ်၊ ဒါကြောင့် ခဲရာခဲဆစ်ဖြစ်နေတာတွေကို သူက ဖြေရှင်းပေးတယ်၊ အဲဒါကြောင့် ပညာရှိဖြစ်ချင်ရင် သေသေချာချာ အိပ်မောကျအောင်အိပ်တတ်ရမယ်လို့ ပြောတာပေါ့ကွ၊ မြစ်ထဲချောင်းထဲမှာ ဈေးလှေကြီးမှောက်သွားလို့ ခရမ်းသီးရော၊ တောင်းစုတ်ပလုံးစုတ်ရော၊ ငှက်ပျောသီးရော၊ မြေအိုးမြေခွက်ရော၊ ကန်စွန်းရော ပစ္စည်းမျိုးစုံ မျောပြီးနေသလို ဟောဒီစကြဝဠာကြီးထဲမှာလဲ ပညာရှိစိတ်ရော၊ သူဌေးစိတ်ရော၊ လက်ဝှေ့သမားစိတ်ရော၊ စာရေးဆရာစိတ်ရော စတဲ့ စိတ်ပေါင်းစုံဟာ မျောပြီးနေတယ်ကွ၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်တဲ့လူရဲ့ စိတ်ဟာလဲ အဲဒီအထဲရောပြီးမျောသွားတယ်၊ အဲဒီအခါမှာ ပညာရှိဖြစ်ချင်တဲ့လူနဲ့ ပညာရှိစိတ်နဲ့ သွားပြီးဆုံလိုက်တာနဲ့ တစ်ခါတည်း ပညာဉာဏ်တွေ တိုးတက်ပွင့်လင်းလာတော့တယ် ကြေးကူးဆစ်၊ စာရေးဆရာဖြစ်ချင်တဲ့လူနဲ့ စာရေးဆရာစိတ် သွားပြီးတွေ့ရင်လဲ တစ်ခါတည်း စာရေးဆရာဖြစ်တော့တာပဲလို့ ရှင်းပြလိုက်တဲ့အခါမှာ ကြေးကူးဆစ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး မင်းဟာတော့ အဆန်းပဲ သယကော၊ လူတွေကို မင်းလို အအိပ်ကြီးအောင်လုပ်နေတာလားလို့ အရွှန်းလေးဖောက်ပြီးမေးလိုက်တယ်"

စာရေးဆရာလောင်းကိုဘသင်သည် စာရေးဆရာဖြစ်ရန်အတွက် ဦးသယကော၏ ဩဝါဒအတိုင်း အိပ်ချည်းနေရမည်လောဟုပင် စိတ်ကူးမိလေတော့၏။ ထိုအခါ၌ သူဌေးကြီးသည် အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"ကြေးကူးဆစ်ဟာ အားရပါးရ ရယ်မောပြီးနောက် 'သယကော၊ မင်းလဲ တစ်နေကုန် အိပ်မောကျအောင်အိပ်နေတော့ ပုံပြောတဲ့စိတ်နဲ့ မင်းရဲ့စိတ်နဲ့ သွားပြီးတွေ့တယ် ဆိုပါတော့ကွာ၊ ဒါကြောင့် အိပ်ရာကနိုးလာရင် ပုံတစ်ပုံပြောနိုင်တာ ဆိုပါတော့ကွာ' လို့ မေးလိုက်တယ်၊ ဦးသယကောကလဲ 'အေး ဟုတ်တယ်ကွ' လို့ပြန်ပြီးဖြေလိုက်တယ်၊ အဲဒီလို စကားပြောနေကြတုန်းမှာ ကြေးကူးဆစ်ဟာ အင်မတန်မွှေးတဲ့ အမွှေးနံ့တစ်ခုကို ရှုရှိုက်မိတာနဲ့ ဘယ်ညာဘေးဘီကို လှည့်ကြည့်လိုက်မိတယ်၊ အဲဒီလို လှည့်ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် . . . ကြေးကူးဆစ်အဖို့ တော်တော်ပဲ အံ့ဩသွားမိတယ်၊ ဘာကြောင့်လဲဆိုတော့ မလှမ်းမကမ်းမှာ အသက် ၁၈ နှစ်လောက်ရှိတဲ့ အလွန်အင်မတန်လှပတဲ့ မိန်းကလေးတစ်ယောက် ရောက်ရှိနေတာကို တွေ့လိုက်ရလို့ဖြစ်တယ်၊ မိန်းကလေးကို အီကြာကွေးဆိုင်က အောက်လင်းမီးရဲ့ အလင်းရောင်ကြောင့် သဲသဲကွဲကွဲမြင်နေရတယ်၊ အသားရောင်ဟာ စပါးမှည့်ရောင်လို ဝါဖန့်ဖန့်ကလေးဖြစ်ပြီး မျက်လုံးမျက်ခုံးကလဲ လှလိုက်တာမပြောပါနဲ့၊ နှာတံကလေးကလည်းပေါ်တယ်၊ နှုတ်ခမ်းကလေးကလဲ တရုတ်မင်္ဂလာဆောင်ဖိတ်စာလို ရဲရဲနီနေတယ်၊ ဆံပင်ကိုဖြန့်ပြီး ဖားလျားချထားတယ်၊ ကိုယ်လုံးကလေးကလဲ ခါးသေးရင်ချီကလေးဆိုပဲ၊ သူ့ကိုယ်က အမွှေးနံ့ဟာလဲ ရေမွှေးနံ့လိုစူးစူးဝါးဝါးမဟုတ်ဘူး၊ သနပ်ခါးနံ့လောက်လဲ မပျော့ဘူး၊ အနံ့ကလေး မွှေးကြိုင်ပုံကလဲ ထူးထူးခြားခြားရှိလှတယ်၊ အဲဒီမိန်းကလေးက ခေါင်းကလေး အသာညိတ်ပြီး ဦးသယကောကိုခေါ်တယ်၊ ဦးသယကောက ခဏနေဦးဆိုတဲ့သဘောနဲ့ လက်ဝါးကာပြလိုက်ပြီး နို့စိမ်းခွက်ထဲကလက်ဖက်ရည်ကို တစ်ကျိုက်လောက်မော့ချပြီး ဆေးလိပ်ကို မီးညှိပြီးတော့မှ မိန်းကလေးဆီကို ထပြီးသွားတယ်"

"ဦးသယကောနဲ့ အဲဒီမိန်းမချောလေးဟာ အချိန်တော်တော်ကြာတဲ့အထိ စကားပြောနေကြတယ်၊ ပြီးတော့မှ မိန်းကလေးက ပြန်ပြီးထွက်သွားတယ်၊ မိန်းကလေးပြန်ပြီးထွက်သွားတဲ့အခါမှာ ကြေးကူးဆစ်က –

'သယကော ... အဲဒါဘယ်သူလဲ' လို့မေးလိုက်တယ်၊ ဦးသယကောက –

'ကတော လဇ္ဇာတာဒိသာကညာ၊ ယာ ပသန္နမုခိ ဒဿနိယာ ဟောတိ' လို့ ပါဠိလို ပြန်ပြီးဖြေလိုက်တယ်၊ 'ဒါလောက်ချစ်စရာကောင်းတဲ့လူ ဘယ်မှာ ရှာတွေ့နိုင်ပါ့မလဲ' လို့ အဓိပ္ပာယ်ရတယ်၊

အဲဒီအခါမှာ ကြေးကူးဆစ်က မင်းကို ချစ်စရာကောင်းတာ မကောင်းတာ မေးနေတာမဟုတ်ဘူး။ ဘယ်သူလဲလို့မေးနေတာလို့ အော်ဟစ်ပြီး ပြောလိုက်တယ်။ ဦးသယကောက –

' ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ၊

ယံ မနုဿာ အတ္တာနံ စရိတာ၊

နရူပံ ကမ္မနိ ကရေယျုံ' လို့ ပြောပြန်တယ်။

လောကမှာ လူတွေဟာ မိမိတို့ ဝါသနာအတိုင်း လုပ်ကိုင်လေ့ရှိကြတာ ထုံးစံအတိုင်းပါပဲ လို့ အဓိပ္ပာယ်ရတယ်။

ကြေးကူးဆစ်က 'ဟေ့ ... သယကော၊ မင်းကို ငါမေးနေတာက ဘယ်သူလဲလို့ မေးနေတာကွ' လို့ ဒေါနဲ့မောနဲ့ ပြောလိုက်ပြန်တယ်။ ဒီတော့ ဦးသယကောက –

'သိဃ်ာရီ (ရည်းစား) လို့ပြန်ပြီးဖြေလိုက်ပါတယ်။

အဲဒီတော့ ကြေးကူးဆစ်က —

နခေါပနေတံ ပဋိရူပံ၊ ဗယာတ္တံ သမ္မပဏ္ဏိတောတိ

လဒ္ဓနာမော ဇဝရူပံ ဗာလကမ္မံ ကရေယျာသိ။

အဓိပ္ပာယ်ကတော့ လူလိမ္မာတစ်ယောက်ဖြစ်ပြီး အခုလို မိုက်မိုက်ရိုင်းရိုင်းအလုပ်တွေ လုပ်နေတယ်ဆိုတာ လူကြားလို့မှ မသင့်တော်ပါဘူး။ အဲဒီတော့ ဦးသယကောက —

န ခေါပနေတံ ပဋိရူပံ၊ ယောတ္တံ နာဂရိတော ပုတ္တာ အဒမ္မ ကတေယျာ။ အဓိပ္ပာယ်ကတော့ မြို့ကြီးသားဖြစ်ပြီး အခုလို ရိုင်းရိုင်းပျပျပြောဆိုတာ မသင့်ပါဘူး၊ အဲဒီလို ဦးသယကောနဲ့ ကြေးကူးဆစ်ဟာ ပါဠိဘာသာနဲ့ တစ်ယောက်ကိုတစ်ယောက် ပြောဆိုပြီးတဲ့ အခါမှာ ကြေးကူးဆစ်က စတင်ပြီး သယကောရယ်၊ မင်းနဲ့ငါဟာ သူငယ်ချင်းတွေပါကွာ၊ တစ်ဦးကိုတစ်ဦး အခုလို စိတ်ဆိုးအောင်နေဖို့မသင့်ပါဘူး၊ ကဲ ကဲ ... ထုံးစံအတိုင်း ပုံလေးတစ်ပုံပြောကွာ၊ ရော့ ... ဟောဒီမှာ ပုံပြောခ ပိုက်ဆံတစ်ပြားလို့ ဆိုလိုက်တယ်။ ဦးသယကောလဲ ကျေနပ်သွားပြီး ခွက်ထဲမှာ ကျန်တဲ့ လက်ဖက်ရည်ကို မော့ချလိုက်ပြီး သူဌေးဝါလား ဆေးပေါ့လိပ်ကြီးကို အားရပါးရ ရှိုက်ဖွာလိုက်တယ်"

ထိုအချိန်၌ သူဌေးကြီးသည် ခြေထောက်ကို အနည်းငယ်ပြင်၍ ထောက်လိုက်ပြီးလျှင် အညောင်းဖြေလိုက်၏။ စာရေးဆရာလောင်း ကိုဘသင်ကလည်း ဆေးလိပ်ကို အားရပါးရရှိုက်လိုက်လေ၏။ ထို့နောက် သူဌေးကြီးက ဆက်၍ပြောပြန်သည်မှာ–

"ဦးသယကောဟာ အဲဒီလို ဆေးလိပ်ကို အားရပါးရဖွာရှိုက်ပြီးတဲ့အခါမှာ လွန်စွာထူးဆန်း အံ့ဩဖွယ်ရာကောင်းတဲ့ ပုံပြင်တစ်ခုကို ပြောပြလေတော့တယ်၊ အဲဒီပုံပြင်ကတော့ –

"တစ်ခါတုန်းက အလွန်အင်မတန် အကြံဉာဏ်တုံးတဲ့ လူတစ်ယောက်ဟာ သူ့ရဲ့အိမ်ရှေ့မှာ ရေကန်လေးတစ်ခုတူးတယ်၊ သူ့ရဲ့ရည်ရွယ်ချက်ကတော့ … ရေကန်ထဲမှာ ငါးစင်ရိုင်းကလေးတစ်ကောင်ကိုထည့်ပြီး မွေးထားမယ်၊ နေ့စဉ်မှန်မှန်အစာကျွေးပြီး မွေးခဲ့လို့ရှိရင် အဲဒီ ငါးစင်ရိုင်းကလေးဟာ ရေကန်ကြီးနဲ့ ပြည့်ကျပ်လာတဲ့အထိ ကြီးပြင်းလာလိမ့်မယ်လို့ ထင်နေတယ်၊ သူ့မိန်းမကလဲ သူ့လိုပဲ ခပ်ဖျင်းဖျင်းပဲ၊ အဲဒါကြောင့် ရှင်မွေးထားတဲ့ ငါးစင်ရိုင်းကလေးဟာ ကန်နဲ့ပြည်အောင်ကြီးလာရင် ရွာထဲကလူတွေကိုခေါ်ပြီး အဲဒီ ငါးစင်ရိုင်းကြီးကို ရေကန်ထဲကနေ ဆယ်၊ နောက်ထပ် ငါးစင်ရိုင်းကလေးတစ်ကောင် ထပ်ပြီးထည့်၊ ဆယ်ပြီးတဲ့ငါးစင်ရိုင်းကိုတော့ ခုတ်ထစ်ပြီး ရောင်းလိုက်တာပေါ့လို့ ပြောရှာတယ်၊ အဲဒါနဲ့ အဲဒီလူဖျင်းဟာ ရေကန်ကို မနားမနေတူးရှာတယ်၊ နောက်ဆုံး ရေကန်ကြီးတူးပြီးတဲ့အခါမှာ ငါးစင်ရိုင်းကလေးတစ်ကောင် ထည့်ထားလိုက်တယ်၊ နောက်တစ်နေ့မှာ အဲဒီလူဖျင်းဟာ ငါးကို အစာကျွေးဖို့ ရေကန်ကိုသွားတဲ့အခါမှာ အလွန်ပဲ ထူးဆန်းတဲ့ အခြင်းအရာတစ်ခုကို တွေ့ရတယ်၊ အဲဒါကတော့ ဘာလဲဆိုရင် … လက်မ,လောက်ရှိတဲ့ လူခြေရာသေးသေးကလေးတွေ ကန်ပေါင်ပတ်ပတ်လည်မှာ တွေ့ရတယ်ဆိုပဲ၊ မွေးစပေါက်ကလေးရဲ့ ခြေရာတောင်မှ အဲဒါလောက်သေးစရာမရှိဘူး။

အဲဒီတော့ ခြေရာကလေးတွေကိုကြည့်ပြီး လူဖျင်းဟာ သူ့မိန်းမကို ခေါ်ပြတယ်၊ ရှင်မရေ … ဟောဒီမှာ လူခြေရာသေးသေးကလေးတွေကွာ၊ ထူးဆန်းလိုက်တာလို့ ပြောတော့ သူ့ရဲ့မိန်းမက . . . ကျွန်မအထင်တော့ တစ်ရွာလုံးမှာရှိတဲ့ မွေးစပေါက်ကလေးလေးတွေ သူတို့မိခင်မသိရအောင် ရေကန်နားမှာ လာပြီးဆော့ကစားကြတယ်ထင်တာပဲလို့ သူ့ရဲ့အထင်ကို ပြောတယ်။

အိုကွာ …ဒီလိုထင်ကြေးနဲ့တော့ ပြောနေလို့မဖြစ်ပါဘူး၊ ညကျမှပဲ ထ,ပြီး ချောင်းကြည့်ကြတာပေါ့၊ တကယ်လို့ ရှင်မပြောသလို . . . ရွာထဲမှာရှိတဲ့ မွေးစပေါက်ကလေးတွေ လာပြီးဆော့ကစားကြတာဆိုရင်လဲ သူတို့မိဘတွေကို တိုင်ပြောရမှာပေါ့ကွာလို့ လူဖျင်းက ပြောလိုက်တယ်၊ အဲဒီညမှာ လူဖျင်းလင်မယားဟာ သူတို့ရဲ့ တဲထဲကနေပြီး ရေကန်ကိုချောင်းကြည့်ကြတယ်၊ အဲဒီမှာ လူဖျင်းက အရင်စ,ပြီးမြင်တယ်တဲ့၊ ရှင်မရေ ဟိုမှာ ကြည့်စမ်း၊ ကြည့်စမ်း လို့ဆိုပြီး သူ့မိန်းမကို ပြတယ်ဆိုပဲ၊ သူတို့ ဘာကိုတွေ့မြင်ရသလဲဆိုတော့ …"

သူဌေးကြီးသည် ထိုနေရာ၌ ရပ်ပြီးလျှင် –

"ကိုဘသင်ရေ … စကားပြောလို့တော့ ကောင်းပါရဲ့ဗျာ၊ ကျုပ်ဆရာ ကိုရင်ကြီးက တော်တော်ဝေးသွားပြီဗျ၊ ကျုပ်လိုက်မှဖြစ်မယ်၊ နေ့ခင်း ၁၂ နာရီမှာတော့ ကျုပ်ရဲ့ ဧည့်ခံပွဲစမယ်၊ လာဖြစ်အောင်လာခဲ့ပါဗျာ" ဟု ဆိုကာ ကိုရင်ကြီးနောက်သို့ ခပ်သုတ်သုတ်လိုက်လေ၏။ နတ်မောက်လမ်းထိပ်သို့ ရောက်လျှင် အုတ်ခုံတစ်ခု၌ ထိုင်၍စောင့်နေသော ကိုရင်ကြီးကို တွေ့ရလေ၏။

"ဘယ်လိုလဲကွ … ကြာလှချည်လား" ဟု ကိုရင်ကြီးက စတင်၍ ပြောလေ၏။

"နည်းနည်းကလေးကြာသွားပါတယ်ဘုရား" ဟု သူဌေးကြီးက ပြန်၍ ပြောပြီးလျှင် ကိုရင်ကြီးအနီး၌ ဝင်၍ထိုင်လေ၏။ တစ်အောင့်မျှကြာလျှင် –

"ဟော့ကောင် ဘကွန်း … ဟိုမှာ စာရေးဆရာလုပ်မယ့် ပုလိပ် ထွက်လိုက်လာပါရောလားကွ" ဟု ပြသဖြင့် ကြည့်လိုက်ရာ ကိုဘသင်သည် ခြေလှမ်းကျဲများဖြင့် မပြေးရုံတမယ် ခပ်သုတ်သုတ် လိုက်၍လာလေ၏။ အနီးသို့ရောက်လျှင် –

"ဦးဘကွန်း လမ်းလျှောက်မယ် ဆိုရင်လဲ ကျွန်တော်ပါ လိုက်ပါ့မယ်ဗျာ၊ လမ်းလျှောက်ရင်းပဲ ပြောတာပေါ့၊ တစ်ပိုင်းတစ်လက်စကြီးတော့ မလုပ်ပါနဲ့ဗျာ၊ ဆက်ပြီးပြောစမ်းပါဦး၊ ဒီအတိုင်းသာ ပြန်သွားရရင်တော့ ကျုပ်တော့ ရှေ့ဘာဖြစ်မလဲ သိချင်တဲ့စိတ်ကြောင့် ဒီညမှာ အိပ်လို့ပျော်နိုင်မယ်မဟုတ်ဘူး၊ ဆက်ပြီး ပြောစမ်းပါဦး" ဟု ပူဆာလေ၏။ ထိုအခါ၌ သူဌေးကြီးသည် ဟက်ဟက်ပက်ပက်ရယ်မောပြီးနောက် –

"ကျုပ်သာ ခင်ဗျားလို စာရေးဆရာလုပ်မယ်ဆိုရင်တော့ ကျုပ်အခုပြောသလို ဇာတ်လမ်းကိုဆင်ယူမှာပဲ၊ အခု ခင်ဗျား ရှေ့ကိုဘာဆက်ဖြစ်မလဲဆိုတာ ဆက်ပြီးသိချင်နေအောင် ဇာတ်ကွက်ဇာတ်လမ်း ဆင်ထားမယ်ဆိုရင် ဖတ်လို့ကောင်းတာပေါ့ဗျာ" ဟု ပြောလိုက်ရာ ဘသင်သည် အရှိုက်ကို အထိုးခံရသည့်အလား ဟင်ကနဲဖြစ်၍ သွားလေတော့၏။

"ဒါဖြင့် ခုနက ဦးဘကွန်း ပြောတာတွေဟာ . . . တကယ်မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ ဇာတ်ကွက်ဆင်ပုံနဲ့ ပတ်သက်လို့ ကျုပ်ရဲ့ထင်မြင်ချက်ကို ပြောချင်လို့ ခင်ဗျားကို လုပ်ကြံပြီး ပြောပြလိုက်တာပဲ"

"ဒါဖြင့် လိမ်ပြောတာပေါ့"

"မှန်တာပေါ့ ကိုဘသင်၊ ဒါကြောင့် မုသားမပါ လင်္ကာမချော လို့တောင် ဆိုထားတယ် မဟုတ်လား၊ လင်္ကာချောအောင် မုသားနည်းနည်းသုံးရမယ်တဲ့၊ ပြီးတော့ ဝတ္ထုချောအောင်လဲ မုသားမသုံးချင်သည့်တိုင်အောင် စင်းစင်းကြီးတော့ ရေးလို့ မဖြစ်ပေဘူးပေါ့ဗျာ"

"ဒါပေမယ့် ဦးဘကွန်းက လုပ်ကြံပြောတယ်ဆိုပေမယ့်လို့ တော်တော့်ကို ဆွဲဆောင်သွားနိုင်တယ်ဗျ . . . ဘယ်အချက်ကြောင့် ဒါလောက်ဆွဲဆောင်သွားနိုင်တယ်ဆိုတာကိုတော့ သိချင်တယ်ဗျာ"

ကိုဘသင်သည် ဆေးလိပ်ကို မီးညှိပြန်၏။ ဤသို့ မီးညှိခြင်းမှာ သူဌေးကြီးရှင်းပြမည်ကို အကျအန နားထောင်မည့်လက္ခဏာပင်ဖြစ်၏။

"အမှန်ကတော့ ကျုပ်အခုပြောတဲ့ဇာတ်လမ်းမှာ အရေးကြီးတဲ့ ဇာတ်ရုပ်ဟာ ဦးသယကော မဟုတ်လား၊ အဲဒီ ဦးသယကောကို ခင်ဗျားပိုပြီးစိတ်ဝင်စားအောင် ဘယ်လိုဖန်တီးထားလိုက်သလဲဆိုတော့ ခင်ဗျားက ပုံပြောကောင်းပါတယ်လို့ ယူဆထားတဲ့ ဘုံကျောင်းက တရုတ်အဘိုးကြီး ကြေးကူးဆစ်ကတောင် ပိုက်ဆံပေးပြီး ပုံပြောခိုင်းရလောက်အောင် ပုံပြောကောင်းတဲ့ လူတစ်ယောက်အဖြစ် ဖန်တီးထားလိုက်တယ်၊ ဒီအချက်ဟာ ခင်ဗျားကို ရှေ့ဆက်ပြီး နားထောင်ချင်အောင် နှိုးဆွထားလိုက်တာပဲ၊ ပြီးတော့ ရှေ့တစ်နေရာမှာ ပုံပြောပြဖို့ ကြံတဲ့အခါမှာ ဦးသယကောက ကြေးကူးဆစ်ကို ပြောပြသောပုံပြင်အဖြစ်နဲ့ ပြောပြချင်တဲ့အတွက် ဒီနည်းနဲ့ စ,ထားလိုက်တာ၊ အင်္ဂလိပ်လိုတော့ Touching ပေးလိုက်တာပေါ့ ကိုဘသင်"

"ဟုတ်တယ်ဗျို့ ... အဲဒါကိုတော့ လက်ခံတယ်ဗျို့ ... ဆက်စမ်းပါဦး"

"ပြီးတော့ ဦးသယကောနဲ့ ကြေးကူးဆစ်ကို အပြိုင်ဇာတ်ရုပ်အဖြစ် ဖန်တီးပြီးတော့ ဦးသယကောကို ကြေးကူးဆစ်ထက်ပိုပြီးစိတ်ဝင်စားလာအောင်၊ ဇာတ်ရုပ်ရဲ့ တန်ဖိုးတက်လာအောင် မသိမသာလေး တန်ဖိုးမြှင့်တင်ချင်တဲ့အတွက် ကြေးကူးဆစ်က ပါဠိသင်တဲ့နေရာမှာ တစ်နေကုန်ကျက်မှ စာရရှာတယ်၊ ဦးသယကောကတော့ အိပ်နေလျက်နဲ့ စာတွေ ရနေတယ်လို့ ဆိုထားလိုက်တယ်၊ ဒီတော့ ဦးသယကောဟာ ကြေးကူးဆစ်ထက် နည်းနည်းကလေး ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့လူဖြစ်လာတယ်"

"မှန်တယ်ဗျို့ ... ဒီအချက်ဟာလည်း လက်ခံစရာပါပဲ"

"နောက်တစ်ခါ ဦးသယကောကို ပိုပြီး Outstanding Figure လို့ခေါ်တဲ့ ပေါ်လွင်ထင်ရှားတဲ့ ဇာတ်ရုပ်တစ်ရုပ်ဖြစ်လာအောင် ပညာရှိအားလုံးက မအိပ်မနေကြိုးစားဖို့ တိုက်တွန်းထားပါလျက် ဦးသယကောကတော့ အိပ်နေမှ ပညာရှိဖြစ်မယ်လို့ ဆန့်ကျင်ဖက်အဆိုတစ်ခုကို ပြောခိုင်းလိုက်တယ်၊ ပြီးတော့ အသေးစိတ်ချယ်ပြဖို့လိုတဲ့နေရာမှာ ဦးသယကော ညကျရင် အိပ်ရာကထပြီး မျက်နှာသစ်လေ့ရှိတာ၊ သူဌေးဝါလား ဆိုတဲ့ ဆေးလိပ်ကို သောက်လေ့ရှိတာ၊ နို့စိမ်းခွက်နဲ့ လက်ဖက်ရည်ဝယ်ပြီးသောက်လေ့ရှိတာတွေကို အသေးစိတ် ပြောပြလိုက်တယ်၊ ဒီတော့ အပြိုင်ဖြစ်နေတဲ့ ကြေးကူးဆစ်ဟာ မှိန်သွားပြီး ဦးသယကောဟာ ပိုပြီးပေါ်လွင်လာတယ်"

"ဟုတ်လိုက်လေဗျာ၊ ဆက်စမ်းပါဦး ဦးဘကွန်း"

"ဒီနေရာမှာ ဦးသယကောက ကြေးကူးဆစ်ကို တန်းပြီးပုံပြောပြလိုက်ရင် ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့လို့ အဲဒီလို တန်းပြီးပုံပြောလိုက်ရင် ခင်ဗျား ရိပ်မိသွားမှာစိုးလို့ မပြောဘဲနဲ့ ချေမောလုပတဲ့ မိန်းကလေးတစ်ယောက်ကို ဖြတ်ထည့်လိုက်ရတယ်၊ ဒါပေမဲ့ အဲဒီဖုံးကွယ်ခြင်းဟာ တယ်ပြီး ပိပိရိရိ မရှိလှဘူးလို့ ကျုပ်က ယူဆမိတဲ့အတွက် ဘာလုပ်လိုက်သလဲဆိုတော့ ..."

"လုပ်စမ်းပါဦးဗျ ... ဘာလုပ်လိုက်သလဲ ဦးဘကွန်း "ဟု စာရေးဆရာလောင်းကိုဘသင်က ရေငတ်သူ ရေတောင်းသကဲ့သို့ အငမ်းမရ မေးလိုက်လေ၏။

"မပိရိသေးဘူးထင်လို့ ဦးသယကောနဲ့ ကြေးကူးဆစ်ကို အပြန်အလှန် ပါဠိလို စကားပြောခိုင်းလိုက်ရတယ်၊ အဲဒီ ပါဠိတွေကြောင့် ခင်ဗျားဟာ တကယ်ပဲလို့ ယုံကြည်သွားလောက်တဲ့အခါကျမှပဲ ဦးသယကောကို ပုံပြောခိုင်းလိုက်တော့တယ်"

"ဒါဖြင့် ဦးဘကွန်း ရွတ်သွားတဲ့ ပါဠိတွေကရော အမှန်တွေပဲလား၊ ဒါမှမဟုတ်ရင် တွေ့ကရာတွေ ရွတ်ပြသွားတာလား"

"ပါဠိတွေဟာ အမှန်တွေပဲ၊ ကျုပ်က ပါဠိလေး ဘာလေး နည်းနည်းပါးပါး လေ့လာခဲ့ဘူးတာကိုးဗျ ... ဒါလောက်တော့ ပြောတတ်တာပေါ့ဗျာ"

"ဆက်စမ်းပါဦး ဦးဘကွန်း" "နောက်တော့ ဦးသယကောက ကြေးကူးဆစ်ကို ပြောပြတဲ့ ပုံပြင်ကို တစ်ခါတည်း ပြောချလိုက်တယ်၊ အဲဒီပုံပြင်မှာ ရေကန်ပေါင်ပေါ်မှာ ထင်နေတဲ့ လက်မ,လောက်ရှိတဲ့ ခြေရာကလေးတွေကို ဖန်တီးခဲ့တယ်၊ အဲဒီလို ဖန်တီးတဲ့နေရာမှာ ပုံပြင်ထဲမှာပါတဲ့ လင်မယားကို ရိုးရိုးလင်မယားအဖြစ်ရေးရင် ရှေ့ဆက်ပြီး ထည့်ချင်တဲ့ အကြောင်းအရာတွေ ထည့်လို့ မရမှာစိုးတဲ့အတွက် ဘယ်တော့မှ မကြီးနိုင်တဲ့ ငါးစင်ရိုင်းကို ကန်နဲ့ အပြည့်ကြီးလာအောင်မွေးမယ်လို့ ကြံတဲ့အထိ နုံကြ၊ ဖျင်းကြတဲ့ လင်မယားအဖြစ် ဖန်တီးထားလိုက်တယ်၊ ပြီးတော့မှ ရေကန်ပေါင်မှာတွေ့ရတဲ့ အလွန်ထူးဆန်းတဲ့ ခြေရာကလေးတွေအကြောင်းကို ထည့်လိုက်တယ်၊ ဒီနေရာဟာ ဇာတ်လမ်းတစ်ခုလုံးရဲ့ အရှိန်အမြင့်ဆုံးနေရာပဲ၊ ဖြေချင်လဲ ဖြေချပစ်လို့ရတယ်၊ ဘာကြောင့်လဲ ဆိုတော့ဟိုလင်မယားဟာ ဉာဏ်ပညာတုံးသူတွေအဖြစ် ဖန်တီးခဲ့လို့ပဲ၊ မဖြေဘဲ ဇာတ်ကို ဆက်ပြီးထုံးချင်လဲ ထုံးထားလို့ ရတာပဲ၊ ဒါကြောင့် ရေကန်ကို ညဘက်မှာ လင်မယားနှစ်ယောက်ဟာ ထ,ပြီး ချောင်းကြည့်တယ်လို့

ဆိုလိုက်တာနဲ့တစ်ပြိုင်နက် ခင်ဗျားဟာ ဘာတွေများတွေ့သလဲလို့ သိချင်စိတ်တွေ ယိုဖိတ်လာခဲ့တယ်၊ အဲဒီအခါကျတော့မှ ကိုရင်ကြီးဆီကို လိုက်သွားရဦးမယ်ဆိုပြီး ကျုပ်က ဇာတ်လမ်းကို အမြင့်ဆုံးနှိုးဆွပြီးတဲ့အချိန်ကျမှ ရပ်ပစ်လိုက်တယ်၊ ဒီတော့ ခင်ဗျားဟာ ရှေ့ဘာများဖြစ်မလဲလို့ သိပ်ကိုသိချင်တော့တာပဲ"

"သိပ်ကိုဟုတ်ပါတယ် ဦးဘကွန်း" ဟု ကိုဘသင်က ဝန်ခံလေ၏။

"တကယ်လို့ ကျုပ်သာ ခင်ဗျားလို စာရေးဆရာလုပ်မယ်ဆိုရင်တော့ ကျုပ်ရဲ့ ဇာတ်ထုပ်ဇာတ်လမ်းတွေကို ဒီနည်းနဲ့ပဲ စီစဉ်ပြီး ရေးသားမယ် ကိုဘသင်၊ ဒါပေမဲ့ ကျုပ်အခုပြောတာတွေကို အမှန်တွေချည်းပဲလို့ မယူဆစေချင်ဘူး၊ ကျုပ်ထင်တာ ကျုပ်ပြောနေတာ ... ဟုတ်နိုင်စရာရှိတယ်လို့ ခင်ဗျားယူဆရင်တော့ ဒီအတိုင်းလုပ်ကြည့်ပေတော့ဗျို့"

"ဟုတ်လောက်စရာ ရှိပါတယ်ဗျာ၊ ဒီနည်းကို အထပ်ထပ်အခါခါ စမ်းသပ်လေ့ကျင့်ယူရမှာပဲ"

"ပြီးတော့ စာရေးဆရာလုပ်တော့မယ်လို့ဆိုရင် ကိုယ်လုပ်ရမယ့် လုပ်ငန်းမှာ ချောမွေ့နေအောင် အစီအစဉ်တွေလုပ်ထားရမယ်"

"အဲဒါ ဘာကိုပြောတာလဲ ဦးဘကွန်း၊ ကျုပ်နားမလည်ဘူး"

"ခင်ဗျား အခု စာရေးဆရာလုပ်မယ် မဟုတ်လား၊ အဲဒီတော့ စာပေနဲ့ပတ်သက်တဲ့လုပ်ငန်းမှာ ချောမွေ့နေအောင် အစီအစဉ်လုပ်ရမယ်ဆိုတာက ခင်ဗျားရေးတဲ့စာကို ထုတ်မယ့်ပတ်ဘလစ်ရှာလို့ခေါ်တဲ့ စာအုပ်တိုက်ပိုင်ရှင်ရယ်၊ အယ်ဒီတာရယ်၊ ခင်ဗျားစာကို စီမယ့် စာစီဆရာရယ်၊ စက်ရိုက်မယ့်စက်သမားရယ်၊ ခင်ဗျားစာအုပ် မျက်နှာဖုံးကို ရေးဆွဲမယ့် ပန်းချီဆရာရယ်၊ အဲဒီမျက်နှာဖုံးကို ဘလောက်လုပ်မယ့် ဘလောက်ဆရာရယ်၊ စာအုပ်ချုပ်တဲ့လုပ်ငန်းက လူတွေရယ်၊ စာအုပ်ပြီးလို့ စာအုပ်ဆိုင်မှာ တင်ပြီးရောင်းတော့လဲ စာအုပ်ဆိုင်က လူတွေရယ်၊ တစ်ဆင့်ဝယ်ရတဲ့ ဆိုင်ကလေးကလူတွေရယ် . . . ပြီးတော့ ခင်ဗျားစာအုပ်ကိုဖတ်တဲ့ ပရိသတ်ရယ်၊ ခင်ဗျားစာအုပ်ကိုဖတ်ပြီး မဖတ်ရသေးတဲ့လူကို တစ်ဆင့်ပြန်ပြောတဲ့လူရယ်၊ ပြောပြတာကို နားထောင်တဲ့လူတွေရယ်၊ အားလုံးကို လေးလေးနက်နက် မေတ္တာပို့ရမယ် ကိုဘသင်၊ ဒီအလုပ်ဟာ စောစောက ကျုပ်တို့ ပြောတဲ့ ရသတွေ၊ ဂုဏ်တွေ၊ ဇာတ်လမ်းဆင်ပုံတွေလောက်နီးနီး အရေးကြီးတယ်လို့ ကျုပ်ထင်ပါတယ်၊ မဖြစ်မနေလုပ်စေချင်တယ်၊ ပြီးတော့ ခင်ဗျားအရင် စာရေးဆရာဖြစ်သွားတဲ့ ဆရာကြီးတွေရယ်၊ ခင်ဗျားနဲ့ တစ်ချိန်တည်းရေးနေကြတဲ့ စာရေးဆရာတွေရယ်၊ နောင်ဖြစ်လတ္တံ့သော စာရေးဆရာလောင်းတွေရယ်ကိုလဲ သပ်သပ်မေတ္တာပို့ရမယ်၊ ကိုယ်ထက်ဉာဏ်ပညာကြီးလို့ အတုယူရတဲ့ စာရေးဆရာတွေကိုလည်း မြင်ဆရာ၊ ကြားဆရာအဖြစ်နဲ့ ကန်တော့ရမယ်၊ ကန်တော့တယ်ဆိုတာ အလေးနက်ဆုံးနိမ့်ချမှုတစ်ရပ်ပဲ၊ အင်မတန်လေးတဲ့ဝန်ကို မ,ချီဖို့ ကြံရွယ်တဲ့လူဟာ တောင့်တောင့်ကြီး လုပ်နေလို့မရဘူး . . . ညွတ်ပျောင်းတဲ့သဘော ရှိရမယ် ကိုဘသင်၊ တကယ်လို့များ အဲဒီလို မေတ္တာပို့ပါသော်လဲ အဆင်ပြေမှု မရှိသေးဘူးဆိုရင် ... "

"ဘာများဆက်ပြီးလုပ်ရမလဲ ဦးဘကွန်း၊ အမိန့်ရှိပါဦး"

"သစ္စာဆိုရမယ်၊ အကျွန်ုပ်သည် ကန်တော့ရမယ့်သူကို ရည်မှန်းပြီး ကန်တော့ခဲ့ပါပြီ၊ မေတ္တာလဲ ပို့သလျက်ရှိပါသည်၊ ဧတေန သစ္စဝဇ္ဇေန — ဤမှန်သောသစ္စာစကားကြောင့် အဆင်ပြေခြင်း ဖြစ်ပါစေသတည်းလို့ လေးလေးနက်နက် သစ္စာဆိုရမယ်၊ ဒါဟာ အကောင်းဆုံးနည်းပဲ ကိုဘသင်"

"ဟုတ်လိုက်လေဗျာ ... နေရာကျတာပဲ"

"ကျုပ်ဧည့်ခံပွဲကိုလာပါ၊ ခင်ဗျားကို ဖောင်တိန်အကောင်းစားတစ်လက်ကို လက်ဆောင်ပေးပါ့မယ်"

"မလိုတော့ပါဘူး ဦးဘကွန်း၊ ခင်ဗျားပေးမယ်ဆိုတဲ့ ဖောင်တိန်ထက် အဆပေါင်းများစွာ အဖိုးတန်တဲ့ ကလောင်တစ်ချောင်းကိုပိုင်ဆိုင်ဖို့နည်းလမ်းကို ကျွန်တော့်ကို ပေးပြီးပြီပဲ၊ ကျွန်တော်သွားမယ် . . . အဲဒီနည်းကို အခုပဲ လုပ်တော့မယ် ဦးဘကွန်း" ဟုဆိုကာ စာရေးဆရာဖြစ်ချင်လွန်းသော ပတ္တရောင်ပုလိပ်ပြတ်သည် သူဌေးကြီး ပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးအားထိုင်၍ကန်တော့ကာ . . . ခပ်သုတ်သုတ် ထွက်၍ သွားလေ၏။ နောင်တွင် . . . ထိုပုလိပ်ပြတ်ကိုဘသင်သည် နိုင်ငံကျော်စာရေးဆရာတစ်ဦး ဖြစ်၍လာလေတော့သတည်း။

သူဌေးကြီးသည် သူ၏မှတ်စု၌ တစ်ဖက်ပါအတိုင်း ရေးသားထားလေတော့၏။

**မည်သည့်ကိစ္စရပ်ဖြစ်စေ အောင်မြင်ချင်ငြားအံ့၊ လူတို့၏ စိတ်သဘာဝကို လေ့လာရာ၏။ အဘယ်ကြောင့်ဆိုသော် အောင်မြင်ခြင်းဆိုသည်မှာ လူတို့လက်ခံခြင်းပင် ဖြစ်သောကြောင့်တည်း။**

**ပုဏ္ဏားဘကွန်း**

* * * * *

## ပုဏ္ဏားဘကွန်း၏ လက်စားချေမှု အဆုံးသတ်ခြင်း

သူဌေးကြီးပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးသည် စာရေးဆရာလောင်းပတ္တရောင်ပုလိပ်ပြုတ်နှင့် လမ်းခွဲခဲ့ကြပြီးနောက် ပြန်ခဲ့ကြလေ၏။ တိုက်သို့ရောက်လျှင်ရောက်ချင်း ဘဏ္ဍာစိုးက ဧည့်ခံကျွေးမွေးရန်အတွက် အလုံးစုံအဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း အစီအရင်ခံလိုက်သဖြင့် ပုဏ္ဏားဘကွန်းသည် သူ၏ကုမ္ပဏီရှိမန်နေဂျာမှ တံမြက်စည်းလှည်းသမားအထိ အားလုံးသောသူတို့အား ဆင့်ခေါ်၍ ကျွေးမွေးလေ၏။ ထိုကုမ္ပဏီလုပ်သားတို့အပြင် အခြားသော ဧည့်သည်များလည်း အနည်းအကျဉ်း ပါရှိလေ၏။

လွန်စွာကောင်းမွန်သော အစားအသောက်များ၊ အဖျော်ယမကာများကို တိုက်ကျွေးပြီးနောက် အောက်ပါစကားကို ပြောလေ၏။

"ဒီနေ့ဟာ ကျုပ်ရဲ့ ၂၅ နှစ်မြောက် မွေးနေ့လဲ ဖြစ်ပါတယ်၊ ရန်ကုန်မြို့ကို စပြီး ခြေချခဲ့တဲ့ ခုနစ်နှစ်မြောက် ဆိုရင်လဲ ဖြစ်ပါတယ်၊ ကုမ္ပဏီမှာရှိတဲ့ အားလုံးသော အလုပ်သမားများ၊ စာရေးများ၊ မန်နေဂျာများရဲ့ ကြိုးစားမှုကြောင့် ကျုပ်ရဲ့ပုဏ္ဏားဘကွန်း ကုမ္ပဏီဟာ နှစ်အနည်းငယ်အတွင်းမှာပဲ အတော်ကလေး အကျိုးရှိခဲ့ပါတယ်၊ အဲဒီလို အကျိုးရှိခဲ့၊ မြတ်စွန်းခဲ့တဲ့အထဲကနေ ရာထူးဌာနန္တရကို မခွဲခြားဘဲ ရှိရှိသမျှသော လူအားလုံးကို တန်းတူရည်တူသဘောထားပြီး လက်ဆောင်များ ချီးမြှင့်ပါ့မယ်၊ ကုမ္ပဏီမှာလုပ်နေတဲ့အချိန်အတွင်းမှာလည်း လူတိုင်းလူတိုင်းဟာ အခက်အခဲရှိရင် ရှိတဲ့အခက်အခဲကို အချိန်မရွေးကျုပ်ဆီကို လာရောက်အကူအညီတောင်းနိုင်ပါတယ်"

ပုဏ္ဏားဘကွန်းသည် အထက်ပါစကားကိုပြောပြီးနောက် ကုမ္ပဏီမှ အလုပ်သမားတစ်ယောက်လျှင် ရွှေဒင်္ဂါးပြား ငါးပြားကျစီ ဆုချလေ၏။ အလုပ်သမားများသည် သူဌေးကြီး ပုဏ္ဏားဘကွန်း သက်တော်ရာကျော်ရှည်ပါစေ ဟူ၍လည်းကောင်း၊ စည်းစိမ်ဥစ္စာများ ဆထက်ထမ်းပိုး တိုးတက်ပါစေ ဟူ၍လည်းကောင်း ဆုတောင်းထောမနာပြုကြကုန်၏။ထိုအထဲတွင် ဂဲဒေါက်မြဒင် ဆိုသူသည် လူအုပ်တွင်းမှ ထ၍ –

"သူဌေးကြီးပေးတဲ့ ရွှေဒင်္ဂါးတွေကို ကျွန်တော်တို့ ယူသွားကြပြီး သုံးပစ်ရင်၊ လက်ဝတ်လက်စားလုပ်ပစ်ရင် ရပါတယ်၊ ဒါပေမဲ့လို့ ဒီလိုလုပ်ခဲ့ရင် ကျွန်တော်တို့အတွက် အကျိုးမရှိပါဘူး၊ တကယ်လို့ သူဌေးကြီးဟာ ကျွန်တော်တို့အပေါ်မှာ အမှန်တကယ်စေတနာထားမယ်ဆိုရင် အခုပေးတဲ့ ရွှေဒင်္ဂါးငါးပြားစီအနက်က သုံးစွဲဖို့ တစ်ပြားစီကို ချန်ထားပြီး လေးပြားစီကိုပြန်သိမ်းပါ" ဟု ပြောလိုက်ရာ ရွှေဒင်္ဂါးရထားသူများက …

"ဘာဖြစ်လို့ ပြန်သိမ်းရမှာလဲ၊ ဟေ့ … မြဒင်၊ ခွတီးခွတစကားတွေ မပြောနဲ့"

"ဟေ့ … မြဒင်၊ သူဌေးကြီးရဲ့မွေးနေ့ကို ကျက်သရေမင်္ဂလာမရှိအောင် မလုပ်ပါနဲ့၊ ပေးပြီးတာ ပြီးရောပေါ့၊ ဘာဖြစ်လို့ ပြန်သိမ်းခိုင်းနေရတာလဲ"

"ဟေ့ကောင် မြဒင် … ထိုင်ပါကွ၊ မင်း ဘာမှမပြောပါနဲ့" စသည်ဖြင့် ကန့်ကွက်ပြောဆိုကြသော်လည်း ဂဲဒေါက်မြဒင်က ထိုသူတို့၏စကားကို အလျဉ်းဂရုမထားဘဲ ဆက်လက်ပြောပြန်သည်မှာ —

"အဲဒီလို လေးပြားစီ ပြန်သိမ်းပြီးတော့ သူဌေးကြီးရဲ့ ကုမ္ပဏီမှာ ကျွန်တော်တို့ အလုပ်သမားများက အစုရှယ်ယာတစ်ခုအဖြစ် ပြန်ပြီးဝင်ထားမယ်ဆိုရင် အရှည်သဖြင့် အကျိုးရှိနိုင်ပါတယ်"

ဂဲဒေါက်မြဒင်ပြောသွားသောစကားမှာ လွန်စွာနည်းလမ်းကျပေသည်။ သို့ရာတွင် ကုမ္ပဏီလုပ်သားတို့မှာ သူ၏ရည်ရွယ်ချက်ကို သဘောမပေါက်ကြသဖြင့် "ငါတို့တော့ မပါဘူး၊ မင်းရထားတဲ့ ရွှေဒင်္ဂါးငါးပြားနဲ့ …

မင်းဟာမင်းတစ်ယောက်တည်းရှယ်ယာဝင်ချင်ဝင်ပါ၊ တို့တော့မဝင်ဘူး" ဟု ပြင်းပြင်းထန်ထန်ငြင်းဆိုကြလေ၏။ ထိုအခါ၌ ဂဲဒေါက်မြဒင်က အသိဉာဏ်မဲ့လှသော အလုပ်သမားတို့အား ကြည့်၍ –

"ခင်ဗျားတို့လို လူတွေချည်းပဲဆိုရင် . . . မြန်မာပြည်ဟာ ကျွန်သက်ရှည်ဦးမှာပဲ" ဟုဆိုကာ နေရာမှ တစ်ခါတည်းထွက်၍သွားလေ၏။ ထိုသို့ထွက်၍သွားသည်ကို တစ်ယောက်တစ်လေမျှ တားမည့်သူမရှိသည့်အပြင် ဝမ်းသာအားရ "ဂဲဒေါက်" ဟူ၍ အော်ဟစ်ကြလေတော့၏။

ထိုအခါ၌ ကိုရင်ကြီးက ပုဏ္ဏားဘကွန်းအား လက်တို့၍ "မြဒင်ဆိုတဲ့ကောင်ပြောတာ မဆိုးဘူးကွ၊ ငါတို့ မြန်မာပြည်ကလူတွေဟာ ကျွန်ခံချင်တဲ့စိတ်က တယ်ပြီးကြီးမားတာကိုး" ဟု ဆိုလေ၏။ ပုဏ္ဏားဘကွန်းလည်း မြဒင်ထွက်၍သွားသည်ကို မတားမြစ်ခဲ့ပါ။ သူရှိနေလျှင် အခြားသောသူများနှင့် ပဋိပက္ခဖြစ်၍နေမည်ကို စိုးရိမ်၍ အသာကြည့်နေရလေ၏။

မြဒင် ထွက်သွားပြီးနောက် လုပ်သားများ၊ ဧည့်သည်များသည် ပျော်ရွှင်စွာဖြင့် ပုဏ္ဏားဘကွန်း ကျွေးမွေးသည့် အစားအသောက်များကို ထပ်မံ၍ စားသောက်ကြပြီးလျှင် ပြန်ကြကုန်၏။

ဧည့်သည်များအားလုံး ပြန်၍သွားပြီးနောက် ကိုရင်ကြီးနှင့် ပုဏ္ဏားဘကွန်းတို့ ဆရာတစ်ပည့်နှစ်ဦးသည် ဧည့်ခန်းကြီးအတွင်း၌ ထိုင်လျက်နေကြ၏။

"ငါ့တပည့်ကြီး ရည်ရွယ်ချက်ပြည့်မြောက်အောင်မြင်ပါပြီ၊ ဒါကိုတော့ ဆရာတစ်ယောက်အနေနဲ့ အလွန်ပဲ ဝမ်းသာတယ်ကွာ" ဟု ကိုရင်ကြီးက စကားစ,လိုက်လေ၏။

ထိုအခါ၌ ပုဏ္ဏားဘကွန်းက –

"တပည့်တော်မှာ အစစအရာရာပြည့်စုံပြီ၊ တစ်ခုပဲလိုပါတယ်ဘုရား၊ တပည့်တော်ချစ်တဲ့၊ မြတ်နိုးတဲ့ တင်တင်ဆိုတဲ့ မိန်းကလေးကို ဆုံးရှုံးလိုက်ရတာဟာ . . ."

"အစ်ကိုဘကွန်း"

ပုဏ္ဏားဘကွန်းရော ကိုရင်ကြီးပါ မျက်လုံးများပြူးလျက် အသံလာရာဘက်သို့ တစ်ပြိုင်နက်တည်း လှည့်ကြည့်လိုက်ရာ တင်တင်ကို တွေ့ရလေတော့၏။ တင်တင်သည် ပုဏ္ဏားဘကွန်းထံသို့ ပြေး၍ဝင်လာပြီးလျှင် ပုဏ္ဏားဘကွန်း၏ခြေထောက်အားဖက်၍ ငိုလေတော့၏။

ကိုရင်ကြီးမှာလည်း မကြုံစဖူး ထူးဆန်းသော အဖြစ်ကို ကြုံရသည်ဖြစ်ရာ လွန်စွာအံ့ဩသောမျက်နှာနှင့် ပုဏ္ဏားဘကွန်းကိုတစ်လှည့် တင်တင်ကိုတစ်လှည့် ကြည့်၍နေလေ၏။

"တင်တင်မှားပါတယ် အစ်ကိုဘကွန်းရယ်" ဟုဆိုကာ ငိုလေ၏။ ပုဏ္ဏားဘကွန်းမှာမူ တင်တင့်အားတစ်ချက်မျှ ငုံ့၍ကြည့်ပြီးနောက် –

"ဟား ဟား ဟား ၊ မှားတယ် ဟုတ်လား၊ ဟား ဟား ဟား ၊ လွယ်လိုက်တာကွာ . . . ရယ်ဖို့သိပ်ကောင်းတာပဲ တင်တင်" ဟု ဆို၍ ပုဏ္ဏားဘကွန်းသည် တဟားဟားနှင့် ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

ပုဏ္ဏားဘကွန်း၏ရယ်သံသည် တစ်ဆို့ဆို့ ခြောက်ကပ်ကပ် နိုင်လှပါပေ၏။ ကြားရသူ၏ နား၌ ရယ်သံနှင့်မတူဘဲ မကောင်းဆိုးဝါး၏ အော်သံနှင့်ပင် တူ၍နေပေသည်။

"တင်တင် ရှင်းပြပါရစေဦး အစ်ကိုဘကွန်းရယ်"

"တင်တင် ရှင်းပြပါရစေဦး ဟုတ်လား၊ မင်းကို ကျုပ်က ရှင်းပြပါရစေဦးလို့ပြောတော့ မင်းကရော ကျုပ်ရှင်းပြတာကို လက်ခံရဲ့လား၊ လက်မခံတဲ့အပြင် ကျုပ်ကို ဝိုင်းပြီးရိုက်အောင် အော်ဟစ်ခဲ့တယ်မဟုတ်လား တင်တင်၊ ပြန်ပြီးစဉ်းစားစမ်းပါဦး"

"ဟုတ်ပါတယ် အစ်ကိုဘကွန်း"

"ဟုတ်ပါတယ်ဆိုရင် ဒီတစ်ခါ ကျုပ်အလှည့်ပဲ၊ ကျုပ်က မင်းကို ဒုက္ခပေးရလိမ့်မယ် တင်တင်"

"ဒုက္ခပေးရုံတင်မဟုတ်ပါဘူး၊ အစ်ကိုဘကွန်းက သတ်မယ်ဆိုရင်တောင် လည်စင်းပေးဖို့ တင်တင်လာခဲ့တာပါ၊ ရှင်းပြတာလေးကိုတော့ နားထောင်ပါဦး"

"နားမထောင်နိုင်ဘူး တင်တင်၊ ဘာမှလဲ ရှင်းပြမနေနဲ့"

"ဒီမှာ အစ်ကိုဘကွန်း" ဟုဆိုကာ တင်တင်သည် ပုဏ္ဏားဘကွန်းနှင့် ရင်ပေါင်တန်း၍ရပ်လိုက်ပြီးလျှင် ပုဏ္ဏားဘကွန်း၏ လည်တိုင်အား အတင်းဖက်လိုက်လေ၏။ ပုဏ္ဏားဘကွန်းက တွန်းဖယ်၍ နောက်သို့ဆုတ်လိုက်ပြီးနောက် ကျောခိုင်း၍ထားလိုက်ပြီးလျှင်–

"မင်းတို့မိန်းမတွေဟာ ဒါမျိုးပဲတတ်တယ်၊ ဒါဟာ မင်းတို့လက်နက်ပဲ၊ အထိအတွေ့နဲ့တော့ ကျုပ်ကို အနိုင်ယူဖို့ မကြိုးစားနဲ့တော့ တင်တင်၊ ဒီနည်းဟာ ထက်မြက်ခွန်အားရှိတဲ့နည်းတစ်ခု ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနည်းနဲ့ ကျုပ်ကို အပိုင်ယူမယ်လို့တော့ စိတ်တောင်မကူးပါနဲ့၊ မရဘူး၊ ဘယ်တော့မှ မရဘူး"

"မဟုတ်ပါဘူး အစ်ကိုဘကွန်းရယ်၊ တင်တင်ရှင်းပြပါရစေဦး "

"မလိုပါဘူး၊ ရှင်းဖို့ မလိုတော့ဘူး၊ ဒီအလှည့်က ကျုပ်အလှည့်၊ သုံးလှည့်တစ်လှည့်တော့ ဒိုင်က စားမှာပဲ၊ ကျုပ်ဟာ တောက်လျှောက်လျော်ခဲ့ရသူပါ၊ အခုတော့ ပြန်ပြီး စားနေပြီ၊ ဟဲ . . .ဟဲ"

"အစ်ကိုဘကွန်း၊ တင်တင်ရှင်းပြတာကို နားမထောင်ဘူးဆိုရင် ဒီမှာ . . . "

ပုဏ္ဏားဘကွန်းသည် တင်တင်၏ ထူးဆန်းသောစကားကြောင့် လှည့်၍ကြည့်လိုက်ရာ တင်တင်၏လက်တွင် ငွေကြိုးကလေးတန်းလန်းနှင့် ငွေကြုပ်ကလေးဖွင့်လျက်သားကို တွေ့ရလေတော့၏။ ပုဏ္ဏားဘကွန်း၏ လည်တိုင်ကိုဖက်လိုက်စဉ်က ပုဏ္ဏားဘကွန်းက တွန်းဖယ်ပစ်လိုက်ရာတွင် ခနစ်နှစ်လုံးလုံး ချိတ်ဆွဲထားသည့် အဆိပ်ကြုပ်ကလေးသည် တင်တင်၏လက်၌ မတော်တဆ ပြုတ်၍ပါသွားသည်လော သို့တည်းမဟုတ် တမင်တကာဖြုတ်၍ ယူသွားသည်လော မဆိုနိုင်ပေ။ တင်တင်၏လက်၌ ရောက်ရှိနေပြီဖြစ်၏။

"ဒီအဆိပ်ဟာ ဘယ်လောက်ပြင်းတယ်ဆိုတာ ကိုရင်ကြီး အသိဆုံးပါ၊ တင်တင်ရှင်းပြတာကို နားမထောင်ဘူးဆိုရင် ဟောဒီအဆိပ်တွေကို မော့ချလိုက်မယ် အစ်ကိုဘကွန်း"

ပုဏ္ဏားဘကွန်းရော ကိုရင်ကြီးပါ မျက်လုံးပြူး၍သွားလေ၏။ ပုဏ္ဏားဘကွန်းသည် တင်တင်၏လက်အတွင်းမှ အဆိပ်ကြုပ်ကိုကြည့်၍ ချွေးများ ယိုစိမ့်၍လာလေ၏။ အမှန်စင်စစ်အားဖြင့် တင်တင်အား ကိုယ်တိုင်ကိုယ်ကျ လက်စားချေမည်ဟု ဆုံးဖြတ်ထားပေသည်။ တင်တင်က ရှင်းပြပါရစေဟုပြောသည်ကို ရှင်းပြခွင့်မပေးခြင်းမှာလည်း ရှင်းပြချင်သူတစ်ဦးသည် ရှင်းပြခွင့် မရသောအခါ စိတ်၌ မည်မျှခံစားရသည်ကို သိစေလိုသောကြောင့်ဖြစ်၏။ တစ်နည်းဆိုရပါမူ ဒဏ်ခတ်နေခြင်း ဖြစ်၏။ သို့ရာတွင် တင်တင်က "ဖြေရှင်းခွင့်မပေးလျှင် အဆိပ်သောက်ချလိုက်မည်" ဟု အကျပ်ကိုင်လိုက်ခြင်းသည် ပုဏ္ဏားဘကွန်းအား တစ်နည်းတစ်ဖုံ အနိုင်ယူလိုက်ခြင်းပင်ဖြစ်၏။

ပုဏ္ဏားဘကွန်းသည် မကြံတတ်အောင်ဖြစ်၍နေသဖြင့် ကိုရင်ကြီးဘက်သို့ လှည့်၍ကြည့်လိုက်လေ၏။ ကိုရင်ကြီးကလည်း 'ငါလဲ မတတ်နိုင်ဘူး' ဟူ၍ အဓိပ္ပာယ်ရသော ခေါင်းခါခြင်းမျိုးဖြင့် ခေါင်းကို တဖြည်းဖြည်း လှုပ်ယမ်း၍ ခါပြလိုက်လေ၏။

"ကောင်းပါပြီတင်တင်၊ ကျုပ်က အရှုံးပေးရတော့မှာပေါ့၊ ရှင်းပြချင်တာကို ရှင်းပြပါတော့၊ ကဲ – ဟိုမှာထိုင်" ဟု ဆို၍ ပုဏ္ဏားဘကွန်းက ဆိုဖာထိုင်ခုံကြီးကို ညွှန်ပြလေ၏။ တင်တင်သည် သူညွှန်ပြလိုက်သော ဆိုဖာကြီးပေါ်၌ ထိုင်လိုက်သကဲ့သို့ ပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးတို့သည်လည်း အသီးသီးထိုင်ကြလေ၏။

"ဒီလိုပါ အစ်ကိုဘကွန်း၊ သတင်းစာထဲမှာ အစ်ကိုဘကွန်းအရိုက်ခံရတဲ့သတင်းလဲ ပါလာရော တင်တင်ဟာ သတင်းစာကို ကိုင်ပြီး ငိုလိုက်ရတာ မပြောပါနဲ့တော့၊ တင်တင့်အသည်းနှလုံးတွေ၊ ကျောက်ကပ်တွေ ပြုတ်ထွက်ကုန်မတတ်ပါပဲ အစ်ကိုဘကွန်းရယ်"

ပုဏ္ဏားဘကွန်းသည် မခိုးမခန့် မဲ့ပြလိုက်လေ၏။ တင်တင်ကဆက်၍ပြောပြန်သည်မှာ –

"အစ်ကိုဘကွန်းကို ချစ်လွန်းလို့ အထင်လွဲသွားတဲ့အခါမှာလဲ တင်တင်ဟာ အမျက်ကြီးခဲ့ပါတယ်၊ ဒါကြောင့် ဆေးရုံပေါ်မှာ လာပြီး အစ်ကိုဘကွန်းရဲ့မျက်နှာကို မှုးစေ့နဲ့ ပစ်ပေါက်ခဲ့ပါတယ်"

တင်တင်သည် ထိုသို့ပြောပြီးနောက် ပုဏ္ဏားဘကွန်း၏ မျက်ခုံးနှစ်ခုကြားရှိ အမာရွတ်ကလေးကိုကြည့်၍ မျက်ရည်များ ဝိုင်း၍ လာပြန်လေ၏။

"အဲဒီအမာရွတ်က သေးသေးကလေးပါ၊ ဟောဒီအထဲက အမာရွတ်ကမှ" ဟုဆိုကာ ပုဏ္ဏားဘကွန်းက သူ၏ရင်ဘတ်ကို ပုတ်ပြလေ၏။ထိုအခါ၌ တင်တင်သည် ဝမ်းနည်းပမ်းနည်းဖြစ်ကာ ချုံးပွဲချ၍ ငိုလေတော့၏။

"ပြောပါ အစ်ကိုဘကွန်း၊ ကြိုက်သလိုပြောပါ" ဟု ငိုလျက်နှင့် ပြန်၍ပြောလေ၏။ ပုဏ္ဏားဘကွန်းကမူ ရှင်းပြသည်များကို နားရှိ၍ ကြားနေရသော်လည်း စိတ်၌ ခံစားမှု မရှိသကဲ့သို့ တည်ငြိမ်လှလေ၏။

"အစ်ကိုဘကွန်း၊ တင်တင်တို့ ဆိုင်ကိုလာပြီး တင်တင်ကိုရှင်းပြပါရစေဆိုတုန်းကလဲ တင်တင့်ကြောင့် အစ်ကိုဘကွန်း အရိုက်ခံရ၊ သွေးစက်လက်နဲ့ အဖမ်းခံရတာတွေကို တင်တင်မြင်ပါတယ်၊ အဲဒီအခါမှာ တင်တင်ငိုခဲ့ရပါတယ်၊ တင်တင်ပြောတာကို အစ်ကိုဘကွန်း ယုံချင်မှယုံပါ"

ပုဏ္ဏားဘကွန်းသည် ယုံသည်လည်း မပြော၊ မယုံဟုလည်း မပြောဘဲ မဲ့ပြုံးကလေး ပြုံး၍ နေလေ၏။ သူ၏အပြုံးမှာ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာတွင် ပါရှိသည့် "တောင်ကြီးမျိုမျှ၊ ရွှတ်ဆိုပြလည်း၊ မိန်းမသစ္စာ၊ မုသားသာတည်း" ဟု ဆိုသကဲ့သို့ မင်းပြောချင်တာတွေပြောပါ၊ ငါကတော့ ယုံဖို့ မလွယ်ပါဘူး ဟူသော အပြုံးမျိုးဖြစ်၏။

"အစ်ကိုဘကွန်းလာပြီး . . . တင်တင်ဟာ အိမ်ခန်းထဲက မထွက်ဘဲ တစ်ငိုတည်းငိုနေတော့တာပါပဲ၊ အဲဒါကြောင့် အမေဟာ တင်တင့်ကို သင့်လျော်တဲ့ လူတစ်ယောက်ယောက်နဲ့ အိမ်ထောင်ချပေးဖို့ စဉ်းစားပါတယ်၊ တစ်လလောက်ကြာတော့ တင်တင်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်က အိမ်မှာ ယောကျ်ားသွေ့သည်နှစ်ယောက်လာပြီး တည်းခိုကြပါတယ်၊ အိမ်ရှင်အဒေါ်ကြီးရဲ့ တူလို့လဲပြောပါတယ်၊ မြို့အုပ်မင်းလို့ပြောပါတယ်၊ တစ်ယောက်ကတော့ သူ့ရဲ့တပည့်ပါ၊ အဲဒီမြို့အုပ်မင်း ဆိုတဲ့သူက တင်တင့်ကိုမြင်ရင် မျက်စိကျွတ်ပြီးကျမတတ် ကြည့်တတ်ပါတယ်၊ သိပ်ပြီးမကြာပါဘူး၊ အဲဒီ မြို့အုပ်မင်းဆိုတဲ့လူလဲ ပြန်သွားရော သူ့အဒေါ်ဆိုတဲ့ မိန်းမကြီးဟာ တင်တင်တို့ အမေဆီကိုလာပြီး သူ့တူ မြို့အုပ်မင်း မောင်ရွှေရိုးက တင်တင့်ကို သဘောကျနေကြောင်း"

"နေပါ ဦးတင်တင်၊ ဘယ်သူတဲ့"

"မောင်ရွှေရိုးပါ"

"အသားမည်းမည်း"

"အင်း"

"သွားခေါခေါ"

"ဟုတ်တယ်"

"မျက်နှာမှာ ကျောက်ပေါက်မတွေနဲ့"

"ဟုတ်ပါတယ် အစ်ကိုဘကွန်းရယ်၊ အစ်ကိုဘကွန်း သူ့ကို သိနေသလားဟင်"

"ဘယ့်နှယ် မသိရမှာလဲ တင်တင်ရယ်၊ သူ့ကြောင့် ကျုပ်တောင် သတ်သေဖို့ ကြံမိသေးတယ်၊ ကျုပ်ကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့တဲ့သူပေါ့"

"အမယ်လေး၊ ကြုံတတ်ပလေရှင်၊ တင်တင်က ဒုက္ခပေးရုံမကဘူး၊ တင်တင်ယူလိုက်တဲ့လူကလည်း အစ်ကိုဘကွန်းကို ဒုက္ခပေးခဲ့ဘူးတာကိုး" ဟုဆိုကာ တင်တင်သည် မျက်ရည်များစီး၍ကျလာလေ၏။

"ဆက်စမ်းပါဦး မတင်တင် . . . မြို့အုပ်မင်း ကိုရွှေရိုးအကြောင်း" ဟု ပုဏ္ဏားဘကွန်းက ဆို့နင့်အက်ကွဲသောအသံကြီးဖြင့် ပြောလိုက်လေ၏။

"တိုတိုပဲ ပြောပါတော့မယ်၊ ကိုရွှေရိုးနဲ့ တင်တင့်ကို ပေးစားလိုက်ပါရော၊ တင်တင်နဲ့ယူပြီး ဘာမှ မကြာပါဘူး၊ ကိုရွှေရိုးလဲ လိမ်လည်မှုနဲ့ အဖမ်းခံရတော့တာပါပဲ၊ အဲဒီတော့မှ တင်တင်တို့ အမေလဲ ငိုတော့တာပဲ၊ လိမ်လည်မှု ခုနစ်မှုအတွက် ထောင်ငါးနှစ်ကျသွားတယ်၊ အမှန်က သူဟာ အင်းစိန်ရုံးကြီးက မင်းစေ(ပြာတာ) တစ်ယောက်ပါ၊ ဒါပေမဲ့ သူ့ကိုယ်သူ မင်းကြီးလို့ပြောလိုပြော၊ မြို့အုပ်မင်းလို့ ပြောလိုပြောနဲ့ လျှောက်ပြီးလိမ်နေတာများပါပြီ၊ နောက်ဆုံး အလိမ်ခံရတာကတော့ တင်တင်ပေါ့"

ပုဏ္ဏားဘကွန်းသည် ရင်၌ နင့်ခနဲဖြစ်၍ သွားလေ၏။ တင်တင်၏မျက်နှာကလေးမှာလည်း ညှိုးငယ်၍သွားလေ၏။ အရယ်သန်သော ကိုရင်ကြီးပင်လျှင် မျက်မှောင်ကုတ်လျက် တင်တင်နှင့် ပုဏ္ဏားဘကွန်းကိုကြည့်ကာ စိတ်မကောင်းဖြစ်၍ နေပုံရလေ၏။

"ဆက်စမ်းပါဦး တင်တင်"

"တစ်နေ့တော့ တင်တင်တို့အိမ်နားက မြင်းလှည်းဂိတ်မှာ မောင်နီဆိုတဲ့ မြင်းလှည်းသမားကလေးတစ်ယောက် မြင်လှည်းလာဆွဲတယ်၊ တင်တင်တို့ လှည်းငှားစရာရှိရင် မောင်နီ့မြင်းလှည်းကိုပဲ ငှားလေ့ရှိတော့ တင်တင်နဲ့ရော အမေနဲ့ပါ ခင်နေတယ်၊ မောင်နီကလဲ ဝယ်စရာ ခြမ်းစရာရှိရင် တင်တင့်ဆိုင်မှာပဲ ဝယ်လေ့ရှိတယ်၊ ကြာတော့ ခင်မင်ရင်းနှီးလာကြပါတယ်၊ တစ်နေ့မှာ တင်တင်တို့အိမ်နားက ကောင်လေးတစ်တယောက်ကို ကောင်လေးအိမ်နဲ့ကပ်ရက်အိမ်က အဖိုးကြီးက နာရီမခိုးရဘဲ ခိုးတယ်ဆိုပြီး ဂါတ်ကိုတိုင်တော့ ဂါတ်က ကောင်လေးကိုဖမ်းပြီး ချုပ်ပါရော၊ တင်တင်တို့ သားအမိလဲ အဲဒီကောင်လေးကို သနားလိုက်တာ မပြောပါနဲ့၊ တင်တင်ရယ်၊ အမေရယ်၊ အိမ်နားက မိန်းမကြီးရယ်ဟာ ကောင်လေးမတရားအချုပ်ခံရတဲ့ အကြောင်းကိုပြောနေတုန်း မောင်နီက ဈေးဝယ်လာရင်းကြားသွားပါလေရော၊ အဲဒီတော့ မောင်နီက 'အဲဒီလို မတရား အဖမ်းခံရတဲ့အကြောင်းများ ကြားရင် အခုထက်ထိ ကျွန်တော်တော့ ဝမ်းနည်းတုန်းပဲ' လို့ဝင်ပြောတော့ တင်တင်က 'မောင်နီ၊ နင်က ဘာဖြစ်လို့ ဝမ်းနည်း တာလည်း"

"ဟာဗျာ ကျွန်တော့်ကို စက်သူဌေးတစ်ယောက်က လက်ဖွပ်မခိုးဘဲ ခိုးတယ်ဆိုပြီးဂါတ်ကိုတိုင်တာ၊ အရိုက်ခံလိုက်ရတာဗျာ၊ သေလုမတတ်ပါဘဲ"

"နောက်တော့ အမှုက ဘယ်လိုဖြစ်သွားသလဲ"

"ကျွန်တော် ဒီအကြောင်းတွေပြောရင် သိပ်ပြီးဝမ်းနည်းတယ်၊ အဲဒီလို အနှိပ်စက်ခံနေရတာကို လူတစ်ယောက်က မခံချင်လို့ ပုလိပ်မင်းကြီးဆီသွားပြီး သူ့အသက်နဲ့လဲပြီး ကျွန်တော့်ကို အချုပ်ထဲက ထုတ်ခဲ့ပါတယ်၊ ကျွန်တော့်ဆရာ၊ ကျွန်တော့်ကျေးဇူးရှင်ပေါ့ဗျာ၊ ညအိပ်ရာဝင်တိုင်း သူ့ကိုတော့ ကန်တော့ပြီးမှ အိပ်တယ်"

"အခု နင့်ဆရာက ဘယ်မှာလဲ"

"အင်း – ပြောရဦးမယ်၊ ဆရာက သိပ်ပြီး သဘောကောင်းတယ်၊ တစ်နေ့မှာ ကျုပ်တို့ရွာက မြယဉ်ဆိုတဲ့ ကောင်မလေးနဲ့ သူ့အဖေ လေမှောက်တာကို ကူညီမိရာကအစ ဆရာလဲ ဒုက္ခရောက်တော့တာပဲ"

"လေမှောက်တာ ကူညီတာနဲ့ နင့်ဆရာပါ ရောပြီး ရေထဲနစ်သွားကောလား"

"ရေထဲနစ်တာက တော်သေးတာပေါ့ဗျာ၊ မြယဉ်က စက်သူဌေးစော်ကားလို့ ရတဲ့ ကိုယ်ဝန်ကိုပါ ဆရာ့ကို လင်ကောင်ဖော်ခိုင်းတယ်၊ ဆရာမှ မကူညီဘူးဆိုရင် မြယဉ်က ရေထဲခုန်ချသေမယ်ဆိုတော့ ဆရာက အနစ်နာခံရတော့တာပေါ့၊ နာမည်ခံရုံပေါ့ဗျာ၊ ဆရာဟာ မြယဉ်ကို လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး၊ မြယဉ် ကလေးမွေးပြီးတဲ့နောက်မှာ မြယဉ်ကို လူကြီးစုံရာရှေ့မှာပဲ ကွာရှင်းပြီး ရန်ကုန်ကိုအပြန်မှာ သမ္မန်ဆိပ်မှာ စက်သူဌေးနဲ့ မြယဉ်ဆွေမျိုးတွေက ဝိုင်းပြီးရိုက်ကြတာ ဆရာလဲ ဆေးရုံရောက်သွားတော့တာပဲ၊ သတင်းစာထဲမှာလည်း ဆရာကို တကယ့်လူယုတ်မာကြီးဖြစ်အောင် . . .ထည့်လိုက်ကြတော့ ကျွန်တော့်ဆရာလဲ တော်တော့်ကို အရှက်ရသွားတယ်၊ ကျွန်တော် ဆေးရုံကိုသွားတွေ့သေးတယ်၊ ဒါပေမဲ့ ဆရာက ဆေးရုံက ဆင်းသွားပြီ၊ ဆရာနဲ့နီးတဲ့ကုတင်က လူနာတွေက ဆရာ့ကို သတင်းစာထဲမှာ ပါတဲ့အတိုင်း လူယုတ်မာကြီး ထင်နေကြတယ်၊ ဆရာဟာ ဒီလိုလူမဟုတ်ဘူးဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။

ဆရာဆေးရုံကဆင်းတဲ့နေ့မှာ ကျွန်တော်တို့ရွာက ငကျွဲဆိုတဲ့ကောင် အဲဒီကောင်က မြယဉ်ကို တစ်ဖက်သတ် ပိုးနေတဲ့ကောင်ပေါ့၊ အဲဒီငကျွဲက ဆရာကို ဓားနဲ့သွားပြီးထိုးသေးတယ်၊ ကျွန်တော့်ဆရာဟာ ဆေးရုံက ဆင်းပြီးကတည်းက ပျောက်သွားလိုက်တာ ဘယ်ရောက်သွားမှန်းမသိတော့ပါဘူးအစ်မရယ်၊ 'ကျွန်တော်က ဆရာကို အမြဲသတိရနေတဲ့အထိမ်းအမှတ်ပေါ့' လို့ဆိုပြီး သူ့လက်မှာထိုးထားတဲ့ ကျေးဇူးရှင်ဘကွန်း ဆိုတဲ့စာတန်းကို ပြပါတယ်"

တင်တင်သည် အထက်ပါအတိုင်း မောင်နီနှင့် တွေ့၍ မောင်နီနှင့် အပြန်အလှန်ပြောခဲ့ပုံများကို ပြောပြရင်း မျက်ရည်များပင် ပါးပြင်ပေါ်သို့ စီးကျလာလေတော့၏။

ပုဏ္ဏားဘကွန်း၏ မျက်လုံးများ၌လည်း ရင်တွင်း၌ ဆွေးမြည့်သွားသည့် အမှတ်လက္ခဏာကို ဖော်ပြလျက်ရှိပေသည်။

"အဲဒီလိုလဲသိလိုက်ရော တင်တင်ဟာ တစ်ခါတည်း မူးပြီး လဲမသွားအောင် မနည်းထိမ်းထားရပါတယ် အစ်ကိုဘကွန်း၊ ဒါတင်မဟုတ်သေးပါဘူး၊ တင်တင် မြယဉ်ကို မကျေနပ်လို့ စာရေးပြီး ရန်တွေ့ပါသေးတယ်"

"ဟင် – အဲဒီတော့ မြယဉ်က ဘာပြန်ရေးသေးလဲ"

"စာမရေးဘူး၊ လူကိုယ်တိုင်လာတွေ့တယ်၊ သူ့သားကလေး မောင်ပြည်ကျော်ကိုလဲ ခေါ်လာတယ်၊ အစ်ကိုဘကွန်း သမ္မန်ဆိပ်မှာ အရိုက်ခံရတာကို အစ,က သူမသိပါဘူး၊ ငကျွဲဟာ ဒဏ်ရာတွေနဲ့ ရွာကို ပြန်လာတဲ့အကြောင်း၊ ရွာရောက်တော့ အရက်တွေမူးပြီး မြယဉ်ကို နင့်အတွက် မခံချင်လို့ ဘကွန်းကို ဆေးရုံကအဆင်းမှာ သွားပြီး ဓားနဲ့ထိုးတဲ့အကြောင်းလဲ ပြောရော မြယဉ်ဟာ တစ်ခါတည်း အစ်ကိုဘကွန်းရဲ့ စိတ်ကောင်းရှိပုံတွေ၊ အနစ်နာခံပုံတွေကို လူတွေရဲ့ရှေ့မှာပဲ ဖွင့်ပြီးပြောလိုက်လို့ တစ်ရွာလုံးတော့ အစ်ကိုဘကွန်းရဲ့ အကြောင်းမှန်ကို သိသွားကြပါပြီ၊ မြယဉ်ကလည်းတင်တင်ကို ခြေထောက်ဖက်ပြီးတောင် တောင်းပန်ပါတယ်။ မြယဉ်ရယ်၊ တင်တင်ရယ် ငိုကြရတာပေါ့ အစ်ကိုဘကွန်းရယ်"

ပုဏ္ဏားဘကွန်းသည် တွေတွေကြီး စဉ်းစားပြီးနောက် တင်တင်အား–

"တင်တင် ပြောချင်တာ၊ ဖြေရှင်းချင်တာ ကုန်ပြီလား"

"အစ်ကိုဘကွန်း ဘယ်မှာရှိတယ်ဆိုတာ တင်တင် အမြဲစုံစမ်းနေပါတယ်၊ မနေ့က မြယဉ်ရဲ့အစ်ကိုဝမ်းကွဲ ကိုဘိုကေဟာ မြယဉ်လွှတ်လိုက်လို့ တင်တင့်ဆီကိုရောက်လာပါတယ်၊ အစ်ကိုဘကွန်းရှိတဲ့နေရာကို ပြောဖို့ မြယဉ်က လွှတ်လိုက်တာပါပဲ၊ တင်တင် အစ်ကိုဘကွန်းနေရာသိတာနဲ့ တစ်ခါတည်း လာချင်လိုက်တာ မပြောပါနဲ့၊ ကိုဘိုကေလဲ နောက်ဆုံးသင်္ဘောနဲ့ လိုက်လာခဲ့တာ တင်တင်နဲ့တွေ့ပြီး ... သူလဲ သန်လျင်က သူ့မိတ်ဆွေတစ်ယောက်ဆီ ဆက်ပြီးသွားပါတယ်၊ သင်္ဘောလဲ မရှိတော့ ချက်ချင်းမလာနိုင်ခဲ့ဘူး၊ ဒီနေ့တော့ အစောဆုံးသင်္ဘောပတ်နဲ့ လိုက်ခဲ့တာပါ၊ တင်တင် အခုလို အစ်ကိုဘကွန်းရဲ့ အဖြစ်မှန်ကို သိလိုက်ရတော့ တင်တင် အထင်လွဲမိတာတွေကို တောင်းပန်ချင်လိုက်တာ၊ အခုလို တောင်းပန်ခွင့်ရတော့ တင်တင်အနေနဲ့ ရင်ထဲမှာ

ပေါ့သွားတာပဲ၊ အစ်ကိုဘကွန်းကများ တင်တင့်ကို အပြစ်ရှိတာကို ခွင့်မလွှတ်နိုင်ဘူး၊ သတ်ပစ်ရမှ ကျေနပ်မယ်ဆိုရင်တောင် တင်တင်အသေခံဝံ့ပါတယ် အစ်ကိုဘကွန်း"

"အစ်ကိုဘကွန်း တင်တင့်ကို ခွင့်လွှတ်ပါတယ် တင်တင်၊ ပြီးတော့ ... အစ်ကိုဘကွန်းဟာ တင်တင့်ကိုတောင် ပြန်ပြီးသနားနေမိပါပြီ၊ ယုံပါ . . . တင်တင်"

"ဝမ်းသာလိုက်တာ အစ်ကိုဘကွန်းရယ်" ဟု ဆိုကာ တင်တင်သည် ဖြူဖွေးသော သွားကလေးများ ပေါ်အောင်ရွှင်လန်းစွာ ပြုံးလိုက်လေ၏။ သို့ရာတွင် သူ၏ မျက်လုံးအိမ်များမှာမူ မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပေါက် ကျ၍လာလေတော့၏။

"နေပါဦး ဒကာမလေးရဲ့၊ ကိုရင်ကြီး မေးပါရစေဦး၊ ဒကာမလေးရဲ့ခင်ပွန်း မောင်ရွှေရိုးကိုရော ထောင်ဝင်စာလေးဘာလေးများ သွားတွေ့ရဲ့လား"

တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသည့် ကိုရင်ကြီးသည် အထက်ပါအတိုင်း တင်တင့်ကို မေးလိုက်လေ၏။ ကိုရင်ကြီး၏ မေးခွန်းမှာ တစ်မျိုးတစ်ဖုံ ထူးဆန်းသကဲ့သို့ရှိလေ၏။ တင်တင်ကလည်း မဆိုင်းမတွပင် ပြန်၍ ဖြေလိုက်သည်မှာ —

"သူ့ကို လူလိမ်မှန်းသိတဲ့အချိန်ကစပြီး တပည့်တော်မဟာ မပေါင်းဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်၊ တကယ်ကတော့ အစ်ကိုဘကွန်းရဲ့အဖြစ်မှန်ကို သိရတဲ့အချိန်မှာ ကိုရွှေရိုးလို လူလိမ်တစ်ယောက်မဆိုထားပါနဲ့၊ ဘုရင်ခံကတော် ဖြစ်နေရင်တောင် တစ်ခါတည်း ကွာပစ်လိုက်မှာပါပဲ၊ တပည့်တော်မရဲ့ နှလုံးသည်းပွတ်တွေ ပြုတ်ထွက်သွားသလို ဆွေးမြည့်ခံစားရပါတယ်ဘုရား"

"ဒီလိုဆိုရင် ဘကွန်းကို"

"ဒီအတိုင်းနေရင်တောင် တွေးမိတိုင်း တနုံ့နုံ့ စိတ်ဆင်းရဲနေရပါတယ်၊ အစ်ကိုဘကွန်းနဲ့သာ အတူတူနေရရင်တော့ အစ်ကိုဘကွန်းအပေါ်မှာ သနားတဲ့စိတ်၊ ယူကျုံးမရဖြစ်တဲ့စိတ်တွေကြောင့် တပည့်တော်မ သေရပါလိမ့်မယ်"

"ဒီတော့ မင်းဘာလုပ်မလဲ တင်တင်" ဟု ပုဏ္ဏားဘကွန်းက ဝင်၍မေးလိုက်ရာ တင်တင်က —

"တင်တင် အစ်ကိုဘကွန်းကို ကန်တော့ပြီး ပြန်ပါတော့မယ်၊ ပြန်ပါရစေတော့" ဟု ဆိုကာ လက်တွင်ကိုင်၍ထားသော ငွေကြိုးကလေးနှင့် အဆိပ်ကြုတ်ကလေးကို ကြမ်းပြင်ပေါ်၌ချကာ တင်တင်သည် ပုဏ္ဏားဘကွန်း၏ ခြေထောက်၌ဦးခိုက်ကန်တော့လေ၏။

ပုဏ္ဏားဘကွန်း၏ မျက်လုံးများသည် တင်တင်ချထားသော ငွေကြိုးကလေးနှင့် အဆိပ်ကြုတ်ဆီသို့ ရောက်၍သွားပြီးလျှင် ကောက်ယူလိုက်လေတော့၏။ ကိုရင်ကြီးနှင့် တင်တင်တို့သည် ပုဏ္ဏားဘကွန်းကိုကြည့်၍ ကြက်သေ သေသကဲ့သို့ ဖြစ်နေကြလေ၏။

ပုဏ္ဏားဘကွန်းသည် ငွေကြိုးကလေး၌ အပေါက်ဖေါက်၍ လျှိုထားသော မူးစေ့ အပဲ့ကလေးနှင့် ငွေမတ်စေ့ကလေးကို ထုတ်ယူကာ –

"တင်တင် ... ဟောဒီမှာ မင်းအတွက်လက်ဆောင်၊ မြယဉ်ကိုလဲပြောလိုက်ပါ၊ ခွင့်လွှတ်ပါတယ်လို့၊ ရော့ သူ့ကိုလဲ ဒီမတ်စေ့ကလေး ပေးလိုက်ပါ၊ သူတို့သားအဖအသက်ကို ကယ်ခဲ့တုန်းက သူတို့က အသက်သခင် ကျေးဇူးရှင်ဆိုပြီး ဆန်တပြည်နဲ့အတူ ကန်တော့ခဲ့တဲ့ မတ်စေ့ကလေးပဲ" ဟု ဆိုကာ တင်တင့်လက်သို့ ထည့်လိုက်လေ၏။ ထို့နောက် အဆိပ်ကြုတ် အဖုံးကလေးကို ပိတ်လိုက်ပြီးလျှင် ကိုရင်ကြီးဘက်သို့လှည့်၍ . . .

"တပည့်တော်ရဲ့ အဓိဋ္ဌာန်ဟာ အောင်မြင်ခဲ့ပါပြီ၊ ဒါကြောင့် ဒီအဆိပ်ကို သောက်ဖို့မလိုတော့ပါဘူး" ဟုဆိုကာ ကိုရင်ကြီးအား လက်အုပ်ချီ၍ပြောပြီးလျှင် ကိုရင်ကြီးလက်သို့ အဆိပ်ကြုတ်ကလေးကို အပ်လိုက်လေ၏။

"အေး ... ဟုတ်တယ် ဘကွန်း" ဟုဆိုကာ ကိုရင်ကြီးသည် အဆိပ်ကြုတ်ကလေးကို လက်ခံလိုက်လေ၏။ ထိုသို့ ပြောနေကြစဉ်မှာပင် တင်တင်သည် သူတို့ဆရာတပည့်အနီးမှ စတင်ထွက်ခွာသွားနေပြီဖြစ်၏။

ပုဏ္ဏားဘကွန်းသည် တင်တင်သွားနေသည်ကို မျက်စိတစ်ဆုံး ကြည့်၍ ကျန်ရစ်ခဲ့လေ၏။ သူ၏မြင်ကွင်းအတွင်းမှ ပျောက်ကွယ်၍သွားသည့်တိုင်အောင် ကြည့်၍နေရာ တင်တင်အားမမြင်ရတော့သောအခါကျမှပင် ပုဏ္ဏားဘကွန်းသည် အောက်နှုတ်ခမ်းအား သွားနှင့်ကိုက်၍ အံတင်းထားလိုက်လေ၏။

ထိုသို့ အံတင်း၍ ထားသည့် အခိုက်မှာပင် မျက်ရည်နှစ်ပေါက်သည် ပါးပြင်ပေါ်သို့ စီးကျ၍လာလေတော့၏။

* * * * *

## ပုဏ္ဏားဘကွန်းနှင့် ကမ္ဘာပေါ်တွင် အရေးကြီးဆုံးနေရာ

တင်တင်ထွက်သွားပြီးနောက် ပုဏ္ဏားဘကွန်းသည် စကားတစ်ခွန်းမှမပြောဘဲ တိတ်ဆိတ်၍နေလေ၏။ သူသည် ပြင်းထန်သော ဝေဒနာတစ်ခုကို မိုတ်ကြိတ်၍ ခံစားနေပုံ ရလေ၏။ ညနေစောင်းသည့်အခါ၌ ကိုရင်ကြီးသည် ပုဏ္ဏားဘကွန်းအနီးသို့ လာရောက်၍ –

"မင်း ငါနဲ့လိုက်ခဲ့ပါ၊ အရေးကြီးတဲ့နေရာတစ်ခုကို သွားစရာရှိတယ်၊ ဒရိုင်ဘာ မခေါ်ခဲ့နဲ့၊ ကားကို မင်းကိုယ်တိုင်မောင်း" ဟု ဆိုလေ၏။

ပုဏ္ဏားဘကွန်းလည်း မဆိုင်းမတွပင် ကားရုံမှ ကားကိုထုတ်၍ ဆင်ဝင်အောက်၌ ရပ်ပြီးလျှင် ကိုရင်ကြီးတက်ရန်အတွက် ကားတံခါးကို ဆင်း၍ဖွင့်ပေးပြီးနောက် မောင်းနှင်ခဲ့လေတော့၏။

"တာမွေဘက်ကို မောင်းကွာ" ဟု ဆိုသဖြင့် မောင်းနှင်လာခဲ့ရာ ကျောက်မြောင်းဈေးအနီးသို့ ရောက်သောအခါ၌ ပုဏ္ဏားဘကွန်းက –

"အခုသွားမယ့်နေရာဟာ တော်တော်ပဲ အရေးကြီးသလား"

"ကြီးလှချေပေါ့ကွာ၊ ကမ္ဘာပေါ်မှာ အရေးကြီးဆုံးနေရာလို့တောင် ပြောနိုင်တယ်"

ပုဏ္ဏားဘကွန်းလည်း ဆက်၍မမေးတော့ဘဲ ကိုရင်ကြီးက ဘယ်ကွေ့ ဆိုသည့်အခါ . . . ဘယ်ကွေ့ လျက်လည်းကောင်း၊ ညာကွေ့ဆိုသည့်အခါ၌ ... ညာကွေ့လျက်လည်းကောင်း မောင်းနှင်ခဲ့ရာ တာမွေသင်္ချိုင်းကုန်း အဝင်လမ်းသို့ရောက်လျှင် ကိုရင်ကြီးက ထိုလမ်းတွင်းသို့ ဝင်ရန် ပြောသဖြင့် –

"ကိုရင်ကြီး ... ဒါက မသာချတဲ့လမ်း၊ သင်္ချိုင်းလမ်းဘုရား" ဟု သတိပေးလိုက်ရာ ကိုရင်ကြီးက —

"ငါသိပါတယ်ကွ၊ မောင်းသာမောင်းစမ်းပါ" ဟု ဆိုသဖြင့် ပုဏ္ဏားဘကွန်းလည်း သင်္ချိုင်းကုန်းလမ်းအတိုင်း ကားကိုမောင်း၍ ဝင်လာရာ ... သင်္ချိုင်းဇရပ်ကြီးတစ်ခုအနီးသို့ ရောက်လျှင် "ရပ်တော့" ဟုဆိုသဖြင့် ကားကိုရပ်လိုက်ရလေတော့၏။ ကားရပ်လိုက်သည်နှင့် ပုဏ္ဏားဘကွန်းသည် ကားပေါ်မှ ကပျာကယာဆင်း၍ ကိုရင်ကြီးအား တံခါးဖွင့်၍ပေးလိုက်ရာ ကိုရင်ကြီးသည် တစ်စုံတစ်ရာပြောဆိုခြင်းမပြုပဲ လမ်းအတိုင်းလျှောက်၍ သွားပြီးနောက် ဝင်လုဆဲဆဲ နေလုံးကြီးအား တစ်ချက်မျှ ငဲ့စောင်းကြည့်ပြီးလျှင် အုတ်ဂူကြီးတစ်ခုပေါ်သို့သွားရောက်၍ထိုင်သဖြင့် ပုဏ္ဏားဘကွန်းလည်း ကိုရင်ကြီးထိုင်လျက်ရှိသော အုတ်ဂူနှင့်ကပ်လျက် အုတ်ဂူတစ်လုံးပေါ်၌ ထိုင်ချလိုက်လေ၏။

ကျွန်ုပ်ထိုင်သောအုတ်ဂူ၏ ခေါင်းရင်းဘက်ကျောက်ပြား၌ အောက်ပါစာကိုလည်း သတိပြုမိလေ၏။

**ရေနံတွင်းစားသူဌေး ဦးဘကွန်း**

**အသက် ၂၅ နှစ်**

**ဝါဆိုလဆန်း ၅ ရက်၊ ၁၃၀၀ ပြည့်နှစ်တွင်**

**ကွယ်လွန် အနိစ္စရောက်သည်။**

ကျွန်ုပ်သည် ထိုစာကို ဖတ်ပြီးနောက် ကျောတွင် စိမ့်ခနဲ ဖြစ်၍သွားလေ၏။ ကျွန်ုပ်နှင့် နာမည်တူ၊ ကျွန်ုပ်နှင့် အသက်တူ ရေနံတွင်းစားသူဌေးကြီးကား ပြီးခဲ့သောနှစ် ဤနေ့ ဤရက်တွင် ကွယ်လွန်ခဲ့ပြီဖြစ်၏။ အမှန်အတိုင်းဆိုရပါမူ ကျွန်ုပ်၏ အသက်သည် ယနေ့တွင် ၂၅ နှစ်တင်းတင်းပြည့်ပြီဖြစ်၏။ ၎င်းတွင်းစားသူဌေးကြီးသည် ကျွန်ုပ်ထက် အသက်တစ်နှစ်သာ ကြီးပေလိမ့်မည်။ သို့ရာတွင် သူသေဆုံးသောအရွယ်မှာ ယခုကျွန်ုပ်ရောက်ရှိနေသော အသက်အရွယ်ပင်ဖြစ်၏။

"ကိုရင်ကြီး … အရေးကြီးတဲ့နေရာကို သွားမယ်ဆို"

"ဒီနေရာပေါ့ကွ၊ ဒီထက် အရေးကြီးတဲ့နေရာဘယ်မှာ ရှိဦးမှာလည်း … သေခြင်းတရားဟာ လူတွေအတွက် အရေးကြီးဆုံး မဟုတ်လား၊ ဒီတော့ သေခြင်းတရားကို လက်တွေ့ခံစားတွေ့ကြုံပြီးတဲ့လူတွေ စုဝေးတဲ့နေရာဟာ အရေးကြီးဆုံးနေရာပေါ့ကွာ"

ပုဏ္ဏားဘကွန်း၏စိတ်၌ ကိုရင်ကြီးပြောသည်မှာ ဟုတ်ပေသားပဲဟု အောက်မေ့မိလေ၏။

"ဒီနေရာကိုခေါ်လာတာကလဲ အရေးကြီးတဲ့စကား ပြောမလို့ပဲ"

"ပြောပါ ကိုရင်ကြီး"

"အလွန်ဆင်းရဲပြီး အလွန်ဒုက္ခရောက်နေတဲ့မင်းကို ငါဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်က သူဌေးကြီးဖြစ်အောင်လုပ်ရမယ်ဆိုပြီး လွှတ်လိုက်တာ အခုတော့ သူဌေးကြီးဖြစ်ပါပြီ … အခုလို ရည်ရွယ်ချက်တစ်ခု အောင်မြင်တဲ့အတွက်တော့ ငါဟာ သိပ်ပြီးဝမ်းသာပါတယ်၊ မင်းလဲ ဝမ်းသာမှာပါပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ကိုရင်ကြီး"

"အခု မင်းဟာ မချမ်းသာဘူး၊ စိတ်ချမ်းသာမှု မရဘူး၊ မင်းအတွက်ငါလည်း စိတ်မချမ်းသာဘူး၊ ချမ်းသာခြင်းဟာ နှစ်မျိုးရှိတယ်၊ တစ်ခုက ကိုယ်ကာယနဲ့ဆိုင်တယ်၊ တစ်ခုကတော့ စိတ်နဲ့ဆိုင်တယ်၊ ကိုယ်ကာယ ချမ်းသာမှုထက် စိတ်ချမ်းသာမှုဟာ ပိုပြီးလိုအပ်တယ် မဟုတ်လား"

"မှန်ပါတယ် ကိုရင်ကြီး"

"ငါဟာ မင်းရဲ့ အကျိုးရှိရာရှိကြောင်းကို လိုလားတယ် ဆိုတာတော့ ယုံကြည်တယ်မဟုတ်လား ဘကွန်း"

"ယုံကြည်ပါတယ် ဘုရား"

"အေး … ငါဟာ မင်းကို ချမ်းသာစေချင်လွန်းလို့ ချမ်းသာအောင်တော့ ညွှန်ပြခဲ့ပြီးပြီ၊ ဒါပေမဲ့ တကယ်ကျတော့ မင်းမှာ ရွှေငွေတွေ၊ တိုက်တွေတာတွေ ရှိလာပေမယ့် ပြည့်စုံတဲ့ချမ်းသာအစစ်ကို တွေ့ရဲ့လား"

"မှန်ပါတယ် ကိုရင်ကြီး၊ ပစ္စည်းတွေ ရှိလာပေမယ့် တပည့်တော်ဟာ မချမ်းသာသေးပါဘူး"

"အေး … မင်းအောက်မှာ ရေနံတွင်းရိုးသူဌေးဘကွန်းကို မြှုပ်ထားတယ်၊ အသက်ရှင်လျက်ရှိသေးတဲ့ သူဌေးကြီးဘကွန်းက အပေါ်က ထိုင်နေတာပေါ့ကွာ၊ တစ်နေ့မှာ မင်းလဲ သူ့နေရာကို ရောက်ရလိမ့်မယ်၊ သေခြင်းတရားဟာ မင်းလို သူဌေးလောက်ကိုမပြောနဲ့၊ ရှင်ဘုရင်လဲ ချမ်းသာမပေးဘူးဆိုတာတော့ သတိရှိထားဖို့လိုတယ်"

"မှန်ပါတယ် ကိုရင်ကြီး"

"မသေခင်မှာတော့ စစ်မှန်တဲ့ချမ်းသာကို ရအောင်ယူရလိမ့်မယ် ဘကွန်း၊ ကိုယ်ကာယ ချမ်းသာတာဟာ အပြင်ပန်းချမ်းသာမှုဖြစ်တယ်၊ စိတ်ရဲ့ တကယ့်အေးချမ်းတဲ့ ချမ်းသာကမှ ချမ်းသာစစ် ဖြစ်တယ်၊ သူဌေးဖြစ်တယ် ဆိုတာ အပြင်ပန်း ချမ်းသာမှုပဲ၊ ချမ်းသာအတုပေါ့ကွာ၊ စိတ်ရဲ့ အေးချမ်းတဲ့ချမ်းသာကမှ ချမ်းသာအစစ်ဖြစ်တယ်"

"မှန်ပါတယ် ကိုရင်ကြီး"

"ချမ်းသာတုကိုတော့ ခုနစ်နှစ်အတွင်း ရအောင်လုပ်မယ်လို့ အတိအကျ စေခိုင်းလို့ ရချင်ရမယ်၊ ချမ်းသာစစ်ကိုတော့ ဘယ်အချိန် ဘယ်ကာလအတွင်း ရအောင်လုပ်ရမယ်လို့ အကျပ်ကိုင်ပြီး ခိုင်းလို့ရတာမျိုးမဟုတ်ဘူး၊ ပြီးတော့ ချမ်းသာစစ်ကိုရအောင်လုပ်ဖို့အတွက်က ဘယ်လိုလုပ်ပါ၊ ဘယ်လိုနေပါလို့ ငါ့အနေနဲ့ မပြောချင်ဘူး၊ မပြောချင်ဘူးဆိုတာထက် မပြောနိုင်လို့ မပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတောင်မှ ချမ်းသာစစ်ရဲ့ သဲလွန်စကို မတွေ့ရသေးလို့ပဲ၊ ဘယ်သီလကို ဆောက်တည်ပါ၊ ဘယ်လို ဘာဝနာကိုပွားများပါလို့လဲ ငါတော့ မပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် ချမ်းသာစစ်ကို မတွေ့သေးလို့ပဲ"

ပုဏ္ဏားဘကွန်းသည် သင်္ချိုင်းကုန်းမှ အုတ်ဂူဖွေးဖွေးများကိုလည်းကောင်း၊ မှတ်တိုင်နှင့် မြေပုံကျိုးတိုးကျဲတဲကိုလည်းကောင်း ခြုံငုံ၍ တွေ့မြင်နေရသည်ဖြစ်ရာ လူ့ဘဝ၏ နေဝင်ချိန် သို့တည်းမဟုတ် သူ့ဘဝနေဝင်ချိန်နှင့် သေခြင်းတရား၏ အရိပ်အငွေ့များကို နားလည်သဘောပေါက်၍ သွားလေ၏။ သူ၏စိတ်၌ ချစ်သူ၏ အထင်လွဲမှု၊ ထိုမှတစ်ဖန် ချစ်သူ၏ စွန့်ပစ်မှုများ၏ဒဏ်သည်

ပူပူနွေးနွေး ခံစားရလျက်ရှိသေးသည်ဖြစ်ရာ ထိုပူပူနွေးနွေး ခံစားနေရသည့် ဒဏ်ရာဒဏ်ချက်တို့နှင့် ဘဝ၏နေဝင်ချိန်ဆိုသည့် အသိတရားနှစ်ခုကို ပေါင်းစပ်ပေးလိုက်ရာ ဓာတ်ဆီပုံး၏အဝ၌ မီးခြစ်လိုက်သကဲ့သို့ ဝုန်းကနဲ တောက်လောင်၍ သွားလေတော့၏။

သေခြင်းတရားအတွက် ထိတ်လန့်ခြင်း၊ ကြွယ်ဝခြင်း၊ ချမ်းသာခြင်း၏ အနှစ်မဲ့ခြင်း တို့ကြောင့် . . . သူ၏ရင်သည် တလှပ်လှပ် တုန်လှုပ်လျက်ရှိပေသည်။ မျက်နှာ၌လည်း ချွေးသီးချွေးပေါက်များ စိမ့်၍ထွက်လာလေ၏။ ထိုအခါ၌ လူနာ၏ ဝေဒနာအရိပ်အကဲကို ဖမ်းတတ်သောဆရာဝန်သည် သင့်လျော်ရာဆေးဝါးကို အချိန်မီတိုက်ကျွေးသကဲ့သို့ ကိုရင်ကြီးသည်လည်း ပုဏ္ဏားဘကွန်း၏ ပူဆွေးလောင်မြိုက်သော ဝေဒနာနှစ်ရပ်၏ အရိပ်လက္ခဏာကို ဖမ်းမိသည်နှင့် တစ်ပြိုင်နက် –

“ဟော့ကောင် ဘကွန်း . . . မင်းလဲ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းအောက်ကကောင်လိုဖြစ်လိမ့်မယ်၊ အဲဒီလိုမဖြစ်ခင်မှာ လူဖြစ်ကျိုးနပ်အောင်တော့ ချမ်းသာအစစ်ကို ရှာဖို့လိုတယ်”

“မှန်ပါတယ် ကိုရင်ကြီး၊ တပည့်တော်လဲ ဒီလိုပဲ စဉ်းစားမိပါတယ်”

“ချမ်းသာအစစ်ကိုရှာတဲ့လူဟာ ချမ်းသာအတုတွေကို စွန့်ပစ်နိုင်တဲ့သတ္တိမျိုးရှိမှလဲ ချမ်းသာအစစ်ကို ရလိမ့်မယ်လို့ ထင်တယ် ဘကွန်း၊ ဒါပေမဲ့ ကိုယ်တိုင်ချမ်းသာအစစ်ကို မရှာချင်ဘဲ ငါကပြောလို့ ရှာတာမျိုးတော့ မဖြစ်စေချင်ဘူး”

“တပည့်တော်လဲ သူဌေးကြီးဖြစ်လာပေမယ့် စိတ်ချမ်းသာမှုကို ကိုရင်ကြီးပြောတဲ့အတိုင်း ချမ်းသာအစစ်ကိုတော့ မခံစားရတာတော့ အမှန်ပါပဲ၊ အဲဒီ ထာဝရအေးငြိမ်းတဲ့ စိတ်ချမ်းသာမှုကို ရမယ်ဆိုရင် တပည့်တော်ရဲ့ ပစ္စည်းတွေကို တစ်ပြားတစ်ချပ်မှမကျန်အောင် အကုန်လုံး စွန့်ဝံ့ပါတယ်ဘုရား”

“အေး .... ကောင်းပြီ၊ ဒါကတော့ မင်းဟာမင်း စဉ်းစားရမယ့်၊ ဆုံးဖြတ်ရမယ့်ဟာပဲ၊ ငါနဲ့မဆိုင်ဘူး၊ ဘကွန်း ... လာကွာ၊ ပြန်ကြစို့လား” ဟုဆိုကာ ကိုရင်ကြီးသည် ပုဏ္ဏားဘကွန်းအား ပြန်ရန်နှိုးဆော်လိုက်လေ၏။ ကိုရင်ကြီးသည် ပူလောင်ခြင်း၊ငြီးငွေ့ခြင်းဖြစ်လျက်ရှိသော ပုဏ္ဏားဘကွန်းအား ထို့ထက်ပို၍ ပူလောင်ငြီးငွေ့ခြင်း မဖြစ်စေရန်အတွက် ပြန်ရန်နှိုးဆော်လိုက်ခြင်းဖြစ်၏။

လူတို့သည် ပူလောင်ခြင်းနှင့် ငြီးငွေ့ခြင်း၌ လည်းကောင်း၊ ကြောက်ရွံ့ခြင်း၌လည်းကောင်း၊ အခြားသော စိတ်ခံစားမှုတို့၌လည်းကောင်း သင့်လျော်ရုံသာ ကောင်းပေ၏။ လိုသည်ထက်ပို၍ ခံစားလိုက်ရလျှင် မထူးပါဘူးဟူသော ... မထူးစိတ်များ ဝင်ရောက်သွားတတ်ပြီးလျှင် ထင်မိထင်ရာ လုပ်တတ်လေ၏။ ဖဲရှုံးသောသူသည် တော်ရုံမျှရှုံးလျှင် ရှေ့ဆက်ရှုံးမည်ကိုကြောက်၍ ဝိုင်းတွင်းမှ ထတတ်သော်လည်း ထို့ထက်ပို၍ရှုံးခဲ့လျှင် မထူးပါဘူးဟုဆိုကာ ဝိုင်းထဲမှ မထတော့ပေ။ ထိုနည်းတူစွာပင် ပူဆွေးခြင်း၌ လည်းကောင်း၊ ထိတ်လန့်ခြင်း၌လည်းကောင်း လိုသည်ထက်ပိုလျှင် ထိုစိတ်များသည် ပြောင်းလဲသွားတတ်သောသဘောရှိလေ၏။ အဘယ်ကြောင့်ဆိုသော် စိတ်ပူသောအရာသည် ခဏတမ်းသာ သက်သာမည့်ထွက်ပေါက်များကို အစဉ်သဖြင့် ရှာကြံတတ်သောကြောင့်ဖြစ်၏။

ဤသဘောကို သိ၍ထားသော ကိုရင်ကြီးသည် ပုဏ္ဏားဘကွန်းအား လိုသည်ထက်ပို၍ ပူလောင်ခြင်းကိုလည်းကောင်း၊ ငြီးငွေ့ခြင်းကိုလည်းကောင်း မပြုခဲ့ပေ။

ပုဏ္ဏားဘကွန်းသည် လမ်းတစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောဘဲ တွေး၍လာလေ၏။ ကိုရင်ကြီးလည်း အလိုက်သိစွာပင် တစ်လုံးမှမပြောဘဲ လိုက်ပါခဲ့လေသော်လည်း ခြံဝသို့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် “ဟော့ ... ဘကွန်း၊ တစ်ကိုယ်လုံးလဲ ချွေးတွေကြီးပါလားကွ၊ ရေချိုးလိုက်ဦးကွ၊ ရေချိုးပြီး ထမင်းပါစားလိုက် ပြီးတော့ အေးအေးသက်သာ နားလိုက်ဦးပေါ့၊ မင်းလဲ ပင်ပန်းလွန်းတယ်ကွာ” ဟာ ဆိုလေ၏။

ပုဏ္ဏားဘကွန်းသည်လည်း ကိုရင်ကြီးမှာသည့်အတိုင်းပင် ရေမိုးချိုးလေ၏။ တစ်ကိုယ်လုံးအေးမြသွားသည်အထိ ရေပန်းတိုင်အောက်တွင် ရေကိုစိမ်၍ချိုးပြီးနောက် အဝတ်အစားလဲကာ တိုက်ရှေ့ဘက်လမ်းရှိ ကန်တော်ကြီးရေစပ်၌ သွားရောက်၍ထိုင်မည်ဟု စိတ်ကူးလိုက်သော်လည်း အတော်အတန်မှောင်စပျိုးနေပြီဖြစ်သဖြင့် တိုက်၏ဆင်ဝင်အပေါ်၌ရှိသော ကြီးမားသောကြိမ်ကုလားထိုင်၌ထိုင်၍ ရှေ့ရေးကို စဉ်းစားလေတော့၏။

ပုဏ္ဏားဘကွန်းသည် အောက်ပါမေးခွန်းများကို သူ့ကိုယ်သူ မေးလျက်ရှိလေ၏။

“ငါဟာ သူဌေးကြီးဖြစ်လာတာကတော့ မှန်တယ်၊ တကယ်ကော ချမ်းသာပါရဲ့လား၊ တကယ်ချမ်းသာတယ်ဆိုရင် ရင်၌ လွမ်းခြင်း၊ ဆွေးခြင်း၊ ပူလောင်ခြင်း စသည့်ဒုက္ခများရှိနိုင်ပါ့မလား၊ ချမ်းသာတုကိုတောင် အသက်နဲ့ရင်းပြီးရှာနိုင်ခဲ့သေးရင် ချမ်းသာစစ်ကိုကော ဘာကြောင့် မရှာနိုင်ရမှာလည်း”

“ချမ်းသာစစ်ရှာရန်အတွက် ချမ်းသာတုကိုလုံးဝစွန့်လွှတ်ရန် ဘာများခက်ပါသနည်း”

“ပျော်ရွှင်ချမ်းမြေ့ခြင်းမရှိသော စည်းစိမ်ဥစ္စာများသည် ငါ့အတွက် မည်မျှအသုံးဝင်ပါသနည်း”

သူဌေးကြီးဖြစ်ရန် ကြိုးစားခဲ့ရသော အချိန်များ၌ပင် ယခုထက် စိတ်ချမ်းသာစွာ နေခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ခုသောရည်ရွယ်ချက်အတွက် အလုပ်လုပ်၍နေသောကြောင့် ဖြစ်၏။

သူဌေးကြီးဖြစ်ပြီး ငါ့၌ပြုလုပ်ဖွယ်ရာ မရှိတော့ပြီ။ တင်တင် အပါအဝင် . . . လက်စားချေရမည့် သူများကိုလည်း တင်တင့်ကိုခွင့်လွှတ်လိုက်သည်နှင့်အတူ ခွင့်လွှတ်လိုက်ပြီးဖြစ်သည့်အလျောက် လက်စားချေရန်အလုပ်မျှပင် မရှိတော့။

အမှန်စင်စစ်အားဖြင့် သူဌေးဖြစ်ခြင်းသည် အလုပ်လက်မဲ့ဖြစ်ခြင်းသာလျှင် မဟုတ်ပါလား။

အလုပ်လက်မဲ့အဖြစ်ဖြင့် နေရသောအဖြစ်သည် အမှန်စင်စစ် ငြီးငွေ့ဖွယ်ရာကောင်း၏။ ထို့ကြောင့် ထာဝရအေးငြိမ်းခြင်းဟူသော ချမ်းသာစစ်ကိုရှာဖွေသည့်အလုပ်အား ငါသည် မလုပ်ဘဲမနေသင့်။

ပုဏ္ဏားဘကွန်းသည် အထက်ပါမေးခွန်းများကို မိမိဘာသာ မိမိစိတ်၌မေး၍နေရာမှ သူဌေးကြီးဖြစ်ခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်း ညီမျှနေပုံကို စိတ်၌ပိုင်ပိုင်နိုင်နိုင် တွေးထင်မိသည်ဖြစ်ရာ တစ်စုံတစ်ရာကို တိတိကျကျ ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ ကိုရင်ကြီးကတောင် ခက်ခဲပါသည်ဆိုသည့် ချမ်းသာအစစ်၏ ပကတိ ငြိမ်းအေးခြင်းကို ရှာဖွေရန်ပင်ဖြစ်၏။

ထိုသို့ ဆုံးဖြတ်ချက်ချလိုက်သည့် တစ်ခဏ၌ပင် သူ့၏ လေးလံလျက်ရှိသော စိတ်တို့သည် ပေါ့ပါး၍သွားလေ၏။ ဤသို့ပေါ့ပါးသွားခြင်းပင်လျှင် အနည်းငယ်မျှ စိတ်ချမ်းသာခြင်းကိုဖြစ်စေရာ ရှေ့သို့တက်၍ ပကတိငြိမ်းအေးခြင်းအစစ်ကို ရှာဖွေရန်အတွက် အားဆေးတစ်ခွက်ဟုပင်ဆိုနိုင်ပေသည်။

ပုဏ္ဏားဘကွန်းသည် ... စိတ်သက်သာရာရသွားသည့်အလျောက် ကောင်းကင်မှ တဖြည်းဖြည်းမြင့်တက်လာနေသော လ,ကိုကြည့်၍ စိတ်ကြည်နူးစွာဖြင့် ထိုင်လျက်နေလေ၏။

"ဘယ်လိုလဲ ဘကွန်း ... ထမင်းမစားသေးဘူးလား" ဟု ကိုရင်ကြီးအသံ ပေါ်ထွက်လာမှပင် ပုဏ္ဏားဘကွန်းလည်း ကပျာကယာထ၍ ကိုရင်ကြီးအားနေရာပေးလေ၏။

"စားပါ့မယ်ဘုရား၊ မဆာသေးလို့ပါ" ဟု ဖြေဆိုပြီးနောက် ပုဏ္ဏားဘကွန်းသည် တစ်စုံတစ်ခုပြောရန် ချိန်ဆလိုက်ပြီးလျှင်–

"တပည့်တော် ကိုရင်ကြီးပြောတဲ့ ပကတိအေးငြိမ်းတဲ့ ချမ်းသာစစ်ကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်ပါပြီဘုရား၊ ဖြစ်နိုင်ရင် မနက်ဖြန်မနက်ကို ကုမ္ပဏီဖျက်သိမ်းဖို့ မစ္စတာရောင်ဂ့ါးကိုခေါ်ပြီး တာဝန်ပေးလိုက်မယ်၊ တပည့်တော် ပစ္စည်းတွေကိုလဲ တစ်ခါတည်း လှူပစ်လိုက်ပါတော့မယ် ဘုရား"

"ဟေ ... တကယ်ပဲလားကွ၊ စဉ်းတော့ စဉ်းစားဦးနော်၊ ဒါလောက်ပစ္စည်းတွေကို လိုချင်လို့ပြန်ပြီးရှာမယ်ဆိုရင် လွယ်တာမဟုတ်ဘူး"

"တပည့်တော် စဉ်းစားပြီးပါပြီ ကိုရင်ကြီး၊ တပည့်တော်ဟာ ကိုရင်ကြီးပြောတဲ့ ပကတိအေးငြိမ်းခြင်းဆိုတဲ့ ချမ်းသာစစ်ကိုပဲ မရမနေ ကြိုးစားပြီး ရှာဖွေပါတော့မယ်ဘုရား"

"သာဓုကွယ် ... သာဓု သာဓု၊ လောကမှာ ဆင်ဟာ အမဲပဲ ရှိတယ်ကွ၊ ဆင်ဖြူဆိုတာ သိပ်ရှားတယ်၊ အဲဒီလိုပဲ လူထဲမှာလဲ ကိုယ်မှာရှိတဲ့ စည်းစိမ်ဥစ္စာကို အားလုံးပယ်ဝံ့တဲ့လူဆိုတာ ရှိခဲတယ်၊ အဲဒီလို လူမျိုးဟာလည်း ဆင်ဖြူရတနာလိုပဲ ရှားပါးတယ်ဟေ့၊ မင်းဟာ နယ်နယ်ရရလူမျိုးမဟုတ်ဘူး၊ တိတိတ် ပုဂ္ဂိုလ်မျိုးပေပဲ" ဟု ကိုရင်ကြီးက လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်လေ၏။ ထိုသို့ ချီးမွမ်းလိုက်သည့်အထဲတွင် "မင်းဟာ တိတိတ် ပုဂ္ဂိုလ်ပဲ" ဟူသောစကားပါရှိလေရာ ထိုစကားကိုကြားလိုက်ရသည့်ခဏ၌ ပုဏ္ဏားဘကွန်းသည် ကြက်သီးမွေးညင်းထ၍ သွားလေ၏။

ထိုနေ့ညက ကိုရင်ကြီးနှင့်ပုဏ္ဏားဘကွန်းတို့သည် ညဥ့်အတော်နက်သည်အထိ စကားပြောလျက်ရှိကြလေ၏။ ကိုရင်ကြီးကား ပကတိအေးငြိမ်းသော ချမ်းသာစစ်ကို အမျိုးမျိုးသော ဇာတ်နိပါတ်တို့ဖြင့် ပြောပြခဲ့လေတော့၏။

× × × × ×

နောက်တစ်နေ့ မိုးလင်းသည့်အခါ၌ ပုဏ္ဏားဘကွန်းသည် မျက်နှာသစ်ပြီး အိမ်ရှေ့သို့ထွက်လာရာ . . . ခြံဝ၌ ဒရဝမ်နှင့် လူတစ်ယောက် စကားများ၍နေသည်ကိုတွေ့သဖြင့် ခြံဝသို့ထွက်လာရာ ဂဲဒေါက်မြဒင်ကို တွေ့ရလေ၏။

"ဦးဘကွန်း ... လုပ်ပါဦးဗျ၊ ခင်ဗျားနဲ့ တွေ့ချင်လို့ပါ" ဟု တံခါးအပြင်မှ အော်၍ပြောလေ၏။

"ဖွင့်ပေးလိုက်ပါ" ဟု ပုဏ္ဏားဘကွန်းက ပြောလိုက်သည့် အခါမှပင် ဒရဝမ်က ဖွင့်ပေးလေ၏။ ဂဲဒေါက်မြဒင်သည် တံခါးဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အပြေးအလွှားဝင်၍လာပြီးလျှင် –

"ဦးဘကွန်းနဲ့ တွေ့ချင်လို့လာတာပါ"

"ဆိုစမ်းပါဦး ... ဘာကိစ္စလဲ"

"ကိစ္စကတော့ အစည်းအရုံးက လွှတ်လိုက်လို့ပါ"

"ဘယ်အစည်းအရုံးကလဲ ကိုမြဒင်၊ သြော် ... ကိုမြဒင်က ဒို့ဗမာအစည်းအရုံးဝင်လားဗျ"

"ဟုတ်ပါတယ် ... ကျုပ်လဲ သခင်တစ်ယောက်ပါပဲ"

"ဆိုစမ်းပါဦး ... ခင်ဗျားတို့ အစည်းအရုံးက ဘာကိစ္စနဲ့ ကျုပ်ဆီလွှတ်လိုက်တာလဲ"

"အစည်းအရုံး ရန်ပုံငွေအတွက်လာတာပါ . . . ကျုပ်တို့အတွင်းရေးမှူးသခင်အောင်ဆန်းက အစည်းအရုံးရဲ့ ရှေ့လုပ်ငန်းစဉ်တွေအတွက် ရန်ပုံငွေလိုနေတဲ့အကြောင်း ကျုပ်တို့ကိုပြောတယ်၊ ဒါကြောင့် ကျုပ်လဲ ဦးဘကွန်းဆီမှာ အလှူခံရင်ရမှာပဲ ဆိုပြီး လာခဲ့တာပဲ"

"အများ အကျိုးရှိမယ့်အလုပ်ဆိုရင်လှူရတာပေါ့ဗျာ၊ ခင်ဗျားတို့ခေါင်းဆောင်ကြီးသခင်အောင်ဆန်း ဆိုတာကိုလဲ ကျုပ်က လေးစားပြီးသားပါ၊ ကဲ ကဲ ... လာလေဗျာ"

ပုဏ္ဏားဘကွန်းသည် ဂဲဒေါက်မြဒင်အား ခေါ်ကာ တိုက်အတွင်းသို့ဝင်သွားပြီးလျှင် အလျား ခြောက်လက်မ၊ အနံ ငါးလက်မရှိသော အိတ်နှင့်အပြည့် မြိတ်ထုံးရွှေဒင်္ဂါးပြားများကိုလည်းကောင်း၊ ဂဲဒေါက်မြဒင်အတွက် သီးသန့်ငွေတစ်ထောင်ကိုလည်းကောင်း လှူဒါန်းလိုက်လေတော့၏။

ကိုရင်ကြီးသည် ပုဏ္ဏားဘကွန်း၏ ရက်ရောပုံကိုကြည့်၍ အံ့သြနေလေ၏။ ထိုနေ့တစ်နေ့လုံး၌ မန်နေဂျာ မစ္စတာရှောင်ဝှါးကိုခေါ်ယူ၍ ကုမ္ပဏီဖျက်သိမ်းပြစ်ရန် မှာကြားပြီးလျှင် သူပိုင်ဆိုင်သော တိုက်တာအိုးအိမ်၊ စိန်ရွှေငွေရတနာတို့အား ဆေးရုံများ၊ စာသင်ကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ မျက်မမြင်ကျောင်းများ၊ အမျိုးသမီးကယ်တင်ခြင်းဌာနများသို့ လှူဒါန်းလေ၏။

အချို့သော အဆောက်အဦနှင့် ပစ္စည်းများသည် ရောင်းချပြီးမှ လှူဒါန်းရမည်ဖြစ်ရာ မိဘမဲ့ဂေဟာ၊ မျက်မမြင်ကျောင်းစသော ဌာနများကို အုပ်ချုပ်ရေးမှူးများကို ပင့်ဖိတ်၍ မစ္စတာရှောင်ဝှါးနှင့်တွေ့ဆုံပေးပြီးလျှင် ထိုပစ္စည်းများအား ရောင်းချပြီးသည့်အခါ၌ အုပ်ချုပ်ရေးမှူးလက်သို့အပ်ရန် စာချုပ်စာတမ်းပြုလုပ်၍ လှူဒါန်းလေ၏။

နံနက် မျက်နှာသစ်ပြီးသည်နှင့် ပစ္စည်းများအားလုံးကို သူ့နေရာနှင့်သူ လှူဒါန်းခဲ့ပြီးနောက် ညနေ ၃ နာရီကျော်ကျော်လောက်တွင် သူနေလျက်ရှိသော ခြံနှင့်တိုက်ကို လှူဒါန်းရန်အတွက် မူလခြံပိုင်ရှင် ဦးဘသိုက်အားခေါ်ယူ၍ ဤခြံနှင့်တိုက်ကို လျှော့ဈေးဖြင့်ရလျှင် ပြန်ယူလို၊ မယူလိုမေးမြန်းရာ ဦးဘသိုက်က ယူလိုကြောင်းပြောလျှင် အမျိုးသမီးကယ်တင်ခြင်းဌာနမှ အုပ်ချုပ်သူကိုခေါ်ယူ၍ ခြံနှင့်တိုက်ရောင်းရငွေကို လှူဒါန်းလေ၏။

ထိုအမျိုးသမီးကယ်တင်ခြင်းဌာနအုပ်ချုပ်သူမှာ ခရစ်ယာန်မယ်သီလရှင်ကြီးဖြစ်ပေရာ ပုဏ္ဏားဘကွန်းအား အမျိုးမျိုးအဖုံဖုံသော ဆုတောင်းများကို အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုလေ၏။ ထိုအထဲတွင် "ဘုရားသခင်က ကောင်းချီးမင်္ဂလာပြုပါလိမ့်မည်" ဟု အဓိပ္ပာယ်ရသောဆုတောင်းကိုမူ . . . ပုဏ္ဏားဘကွန်းသည် အနှစ်သက်ဆုံးဖြစ်လေ၏။

ခရစ်ယာန်သီလရှင်မကြီးသည် ဦးဘသိုက်ထံမှ ငွေကို ကောင်းမွန်သေချာစွာ ရေတွက်လက်ခံပြီးလျှင် ပုဏ္ဏားဘကွန်းအား နှုတ်ဆက်၍ပြန်သွားလေ၏။ မပြန်မီ သူ၏ နဖူး၊ ရင်ဘတ် နှင့် ပခုံးနှစ်ဖက်အား လက်ဖျားကလေးနှင့်တို့ကာ ကြက်ခြေခတ်ပုံသဏ္ဍာန်ပြုလုပ်၍ ဘုရားသခင်ထံ ဆုတောင်းခြင်းအမှုကို ပြုသွားလေသေး၏။

ပုဏ္ဏားဘကွန်းသည် လူမှုကိစ္စများကို ကူညီဆောင်ရွက်ပေးရသည့် ဌာနများသို့သာလျှင်မဟုတ်ပေ။ ဘုရားတည်ရန်၊ ကျောင်းဆောက်ရန် စသော ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အလှူကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာရေးအသင်းနှင့် ဘုရားရှိခိုးကျောင်းများသို့လည်းကောင်း၊ ဟိန္ဒူဘာသာရေးဆိုင်ရာ ဘုရားကျောင်းများသို့လည်းကောင်း၊ မူဆလင်ဗလီများသို့လည်းကောင်း ဘာသာရေးလုပ်ငန်းများ၌ သုံးစွဲရန် လှူဒါန်းသွားသေး၏။

ကြီးမားသော အလှူငွေများကိုသာမဟုတ်ပေ။ ရန်ကုန်မြို့ပေါ်၌ရှိရှိသမျှသော သူတောင်းစားများနှင့် အလှူခံဌာနများသို့လည်း မစ္စတာရှောင်ဝှါးနှင့် ကိုရင်ကြီးကိုလွှတ်၍ လှူဒါန်းစေခဲ့၏။

ဤသို့လှူဒါန်းခဲ့ပြီးနောက် ညနေ ၆ နာရီလောက်တွင် ပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီး တို့သည် ပြန်လည်ဆုံတွေ့ကြလေတော့၏။ ကိုရင်ကြီးနှင့်အတူ မစ္စတာရှောင်ဝှါးလည်း ပါ၍လာလေ၏။

"မစ္စတာရှောင်ဝှါး ... ဟောဒီလိပ်စာပါ လူနှစ်ယောက်ကိုလည်းငွေတစ်သောင်းစီ လှူပေးပါဦး" ဟု ဆိုကာ လိပ်စာနှစ်စောင်ကိုလည်း ပေးလိုက်လေ၏။

ထိုလိပ်စာများအား ကိုရင်ကြီးကကြည့်လိုက်ရာ တင်တင်နှင့် မြယဉ်တို့၏ လိပ်စာများဖြစ်ကြောင်း တွေ့ရှိရလေ၏။

"ကျုပ်တော့ မပြောတတ်အောင်ပါဘဲ ကိုဘကွန်းရယ်၊ မရှိတုန်းကတော့ ခင်ဗျားမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ဒရဝမ်စောင့်ရ၊ ဈေးရောင်းရ၊ အနှိပ်သည်လုပ်ရနဲ့၊ ချမ်းသာလဲ ချမ်းသာလာရော ဖိမ်မခံဘဲနဲ့ အကုန်လုံးလှူပစ်တယ်ဆိုတာ ဘာသဘောလည်းဗျာ" ဟု မစ္စတာရှောင်ဝှါးက ပုဏ္ဏားဘကွန်း လှူပစ်သောပစ္စည်းများကို နမြောလှသည့်အလျောက် အထက်ပါမေးခွန်းကို မေးလေတော့၏။

ပုဏ္ဏားဘကွန်းက ပြန်မဖြေဘဲ ပြုံးရုံသာပြုံး၍ နေလေ၏။ ထို့နောက် မစ္စတာရှောင်ဝှါးနှင့် ပြောစရာရှိသည်များကို ပြောဆိုရာ ၈ နာရီထိုးမှပင် ပြီးပြတ်လေတော့၏။ မစ္စတာရှောင်ဝါးလည်း နှုတ်ဆက်ကာ ပြန်၍သွားလေတော့၏။ ထိုအခါ ပုဏ္ဏားဘကွန်းနှင့် ကိုရင်ကြီးသာလျှင် ကျန်ရစ်လေတော့၏။

အိမ်၌ရှိသမျှသော အစေခံများကိုလည်းကောင်း၊ ဒရိုင်ဘာကိုလည်းကောင်း၊ ဒရဝမ်ကိုလည်းကောင်း ထိုက်ထိုက်တန်တန် လှူဒါန်းချီးမြှင့်၍ အလုပ်မှ တစ်ခါတည်းရပ်စဲလိုက်ပြီဖြစ်၏။ ဒရိုင်ဘာကို မော်တော်ကားနှင့် ငွေတစ်ထောင်ပေးလိုက်ခြင်းကိုထောက်၍ အခြားသော အစေခံ၊ ဒရဝမ် စသည်တို့ ရရှိသည့် ပမာဏမှာ မနည်းလှကြောင်း သိသာပေသည်။

"ကဲ ... မင်းမှာ ဘာများကျန်သေးသလဲ"

"ကျန်ပါသေးတယ်ဘုရား၊ တပည့်တော် ဒီညအတွက်စားဖို့ ဘဏ္ဍာစိုး ဝယ်ပေးထားခဲ့တဲ့ ဟောဒီ ထမင်းထုပ်တစ်ထုပ် (ထမင်းထုပ်ကိုမြှောက်ပြလျက်) နဲ့ ကိုရင်ကြီးကို လှူဖို့ငွေ" ဟု ဆိုကာ ငွေထုပ်တစ်ထုပ်ကိုယူ၍ ကိုရင်ကြီးကိုလှူဒါန်းလိုက်ပြီးလျှင် ကြမ်းပြင်ပေါ်၌ထိုင်ကာ မြိန်ယှက်စွာ စားသောက်လေ၏။ သူ့စိတ်သည် ပေါ့ပါး၍နေ၏။ ရှေ့ဆက်ရမည့် ခရီးစဉ်အတွက်လည်း စိတ်စော၍နေ၏။ တနည်းဆိုရပါမူ ပွဲကြည့်သွားရမည့် ကလေးငယ်၏စိတ်သည် လွတ်လပ်ပေါ့ပါးစွာ မြူးထူးနေသကဲ့သို့ သူ၏စိတ်သည်လည်း မြူးထူးနေလေ၏။

ကိုရင်ကြီးလည်း ပုဏ္ဏားဘကွန်းလှူသော ငွေထုပ်ကိုကိုင်လျက် သာဓုသုံးကြိမ်ခေါ်လေ၏။ ထို့နောက် ငွေများကိုရေတွက်ကြည့်ရာ တစ်သိန်းတိတိရှိကြောင်း တွေ့ရလျှင် –

"ဟော့ကောင် ... တစ်သိန်းတောင်မှပါလား"

"မှန်ပါတယ်"

"ငါက ဘာလုပ်ရမှာလဲ"

"ကိုရင်ကြီးကို လှူတာပဲ၊ သုံးချင်တဲ့နေရာ၊ သုံးချင်တဲ့ကိစ္စမှာ သုံးပေါ့၊ ကိုရင်ကြီးဟာ ကိုရင်ကြီး မီးပဲရှို့ပစ်ပစ် တပည့်တော်နဲ့ မဆိုင်တော့ပါဘူး"

"အင်း ... သာဓုကွယ်၊ သာဓု ... သာဓု၊ မင်းမှာ ဘာများကျန်သေးသလဲ ဘကွန်း"

"ကျန်ပါသေးတယ်ဘုရား"

ပုဏ္ဏားဘကွန်းသည် ထမင်းစား၍ ပြီးပြီဖြစ်ရာ ဖက်များကိုယူ၍ လွှင့်ပစ်လိုက်ပြီးလျှင် ရေသောက်ခြင်း၊ လက်ဆေးခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် ကိုရင်ကြီးရှေ့ရှိ ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ခုကို ချလိုက်၍ –

"တပည့်တော်မှာ ဒါတွေကျန်ပါသေးတယ်ဘုရား" ဟု ဆိုလိုက်သဖြင့် ကိုရင်ကြီးကလည်း ပုဏ္ဏားဘကွန်း ချပြသော ပစ္စည်းများကို ကြည့်လိုက်ရာ ...

မှန်အိမ်စုတ်ကြီးတစ်လုံး၊ လွယ်အိတ်ရှည်ကြီး တစ်အိတ်နှင့် ဝါးရင်းတုတ်ကြီးကို အံ့သြဖွယ်ရာ တွေ့ရှိရလေ၏။

ထိုပစ္စည်းသုံးမျိုးမှာ ... လွန်ခဲ့သော ခုနစ်နှစ်က ဤနေ့၊ ဤရက်၊ ဤညမျိုး၌ ပုဏ္ဏားဘကွန်းအား သုညဘဝမှနေ၍ သူဌေးကြီးတစ်ဦးဖြစ်အောင် ကြိုးစားပေတော့ ... ဟု ဆိုကာ ကိုရင်ကြီးက ပေးလိုက်သော ပစ္စည်းများလည်း ဖြစ်ပေသည်။ ကိုရင်ကြီး၏စိတ်သည် လွန်ခဲ့သော ခုနစ်နှစ်တာ၏ ထူးဆန်းသော ညတစ်ညဆီသို့ ပြန်လည်၍ ရောက်ရှိသွားပြီးလျှင် အနည်းငယ် ဝမ်းနည်းသလိုလိုပင် ဖြစ်၍လာသေးတော့၏။

ထိုညက ပုဏ္ဏားဘကွန်းကို မှန်အိမ်စုတ်ကြီးအား မီးထွန်း၍ လက်တစ်ဖက်မှ ဆွဲစေ၏။ လွယ်အိတ်ရှည်ကြီးကိုလည်း လွယ်စေ၏။ အခြားသော လက်တစ်ဖက်မှလည်း ဝါးရင်းတုတ်ကြီးကို ကိုင်စေပြီးလျှင် "ခုနစ်နှစ်အတွင်း သူဌေးကြီးဖြစ်အောင်လုပ်ပေတော့၊ ခုနစ်နှစ်ပြည့်လို့မှ သူဌေးကြီးမဖြစ်ရင်တော့ မင်းလည်ပင်းမှာ ဆွဲထားတဲ့ အဆိပ်ကြုပ်ကို ဖွင့်ပြီးသောက်ရမယ်" ဟု ဆိုကာ လွှတ်လိုက်လေ၏။

ယနေ့ညသည် ခုနစ်နှစ်မြောက်သောနေ့ပင်ဖြစ်၏။ ပုဏ္ဏားဘကွန်းကား လွန်စွာကြွယ်ဝချမ်းသာသော သူဌေးကြီးဖြစ်ခဲ့ပေပြီ။ ယခုတစ်ဖန် ဤစည်းစိမ်ချမ်းသာများကို တစ်ပြားတစ်ချပ်မှမကျန်အောင် လှူဒါန်းစေခဲ့၏။

ထိုသို့လှူဒါန်းစေခဲ့ပြီးနောက် ပကတိအေးငြိမ်းသော ချမ်းသာစစ်ကို ရှာဖွေရန်အတွက် လွှတ်ရပေဦးမည်။ ဤသည်ကိုပင် ကိုရင်ကြီးသည် ဝမ်းနည်းသလိုလို၊ စိတ်မကောင်းသလိုလို ဖြစ်၍နေ၏။

မိုင်တစ်ရာမျှဝေးသောခရီးအား လေးလံသော အထုပ်ကြီးကို ထမ်းပိုး၍လာခဲ့ရမည်ဟု စေခိုင်းလိုက်သောသူသည် ပင်ပန်းမောဟိုက်စွာ လျှောက်လာခဲ့ပြီးနောက် မဟုတ်သေးဘူး၊ မူလနေရာကိုပြန်ပြီးသွားရမည်ဟုဆိုလျှင် မိုင်တစ်ရာခရီးကို ခြေကျင်လာခဲ့ရရုံမျှမက လေးလံသော အထုပ်ကြီးကိုပါ ထမ်းပိုး၍လာခဲ့ရသူသည် အထုပ်ကြီးအား မြေပေါ်သို့ပစ်ချပြီးလျှင် ခြေပစ်လက်ပစ်ထိုင်ချကာ ချုံးပွဲချ၍ မငိုသည့်ဆိုင်အောင် ကျယ်လောင်သော သက်ပြင်းရှည်ကြီးကို ချမိမည်မှာ အမှန်ပင်ဖြစ်၏။

ပုဏ္ဏားဘကွန်းအား ကိုရင်ကြီးလုပ်ခိုင်းနေသည်မှာလည်း ဤနည်းအတိုင်းပင်ဖြစ်၏။ သို့ရာတွင် ပုဏ္ဏားဘကွန်းကား ချုံးပွဲချ၍လည်း မငို၊ သက်ပြင်းရှည်ကြီးကိုလည်း မချသည့်အပြင် ပျော်ရွှင်ပေါ့ပါး၍ နေပေသေးတော့၏။

“ဘကွန်း … မင်းဟာ တော်တော့်ကို ထူးတဲ့လူပဲကွ၊ အေး အေး … တစ်ရေးလောက် အိပ်လိုက်ပါဦးကွာ၊ အချိန်ကျတော့ ငါနှိုးပါ့မယ်” ဟု ဆိုကာ ပုဏ္ဏားဘကွန်းအား အိပ်ခိုင်းသဖြင့် ပုဏ္ဏားဘကွန်းသည် ဆင်ဝင်ပေါ်ရှိကြမ်းပြင်၌ သွားရောက်ကာ နှစ်ခြိုက်စွာ အိပ်စက်လေတော့၏။

ကိုရင်ကြီးမှာမူ လုံးဝအိပ်စက်ခြင်းမပြုဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိလေ၏။ မည်မျှကြာကြာ လျှောက်နေမိသည်မသိ။ ခပ်လှမ်းလှမ်းခြံဝမှ ဒရဝမ်ကုလားက “ဘာရာဘဂျာဟိုး” ဟု အော်ဟစ်ကာ ၁၂ နာရီသံချောင်းကိုခေါက်သည့်အခါမှပင် ပုဏ္ဏားဘကွန်းအိပ်သည့်နေရာသို့သွားပြီးလျှင် “ဟေ့ ဘကွန်း … ထတော့ကွာ၊ ခရီးထွက်ဖို့တော်ပြီ” ဟု နှိုးလိုက်ရာ ပုဏ္ဏားဘကွန်းလည်း လူးလဲ၍ထလေ၏။ ထို့နောက် ကိုရင်ကြီးက ရေချိုးခိုင်းသဖြင့် ရေမိုးချိုးပြီးလျှင် ဝတ်ထားသော အကျႌလတ်လတ်ကိုချွတ်၍ ဟောင်းသော်လည်း ထူ၍ခိုင်ခံသည့် ဖျင်ကြမ်းအကျႌကို ဝတ်လိုက်၏။ ထို့နောက် … ခရုတံဆိပ် ပလေကပ် လုံချည်ချောကိုချွတ်၍ ဖျင်ကြမ်းလုံချည်ကိုပင် ဝတ်လိုက်ပြန်၏။

ထိုဖျင်ကြမ်းအကျႌနှင့် လုံချည်တို့မှာ ပုဏ္ဏားဘကွန်း၏ အစေခံအား ပုဏ္ဏားဘကွန်းက ငွေနှင့် အဝတ်အစားကောင်းများကို ပေးလိုက်သည့်ခဏ၌ပင် အစေခံမောင်ဖြူသည် “ဒါလောက်အကောင်းတွေရမှ ဒီအကြမ်းကြီးတွေသွားတော့”ဟု ဆိုကာ ချွတ်၍ပစ်ခဲ့သောအရာများပင် ဖြစ်၏။

ကိုရင်ကြီးက ရေနံဆီမှန်အိမ်၌ ရေနံဆီထည့်၍ မီးထွန်းပေးလေ၏။ ပုဏ္ဏားဘကွန်းသည် ကိုရင်ကြီးအား ထိုင်၍ ကန်တော့လေ၏။ ကန်တော့ပြီးနောက် … လွယ်အိတ်ရှည်အလွတ်ကြီးကို စလွယ်သိုင်းလွယ်လိုက်ပြီးလျှင် ညာဖက်လက်၌ ဝါးရင်တုတ်ကြီးအား ကြမ်းပြင်၌ထောက်၍ တောင်ဝှေးကဲ့သို့ ကိုင်လိုက်ပြန်၏။

“ရော့ … ဟောဒီမှာ မှန်အိမ်” ဟုဆိုကာ ကိုရင်ကြီးက မှန်အိမ်ကိုပေးလိုက်လျှင် ပုဏ္ဏားဘကွန်းက ကျန်သောလက်တစ်ဖက်ဖြင့် လက်ကမ်းယူလိုက်၏။

“မနက်ကျရင် ငါလဲ ဒီကပြန်မယ်၊ ကဲ ကဲ … ငါ့တပည့်ကြီး ပကတိ ငြိမ်းအေးခြင်းဖြစ်တဲ့ ချမ်းသာစစ်ကို ကြိုးစားပြီးရှာပေတော့ကွာ၊ လျင်မြန်ထုတ်ချောက် ရပါစေလို့လဲ ငါဆုတောင်းမေတ္တာပို့လိုက်ပါတယ်” ဟု ကိုရင်ကြီးက ကွဲအက်သောအသံကြီးဖြင့် ပြောလိုက်လေ၏။ ပုဏ္ဏားဘကွန်းက သူ၏ဖြူဖွေးသောလှသောသွားများကို ပေါ်အောင် ပြုံး၍ပြပြီးလျှင် ခေါင်းညိတ်ပြလေ၏။

ထို့နောက် … ခြံဝသို့ နှစ်ဦးစလုံး လျှောက်လာပြီးလျှင် ခြံဝ၌ ကိုရင်ကြီးက မတ်တတ်ရပ်၍ ကျန်ခဲ့လေ၏။

ပုဏ္ဏားဘကွန်းသည်ကား လွန်စွာလှည့်ပတ်ဖြားယောင်းတတ်သော ကာမဂုဏ်အာရုံများနှင့် မည်သည့်အရပ်ဒေသသို့ သွား၍ရှောင်ပုန်းသည်ဖြစ်စေ . . . မလွတ်မြောက်နိုင်အောင် လောကကြီးနှင့် အပြည့်အသိပ်ရှိလှသော ဒုက္ခတရားများကို အနိုင်ယူ၍ ပကတိအေးငြိမ်းသော ချမ်းသာစစ်ကို ရှာဖွေရန်အတွက် ရင်ကိုကော့၍ ထွက်ခွာသွားလေတော့၏။

ကိုရင်ကြီးမှာမူ ဝါးရင်တုတ်ကြီးအား တောင်ဝှေးသဖွယ် ကတ္တရာလမ်း၌ တဒေါက်ဒေါက်ထောက်၍ လျှောက်သွားသော ပုဏ္ဏားဘကွန်းအား ရပ်လျက် မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့လေ၏။

ကတ္တရာလမ်းပေါ်၌ ထောက်၍သွားသောကြောင့် ဖြစ်ပေါ်သော “ဒေါက်ဒေါက်” ဆိုသည့် အသံသည်လည်း တစ်စတစ်စ ပျောက်ကွယ်၍သွားလေ၏။

ပုဏ္ဏားဘကွန်းသည် ကတ္တရာလမ်းမကြီးအတိုင်း နွားခြံကုန်း(ယခုလုပ်သားဆေးရုံ) မှ ဖြတ်၍ မအူကုန်းဘက်သို့ ပေါက်သော လမ်းအတိုင်း လျှောက်၍သွားနေ၏။ ပုဏ္ဏားဘကွန်းကို မမြင်ရတော့သော်လည်း သူကိုယ်တိုင်ဆွဲထားသည့် မှန်အိမ်ကလေးကိုမူ မြင်နေရလေ၏။ နောက်ဆုံး၌ မှန်အိမ်ကလေးသည်ပင်လျှင် ဝေး၍ ဝေး၍ သွားသည့်အလျောက် သေး၍ သေး၍ ပျောက်ကွယ်သွားတော့၏။

ပုဏ္ဏားဘကွန်းမှာမူ လျှောက်၍လာရင်းမှ သူ၏စိတ် လွတ်လပ်ပေါ့ပါးပုံကို သတိပြုမိလေ၏။ ထိုသို့လွတ်လပ်ပေါ့ပါးသွားခြင်းကိုလည်း အကြောင်းရှာ၍ ကြည့်ပြန်ရာ သူဌေးကြီးအဖြစ်နှင့် ပစ္စည်းဥစ္စာများကို သိမ်းပိုက်ထားရာမှ ထိုပစ္စည်းများကို စွန့်ပစ်လိုက်သဖြင့် သိမ်းရပိုက်ရသော အလုပ်မှ အားလပ်ခွင့်ရသွားခြင်းသဘောကို တွေ့မြင်ရလေ၏။

ထိုအချိန်၌ စိတ်ခန္ဓာ၌ လွတ်လပ်ပေါ့ပါးသွားသကဲ့သို့ သူဌေးကြီးအဖြစ်နှင့် နေရစဉ်ကကဲ့သို့ ဟန်တွေပန်တွေ မပြုလုပ်ရတော့ပဲ မိမိနေချင်သလို နေခွင့်ရသောကြောင့်လည်း ဖြစ်တန်ရာသည်ဟု စဉ်းစားမိပြန်၏။ ထို့ကြောင့် အောက်ပါစကားကို တစ်ကိုယ်တည်း ရေရွတ်လိုက်ရလေတော့သတည်း။

**စည်းစိမ်ဥစ္စာကို မိမိသဘောအလျောက် စွန့်ပစ်နိုင်သည့်နေ့၌ ငါသည် ချမ်းသာခြင်း တစ်စုံတစ်ရာကို ရရှိခဲ့လေပြီ။**

* * * * *

## ပုဏ္ဏားဘကွန်းနှင့် သူ၏ခမ္မမိတ်ဆွေ

ပုဏ္ဏားဘကွန်းသည် မိမိဘာသာ တစ်ကိုယ်တည်းစိတ်ကူးရင်းလျှောက်လာခဲ့ရာ ကန်တော်ကြီးမှနေ၍ သိမ်ဖြူကွင်းဘက်သို့ သွားသောလမ်းအနီး (ယခု ကရဝိတ်သို့ ဝင်သောလမ်းထိပ်) သို့ရောက်လျှင် သစ်ပင်အောက်မှ မည်းမည်းသဏ္ဌာန်တစ်ခုသည် လှုပ်ရှား၍လာပြီးလျှင် သူ့ဆီသို့ ဦးတည်၍လျှောက်လာလေ၏။ ထို့နောက် ထိုမည်းမည်းသဏ္ဌာန်ကပင် —

"မင်းကို ငါစောင့်နေတာကွ၊ ဝမ်းသာလိုက်တာကွာ" ဟု ဆိုလေ၏။

"ဟင် … ကြေးကူးဆစ်ပါလား၊ ကျုပ် ဒီအချိန်မှာ ဒီကိုလျှောက်လာလိမ့်မယ်လို့ ခင်ဗျားက ဘယ်လိုလုပ်ပြီးသိနေတာလဲ"

"သိတာပေါ့ကွ၊ မနက်က မင်းရဲ့ မန်နေဂျာ ရှောင်ဝှါးက မင်းကလှူခိုင်းလို့ဆိုပြီး ငါ့ကို ငွေငါးသောင်း လာပြီးလှူတယ်လေ၊ အဲဒီကတည်းက ငါရိပ်မိပါတယ်ကွာ"

"ဟုတ်တယ်၊ ကျုပ်ရဲ့ဆရာ ကိုရင်ကြီးကို ငွေတစ်သိန်း၊ ခင်ဗျားကို ငါးသောင်းလှူတဲ့ငွေဟာ ကျုပ်ရဲ့ နောက်ဆုံးအလှူပဲ၊ ခင်ဗျားအတွက်လဲ အဲဒီ ငွေငါးသောင်းဟာ တစ်သက်လုံးအေးအေးနေလို့ရပါတယ်"

"ဟား … ဟား … ဟား"

ကြေးကူးဆစ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

"ဘာကိုရယ်တာလဲ ကြေးကူးဆစ်"

"ငါက ဘိန်းမှမရှူပဲကွ"

"ဟင် ဒါနဲ့ ခင်ဗျားကိုမေးလိုက်ရင် ဘိန်းဆိုင်ကပြန်လာတယ်၊ ဘိန်း ရှူသွားမလို့နဲ့ပဲ ကျုပ်တို့ကို ပြောခဲ့တယ် မဟုတ်လား"

"အေး … ဟုတ်တယ်၊ အဲဒီလိုတော့ ပြောခဲ့တယ်၊ ဒါပေမဲ့ ငါဟာ တကယ်တော့ ဘိန်းမရှူပါဘူးကွ၊ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုတော့ လူတွေဟာ တော်တော်များများ လူတုံးတွေချည်းပဲကွ၊ တရုတ်အဘိုးကြီးတစ်ယောက် မျက်စိမှိတ်ပြီး ငြိမ်နေရင် ဩော် … အဘိုးကြီး အိပ်နေပါလား၊ တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးခေါ်နေပါလားလို့ မှန်မှန်ကန်ကန်မြင်တတ်တဲ့လူဟာ မရှိသလောက်ရှားတယ်၊ တရုတ်အဘိုးကြီး ဘိန်းမှိန်းနေတာပါပဲလို့ ထင်တတ်ကြတယ်၊ အဲဒီလို ဘာကြောင့် ထင်တတ်သလဲဆိုတော့ သူတို့တွေ တွေ့ဖူးမြင်ဖူးတဲ့ တရုတ်အဘိုးကြီး အများစုဟာ ဘိန်းမှိန်းနေလေ့ရှိတာကိုးကွ၊ အဲဒီ မြင်ဖူးတွေ့ဖူးတဲ ဗဟုသုတ အဟောင်းကြောင့် ငါ့ဟာငါ ငြိမ်ငြိမ်ကလေး မျက်စိမှိတ်ပြီးတွေးနေရင်လဲ ကြေးကူးဆစ်ကြီး ဘိန်းမှိန်းနေပြီလို့ ပုံသေယူဆလိုက်တော့တာလားကွ၊ ဟဲ ဟဲ … အဲဒီတော့ ငါကပဲ လူတွေကို မဆန့်ကျင်တော့ဘဲ တစ်နေရာရာမှာ အေးအေးဆေးဆေးထိုင်ပြီး တွေးဖို့သွားရင် ဘိန်းသွားရှူဦးမယ်လို့ ပြောလိုက်တော့တာပဲဟေ့"

"ဩော် … ခင်ဗျားကို ကျုပ်လှူလိုက်တဲ့ငွေတွေကိုကော ဘယ်သွားထားလဲ"

"အဲဒီငွေတွေကို ငါမှ လက်မခံလိုက်ဘဲ … လာပေးတဲ့ ရှောင်ဝှါးကို ပြန်ပြီးလှူပစ်လိုက်ပြီကွ၊ ဒီကောင်က ဝမ်းသာလွန်းလို့ ငါ့ကို ကပြသွားတာကိုကြည့်ပြီး ရယ်လိုက်ရတာကွာ၊ မပြောပါနဲ့တော့"

"ခင်ဗျား ဘာဖြစ်လို့ငွေတွေကို လက်မခံလိုက်တာလဲ"

"ငါ့မှာ ပြည့်စုံနေပြီပဲကွာ၊ ဘာဖြစ်လို့လက်ခံရမှာလည်း"

"ပြည့်စုံနေပြီ .. ဟုတ်လား၊ ခင်ဗျားမှာ ဘာများရှိလို့ ပြည့်စုံနေတာလဲ"

"ဘာမှ မရှိလို့ ပြည့်စုံနေတာ"

"ကြေးကူးဆစ် ... ခင်ဗျားကတော့ အဆန်းချည်းပဲဗျာ"

"မဆန်းပါဘူးကွ၊ ရိုးရိုးကလေးပါ၊ ဘာမှ မရှိခြင်းရဲ့တန်ဖိုးကို မင်းမှ နားမလည်ဘဲ၊ ဥပမာကွာ ... အတွင်းဘက်မှာ ခွက်ပြီးနေတဲ့ အရာကို အိုးလို့ခေါ်တယ်မဟုတ်လား၊ အဲဒီ ခွက်နေတဲ့ ဘာမှ မရှိတဲ့နေရာအတွက် အိုးဟာ တန်ဖိုးရှိနေတာ၊ အိုးကို ရေနဲ့ပဲဖြစ်ဖြစ်၊ ဆီနဲ့ပဲဖြစ်ဖြစ်၊ အခြားအရာတစ်ခုခုနဲ့ပဲဖြစ်ဖြစ် ပြည့်အောင်ဖြည့်လိုက်ရင် အိုးရဲ့လုပ်ငန်းတာဝန်ဟာ ပြီးဆုံးသွားပြီ၊ တစ်နည်းပြောရရင် အိုးရဲ့တန်ဖိုးဟာ အဆုံးသတ်သွားပြီ မဟုတ်လား၊ အိမ်လဲ ဒီလိုပဲပေါ့ကွာ၊ အိမ်တစ်လုံးဝယ်တယ်ဆိုတာ အမိုးကို ဝယ်တာလည်းမဟုတ်ဘူး၊ အကာကို ဝယ်တာလည်းမဟုတ်ဘူး၊ အခင်းကို ဝယ်တာလည်းမဟုတ်ဘူး၊ အိမ်ရဲ့ အတွင်းလစ်လပ်ပြီး ဘာမှမရှိတဲ့နေရာကို ဝယ်ယူရတာပဲကွ၊ အခင်း၊ အကာ၊ အမိုး ဆိုတာက ဘာမှမရှိတဲ့နေရာတစ်ခုဖြစ်လာအောင် ဖန်တီးတဲ့သဘောပဲရှိတယ်၊ တကယ့်အနှစ်အသားကတော့ ဘာမှမရှိတဲ့ နေရာလပ်ကို ဝယ်ယူခြင်းပဲဖြစ်တယ်"

"အဆန်းပဲဗျာ . . . ဘာမှမရှိတဲ့ အရာရဲ့တန်ဖိုး"

"အေး ... နားမယဉ်သေး၊ သဘောမပေါက်သေးလို့ပါ၊ ဒါနဲ့နေစမ်းပါဦး၊ မင်းကကော ရှိတဲ့စည်းစိမ်ကို အကုန်စွန့်လွှတ်ပြီး ဘာလုပ်ဦးမလို့လဲ"

"အခု စည်းစိမ်ချမ်းသာဟာ တကယ့်စည်းစိမ်ချမ်းသာ မဟုတ်ဘူးဆိုတာကိုတော့ ကျုပ်ကိုယ်တိုင် သိရပါပြီ၊ ဒါကြောင့် ပကတိအေးငြိမ်းတဲ့ ချမ်းသာအစစ်ကို ရှာဖွေဖို့ပဲ"

"ဟာ . . . တယ်လဲဟုတ်ပါလားကွ၊ ပကတိအေးငြိမ်းတဲ့ ချမ်းသာစစ်ဆိုတာက 'လောကဓမ္မ' ကိုခေါ်တာပဲ၊ လောကဓမ္မကို တောထွက်ပြီး ရှာမလို့လား"

"တောထွက်သင့် ထွက်ရမှာပဲ ကြေးကူးဆစ်"

"တောထဲမှာ တရားမရှိဘူး၊ တောထဲမှာ တရားရှိရင် အမြဲတမ်းနေတဲ့ ကျားနဲ့မျောက်တွေဟာ တရားရဖို့ရှိတယ်"

"ခင်ဗျားပြောတဲ့ လောကဓမ္မ၊ ကျုပ်ပြောတဲ့ ပကတိ အေးငြိမ်းတဲ့ ချမ်းသာစစ်ဆိုတဲ့တရားဟာ တောထဲမှာ မရှိရင် မြို့ပေါ်မှာကော ရှိသလား"

"မြို့ပေါ်မှာ အမှန်တရားရှိတယ်ဆိုရင် . . . တစ်မြို့လုံးချောင်ကြိုချောင်ကြားပါမကျန် သွားနေတဲ့ သူခိုးဘိန်းစားတွေဟာ အရင်ဆုံးတရားရဖို့ရှိတယ် ဘကွန်း"

"မြို့ပေါ်မှာလည်း မရှိဘူး၊ တောထဲမှာလဲ မရှိဘူးဆိုရင် အမှန်တရားဟာ ဘယ်မှာရှိသလဲ ကြေးကူးဆစ်"

"ကိုယ်ထဲမှာ ... ဟား ... ဟား ... ဟား"

ကြေးကူးဆစ်သည် သူ၏စကားကို သူ့ဘာသာ သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ထိုသို့ရယ်မောပြီးနောက် . . ."မင်းပြောတဲ့ ပကတိအေးငြိမ်းခြင်းဆိုတာ တရုတ်လိုတော့ ဂူဝီလို့ခေါ်တယ်၊ အခေါ်အဝေါ်တွေက အရေးမကြီးပါဘူး၊ အနှစ်အသားက အရေးကြီးပါတယ်၊ အနှစ်အသားကို တွေ့ရှိဖို့အတွက်တော့ တောထဲပဲ သွားရသွားရ၊ မြို့ပေါ်မှာပဲ နေရနေရ မတွေ့ တွေ့အောင်ရှာမယ်ဆိုတဲ့စိတ်နဲ့ ရှာဖွေရမှာပဲ၊ ကဲ ... သွားကြစို့"

ကြေးကူးဆစ်က သွားကြစို့ဟု ဆိုသဖြင့် ပုဏ္ဏားဘကွန်းသည် ရှေ့ဆက်၍လှမ်းလာသော်လည်း မည်သည့်အရပ်သို့သွားမည်၊ မည်သူနှင့်တွေ့မည် စသည်ဖြင့် တိကျသောရည်ရွယ်ချက်ရှိသည် မဟုတ်ပေ။

"နေစမ်းပါဦး ကြေးကူးဆစ် ... ခင်ဗျားက ဘယ်လိုက်မှာလဲ"

"မင်းကကော ဘယ်ကိုသွားမှာလဲ"

"ပကတိ အေးငြိမ်းတဲ့ ချမ်းသာစစ်ရှိတဲ့နေရာ ဒါမှမဟုတ် အဲဒီ ချမ်းသာစစ် ရရာရကြောင်းကို ညွှန်ပြနိုင်သူရှိတဲ့နေရာကို သွားမှာပေါ့"

"ငါလည်း မင်းနဲ့အတူ လိုက်မှာပေါ့"

“လိုက်တာတော့ ဟုတ်ပါပြီ . . . ကျုပ်တို့ဟာ အင်မတိအင်မတန် ခက်ခဲတဲ့အရာကို ရှာဖွေရမှာ ဖြစ်လေတော့ ထမင်းစားဖို့အလုပ်လဲ လုပ်ဖို့ အချိန်မရဘူး၊ စားဖို့သောက်ဖို့အတွက် ဘယ်လိုကြံကြမလဲ”

“လွယ်ပါတယ်ကွာ ... တောင်းစားရုံပေါ့”

“အင်း ... ဟုတ်တယ်၊ တောင်းစားရမှာပဲ၊ဒီလိုတောင်းစားမှလဲ ကျုပ်ရှာချင်တဲ့ အမှန်တရားကို ရှာလို့ အချိန်ရမှာပဲ”

ပုဏ္ဏားဘကွန်းနှင့် ကြေးကူးဆစ်သည် တဖြည်းဖြည်းစကားပြောရင်းလျှောက်လာကြရာ အထက်ပန်းဆိုးတန်းလမ်းသို့ ရောက်လာကြလေ၏။ အထက်ပန်းဆိုးတန်းလမ်းမှနေ၍ ကွမ်းခြံဘူတာဘက်သို့ စကားတပြောပြောနှင့် ဆက်လက်လျှောက်ကြပြန်၏။ ဘူတာသို့ရောက်လျှင် ခေတ္တခဏထိုင်၍ နားပြီးနောက် လမ်းမတော်ဘက်သို့ ဆက်၍ လျှောက်ကြပြန်၏။ လမ်းမတော်ရောက်လျှင် နှစ်ယောက်သားထိုင်လျက် စကားပြောပြီးနောက် ဈေးဆိုင်များထွက်သည့်အခါ၌ အတော်ဆာနေကြပြီဖြစ်၏။

“ဘယ်လိုလဲဟေ့ ... ဆိုင်တွေတော့ ထွက်ပြီ၊ သွားပြီးတောင်းကြရအောင်ကွာ” ဟု ကြေးကူးဆစ်က စ,လေ၏။

“ဟုတ်တယ် ... ကျုပ်လဲ ဆာနေပါပြီ၊ ဒါပေမဲ့ သွားပြီးတောင်းစားရမှာကို ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ”

“ဟဲ ဟဲ ... အဲဒါဘာကြောင့်လဲ သိလား၊ တောင်းစားရတာကို ဂုဏ်ငယ်တယ်လို့ ထင်နေလို့ပေါ့”

“ဟာဗျာ ... တောင်းစားရတာကိုမှ ဂုဏ်ငယ်တယ်လို့မထင်ရင် ဘယ်ဟာကိုဂုဏ်ငယ်တယ်လို့ ထင်ရမှာလည်း”

“တောင်းစားသင့်တဲ့အချိန်မှာ တောင်းစားတာဟာ ဂုဏ်မငယ်ပါဘူးကွ၊ ငါတို့ဟာ အမှန်တရားကို တကယ်ပဲ ရှာဖွေကြမှာပဲ၊ ဒီတော့ အလုပ်လုပ်စားဖို့ အချိန်မရဘူး၊ တောင်းစားရမှာပဲ၊ တောင်းစားတဲ့လူကလဲ ပေးကမ်းတဲ့လူကို အလှူခံပုဂ္ဂိုလ်အဖြစ် ပြန်ပြီးကျေးဇူးပြုရသေးတာပဲကွ၊ လာစမ်းပါကွာ” ဟုဆိုကာ ကြေးကူးဆစ်သည် ပုဏ္ဏားဘကွန်း၏ လက်ကိုဆွဲ၍ ဈေးဆိုင်တစ်ဆိုင်ရှေ့သို့ သွားရောက်လေ၏။ ကံကောင်းသည်ဟု ဆိုရပေမည်။ ပုဏ္ဏားဘကွန်းအဖို့ ပွဲဦးထွက်တောင်းလိုက်သောဆိုင်မှာပင် အဆင်ပြေသွားသည်။ ထိုဆိုင်မှာ ဘိန်းမုန့်ဆိုင်ဖြစ်ပေရာ ဘိန်းမုန့်အပျက်များကို ဈေးသည်မိန်းမကြီးက သူတို့နှစ်ယောက်၏ လက်တွင်းသို့ လာရောက်၍ ထည့်ပေးလေ၏။

မုန့်များရလျှင် ပြန်၍ထွက်လာကြပြီးနောက် ကြေးကူးဆစ်က “ရတာကတော့ မနည်းဘူးကွ၊ မင်းအတွက်ကော လုံလောက်ရဲ့လား ... မလုံလောက်သေးရင် ရှေ့ဆိုင်တွေမှာ လျှောက်ပြီးတောင်းမယ်၊ လုံလောက်ရင်တော့ တောင်းဖို့မလိုတော့ဘူး၊ ဒါကိုပဲ စားလိုက်ကြရအောင်” ဟု ဆိုလေ၏။ ပုဏ္ဏားဘကွန်းကလည်း လုံလောက်ပြီဖြစ်ကြောင်းပြောလိုက်ပြီး ပလက်ဖောင်းပေါ်၌ မိန်ရှေရှက်ရှေ စားသောက်နေကြလေ၏။

“ဘာလဲ ... လည်ချောင်းနင်နေပြီလား၊ ရေနွေးသွားတောင်းပေးမယ်၊ မင်း ဒီမှာထိုင်နေ” ဟု ဆိုကာ ကြေးကူးဆစ်သည် ဖွင့်ကာစ ကာကာဆိုင်သို့ကူးသွားပြီးလျှင် ဆိုင်မှန့်ဆီခွက်အလွတ်တစ်လုံးကိုယူ၍ ရေနွေးကိုတောင်းယူလာလေ၏။ ရေနွေး၌ လက်ဖက်ခြောက် အကျရည်ကိုလည်း အနည်းငယ်ထည့်၍ ခိုင်းလိုက်သေး၏။ ရေနွေးရလာသောအခါ၌ ပုဏ္ဏားဘကွန်းဆီသို့ ပြန်၍လာပြီးလျှင် . . . “ရော့ ဟေ့ ... ဖြည်းဖြည်းမှုတ်ပြီးသောက်ပေါ့ကွာ” ဟုပြောကာ ရေနွေးခွက်အား ချ၍ပေးလေသည်။ ပုဏ္ဏားဘကွန်းလည်း ရေနွေးအား မှုတ်၍မှုတ်၍နှစ်ကျိုက်သုံးကျိုက်မျှ သောက်လိုက်ရာ လည်ချောင်းရှင်း၍သွားရုံမျှမက စား၍ထားသော ဘိန်းမုန့်များသည်လည်း အစာအိမ်အတွင်း၌ ပွ၍ပွ၍လာပြီဖြစ်ရာ အဆာပြေ၍သွားလေ၏။

“ဟဲ ဟဲ ... နေသာထိုင်သာရှိသွားပြီလား၊ သူတောင်းစားအဖြစ်ကို ပြောင်ပြောင်တင်းတင်း ခံယူလိုက်တာနဲ့တစ်ပြိုင်နက် တစ်လောကလုံးမှာရှိတဲ့ ထမင်းအိုးတွေဟာ ကိုယ့်ထမင်းအိုးတွေချည်း ဖြစ်ကုန်တော့တာပဲကွ၊ အဲဒါ စဉ်းစားကြည့်စမ်း ဘယ်လောက်ဆန်းသလဲလို့၊ သူတောင်းစားမှာ ဘာမှမရှိဘူး၊ ဒါပေမဲ့ ဘယ်တော့မှလည်း မငတ်နိုင်တော့ဘူး၊ ဘာမှလည်းမရှိဘူး၊ ငတ်လဲမငတ်ဘူးဆိုတဲ့ ဆန့်ကျင်ဘက် သဘောတရားနှစ်ခုဟာ တစ်နေရာတည်းမှာလာပြီး ဆုံတွေ့နေတယ်မဟုတ်လား၊ အဲဒါ သူတောင်းစားဖြစ်ရခြင်းရဲ့ လေးနက်သော အဓိပ္ပာယ်ပဲ ဘကွန်း”

“အင်း ... ခင်ဗျားပြောလိုက်တော့လဲ ဟုတ်သလိုလိုပဲ”

“ဟုတ်ပါတယ်ကွ၊ ဘာမှမလုပ်နဲ့၊ ဘာမှမလုပ်ပဲနေခြင်းသည် အားလုံးလုပ်ပြီးဖြစ်နေတယ် ဆိုတဲ့ သဘောတရားပေါ့ကွာ”

“ခင်ဗျားပြောတဲ့ သဘောတရားကို ကျုပ်နားမလည်ဘူး၊ နားမလည်ဘူးဆိုတာထက် မဖြစ်နိုင်ဘူးလို့ ဆိုချင်တာပဲ၊ ဘာမှမလုပ်ပဲနေခြင်းဟာ အားလုံးလုပ်ပြီးဖြစ်နေမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ”

“အခု ငါပြောတဲ့ သဘောတရားကို နားလည်ဖို့ ‘တာအို’ဆိုတဲ့သဘောကို နှလုံးသွင်းနိုင်ဖို့လိုတယ်”

“အဲဒီ ‘တာအို’ ဆိုတာက ဘာလဲ”

"တာအိုက တရုတ်လိုပြောတာ၊ အဲဒီစကားလုံးကို မြန်မာလိုလဲ ငါ မပြောတတ်ဘူး၊ တရုတ်လိုလဲ သူ့ရဲ့ အဓိပ္ပာယ်ကို ပြည့်စုံအောင် ငါမပြောတတ်ဘူး၊ ငါတင်မဟုတ်ဘူး၊ ဘယ်သူမှ ပြည့်ပြည့်စုံစုံ မပြောတတ်ဘူး၊ အေး ... တစ်ခုတော့ရှိတယ်၊ ပြည့်စုံအောင်ပြောတတ်ရင်လဲ 'တာအို' မဟုတ်တော့ဘူး"

"ဟင်"

ပုဏ္ဏားဘကွန်းသည် 'ဟင်' တစ်လုံးသာ ရေရွတ်နိုင်လေ၏။ ဤမျှရှုတ်ထွေးသော စကားများ၊ သဘောတရားများကို ပြောဆိုသော ဤတရုတ်အဖိုးကြီးနှင့် ဆက်လက်၍နေထိုင်လျှင် ဖြစ်ပါ့မည်လားဟူ၍ပင် စဉ်းစားမိလေတော့၏။ ပကတိအေးငြိမ်းသော ချမ်းသာစစ်ကို ရှာဖွေရာ၌ ဤမျှရှုတ်ထွေးသောစကားလုံးများ၊ သဘောတရားများသည် လိုအပ်ပါသလော ဟူသည်ကိုလည်း တွေးနေမိလေ၏။

"မင်းစဉ်းစားကြည့်စမ်းပါ။ လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ ပူလောင်နေတဲ့ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ အေးငြိမ်းခြင်းကိုရှာဖို့ ထွက်လာတယ်မဟုတ်လား၊ တစ်နည်းပြောရရင်တော့ ကမ္ဘာလောကကြီးကို အောင်နိုင်ဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ကြေးကူးဆစ်"

"ကမ္ဘာလောကကြီးကိုအောင်နိုင်ဖို့အတွက် မင်းဟာ ကမ္ဘာလောကကြီးကို ခြုံငုံပြီး နားလည်အောင် ကြိုးစားဖို့ ထွက်လာတာပဲ၊ အဲဒါကိုက မင်းရဲ့အမှားပဲ"

"ဗျာ"

"တကယ်က မင်းဟာ စည်းစိမ်ဥစ္စာတွေ စွန့်လွှတ်ပြီးတာနဲ့တစ်ပြိုင်နက် ဘုန်းကြီးဝတ်သွားသင့်တယ်၊ ဒါပေမဲ့ ဘုန်းကြီးဝတ်ရင်းနဲ့လဲ တကယ့်အေးငြိမ်းခြင်းကို ရနိုင်လိမ့်မယ်လို့ မင်းရဲ့စိတ်မှာ နှစ်နှစ်ကာကာ မထင်မှတ်ဘူး၊ မြန်မာလူမျိုး တော်တော်များများဟာ လောကကြီးကို ငြီးငွေ့လာရင် ဘုန်းကြီးဝတ်လိုက်တာပဲ၊ သာသနာ့ဘောင်မှာ ခိုလှုံလိုက်တာပဲ၊ ဒါပေမဲ့ မင်းဟာ ဒီလိုမဟုတ်ဘူး၊ ငြီးငွေ့လာပေမယ့် ဘုန်းကြီးဝတ်လို့လဲ မထူးပါဘူးလို့ ထင်နေခဲ့တယ်၊ ဒါကြောင့် . . . အမှန်တရားကို ဘယ်နေရာမှာ တွေ့နိုင်တယ်ဆိုတာမသိပဲ မျက်စိကန်း တစ္ဆေမကြောက်ဆိုသလို ဇွတ်ကြီးလိုက်ရှာနေတယ်၊ ဒီလိုစိတ်ကူးမျိုးဟာ မြန်မာလူမျိုးထဲမှာ မရှိသလောက်ရှားတယ်"

"ဒါကြောင့် ... ဒုက္ခနဲ့ ပြွန်းတီးနေတဲ့ လောကကြီးကို အောင်နိုင်ပြီး၊ ဒုက္ခတွေကိုဖယ်ထုတ်ပြီး အေးငြိမ်းခြင်းကို အရယူမယ်လို့ မင်းရဲ့သန္တာန်မှာရှိတယ်၊ ဒါကြောင့် မင်းဟာသူဌေးကြီးစစ်စစ်က သူတောင်းစား ဖြစ်ခဲ့ရပြီ၊ ဒါပေမဲ့လို့ မင်းအနေနဲ့ကတော့ သူတောင်းစားဖြစ်ရတာကိုလဲ စိတ်မပျက်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပကတိအေးငြိမ်းခြင်းကို လိုချင်တဲ့စိတ်က စေ့ဆော်နေတာကိုး၊ အမှန်ကတော့ လောကသဘာဝတရားကြီးကို အောင်နိုင်ဖို့ကြိုးစားနေတာထက် ဘာမှမလုပ်ဘဲနဲ့ အေးအေးလေး လောကသဘာဝအတိုင်း နေကြည့်စမ်းပါ၊ နေနိုင်ပြီဆိုရင် ဒုက္ခဆိုတဲ့အရာဟာ မင်းနဲ့မပတ်သက်တော့ဘူး၊ ဒုက္ခကို အောင်နိုင်ပြီ၊ ဒုက္ခကို အောင်နိုင်ရင် လောကကြီးကို အောင်နိုင်တာပဲ မဟုတ်လား"

"ဒါကြောင့် ဘာမှမလုပ်ဘဲနေခြင်းဟာ အားလုံးလုပ်ပြီးသားနဲ့ အတူတူပဲလို့ ငါပြောတာ"

ပုဏ္ဏားဘကွန်းက ကြေးကူးဆစ်အား ပြုံး၍ပြလိုက်၏။ သူ၏အပြုံးမှာ ခင်ဗျားပြောတာ ဟုတ်ချင်လဲဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး၊ ဒါပေမဲ့ သဘာဝတော့ ကျသားပဲ ဟူသော အပြုံးမျိုး ဖြစ်လေ၏။

ထိုသူနှစ်ဦးသည် လမ်းဘေးပလက်ဖောင်းပေါ်၌ထိုင်ကာ လောကကြီး၏ အမှန်တရားများနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုနေကြပေရာ တွေ့မြင်ရသော လမ်းသွားလမ်းလာများကမူ သာမန်သူတောင်းစားနှစ်ဦးဟုပင် ထင်မှတ်ဖွယ်ရာရှိလေ၏။

စကားပြောရင်းဖြင့် နေ အတော်မြင့်လာပြီး နံနက်စာ စားချိန်၌မူ နှစ်ဦးစလုံးဆာလောင်မွတ်သိပ်၍လာကြသဖြင့် သိမ်ကြီးဈေးထမင်းဆိုင်တန်းသို့ သွားရောက်၍ တောင်းရမ်းကြပြန်လေ၏။

ထမင်းဆိုင် သုံးဆိုင်၌ သွားရောက်၍ လက်ဖြန့်ကာတောင်းရမ်းသော်လည်း လုံးဝမရရှိသဖြင့် နောက်တစ်ဆိုင်သို့ ကူးပြောင်း၍ တောင်းပြန်ရာ –

"အမယ်လေးတော် ... ငယ်ငယ်ရွယ်ရွယ် သန်သန်မာမာ လုပ်ကိုင်စားနိုင်ရက်နဲ့ အပျင်းကြီးပြီး လျှောက်တောင်းနေတာ မထည့်နိုင်ပါဘူး" ဟု ဈေးသည်မိန်းမတစ်ဦးက ပစ်ပစ်ခါခါပြော၍နှင်ထုတ်လိုက်ရုံမျှမက ထမင်းဆိုင်မှ စားပွဲထိုးလူငယ်တစ်ဦးကလည်း အတင်းတွန်းလွှတ်လိုက်လေ၏။ ပုဏ္ဏားဘကွန်းသည် ရှက်ခြင်း၊ ဝမ်းနည်းခြင်းကြောင့် မျက်နှာကြီးတစ်ခုလုံး နီမြန်း၍ ထိုဆိုင်အနီးမှ ခပ်သုတ်သုတ်ထွက်၍ သွားလေ၏။ လူအများကလည်း ဝိုင်းဝန်း၍ကြည့်ကာ အမျိုးမျိုးပြောဆိုလျက် ကျန်ရစ်ခဲ့လေတော့၏။

အတော်အတန်ဝေးသောနေရာသို့ရောက်လျှင် ကြေးကူးဆစ်က ... "ဟဲ ဟဲ ... သူတောင်းစား စာမေးပွဲကျပြီ၊ မင်းရုပ်က သူတောင်းစားရုပ် မပေါက်ဘူးကွ၊ ဒါကြောင့် ဒီလိုဖြစ်ရတာ"

"ကျုပ်က သူတောင်းစားလုပ်ဖို့ ထွက်လာတာမှ မဟုတ်ပဲ၊ အမှန်တရားကို ရှာဖို့ ထွက်လာတာပဲ၊ အမှန်တရားကို ရှာနိုင်ဖို့အတွက်သာ တောင်းစားရတာပဲ"

"မင်းပြောတာ သိပ်မှန်တာပဲ၊ ဒါပေမဲ့ လူတွေက မင်းရဲ့ ဝါဝင်းစိုပြည်တဲ့ အသားအရောင်၊ ပြည့်ဖြိုးတဲ့ ကိုယ်ကာယ၊ ချောမောပြေပြစ်တဲ့ မင်းရုပ်ရည်ကြောင့် သူတို့ရဲ့ အတွင်းစိတ်သဏ္ဍာန်မှာ သူတောင်းစားတစ်ယောက်လို့ မခံယူကြဘူး၊ ဒီတော့ မင်းကို မပေးချင်ကြဘူး"

"ဒီတော့ ဘယ်လိုလုပ်မလဲ ကြေးကူးဆစ်"

"လွယ်ပါတယ်ကွာ၊ ပဂိုး (ပဲခူး) ကိုသွားမယ်၊ အဲဒီမှာ အသိဘုန်းကြီးတစ်ပါးရှိတယ် . . . သူ့ဆီမှာ သင်္ကန်းအဟောင်းတစ်စုံနဲ့ သပိတ်တစ်လုံးတောင်းမယ်"

"ဘုန်းကြီးဝတ်ရမှာလား"

"မဟုတ်ပါဘူး … ရသေ့လို ဝတ်ရမယ်၊ ဒါဆိုရင် စားဖို့သောက်ဖို့ ရပြီပေါ့"

"တကယ်ရသေ့မဟုတ်ဘဲ ရသေ့လိုဝတ်ပြီးတောင်းတော့ လိမ်စားရသလို ဖြစ်နေမှာပေါ့ဗျာ"

"ဒီတော့လဲ လိမ်စားရသလိုမဖြစ်အောင် တကယ် ရသေ့လုပ်လိုက်ပေါ့ကွာ"

"ဟုတ်တယ် … ဒါလဲ မဆိုးဘူး"

"ပြီးတော့ ရန်ကုန်ကိုလဲ ပြန်လာဖို့ မလိုတော့ဘူး၊ ဟိုမှာတင်နေကြရုံပဲ၊ မြို့ပေါ်တက်ပြီး အလှူခံ၊ ပြီးတော့ တောထဲမှာနေ၊ မြို့နဲ့တောနဲ့ကလဲ ဆက်ပြီးနေတာပဲ"

"ကောင်းတယ်ဗျာ … ကြေးကူးဆစ်ပေးတဲ့ အကြံဟာ တကယ်ကောင်းတယ်"

ပုဏ္ဏားဘကွန်းနှင့် ကြေးကူးဆစ်တို့သည် အထက်ပါအတိုင်း တိုင်ပင်ကြပြီးနောက် … သိမ်ကြီးဈေးမှနေ၍ ကွမ်းခြံဘူတာသို့ လျှောက်၍ လာကြလေ၏။ ဘူတာသို့ရောက်လျှင် ပုရွက်ဆိတ်အုံအား တုတ်ဖြင့်ဆွလိုက်သကဲ့သို့ တလှုပ်လှုပ်တရွရွနိုင်လှသော ခရီးသည်များကို တွေ့ရလျှင် ပုဏ္ဏားဘကွန်းသည် တစ်ကိုယ်တည်း ပြုံးမိလေ၏။

သူဌေးကြီးဖြစ်အောင်လုပ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် သာစည်မှ မီးရထားဖြင့် လိုက်ပါခဲ့ရာ … ဤဘူတာရုံကြီးသို့ရောက်သည့်အခါ၌ … များပြားလှသော လူတို့ကို တွေ့ရလျှင် "ဒီလူတွေဆီက တစ်ယောက်ကို ငွေတစ်မတ်ပဲ ရအောင်လုပ်နိုင်ရင်တောင် ငါတော့ ချမ်းသာပြီပဲ" ဟု စဉ်းစားခဲ့ဖူးသည်ကို ပြန်လည်၍ အမှတ်ရမိသဖြင့် ပြုံးလိုက်ခြင်းဖြစ်၏။

ထိုအချိန်က သာစည်နှင့်ရန်ကုန်ကို အသွားအပြန်ဆွဲသော သာစည်ရထားရှိ၏။ ထိုရထားသည် ပဲခူး၌ ခေတ္တရပ်လေ့ရှိ၏။ ထို့ကြောင့် ပုဏ္ဏားဘကွန်းနှင့် ကြေးကူးဆစ်တို့သည် ထွက်လုဆဲဆဲ သာစည်ရထားပေါ်သို့တက်၍ လိုက်ပါခဲ့ကြလေ၏။

ပုဏ္ဏားဘကွန်းသည် သာစည်မှ လိုက်ပါခဲ့ရစဉ်ကလည်း ဤပုံအတိုင်းပင်ဖြစ်၏။ လွယ်အိတ်ကြီးကိုလွယ်လျက် မှန်အိမ်ကြီးနှင့် ဝါးရင်းတုတ်ကြီးကို လက်နှစ်ဖက်နှင့်ကိုင်ကာ လိုက်ပါခဲ့ရလေသည်။ ယခုလည်း ဤနည်းအတိုင်း ရထားပေါ်သို့ တက်ရောက်လိုက်ပါခဲ့ရပြန်၏။

ပုံသဏ္ဍာန်အားဖြင့်တူသော်လည်း ရည်ရွယ်ချက်အားဖြင့် ခြားနားပေသည်။ ထိုစဉ်က သူဌေးကြီးဖြစ်ရန်ကို ရည်ရွယ်၍ ယခုမူ ပကတိအေးငြိမ်းသော ချမ်းသာသုခကိုရည်ရွယ်ပေသည်။

ရထားပေါ်၌ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်လျက် လိုက်ပါခဲ့ကြလေ၏။ ပုဏ္ဏားဘကွန်း၏ စိတ်သန္တာန်၌ ပကတိအေးငြိမ်းခြင်းဟူသော ချမ်းသာစစ်ကိုသာလျှင် အမျိုးမျိုးအဖုံဖုံ ကြံဆလျက်ရှိသကဲ့သို့ ကြေးကူးဆစ်၏ စိတ်သန္တာန်၌လည်း "တာအို" ဆိုသည့် ခက်ခဲသော သဘောတရားတစ်ခုကို ကြံဆလျက်ရှိပေသည်။ သူတို့နှစ်ဦးသည် မည်မျှကြာသည်အထိ တွေးတောနေခဲ့သည်မသိ။ တွဲပေါ်ရှိ အခြားသောခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်၍လာသည့်အခါမှ တွဲပြင်ခေါင်းပြူ၍ကြည့်လိုက်ရာ … ပဲခူးသို့ရောက်နေပြီဖြစ်ကြောင်း သိရလေသည်။

ပဲခူးဘူတာမှ ထွက်၍လာသည်နှင့် ပုဏ္ဏားဘကွန်းသည် ကြေးကူးဆစ် ရှေ့ဆောင်ခေါ်ငင်ရာသို့သာ လိုက်ပါခဲ့ရလေ၏။ ပဲခူးတံတားကြီးကို ဖြတ်ကျော်ပြီးနောက် မော်တော်ကားလမ်းအတိုင်း လျှောက်သွားရလေ၏။ အတော်အတန် လျှောက်မိသည့်အခါ၌ ကျိုက်ပွန်ဘုရားဘက်သို့သွားသော မြေနီလမ်းကလေးတစ်ခုသို့ အရောက်တွင် ကြေးကူးဆစ်က …

"ဟောဒီတောလမ်းအတိုင်းသွားရင် သိပ်ပြီးမသွားရပါဘူးကွ၊ ရောက်ပါပြီ၊ ဘုန်းကြီးကျောင်းကျရင် ဆွမ်းကျန်ဟင်းကျန်ကလေး တောင်းပြီးစားကြတာပေါ့ကွာ" ဟုပြောလေ၏။

သူတို့နှစ်ဦးသည် မြေနီလမ်းကလေးအတိုင်း ဖြည်းဖြည်းချင်းလျှောက်၍သွားရာ ကျိုက်ပွန်ဘုရားအနီးရှိ ဝါးပင်များပတ်ပတ်လည် ကာရံထားသော ဘုန်းကြီးကျောင်းသို့ရောက်လျှင် ကျောင်းပေါ်သို့တက်၍ ... ဆရာတော်အား ဖူးတွေ့လေ၏။ ဆရာတော်ဆိုသော်လည်း လွန်စွာ အသက်ကြီးသေးသည်မဟုတ်။ လွန်ရောကျွံရောရှိမှ ငါးဆယ်ခန့်သာ ရှိပေမည်။

"ဘယ်လိုလဲ ဒကာကြီးကြေးကူးဆစ်၊ မရောက်တာကြာပြီပဲ၊ ဒကာကြီးပြောတဲ့ 'တာအို' ဆိုတာ ကျုပ်လည်း စဉ်းစားကြည့်တယ်ဗျ၊ ကျုပ်တို့စာထဲမှာပါတဲ့ သန္တိသုခကို တရုတ်လိုခေါ်တာနဲ့တူပါရဲ့ဗျာ"

ဆရာတော်သည် ကြေးကူးဆစ်နှင့် လွန်စွာရင်းနှီးလေ၏။ မည်သို့မည်ပုံ ရင်းနှီးခဲ့ကြသည်ကိုတော့ မသိပေ။

"တပည့်တော်တို့ လာကြတာကတော့ အရှင်ဘုရားဆီမှာ အလှူခံမလိုပါဘဲ"

"ဟ ... ဒကာကြီးရ၊ ဘုန်းကြီးဆီလာရင် လှူဖို့သာ သူတကာလာကြတယ်၊ ကျုပ်ဒကာကြီးကတော့ အဆန်းပါလား၊ အလှူခံဖို့လာတယ်လို့၊ ကဲ ကဲ ... ဆိုစမ်းပါဦး၊ ဘာများအလှူခံမလိုလဲ"

"ဟောဒီက တပည့်တော်ရဲ့ မိတ်ဆွေအတွက် သင်္ကန်းအဟောင်းလေးတစ်စုံလောက် အလှူခံချင်လို့ပါ"

"ဩော် ... ဟိုဒကာလေးက ပဉ္စင်းတက်မလို့လား"

"ပဉ္စင်းမတက်ပါဘူး၊ ရသေ့ဝတ်မလို့ပါဘုရား"

ပုဏ္ဏားဘကွန်းပင် မဖြေလိုက်ရပေ။ ကြေးကူးဆစ်ကဝင်၍ ဖြေလိုက်လေ၏။

"အို ... ဒကာကြီးကလဲ သာသနာကြီးနဲ့ ကြုံကြိုက်နေပါလျက် ရဟန်းဝတ်ခွင့်ရှိပါလျက် ဘယ့်နှယ် ရသေ့ဝတ်မယ်လို့ဗျာ၊ ကဲ ကဲ ... လှူပုံမယ်လေ၊ ဒါတွေထားလိုက်ပါဦး၊ မောင်ပဉ္စင်းရေ ... ငါ့ဒကာကြီးတို့ကို ထမင်းလေးဘာလေး ကျွေးပါဦးကွ" ဟု ဆရာတော်ကြီးက အခန်းနေ ဦးပဉ္စင်းများကို အမိန့်ပေးလိုက်ရာ ဦးပဉ္စင်းတစ်ပါးက ပုဏ္ဏားဘကွန်းတို့နှစ်ယောက်ကို ဆွမ်းစားကျောင်းသို့ ခေါ်၍သွားပြီးလျှင် ကပ္ပိယတစ်ဦးအား ထမင်းဟင်းများပြင်စေ၍ ကောင်းစွာကျွေးမွေးလေ၏။

ဘုန်းကြီးကျောင်းတို့၏ ထုံးစံအတိုင်း ဟင်းလျာအမျိုးမျိုးရှိသော်လည်း သုံးဦးစပ်ငါးပိ၊ ငရုတ်သီးမှုန့်နိုင်နိုင်နှင့် သခွားသီး၊ မရမ်းသီးဆားစိမ်၊ ခံတက်ချဉ် စသော တို့စရာတို့သည် ပုဏ္ဏားဘကွန်းတို့အား လွန်စွာနှုတ်မြိန်စေလေ၏။

မြိန်ယှက်စွာ စားသောက်ပြီးနောက် ဘုန်းကြီးပွဲကျ အချိုပွဲ၌လည်း နာနတ်ယို၊ ကျောက်ဖရုံယို၊ မြေပဲလိပ် စသော အချိုများပါလေရာ ကြေးကူးဆစ်သည် ထိုယိုများနှင့်ရေနွေးကြမ်းကို နှစ်မြိုက်စွာသောက်ရင်း "ဘကွန်းရေ ... ရသေ့မလုပ်ဘဲ ကပ္ပိယလုပ်ရရင်လဲ ကောင်းတာပဲကွ" ဟု နောက်လိုက်ရာ ကပ္ပိယအဘိုးကြီးက သူတို့နှစ်ဦးအား စားတော့ ဝါးတော့မည်ကဲ့သို့ ကြည့်လိုက်လေ၏။

* * * * *

## ပုဏ္ဏားဘကွန်းအား ကြေးကူးဆစ် အစွမ်းပြခြင်း

ပုဏ္ဏားဘကွန်းနှင့် ကြေးကူးဆစ်တို့သည် အချိုပွဲနှင့်ရေနွေးကြမ်းကို ကုန်စင်လုနီးပါးတိုင်အောင် စားသောက်ကြပြီးနောက် ဆရာတော်ရှိရာကျောင်းပေါ်သို့ ပြန်၍တက်လာကြလေ၏။ ဆရာတော်၏ရှေ့တွင် သစ်ခေါက်ဆိုးရောင် သင်္ကန်းတစ်စုံနှင့် ဒုကုဋ်ခေါ် သင်္ကန်းကြီးတစ်စုံအပြင် ထမ်းပိုးတစ်ချောင်းနှင့် ဆိုင်းထမ်းများ၊ ကျောက်ကာဖြင့် ပြုလုပ်ထားသော တောင်းခပ်လတ်လတ်နှစ်လုံးကိုပါတွေ့ရလေ၏။ ထိုအရာများသည်သာမကပေ၊ သင်္ကန်းများပေါ်၌လည်း ကြေးစည်သေးသေးတစ်လုံးနှင့် ကြေးစည်ထုသော တင်းပုတ်ကလေး တစ်လက်ကိုပါတင်ထားလေ၏။

"ဒကာကြီး ကြေးကူးဆစ်ရဲ့၊ ကျုပ်တို့က ရဟန်းတော့ ခဏခဏ ပြုပေးဖူးပါတယ်၊ ရသေ့ဝတ်ပေးရတာကတော့ ဒါဟာအစဦးဆုံးပဲ၊ ကဲ ကဲ … ရသေ့လုပ်မယ်လူရှေ့တိုးပါဦး" ဟုဆိုကာ ပုဏ္ဏားဘကွန်း၏ ရုပ်လက္ခဏာကို သေချာစွာကြည့်ပြီးလျှင် –

"အင်း … ဥပတိရုပ်ကတော့ ကောင်းတယ်ဟေ့၊ လုပ်ပြီဆိုရင် နောက်မဆုတ်တမ်းလုပ်မယ့် ရုပ်မျိုးပဲ၊ ကဲ ကဲ … ရသေ့ဆိုတော့ . . . ကမ္ဘာဦးရသေ့များ စောင့်ထိန်းလေ့ရှိကြတဲ့ အာဇီဝဋ္ဌမက သီလကိုပဲ ဆောက်တည်ပေတော့" ဟု ဆိုကာ သီလပေးခြင်းကို ပြုလေ၏။ သီလပေးပြီးသောအခါ၌ ရသေ့ဝတ်ကို လဲစေ၏။ ဦးခေါင်း၌လည်း သစ်ခေါက်ဆိုးရောင်သင်္ကန်းထက်ပိုင်းပြတ်တစ်ခုအား ပေါင်းစေ၏။

"ရသေ့ဝတ်ပြီးတော့ ဘာလုပ်မှာလဲ"

"ပကတိအေးငြိမ်းတဲ့ ချမ်းသာစစ်ကို ရှာမလို့ပါဘုရား"

"ကြိုးစားပါ၊ တကယ်လို့များ ဖြစ်မြောက်ခဲ့ရင်တော့ ငါတို့လဲ လာခေါ်လှည့်ပါဦး၊ ကဲ ကဲ … မင်းကို ရသေ့ဘွဲ့လေးဘာလေး ပေးရဦးမယ်၊ မင်းက ဘာနေ့သားလဲ"

"ကြာသပတေးသားပါဘုရား"

"အင်း … ဒီလိုဆိုတော့ မင်းဘွဲ့ကို **'ပက္ကောသ'** လို့ ပေးလိုက်မယ်၊ ပက္ကောသဆိုတာ 'ခေါ်ခြင်း' လို့ အဓိပ္ပာယ်ရတယ်၊ ကျင့်ကြံအားထုတ်လို့ ပေါက်ပေါက်မြောက်မြောက်ဖြစ်ရင်တော့ လာပြီးခေါ်လှည့်ပါဦး၊ ရသေ့ပက္ကောသ … ဟောဒီမှာ ဆန်တို့ဘာတို့ အလှူခံဖို့ ဆိုင်းထမ်းနဲ့ ထမ်းပိုး၊ ဟောဒီကြေးစည်ကလေးကို ထမ်းပိုးမှာချိတ်ထား၊ အလှူခံထွက်တော့ ကြေးစည်ကလေးတီးပြီး အလှူခံပေတော့" ဟုဆိုကာ ရသေ့အဖြစ်ကို ချီးမြှင့်လိုက်ပြီးနောက် … ထမ်းပိုးနှင့် ကြေးစည်တို့ကိုပါ ပေးလိုက်ရာ ပုဏ္ဏားဘကွန်း၏စိတ်၌ ငါကား လူမဟုတ်တော့၊ ရသေ့ဖြစ်သွားပြီပဲ ဟူသောအသိကြောင့် ဝမ်းသာခြင်းဖြစ်ရုံသာမက ကြက်သီးမွေးညင်းများပင် ထ၍လာလေ၏။

ထို့နောက် … ပုဏ္ဏားဘကွန်း ခေါ် ရသေ့ပက္ကောသနှင့် ကြေးကူးဆစ်သည် ကျောင်းမှထွက်ခွာရန်အတွက် ရှိခိုးဦးချလေရာ ဆရာတော်သည် **"ဣမိနာပုညကမ္မေန ယာဝနိဗ္ဗာနပတ္တာ**၊ ဤသို့ ရှိခိုးကန်တော့ရသော ကုသိုလ်ကံ ပါရမီတို့ကြောင့် နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် . ." အစရှိသော လွန်စွာရှည်လျားသည့် ဆုပေးခြင်းကို ပေးလေတော့၏။

ရသေ့ပက္ကောသနှင့် ကြေးကူးဆစ်တို့သည် ထိုဆရာတော်၏ကျောင်းမှ ထွက်၍လာခဲ့ပြီး မြေနီလမ်းအတိုင်းပြန်၍ လျှောက်ခဲ့ကြလေတော့၏။

"လူမဟုတ်တော့ဘူး၊ အဲဒီတော့ ဟော့ ... ဘကွန်း၊ မင်းနဲ့ငါနဲ့ ပြောရင်လဲ မသင့်လျော်ဘူး၊ ဘုန်းကြီးလဲ မဟုတ်တော့ တင်ပါ့ဘုရား၊ တပည့်တော် စတဲ့ အသုံးအနှုန်းတွေနဲ့လဲ ပြောလို့ မဖြစ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုများ ဆက်ဆံရပါ့မလဲ၊ အဲ အဲ ... ရသေ့လိုခေါ်ရင် မကောင်းဘူး၊ ရသေ့ကြီးလို့ခေါ်ရအောင်ကလဲ အသက်ကငယ်နေတယ်" ဟု ကြေးကူးဆစ်က ပြောလေ၏။

ရသေ့ပဏ္ဏောသကမူ တစ်လုံးတစ်ပါဒမျှ ပြန်၍မပြောဘဲ ပြုံး၍နေလေ၏။

"အင်း ... ခေါ်တာကတော့ ရသေ့လေးလို့ပဲ ခေါ်မယ်၊ ပြောတာကတော့ ကျုပ်နဲ့ပဲ ပြောရမှာပေါ့၊ ငါနဲ့ပြောလို့ မဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကမှ ရသေ့လေးလို အာဇီဝဋ္ဌမကသီလ မစောင့်နိုင်ဘဲကိုး၊ ကိုယ့်ဘက်က လျှော့ပေးရမှာပေါ့၊ ရသေ့လေးကတော့ အရင်အတိုင်းပဲပြောရင်ရပါတယ်၊ ဟဲ ဟဲ ... ခေါ်တာကို နှုတ်ကျိုးသွားအောင် အခွန်းတစ်ရာလောက် အခေါ်ကျင့်ယူရမှာပဲ"

"ရသေ့လေး ... ရသေ့လေး ... ရသေ့လေး"

"ရသေ့လေး ... ရသေ့လေး ... ရသေ့လေး"

"ရသေ့လေး ... ရသေ့လေး ... ရသေ့လေး"

ကြေးကူးဆစ်က "ရသေ့လေး" ဟူသော စကားကိုအဆက်မပြတ် ခေါ်၍နေပေရာ . . . ပုဏ္ဏားဘကွန်းခေါ် ရသေ့လေးပဏ္ဏောသ၏ နားတွင်လည်းကောင်း၊ နှလုံးသားတွင်လည်းကောင်း ထို "ရသေ့လေး" ဟူသော အသံတို့သည် ပဲ့တင်ထပ်၍သွားလေတော့၏။

× × × × ×

သူတို့နှစ်ဦးသည် မြေနီလမ်းအတိုင်းလျှောက်၍လာခဲ့ရာ ပဲခူး–ရန်ကုန် ကားလမ်းမကြီးပေါ်သို့ရောက်လျှင် ကြေးကူးဆစ်က – "အားလုံးတော့ဟုတ်ပြီ၊ ရသေ့လေး နေဖို့ထိုင်ဖို့အတွက် ကျောင်းသခ်မ်းရှာဖို့ပဲ ကျန်တော့တယ်" ဟုပြောလေ၏။

"အရိပ်အာဝါသလဲကောင်းမယ်၊ ရေနဲ့လဲနီး၊ အလှူခံထွက်ဖို့လဲ သိပ်မဝေးတဲ့နေရာကို ရွေးချယ်ရမှာ"

"အရှေ့ကျရင် ... မြေနီလမ်းကလေးတစ်ခုရှိတယ်၊ အဲဒီလမ်းအတိုင်း တောထဲကိုဖြတ်သွားရင် ကျောင်းသခ်မ်းလုပ်ဖို့ အဆင်ပြေနိုင်တဲ့ နေရာမျိုးတွေအများကြီးပါပဲ"

ကြေးကူးဆစ်ပြောသည့်အတိုင်းပင် ... အတော်အတန်လျှောက်ပြီးနောက် မြေနီလမ်းတစ်ခုကို တွေ့ရ၏။ သူတို့သည် မြေနီလမ်းအတိုင်း အတွင်းဖက်ကို တစ်မိုင်ခွဲခန့်ဝင်၍သွားရာ စေတီပျက်၊ ဇရပ်ဟောင်း၊ ရေကန်၊ စမ်းချောင်း၊ သစ်ပင်အုပ်အုပ်တို့ကို အသင့်ပင်တွေ့ရှိရလေ၏။ စမ်းချောင်းကလေးမှာ ဒူးဆစ်ကျော်ကျော်ခန့်သာနက်၍ ရေအောက်သို့ တိုးလျှိုပေါက်မြင်၍ နေရသည့်တိုင်အောင် ကြည်လင်လှပေသည်။ စမ်းချောင်းနှင့် မလှမ်းမကန်း၌လည်း ရေကန်တစ်ခုရှိ၍ ရေကန်ပတ်ပတ်လည်တွင် ထန်းပင်များ၊ မရမ်းပင်၊ သရက်ပင်များ ပေါက်ရောက်လျက်ရှိလေ၏။ စေတီမှာမူ ရှေးနှစ်ပေါင်းများစွာက ဖြစ်ဟန်တူ၏။ ငှက်ပျောဖူးပင် မရှိတော့။ ဇရပ်ဟောင်းတစ်ခုရှိ၏။ သို့ရာတွင် လွန်စွာဟောင်းနွမ်းနေပြီဖြစ်ရာ နေ၍မရတော့ပေ။ ထိုနေရာသို့အရောက်တွင် သစ်ပင်တစ်ခု၌ ထိုင်၍နားလိုက်ကြလေ၏။

"ဘယ်လိုလဲ ရသေ့လေး ... ဒီနေရာကတော့ မြို့နဲ့လဲ နည်းနည်းဝေးတယ်၊ စမ်းချောင်းလဲရှိတယ်၊ သစ်ပင်ဝါးပင်လည်းရှိတယ်၊ လူလည်း အရောက်အပေါက်နည်းတယ်၊ ဒီမှာပဲ စခန်းချကြရင် မတော်ဘူးလား"

"ကျုပ်လဲ အဲဒါကိုစဉ်းစားနေတာပါပဲ၊ တော်တော့်ကိုအေးချမ်းတဲ့နေရာပဲ၊ ရသေ့ရဟန်းအတွက်တော့ ဒီနေရာမျိုးရွေးချယ်ရမှာပဲ"

"ရသေ့လေး သဘောကျပြီဆိုရင်တော့ ဟောဒီ အရိပ်ကောင်းတဲ့ နေရာကလေးမှာ . . . ဝါးကျောင်းကလေးတစ်ခု ဆောက်ရမယ်၊ မကောင်းဘူးလား"

"ကျုပ်လဲ ဒါကိုပဲ စဉ်းစားနေတာပဲ၊ ဒါပေမဲ့ ကျုပ်တစ်ခုတွက်နေတာက ရသေ့ဟာ ကျောင်းနဲ့ နေကောင်းရဲ့လားလို့"

"ကျောင်းနဲ့ နေကောင်းပါတယ်၊ ရသေ့ရှောင်ရမှာကတော့ သမင်မပဲ၊ အပေါ့သွားရင် ကြည့်သွား၊ သမင်မသောက်မိလို့ ဗေဒါရီလို သမီးကလေး မွေးလာရင် ကလေးထိန်းနေရတာနဲ့ လောကဓမ္မနဲ့ အမှန်တရားကို မရှာနိုင်ဘဲနေဦးမယ် ... ဟဲ ဟဲ"

"ဟာဗျာ ... ကြေးကူးဆစ်ကလဲ မဟုတ်တာပြောရော့မယ်"

"မဟုတ်တာပြောတာ မဟုတ်ဘူး၊ တကောင်းပြည်ကနေ တောဝက်လိုက်ရင် တောထဲမှာ ရသေ့သွားလုပ်တဲ့ ရသေ့ကြီး **ခေပဒုတ** ကိုကြည့်ပါလား၊ သေးကို မဆင်မခြင်ပေါက်မိလို့ သမင်မသောက်မိရာကအစ ကိုယ်ဝန်ရပြီး ဗေဒါရီ ဆိုတဲ့ သမီးကလေးကို ထိန်းလာခဲ့ရတာလေ၊ ရသေ့ကလေးရဲ့ ဖြူဝါတဲ့အသားရောင်နဲ့ သစ်ခေါက်သင်္ကန်းကလေ လိုက်ပါပေ့ဗျာ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးကလေးနဲ့ ဆိုတော့ ပိုပြီးတော့ လိုက်သေးတယ်၊ ပွဲထဲကမင်းသားများ ရသေ့ခန်းထွက်ပြနေတာကို ကြည့်နေရသလိုပါပဲ၊ တယ်ပြီး ကြည့်လို့ပနံရတာကလား၊မျက်လုံးဝိုင်းဝိုင်းနဲ့ သမင်မလေးတွေ မြင်ရင် ကျောင်းပေါ်ကတောင်ဆင်းမှာမဟုတ်ဘူး၊ သတိထားပေတော့" ဟုဆိုကာ ရသေ့လေးအားထားခဲ့၍ ထွက်သွားလေ၏။ရသေ့လေးလည်း စမ်းချောင်းသို့ သွားရောက်၍ ရေချိုးလေ၏။ ကြည်လင်အေးမြသော စမ်းရေကို ချိုးလိုက်ရသည်နှင့်တစ်ပြိုင်နက် ပင်ပန်းနွမ်းနယ်မှုများပြေပျောက်၍ လန်းဆန်းသွားလေ၏။ ရသေ့လေးရေချိုးပြီး များမကြာမီအချိန်လောက်တွင် ကြေးကူးဆစ် ပြန်၍ ရောက်လာလေ၏။ သူ၏လက်ထဲတွင် ဓားမကြီးတစ်လက် ပါ၍လာသကဲ့သို့ ပခုံးပေါ်၌လည်း ဝါးစည်းကြီးတစ်စည်း ပါ၍လာလေ၏။ အနီးသို့ရောက်လျှင် ဝါးစည်းကြီးကို ပစ်ချလိုက်ပြီးနောက် "ခုတ်ပြီးသားဝါးတွေ ကျန်သေးတယ်၊ အမိုးအတွက်လဲ အင်ဖက်တွေ ခူးထားပြီးပြီ" ဟုပြောလေ၏။

"ဘာလုပ်ရမလဲ၊ တွင်းတူးရမှာလား၊ တူးရမယ်ဆိုရင်လဲ ကျုပ်တူးမယ်၊ နေရာသာပြပါ" ဟု ရသေ့လေးကပြောလေ၏။

"မလိုဘူး ... ဘာမှမလိုဘူး၊ ဒီက တရုတ်လက်သမားကြေးကူးဆစ်က အစအဆုံးလုပ်သွားမယ်"

"မဟုတ်တာဘဲ ကြေးကူးဆစ်၊ ဒီမှာ ကျုပ်နဲ့ ခင်ဗျားနှစ်ယောက်ပဲ ရှိတာ . . .ကူညီရမှာပေါ့"

"ငြိမ်ငြိမ်ကလေး ထိုင်နေစမ်းပါ"

"တစ်ယောက်က အလုပ်လုပ်နေတာကို ငြိမ်ငြိမ်ကလေးထိုင်ပြီးကြည့်နေရတဲ့အလုပ်က ထ,ပြီး လုပ်ရတာထက်တောင် ပိုပြီးပင်ပန်းသေးတယ် ကြေးကူးဆစ်"

"ဒါဖြင့်ရင် ဒီလိုလုပ်ပါလား၊ ကျုပ်က ဒီမှာ တစ်ယောက်တည်း ကျောင်းသခ်မ်းဆောက်ပြီး နေခဲ့မယ်၊ ရသေကလေးက အလှူခံထွက်ပေါ့၊ ရသေ့ကလေးက သီလနဲ့ဆိုတော့ ညစာမစားပေမယ့် ကျုပ်ကတော့ ညစာစားရလိမ့်မယ်" ဟု ဆိုသဖြင့် ရသေ့အသစ်ကျပ်ချွတ်သည် အလှူခံထွက်ရန်အတွက် ဆိုင်းထမ်းနှင့်ထမ်းပိုးကို ပြင်ဆင်၍ ထွက်သွားလေတော့၏။ ပဲခူးမြို့အတွင်းသို့ရောက်အောင်ပင် တစ်နာရီနီးပါးခန့် လျှောက်ခဲ့ရလေ၏။ မြို့တွင်းသို့ရောက်သည့်အခါ၌လည်း ဈေးဆိုင်များရှေ့၌လည်းကောင်း၊ အိမ်များရှေ့၌လည်းကောင်း ရပ်၍ ကြေးစည်ကိုထု၍ အလှူခံသော်လည်း မည်သည့်အိမ်၊ မည်သည့်ဆိုင်ကမှ လောင်းလှူခြင်း မပြုကြပေ။

ရသေ့ကလေးသည် ဇွဲကောင်းစွာဖြင့် အလှူခံလေ၏။ သို့ရာတွင် နေစောင်း၍သွားသည့်တိုင်အောင် မည်သူ တစ်စုံတစ်ယောက်ကမျှ လောင်းလှူခြင်းမရှိသဖြင့် ကျောင်းသခ်မ်းသို့ ပြန်ခဲ့လေတော့၏။

မိမိပြန်လာသည်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ဆိုင်းနေမည့် ကြေးကူးဆစ်အတွက် ဗလာသက်သက် ပြန်ခဲ့ရသည်ကိုလည်း စိတ်မကောင်းဖြစ်မိလေတော့သည်။ ရသေ့ကလေးသည် မိမိကိုယ်တိုင် ဆာလောင်မွတ်သိပ်လျက်ရှိသော်လည်း "သီလထိန်းထားသည်" ဟူသောအသိစိတ်ကြောင့် စိတ်ထိခိုက်ခြင်းမရှိသော်လည်း "ကျုပ်ကတော့ ညစာစားရလိမ့်မယ်" ဟု အတိအလင်းပြောလိုက်သော ကြေးကူးဆစ်ကြီးအတွက် စိတ်မကောင်းဖြစ်မိလေသည်။

ဤသို့နှင့်ပင်ပြန်လာခဲ့ရာ နောက်ဆုံး၌ ကျောင်းသခ်မ်းသို့ရောက်လေ၏။ မရောက်မီခပ်လှမ်းလှမ်းကပင် ကြေးကူးဆစ်၏လက်ရာဖြစ်သော ဝါးကျောင်းကလေးကိုတွေ့ရလေ၏။ ကျောင်းကလေးမှာ ခြေတံရှည်ကလေးဖြစ်၍ ဝါးလှေကားလေးတစ်ခုကိုလည်း လက်ရမ်းနှင့်တကွ တပ်ဆင်၍ထားလေ၏။ ထို့ပြင် လသာဆောင်ကဲ့သို့ ဝါးအခင်းနှင့် အဆောင်ကလေးတစ်ဆောင်ပင် ထုတ်၍ထားပေရာ . . . လသာသောညများတွင် ထိုလသာဆောင်ကလေး၌ နှစ်ဦးသားထိုင်၍ လေးနက်သော သဘောတရားများကို ပြောဆိုဆွေးနွေးရန် ကောင်းပေစွဟု ရသေ့ကလေးက သတိပြုမိလေသည်။

"ဘယ်လိုလဲ ရသေ့လေးပဏ္ဏောသရဲ့ . . . လာဘ်လာဘများရွှင်ခဲ့ရဲ့လား" ဟု လှမ်း၍မေးလိုက်ရာ ရသေ့ကလေးသည် ကြေးကူးဆစ်အတွက် အထူးပင် စိတ်မကောင်းခြင်း ဖြစ်မိလေ၏။ ထို့ကြောင့် စိတ်ပျက်စွာဖြင့် ခေါင်းကို ဖြည်းညင်းစွာ ယမ်း၍ပြလိုက်လေတော့၏။

"အဲဒါပေါ့ ရသေ့ကလးရဲ့ . . . လာဘော အလာဘော၊ လာဘ်ရတဲ့အခါရှိသလို လာဘ်မရတဲ့အခါလဲရှိမယ် ဆိုတဲ့ လောကဓံတရားရဲ့ သင်ခန်းစာပေါ့" ဟု ကြေးကူးဆစ်က ရွှင်လန်းစွာပင် ပြောလိုက်လေ၏။

"ကျုပ်လည်း ကြေးကူးဆစ်အတွက် ကြိုးစားပြီး အလှူခံတာပါပဲ၊ ဒါပေမဲ့ ဘာမှမရခဲ့ပါဘူး . . . အဲဒီအတွက် ကျုပ်လည်းစိတ်မကောင်းပါဘူး ကြေးကူးဆစ်"

" ဟာ ... ဒီအတွက်တော့ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျုပ်ကလဲ ညစာစားတယ်ဆိုပေမယ့် အဓိဋ္ဌာန်နဲ့ပါ၊ ရှာလို့ရမှ စားတာပါ၊ မရတဲ့နေ့ဆိုရင် ကျုပ်လဲ ဥပုသ်စောင့်လိုက်တာပါပဲ"

"စားစရာမရှိမှ ဥပုသ်စောင့်လို့တော့ ... ဘာထူးမှာလဲ ကြေးကူးဆစ်"

“စားစရာမရှိ၊ ဥပုသ်လဲ မစောင့်တဲ့လူထက်တော့ ထူးတာပေါ့ . . .”

“ဘာဖြစ်လို့လဲ ... ရှင်းပြစမ်းပါဦး”

“ငတ်လာရင် ဝံပုလွေဟာ မြေတွင်းထဲက ထွက်လေ့ရှိတယ် ဆိုတဲ့ စကားပုံတစ်ခုရှိတယ်၊ မြန်မာလိုတော့ ‘ငတ်မရှက်’ ဆိုတာမျိုးပေါ့ဗျာ၊ အဲဒီလို ‘ငတ်မရှက်’ ဖြစ်တာဟာ မစားရတဲ့အခါမှာတောင် ဥပုသ်မစောင့်နိုင်တဲ့လူမျိုးတွေဟာ ဖြစ်လေ့ရှိတယ်၊ ကျုပ်လို မစားရရင် ဥပုသ်စောင့်တဲ့လူဟာ ဘယ်တော့မှ ငတ်မရှက်လူတွေစာရင်းမှာ မဝင်နိုင်တော့ဘူး”

“အင်း ... ဟုတ်သားပဲ”

“ပြီးတော့ ငတ်တဲ့အခါ၊ မစားရတဲ့အခါမှာ ဆာလောင်မွတ်သိပ်ခြင်းရဲ့ ထူးခြားတဲ့ အရသာတစ်ခုကို ခံစားရလေ့ရှိတယ်”

“ငတ်တဲ့အရသာရယ်လို့ ရှိလားဗျာ၊ စားရတဲ့ အရသာပဲ ကျုပ်တော့သိပါတယ်”

“စားရတဲ့ အရသာရှိရင် မစားရတဲ့ အရသာ၊ ငတ်တဲ့အရသာလဲ ရှိတာပေါ့ ရသေ့လေးရ”

ရသေ့လေး ပဏ္ဍောသက ပြုံးလိုက်လေ၏။ ကြေးကူးဆစ်ထံမှ ထူးဆန်းသောစကားများကိုကြားရတိုင်း ငြင်းခဲ့ခြင်းမပြုပဲ ပြုံး၍သာနေလေ့ရှိ၏။

“ပြီးတော့ အငတ်ခံနိုင်တယ်ဆိုတာ လူမှာရှိတဲ့ စွမ်းရည်အမျိုးမျိုးအနက်မှာ အသုံးဝင်ဆုံးစွမ်းရည်ပဲ” ဟုလည်း ကြေးကူးဆစ်က ပြောပြန်သည်။

ထိုညက ရသေ့ကလေးရော၊ ကြေးကူးဆစ်ပါ စမ်းချောင်းမှ ရေကို လက်ခုပ်ဖြင့်ယူ၍ သောက်ခြင်းဖြင့်သာလျှင် သူတို့ဝမ်းဗိုက်များကို ဖြည့်တင်းကြလေ၏။ သို့ရာတွင် နှစ်ဦးစလုံးသည် စိတ်မပျက်ကြ၊ မညည်းညူကြ၊ အားငယ်ခြင်းမဖြစ်ကြပေ။

ညဘက်သို့ရောက်သောအခါ လရောင်ကလေး အနည်းငယ်ရှိသည်နှင့် ဝါးကြမ်းခင်း၍ထားသော လသာဆောင်တွင် အေးချမ်းစွာထိုင်လျက် စကားပြောကြလေ၏။

“ကြေးကူးဆစ် ... ခင်ဗျားဟာ တော်တော်ကလေးကို တော်ပါတယ်၊ ဗဟုသုတလည်းပြည့်စုံတယ်၊ ငယ်ငယ်က ပညာတွေ ဘာတွေ သင်ခဲ့ရတယ်မှတ်တယ်” ဟု ရသေ့ကလေးက မေးလေ၏။

“ဆယ့်ငါးနှစ်သားအထိတော့ ပညာသင်ခဲ့ရပါတယ်၊ ကျုပ်အဖေက ကွမ်းတုံနယ်က လက်သမားဆရာတစ်ယောက်ပဲ၊ ကျုပ်အမေက ယူနန်က မင်းဆွေမင်းမျိုးထဲကလို့ဆိုတယ်၊ ကျုပ်ကို မွေးတာတော့ ရှမ်းပြည်နယ်မှာမွေးတာပါ၊ ကျုပ်အဖေက ကျုပ်ကို အယ်အမ်ပီ ဆရာဝန်ကြီးဖြစ်စေချင်တယ်၊ ကျုပ်အမေကတော့ ကုန်သည်ကြီးဖြစ်စေချင်တယ် . . . ကျုပ်ဟာ ဆယ့်ငါးနှစ်သားအထိတော့ ပညာကို ကြိုးကြိုးစားစားပဲ သင်ယူခဲ့ပါတယ်၊ ခုနစ်တန်းရောက်တဲ့အထိပေါ့”

“သြော် ... ခင်ဗျားက ခုနစ်တန်းအထိအောင် ပညာသင်ခဲ့ဘူးတာကိုး၊ ဆိုစမ်းပါဦး ... စိတ်ဝင်စားစရာပါပဲ”

“ခုနစ်တန်းရောက်တဲ့နှစ်မှာ ကျုပ်က ရန်ကုန်ကနေ ရှမ်းပြည်နယ်ကို ကျောင်းပိတ်လို့ပြန်ခဲ့တယ်၊ ကျုပ်တို့အိမ်ရှေ့မှာ သစ်တော်ပင်ကြီးတစ်ပင်ရှိတယ် ရသေ့လေးရဲ့ . . . ကျုပ်ကလဲ သစ်တော်သီးကို သိပ်ပြီးကြိုက်တယ်၊ ကျုပ်က အိမ်ပြန်တာဟာ ခါတိုင်းထက်စောပြီး ပြန်ခဲ့တဲ့အတွက် သစ်တော်သီးဟာ ကောင်းကောင်းမသီးသေးဘူး၊ အဲဒီတော့ အမေ့ကိုမေးတယ်၊ အမေ သစ်တော်သီးတွေ မသီးသေးပါလားလို့ . . . အဲဒီတော့ အမေက ဘယ်သီးဦးမလဲသားရဲ့၊ မင်းပြန်လာတာက စောတာကိုး၊ အပင်ဆိုတာက သူ့လနဲ့သူ သီးတာပဲလို့ ပြန်ပြောတယ်”

ရသေ့ကလေးသည် ကြေးကူးဆစ်၏စကားကို စိတ်ဝင်စားစွာ နားထောင်၍နေလေ၏။ ထိုအခါ၌ ကြေးကူးဆစ်ကဆက်၍ပြောပြန်သည်မှာ . . . “သစ်တော်သီးက သူ့လနဲ့သူ သီးရအောင် ဘယ်လရောက်နေပြီဆိုတာ သစ်တော်ပင်က ပြက္ခဒိန် ကြည့်တတ်လို့လား အမေရဲ့” လို့ကျုပ်ကမေးတော့ အမေက . . .

“သစ်ပင်ပဲကွယ် . . . ပြက္ခဒိန်တော့ ဘယ်ကြည့်တတ်ပါ့မလဲလို့ ပြန်ပြောတယ်”

“အဲဒီတော့ စဉ်းစားကြည့်မိပြန်တယ်၊ ပြက္ခဒိန်ကြည့်တတ်တဲ့လူတွေတောင်မှ တခါတလေ လတွေရက်တွေ အမှတ်မှားနေတတ်တယ်၊ သစ်ပင်ကတော့ ပြက္ခဒိန်လဲ မကြည့်တတ်ဘူး၊ ဘယ်တောမှလည်း မမှားဘူး၊ အချိန်ကို မှန်လို့အမေရယ်၊ အဲဒါက ဘယ်လိုဖြစ်တာလဲ၊ ပြီးတော့ ကျွန်တော့်ကို ကျောင်းသွားဖို့ အမေကခိုင်းတယ်၊ သစ်တော်ပင်ကို ဒီလို အချိန်မှန်မှန်အသီးသီးဖို့ ဘယ်သူက ခိုင်းနေတာလဲလို့ ကျုပ်ကမေးတော့ အမေဟာ တစ်ခါတည်းကို အံ့သြသွားပြီး ‘မင်းအပါကို မေးကြည့်ပါဦး’ ဆိုပြီး အဖေ့ဆီကို လွှတ်လိုက်တယ်၊ အဖေ့ကိုလည်း ကျုပ်သိချင်တာတွေ မေးတယ်၊ အဖေလည်း မဖြေနိုင်ဘူး၊ ကျောင်းကျတော့ ဆရာ့ကိုမေးလို့ ပြောတယ်၊ ကျောင်းဖွင့်လို့ ရန်ကုန်ရောက်တဲ့အခါမှ ကျုပ်ဟာ ဆရာ့ကို မေးတာပေါ့ . . . ဆရာလဲ ဖြေတော့ဖြေပါတယ်၊ ဒါပေမယ့်လို့ ကျုပ်ကျေနပ်နိုင်တဲ့အဖြေမျိုးကို မပေးနိုင်ရှာဘူး၊ ဆရာကလဲ ကျောင်းအုပ်ကြီးဆီကို လွှတ်ပြန်တယ်၊

ကျောင်းအုပ်ကြီးကလဲ 'သဘာဝပေါ့ကွာ' လို့သာ ပြောတယ်၊ အဲဒီ 'သဘာဝ' ကိုဘယ်သူဖန်တီးနေတာလဲ ဆိုတော့ ဆရာကြီးလဲ ချွေးပြန်လာတယ်၊ ပြီးတော့ ကျုပ်ကို သူ့ရဲ့ရုံးခန်းထဲက တစ်ခါတည်းမောင်းထုတ်လိုက်တော့တယ်"

"ဟင် ... ကြေးကူးဆစ်ကို မောင်းထုတ်လိုက်တယ် ဟုတ်လား"

"အမှန်တော့ ဆရာကြီးမောင်းပြီးမထုတ်ရင်လဲ ကျုပ်က ထွက်လာမှာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပြဿနာကို ဖြေနိုင်တဲ့လူကို ရှာတော့မှာကိုး၊ ရှင်းရှင်းပြောရရင် သစ်ပင်တစ်ပင်ရဲ့ လျှို့ဝှက်ချက်ကလေးတစ်ခုကိုတောင် ပီပီပြင်ပြင်မသိတဲ့ ဆရာတွေဆီမှာ ဆက်ပြီးပညာသင်ယူဖို့စိတ်လဲ မရှိတော့ပါဘူး၊ ဒါပေမယ့် ကျုပ်လဲ ဖြေနိုင်မယ်ထင်ရတဲ့ လူတွေကို တစ်ယောက်ပြီးတစ်ယောက် မေးလာလိုက်တာ တစ်ယောက်က ဘယ်စာအုပ်ဖတ်ကြည့်ပါဆို ဖတ်ကြည့်လိုက်၊ တစ်ယောက်က ဘယ်ကျမ်းဖတ်ကြည့်ပါဆို ဖတ်ကြည့်လိုက်နဲ့ပဲ ကျုပ်လဲ ကျမ်းတွေပေတွေ အများကြီး ဖတ်ခဲ့ပြီး ဖြစ်နေတော့တယ်"

"ခင်ဗျားရဲ့စိတ်ကူးကလဲ ဆန်းလှချေလား"

"ဆန်းတာမဟုတ်ဘူး၊ အရိုးဆုံး အလွယ်ဆုံး ကိစ္စကလေးကို သိချင်ခဲ့တာပါ၊ အဲဒီလိုနဲ့ပဲ ကျုပ်လဲ ကျမ်းတွေ တစ်ခုပြီးတစ်ခု ဖတ်ရင်းကနေ စာသင်ချင်တဲ့စိတ်တွေ ပျောက်ပြီး ကျောင်းကို အပြီးအပိုင်စွန့်လွှတ်လိုက်တော့တယ်၊ ဒီနောက်တော့ ထမင်းစားဖို့ အလုပ်ကလေး နည်းနည်းပါးပါးလုပ်ပါသေးတယ်၊ ဒါပေမယ့် အမှန်တရားကိုရှာဖို့အတွက် အလုပ်လုပ်စားနေရင် အချိန်မရဘူးဆိုပြီး ဘုံကျောင်းမှာပဲ ကပ်ရပ်နေပြီး လောကကြီးကို လေ့လာနေခဲ့တာ ဒီအချိန်အထိ ဆိုပါတော့၊ သစ်တော်သီးစားချင်တာကလေးကနေ အစပြုခဲ့တာပဲ ရသေ့လေးရယ်"

ရသေ့ကလေးပဏ္ဏောသသည် ကြေးကူးဆစ်၏ အတ္ထုပ္ပတ္တိအကျဉ်းကလေးကို သိခွင့်ရလေ၏။ ကြေးကူးဆစ်၏ ထူးဆန်းအံ့ဩဖွယ်ရာသော စိတ်သဘာဝကိုလည်း ရိပ်စားမိလေတော့၏။ ထိုညက သူတို့နှစ်ဦးသည် အတော်အတန် ညဥ့်နက်သည့်တိုင်အောင် စကားပြောဆိုခဲ့ကြလေတော့၏။

ထိုသို့ စကားပြောခဲ့ကြရာတွင် ကြေးကူးဆစ်သည် ထူးဆန်းသော ပုံပြင်ကလေးများနှင့် တန်ဆာဆင်၍ ပြောဆိုခဲ့လေ၏။ ထိုပုံပြင်များမှာ ထူးဆန်းဖွယ်ရာများလည်း လွန်စွာပါရှိလေတော့၏။

* * * * *

## ရသေ့ကလေး ပက္ကောသ နှင့် သမင်မကလေးများ

ရသေ့ကလေးပက္ကောသသည် တောဖိတ်၊ မြို့ဖိတ်၊ လပြည့်၊ လကွယ်နေ့များ၌ မြို့တွင်းသို့ အလှူခံထွက်လေ့ရှိ၏။ မြို့တွင်းမှ လူများကလည်း ရသေ့ကလေးအား မျက်မှန်းတန်းမိနေကြပြီဖြစ်၏။ ရသေ့ဝတ်သည်မှာလည်း လေးငါးခြောက်လရှိပြီဖြစ်၍ အတော်ကလေးပင် အသားကျလျက်ရှိပေပြီ။ အချို့သောအိမ်များကဆိုလျှင် ရသေ့ကလေးအားလောင်းလှူရန်အတွက် ဆန်ကိုသာမက မုန့်ပဲသရေစာများပင် ဝယ်ခြမ်းထားလေ့ရှိလေ၏။

ရသေ့ကလေးလည်း အလှူခံထွက်သည့်အခါ၌ စက္ကုက္ခန္ဓေချ၍ တစ်လှမ်းချင်းလှမ်းကာကြေးစည်ကလေး တနောင်နောင်ထု၍ သွားလေ့ရှိလေ၏။ မြင်ရသူအပေါင်းကလည်း ရသေ့လေး၏ ဝါဝင်းစိုပြည်သော အသားရောင်၊ နုပျိုသောအရွယ်၊ ချောမောလှပသော အဆင်းတို့ကြောင့် အမျိုးမျိုးအဖုံဖုံ ချီးမွမ်းလေ့ရှိပေသည်။ အချို့သောမိန်းမကြီးများကလည်း "ရသေ့ကလေးနှယ် ... ကြည်ညိုစရာလေး၊ ငါ့သားကလေးသာ ဖြစ်လိုက်ချင်စမ်းပါဘိ" ဟုပင် တောင့်တကြလေ၏။

ရွယ်တူတန်းတူ မိန်းကလေးများကလည်း မျက်မှန်းတန်းမိသည်နှင့်အမျှ ရသေ့ကလေးကို စိတ်ဝင်စားလျှက်ရှိကြပေသည်။

တစ်နေ့သ၌ ရသေ့ကလေးသည် ဟသာံကုန်းဘက်သို့ အလှူခံထွက်ခဲ့ရာ မိန်းမပျိုလေးတစ်စုသည် လှူဖွယ်ဝတ္ထုများလောင်းလှူလေ၏။ ရသေ့ကလေးကလည်း လှူဖွယ်ပစ္စည်းများရသည့်အခါ၌ ရှေ့သို့ဆက်၍လှမ်းသွားရာ မိန်းကလေးတစ်ဦးက . . .

"အရင်ကလာတဲ့ ရသေ့တွေက ချေးတွေအထပ်ထပ်နဲ့ ညစ်ပတ်ပေရေပြီး ညှင်းသိုးသိုးနဲ့၊ ဒီရသေ့ကလေးကျတော့လဲ ဖြူဖြူစင်စင်နဲ့ ကြည်ညိုစရာကလေးတော့်" ဟု ပြောလိုက်ရာ အခြားသော မိန်းကလေးက ...

"မြင့်မြင့်ရယ် ... ဒါလောက်တောင် ကြည်ညိုရင်လဲ မယ်မဒ္ဒီတို့လို ရေပူရေချမ်းကမ်းလှမ်းဖို့ နောက်တော်ပါးက လိုက်သွားပါလား" ဟု ခနဲ့တဲ့တဲ့စကားကို ပြောလိုက်ရာ မြင့်မြင့်ဆိုသော မိန်းကလေးကလည်း ...

"မခေါ်လို့ပေါ့ ခင်ခင်ရယ် ခေါ်များခေါ်ရင်ဟောဒီ ဇလုံ(ရသေ့အား လောင်းလှူရန် ပစ္စည်းများ ထည့်ယူလာသည့် ဇလုံကိုပြလျက်) ကိုတောင် အိမ်ပေါ်တက်ပြီး မထားတော့ဘဲ တစ်ခါတည်း လိုက်သွားမှာပေါ့" ဟု ပြန်၍ပြောလေ၏။

ရသေ့ကလေးမှာမူကား စက္ခုက္ခန္ဓေချ၍ ရှေ့သို့လှမ်းမြဲလှမ်း၍ ထွက်သွားလေတော့၏။ အချို့သော မိန်းကလေးများမှာ ရသေ့ကလေး အိမ်ရှေ့သို့မရောက်မီ အတော်ဝေးဝေးကပင် လမ်း၌ဆင်း၍ စောင့်နေပြီးလျှင် အိမ်ရှေ့သို့ရောက်၍ လှူဖွယ်ပစ္စည်းများကိုလှူပြီး ရသေ့ကလေး ထွက်သွားသည့်တိုင်အောင် အိမ်ပေါ်သို့ ပြန်၍မတက်သေးဘဲ မျက်စိတစ်ဆုံး ကြည့်၍နေတတ်လေ၏။

ဤသို့ မိန်းကလေးအချို့က စိတ်ဝင်စားလျက် ရှိကြသည့်အခါ၌ ကြေးကူးဆစ်သည် ရသေ့ကလေးအတွက် အထူးစိုးရိမ်မိလေ၏။

"ရသေ့ကလေးရဲ့ အသားရောင်၊ ရသေ့ကလေးရဲ့ ရုပ်ရည်၊ ရသေ့ကလေးရဲ့ အရွယ်နဲ့ ရသေ့ကလေးရဲ့ သစ်ခေါက်ဆိုးသင်္ကန်းဟာ သိပ်ပြီးလိုက်ဖက်လှတယ်၊ အဲဒီလို ချောမောပြေပြစ်တဲ့ယောကျာ်းတစ်ဦးလဲဖြစ်ပြန်၊ အကျင့်သီလနဲ့ပြည့်စုံတဲ့အတွက် လေးစားကြည်ညိုဖွယ်ရာလဲဖြစ်ပြန်ဆိုတော့ ရသေ့ကလေးမှာ အန္တရာယ်ရှိနေပြီ" ဟု ကြေးကူးဆစ်က သတိပေးလေ၏။

"ဘယ်လို အန္တရာယ်မျိုးပါလိမ့် ကြေးကူးဆစ်"

"မာတုဂါမ ဆိုတဲ့ အန္တရာယ်လေ၊ ယောကျ်ားတွေအဖို့ အထူးသဖြင့် ... အခုလို ရသေ့ဝတ်နေတဲ့ ရသေ့ကလေးတို့လို ပုဂ္ဂိုလ်များအဖို့ မာတုဂါမဟာ အဆိပ်ထက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်"

"အင်း ... ဆိုစမ်းပါဦး ကြေးကူးဆစ်"

"သူတို့ရဲ့ ကြည်လွင်တဲ့ အသံကလေးတွေ၊ ရယ်သံယဲ့ယဲ့ကလေးတွေဟာ ယောကျ်ားတော်တော်များများရဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို လေတိုက်တဲ့နေရာမှာထွန်းထားတဲ့ ဖယောင်းတိုင်ရဲ့ မီးတောက်လို ဂနာမငြိမ်ဖြစ်စေတတ်ပါတယ် ရသေ့ကလေး"

"ပြောပါဦး ကြေးကူးဆစ်"

"သူတို့ဟာ လိုက်တဲ့သူနဲ့တွေ့ရင် ပြေးတတ်ပေမယ့် ရသေ့ကလေးတို့လို ပြေးတဲ့လူနဲ့တွေ့ရင်တော့ သူတို့က ပြန်ပြီးလိုက်တတ်တဲ့သဘောရှိပါတယ်"

"ဆိုပါဦး . . . ကြေးကူးဆစ်"

"သူတို့ရဲ့ စိတ်သန္တာန်ဟာ အပြောင်းအလဲ မြန်ဆန်တတ်ပါတယ်၊ ဘုရင်ကတော်ဖြစ်နေရတဲ့အခါမှာ မုဆိုးကို မျက်စိကျတတ်ပြီး မုဆိုးမယား ဖြစ်နေတဲ့အခါမှာတော့ ရသေ့ကို သဘောကျရင် ကျတတ်ပါတယ်"

"ပြီးတော့ကော ကြေးကူးဆစ်"

"နာလန်ထခါစ လူမမာဟာ ငှက်ပျောသီးတွေ့ရင်လဲ မိမိနဲ့တည့်မှန်း၊ မတည့်မှန်း မဆုံးဖြတ်တတ်တော့ဘဲ စားချင်တယ်လို့ ပူဆာတတ်တယ်၊ ဆီထမင်းတွေ့ရင်လဲ ပူဆာတတ်တယ်၊ ငါးကင်တွေ့ရင်လဲ ပူဆာတတ်တယ်၊ အထူးသဖြင့် မတည့်ပါဘူးလို့ဆိုတဲ့ အရာတွေကို ပိုပြီးတောင် စားချင်သောက်ချင်တတ်ပါတယ်၊ အဲဒီလိုပဲ ရသေ့ဖြစ်နေလို့ မတော်ပါဘူး ဆိုကာမှ ပိုပြီးတောင် စိတ်ဝင်စားတတ်ပါတယ်"

"သူတို့ဟာ ရာဇဝင်တွေကိုပြန်ကြည့်ရင် သူရဲကောင်းဆိုသူတွေကို အနိုင်ယူခဲ့ဖူးတယ်၊ စစ်ဘုရင်ဆိုသူတွေကိုလဲ အနိုင်ယူခဲ့ဖူးပါတယ်၊ သူဌေးသူကြွယ်ကအစ နွားကျောင်းသားအထိ အနိုင်ယူခဲ့ဖူးပါတယ်"

"အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ကြေးကူးဆစ်"

"ဝေးဝေးက ရှောင်ရမယ်"

"ရင်ဆိုင်တိုးရင်ကောဗျာ"

"ရင်ဆိုင်တိုးရင် မိခင်အရင်းလို သဘောထားနိုင်ရမယ်၊ မာတု ဆိုတာ မိခင်လို့ အဓိပ္ပာယ်ရတယ်မဟုတ်လား၊ ဂါမ ဆိုတာ လမ်းလို့ဆိုတယ်မဟုတ်လား၊ မိခင်တို့သွားရာလမ်းလို့ဆိုရင် မမှားပါဘူး၊ ဒီတော့ မိခင်ရင်းလို သဘောပိုက်ထားရမယ်၊ အဲဒီလိုမဟုတ်ရင်တော့ အခက်အခဲတွေ့နိုင်တယ် ရသေ့လေး"

"ကောင်းပါပြီ ကြေးကူးဆစ်၊ ဘယ်လိုနည်းနဲ့မှ ကျုပ်ဟာ အဲဒီအခက်အခဲအမျိုးမျိုးကို ရင်မဆိုင်စေရပါဘူးလို့ ကတိပေးပါတယ်၊ စိတ်ချပါ"

ရသေ့ကလေးပဏ္ဍောသက ကြေးကူးဆစ်အား ခိုင်ခိုင်မာမာ ကတိပေးလိုက်လေ၏။ ရသေ့ကလေးနှင့် ကြေးကူးဆစ်တို့သည် ရသေ့ပြုပေးသော ဆရာတော်ထံသို့လည်း မကြာမကြာသွားရောက်၍ လျှုဖွယ်ဝတ္ထုများကို လှူဒါန်းလေ့ရှိ၏။

တစ်နေ့သ၌ ဆရာတော်ထံသို့ သွားရောက်ကာ အလှူခံရာတွင်ရခဲ့သော ငါးရံခြောက်ပြားကြီးကို လှူဒါန်းခဲ့လေ၏။ ဆရာတော်ကလည်း မေတ္တာပို့ခြင်း၊ ဆုပေးခြင်းများကို ပြုလုပ်ပြီးသောအခါ၌ အခြားတစ်ပါးသောစကားများကို သူတို့နှစ်ဦးနှင့် ပြောဆိုလျက်ရှိကြစဉ်၌ အသက်အားဖြင့် နှစ်ဆယ်ကျော်ခန့်ပင်ရှိဦးမည်ဖြစ်သော သီလရှင်မလေးတစ်ဦးသည် ပျားရည်ပုလင်းနှစ်ပုလင်းနှင့်အတူ ဆရာတော်၏ရှေ့မှောက်သို့ ရောက်၍လာလေ၏။

သီလရှင်မလေး၏ အသားအရောင်သည် တန်ဆောင်မုန်းလ၏ စပါးရောင်ကဲ့သို့ ဝါတော့မလို၊ စိမ်းတော့မလိုရှိ၏။ မျက်လုံး၊ မျက်ခုံး၊ နှာတံတို့မှာလည်း ချောမောလှပခြင်းကို ဖော်ပြလျက်ရှိပေသည်။ ကိုယ်လုံးကိုယ်ထည်မှာလည်း ကျစ်လစ်သေးသွယ်၍ အချိုးကျလှပေသည်။ ကိုယ်ရုံအောက်တွင် "ရိုက်" ဟုဆိုသော သင်တိုင်းရှည်ကြီးတစ်ခု ဝတ်ဆင်ထား၍သာလျှင် ကိုယ်လုံး၏အလှကို ပီပီပြင်ပြင် မဖော်ပြနိုင်သော်လည်း ရှိုက်ကြီးဖိုင်ယ် အသွယ်သွယ်ဟု ဆိုအပ်သော အလှများနှင့်လည်း ပြည့်စုံပုံရလေ၏။ ဆရာတော်အား ပျားရည်ပုလင်းများ ဆက်ကပ်လှူဒါန်းရာတွင် ဖြူသွယ်သော လက်ချောင်းလှလှကလေးများကိုလည်း တွေ့မြင်ရပေရာ . . . ရသေ့ကလေးပဏ္ဍောသ၏စိတ်၌ "ဤမျှချောမောလှပပါလျက် အဘယ်ကြောင့် သီလရှင်ဖြစ်နေရပါသနည်း၊ တရားဓမ္မ အလို့ငှာ သီလရှင်ဖြစ်နေရသည်ဟုဆိုလျှင် မိမိအနေနှင့် သာဓုခေါ်ရန် အဆင်သင့်ရှိပေသည်။ သို့တည်းမဟုတ် လူ့ကောကကြီး၏ လောကဓံတရားတို့ကမျာ ထုထောင်းနိပ်စက်လိုက်၍ သီလရှင် ဖြစ်နေရသည်ဆိုလျှင်မူ "သနားဖွယ်ရာ ကောင်းလေစွ" ဟု တွေးမိလေ၏။

“ပျားရည်ရလာတာနဲ့ အရှင်ဘုရား ဆေးဖော်ဖို့ အလိုရှိမယ်ဆိုတာ သတိရလာပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော် ရ,ရချင်းပဲ လှူဖို့လာခဲ့တာပါ”

“ပါရဒစာရီ၊ တရားကော အားထုတ်နိုင်ရဲ့လား”

“ထုတ်နိုင်ပါတယ်ဘုရား”

“အေး အေး ...သာဓုကွယ် ... သာဓု ... သာဓု” ဟု အစချီကာ ဥပ္ပလဝဏ်ထေရီအကြောင်း၊ ပဋ္ဋာစာရီအကြောင်း စသော ထေရီတို့၏ မုတ်သားဖွယ်ရာ အကြောင်းများနှင့်ယှဉ်၍ တရားချီးမြှင့်လေ၏။ ထိုသို့တရားချီးမြှင့်ပြီးနောက် သီလရှင်မလေးသည် ဆရာတော်အား ကန်တော့၍ ဥဒေါင်းမကလေးသည် မိမိ၏လုပသောအမြီးကို မြေသို့နှိမ့်ချလျက် လျှောက်သွားသကဲ့သို့ သူသည်လည်း မျက်လွှာကိုချလျက် သူ၏ လုပသောအရာတို့ကို ဝင့်ဝါခြင်းမပြုဘဲ ဣန္ဒြေရစွာ လျှောက်သွားလေတော့၏။

မည်သို့ကြောင့်မသိ၊ ရသေ့ကလေးသည် သီလရှင်မလေးအား မျက်စိတစ်ဆုံး စိုက်၍ကြည့်နေမိ၏။ ကျောင်းဝင်းအပြင်သို့ရောက်၍ ပျောက်ကွယ်သွားမှပင် သူ၏အကြည့်ကို ရပ်စဲပစ်လိုက်လေ၏။

သီလရှင်မလေး မရှိတော့သည့်အခါ၌ ... ဆရာတော်က အောက်ပါအတိုင်း ပြောပြလေ၏။

“သီလမလေးရဲ့ ဘွဲ့အရှည်က ‘ပုပ္ဖနာဂဇပါရဒစာရီ’ လို့ခေါ်တယ်၊ သဗ္ဗဓာတုကဝိဇာစရ ပကာသနီကျမ်းဆိုတာက အင်္ဂုရတ်သမားတွေရဲ့လက်စွဲကျမ်းကြီးပေါ့ကွယ်၊ ဘုန်းကြီးတို့လဲ ငယ်ငယ်က ဝါသနာပါလေတော့ ဖတ်ဖူးပါတယ်၊ အဲဒီကျမ်းမှာ ပြဒါးဟာ ခြောက်မျိုးရှိတဲ့အကြောင်း ဖော်ပြထားတယ်၊ ပုပ္ဖနာဂဇပါရဒ ဆိုတာ အဲဒီကျမ်းမှာ ပြထားတယ်၊ အဓိပ္ပာယ်ကတော့ ‘တောင်သလဲပွင့်ကဖြစ်သောပြဒါး’ လို့ အဓိပ္ပာယ်ရတယ်၊ အလွန်အင်မတန်မှ ရှားပါးတဲ့ ပြဒါးမျိုး ဖြစ်တယ်ကွယ့်၊ ဒီသီလရှင်မလေးမျိုးကလဲ အင်မတန်မှ ရှားတယ်၊ ဒါကြောင့် သူ့ကို ဒီဘွဲ့ကို ပေးခဲ့တာပဲ၊ ပြီးတော့ ... ပြဒါးဆိုတာက အပူကိုအလွန်ကြောက်တယ်၊ ဒီသီလရှင်မလေးဟာလဲ အိမ်ရာထောင်မှုနဲ့ လူ့လောကရဲ့အပူတွေကို ကြောက်လို့ ထွက်ပြေးလာတာကွ၊ လူနာမည်က မနှင်းရည်တဲ့” ဟု အစချီကာ မနှင်းရည်အကြောင်း အတ္ထုပ္ပတ္တိကို သံဝေဂရစေခြင်း အလို့ငှာပြောပြလေ၏။ မနှင်းရည်သည် ဦးလေးအတွက် အရက်ကို ရောင်းခဲ့ပုံ၊ သို့ရာတွင် သူဌေးတစ်ဦးသည် ငွေကိုပေးသော်လည်း သူ၏ထံမှ တစ်စုံတစ်ရာကို ရယူသွားခြင်းမပြုဘဲ ထွက်သွားပုံ၊ တစ်ဖန် မနှင်းရည်သည် ဦးလေးအား လက်စားချေလိုသူ သူဌေးဖြစ်ကြောင်း သိရသဖြင့် စုံစမ်းပြန်ရာ တစ်ခါက မနှင်းရည်၏ ဦးလေးသည် ထိုသူဌေးအား မတရားနှိပ်စက်ခဲ့ပုံနှင့်တကွ ထိုသူဌေးဆိုသူသည် မနှင်းရည်နှင့်တွေ့ပြီး နောက်တစ်နေ့၌ ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့ကို လှူဒါန်း၍ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ထွက်သွားသည့်သတင်းကို ကြားခဲ့ရပုံ စသည်တို့အား တရားနှင့်စပ်၍ ပြောပြလေတော့၏။

ရသေ့ကလေးသည် ဆရာတော်ပြောနေသည်ကို နားထောင်းရင်း ရင်တွင်း၌ တလှပ်လှပ်တုန်၍လာလေ၏။ ချွေးများယိုစိမ့်၍ လာလေ၏။ မိမိလက်စားချေရာ၌ ဓားစာခံဖြစ်ခဲ့ရှာသော မနှင်းရည် သို့မဟုတ် “တောင်သလဲပွင့်မှဖြစ်သောပြဒါး”နှင့် လွန်စွာတူသည့် “ပရဒစာရီ” ဆိုသော သီလရှင်မလေးအပေါ်၌လည်း လွန်စွာသနားခြင်း ဖြစ်မိလေ၏။ မီး၌ အမြှိုက်ခံရသော မြွေသည် တွန့်လိမ်ကောက်ကွေး၍ ဝေဒနာကို မချိမဆန့်ခံစားနေရသကဲ့သို့ ရသေ့ကလေး၏ စိတ်တို့သည်လည်း ယူကျုံးမရဖြစ်ခြင်းတည်းဟူသော မီးတောက်၌ အမြှိုက်ခံ၍ နေရလေတော့၏။

ရေငတ်လွန်း၍ ရေဘူးကိုဖွင့်သောက်သည့်အခါ၌ ရေဘူးအတွင်းမှရှိသောအရာသည် ရေမဟုတ်ဘဲ ငရဲမီးဖြစ်၍နေသည်ကို တစ်ကျိုက်မျှ ကျိုက်ချလိုက်ပြီးမှ သိရသောသူကဲ့သို့ ရသေ့ကလေးသည်လည်း ပကတိအေးငြိမ်းသော ချမ်းသာစစ်ကိုရှာသည့်အခါ၌ပင် ငွေအားကိုးဖြင့် စော်ကားရန် ကြံခဲ့ဘူးသော မနှင်းရည် ခေါ် ပရဒစာရီ ဆိုသည့် သီလရှင်မလေးနှင့် လာ၍ ဆုံနေသဖြင့် စိတ်ဆင်းရဲခြင်းဖြစ်ရလေ၏။

ထို့ကြောင့် ဆရာတော်အားကန်တော့၍ ကျောင်းသခ်မ်းသို့ ပြန်လာလေတော့၏။ ကျောင်းသို့ရောက်လျှင် ဂဏှာမငြိမ်ဖြစ်၍နေသော ရသေ့ကလေးအား ကြေးကူးဆစ်သည် လွန်စွာသနားခြင်းဖြစ်မိသည့်အလျောက် အောက်ပါစကားကို ပြောပြလေ၏။

“ဒီမှာ ရသေ့လေး ... စိတ်မကောင်းမဖြစ်ပါနဲ့၊ ငရုတ်သီးဟာ သူ့ကြောင့် လူတွေမှာ ပူရစပ်ရတယ်လို့ ဘယ်တော့မှ စိတ်မကောင်းမဖြစ်ဘူး . . .ကြောင်လျှာသီးဟာလည်း သူ့ကြောင့် လူတွေရဲ့လျှာပေါ်မှာ ခါးရလေတယ်လို့ . . .ဝမ်းမနည်းမိဘူး၊ သဘာဝတရားကလဲ သူတို့ကို အဲဒီလို ဝမ်းနည်းခြင်း၊ ပူပန်ခြင်း တစ်ဖန်ဖြစ်ရတာကို ခွင့်မပြုဘူး၊ ဒီလိုပဲပေါ့ ... ဟိုအချိန်တုန်းက ရသေ့လေးရဲ့စိတ်ဟာ လက်စားချေရမှ ကောင်းမယ်လို့ ယူဆခဲ့တာကိုး၊ အဲဒီတုန်းက ရသေ့လေးဟာ ရသေ့လေးမဟုတ်ဘူး၊ နာကြည်းချက်ပေါင်းများစွာရှိတဲ့ သူဌေးကြီး ပုဏ္ဏားဘကွန်း၊ တစ်နည်းပြောရရင် အလွန်ပူစပ်ခြင်းဖြစ်စေတဲ့ ငရုတ်သီးတောင့်ကြီး၊ အလွန်ခါးသီးခြင်းကိုဖြစ်စေတဲ့ ကြောင်လျှာသီးတောင့်ကြီးပဲ၊ အဲဒီတော့ ပြီးခဲ့တာတွေ မေ့ပစ်လိုက်ပါ၊ သူ့ဘာသာထားလိုက်စမ်းပါ၊ သဘာဝတရားအပေါ်မှာပဲ အပြစ်တွေ ပုံချပစ်လိုက်စမ်းပါ ရသေ့လေး၊ လူဆိုတာ သူ့ရဲ့အသိတရား အတိုင်းအတာရှိသလောက် သူ့ရဲ့ဘဝကို ဖန်တီးကြတာပဲ၊ ဆဲတာကိုကောင်းတယ်လို့ထင်တဲ့လူက ဆဲတယ်၊ မေတ္တာပို့တာကို ကောင်းတယ်လို့သိတော့ မေတ္တာပို့တယ်၊ ဒါပါပဲ ရသေ့လေး၊ ကျုပ်ပြောချင်တာကတော့ အသိတရားကို တိုးတက်အောင်သာ ကြိုးစားပါ၊ အပြုအမူက ပြောင်းလဲလာပါလိမ့်မယ်”

“ကြေးကူးဆစ် ပြောတဲ့အတိုင်း ဟုတ်ပါ့မလား”

"ဘယ့်နှယ်မဟုတ်ရမှာလဲ၊ ကလေးငယ်ဟာ မသိတတ်သေးခင်မှာ မစင်ကို ကိုင်တွယ်ပြီး ဆော့ကစားတတ်တယ်၊ သိတတ်လာတော့ မကိုင်တော့ဘူး၊ တစ်သက်ပတ်လုံး မစင်ကို ကိုင်တွယ်ပြီး ဆော့ကစားနေတဲ့လူဟာမရှိဘူး၊ မွေးကတည်းက မစင်ကို ကိုင်တွယ်ပြီး တစ်ခါမှမဆော့ဘူး၊ မကစားဘူး ဆိုတဲ့လူလည်း မရှိသလောက် ရှားပါတယ်၊ ရသေ့လေးဟာ သူဌေးကြီးပုဏ္ဏားဘကွန်းအဖြစ်နဲ့ မကောင်းမှုအချို့ကို ပြုလုပ်ခဲ့ဘူးတယ်၊ ရသေ့ကလေးပဗ္ဗဇ္ဇာသ အဖြစ်မှာတော့ ဒီလိုအမှုမျိုး မလုပ်မိအောင် အသိတရားပြည့်ဝနေဖို့ပဲ၊ အဲဒီလိုမှမဟုတ်ဘဲ ငယ်ငယ်က မစင်ကို ကိုင်တွယ်ကစားခဲ့တာကို တွေးမိတိုင်း ရှက်နေမယ်၊ ပူဆွေးနေမယ်၊ စိတ်မကောင်းဖြစ်နေမယ် ဆိုရင် တစ်နည်းတစ်ဖုံအားဖြင့် မစင်ကို စိတ်ဝင်စားနေတယ်လို့ ယူဆရမှာပဲ ရသေ့လေး"

ကြေးကူးဆစ်က တရားချလိုက်မှပင် ရသေ့ကလေးသည် စိတ်သက်သာရာရ၍ သွားလေ၏။ ထိုအခါ၌ ကြည်လင်အေးမြသော စမ်းချောင်းအတွင်း၌ သွားရောက်၍ ရေချိုးကာ စိတ်မကောင်းမှုများအား တစ်ခါတည်းရေ၌ မျှော၍ပစ်လိုက်လေ၏။ ရေမိုးချိုးပြီး၍ အဟာရဖြည့်တင်းရန်အလို့ငှာ အသက်မပါသော ဟင်းနှင့်ထမင်းကိုခူးခပ်ပြင်ဆင်လိုက်လေ၏။ ထိုအခါ၌ ရသေ့ကလေးသည် စောစောက ထိုင်းမှိုင်းလေးလံလျက်ရှိသောစိတ်များသည် ပေါ့ပါးလန်းဆန်း၍သွားခြင်းအတွက် ကြေးကူးဆစ်အား ကျေးဇူးတင်စကားပြောလေ၏။

"ကြေးကူးဆစ် ပြောလိုက်တော့မှပဲ ကျုပ်လဲစိတ်ထဲ ပေါ့ပါးသွားတော့တယ်ဗျာ၊ ကျေးဇူးတင်လိုက်တာ မပြောနဲ့တော့"

"အဲဒါပေါ့ ... မိတ်ကောင်းဆွေကောင်းရှိရမယ်လို့ သမ္မဒါတရားထဲမှာ ထည့်ထားရတာပေါ့ဗျာ"

ရသေ့ကလေးနှင့် ကြေးကူးဆစ် စကားပြောနေကြစဉ်မှာပင် ဘုန်းကြီးတစ်ပါးသည် ကျောင်းသခ်မ်းအနီးမှဖြတ်၍ မြေနီလမ်းဘက်သို့ ကြွသွားသည်ကို မြင်ရသဖြင့် "နေလဲ မွန်းတိမ်းဖို့ ဘာမှမလိုတော့ပါလား၊ ဒီဘုန်းကြီး မြို့ထဲရောက်လောက်တဲ့အချိန်မှာတော့ မွန်းတိမ်းသွားမှာအမှန်ပဲ၊ ဆွမ်းတော့ ငတ်တော့မှာပဲ" ဟု ရသေ့ကလေးသည် တွေးမိသည်နှင့် "ရပ်တော်မူပါဦးဘုရား" ဟု လျှောက်ထားလိုက်သဖြင့် ရဟန်းလည်း ခြေစုံရပ်လေ၏။

"အရှင်ဘုရားကို ဆွမ်းကပ်ပါရစေဘုရား၊ တပည့်တော်ကို ချီးမြှင့်သောအားဖြင့် ဆွမ်းဘုဉ်းပေးရန် အပေါ်သို့ ကြွတော်မူပါဘုရား" ဟု ရသေ့ကလေးက လျှောက်ထားလေ၏။ ဘုန်းကြီးသည်လည်း အသက်အရွယ်အားဖြင့် ရသေ့ကလေးထက်များစွာမကြီးသေးပေ။ ရုပ်လက္ခဏာမှာလည်း သန့်ပြန့်၍ ဣန္ဒြေလည်းလွန်စွာစောင့်ရှောက်လေ၏။

"ဒကာတို့မှာကော ပြည့်စုံရဲ့လား"

"ပြည့်စုံပါတယ်ဘုရား၊ ပြည့်စုံလို့ ဘုန်းကြီးကျောင်းကိုတောင် လှူနေရပါတယ်ဘုရား" ဟုလျှောက်ထားမှပင် ဘုန်းကြီးလေးသည် ရသေ့၏ကျောင်းပေါ်သို့ တက်လေ၏။ ရသေ့နှင့် ကြေးကူဆစ်ကပ်လှူသော အသက်သတ်လွတ်ဆွမ်းကို မျှတရုံဘုဉ်းပေးပြီးလျှင် ဆွမ်းလှူရသော ကုသိုလ်အတွက် သာဓု အနုမောဒနာပြုလေ၏။ ထို့နောက် ... "ဒကာတို့ကော တရားဘာဝနာများ ငြိမ်းငြိမ်းချမ်းချမ်းစီးဖြန်းနိုင်ရဲ့လား" ဟုမေးလေ၏။

"တပည့်တော်က အာဇီဝဋ္ဌမကသီလတော့ ထိန်းပါတယ်၊ ဒါပေမဲ့လို့ တရားကိုတော့ အားမထုတ်ပါဘူးဘုရား"

"ဦးပဉ္စင်းတို့သာသနာကြီးမှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ်သုံးပါးရှိတယ်၊ ဒီတော့ သီလဂုဏ်တော့ ရှိပါပြီ၊ ကျန်တဲ့ဂုဏ်တွေ ဖြည့်ဆည်းပါဦးလား"

"ဘယ်လို ဖြည့်ဆည်းရမှာလည်းဘုရား"

"ပထမ သမာဓိရအောင်လုပ်ပါ၊ မျက်ခုံးနှစ်ခုအကြားမှာ စိတ်ကို ကပ်နေအောင်ထားပါ၊ လွတ်ထွက်သွားရင် ပြန်ပြီးထားပါ၊ ကြာလာတော့ သမာဓိရလာပါလိမ့်မယ်၊ ပြီးတော့ မေတ္တာဘာဝနာကလေး ပွားများပေးပါ ဒကာ . . ."

"တပည့်တော်က သမာဓိကို မလိုချင်ပါဘူး၊ အမှန်တရားကိုပဲ လိုချင်ပါတယ်ဘုရား"

"သမာဓိမရှိတဲ့စိတ်ဟာ လေလာတိုင်းယိမ်းယိုင်တတ်တဲ့ ဝါးပင်လိုပဲ၊ မှန်တယ်မှားတယ်ဆိုတာကို မဝေခွဲနိုင်ဘူး၊ အမှန်တရားရှာဖို့အတွက်လဲ သမာဓိရအောင်တော့ လုပ်သင့်ပါတယ်"

ရသေ့ကလေးသည် ဘုန်းကြီးလေး၏စကားကို သဘောကျ၍သွားလေ၏။ ဟုတ်လိမ့်မည်ဟုလည်း ထင်မှတ်မိပေ၏။

ဘုန်းကြီးလေးသည် မေတ္တာပို့၍ ရသေ့လေး၏ ကျောင်းသခ်မ်းမှ ထွက်ခွာ၍သွားလေ၏။ ဘုန်းကြီးလေးမရှိသည့်နောက် ရသေ့ကလေးက ကြေးကူးဆစ်အား ဘယ်လိုသဘောရသလဲဟူသော အကြည့်မျိုးဖြင့်ကြည့်လိုက်၏။ ထိုအခါ၌ ကြေးကူးဆစ်သည် အောက်ပါအတိုင်း ပြောလေ၏။

"စိတ်ဟာ ပင်ကိုက အညစ်အကြေးမရှိပါဘူး၊ သူ့မှာ တစ်စုံတစ်ရာသောအစွမ်းတောင်ရှိပါသေးတယ်၊ စိတ်ရဲ့စွမ်းအင်တိုးတက်အောင် ဘာမှလုပ်စရာမလိုပါဘူး၊ ဆားဆိုတဲ့အရာဟာ ငန်တယ်ဆိုတဲ့အရသာ တစ်ခါတည်း ပါရှိနေပါတယ်၊ ဆားကို ငန်အောင် ဘာမှထပ်ပြီးလုပ်ဖို့မလိုပါဘူး၊ ငန်အောင် တစ်စုံတစ်ခု လုပ်ရသေးတယ်ဆိုရင်လဲ ဆားမဟုတ်တော့ပါဘူး၊ ဒီလိုပါပဲ၊

စိတ်ဟာ ပင်ကိုက ပြည့်စုံပြီးသားပါ၊ ဘာမှ လေ့ကျင့်ဖို့ မလိုပါဘူး၊ သူ့အပေါ်မှာ ဖုံးလွှမ်းနေတဲ့ အညစ်အကြေးတွေကို ဖယ်ချပြီး နောက်ထပ် အညစ်အကြေး မတင်အောင်သာ ပြုလုပ်စမ်းပါ"

"မဟုတ်ဘူး . . .ကျုပ်ကတော့ ဘုန်းကြီးပြောသွားသလို သမာဓိအလုပ်ကို လုပ်စမ်းကြည့်ဦးမယ်"

"လုပ်ကြည့်တာကတော့ . . . ဘာမှ ကန့်ကွက်ဖို့မရှိပါဘူး၊ လုပ်ကြည့်ပေါ့"

ထိုအခါ၌ ရသေ့ကလေးသည် ကျောင်းရှေ့ရှိ သပြေပင်ရိပ်အောက်၌သွားရောက်၍ တင်ပျဉ်ခွေထိုင်ကာ မျက်ခုံးမွေးနှစ်ခုအကြား၌ စိတ်ကို တည်ငြိမ်အောင်ထားမည် ဟူသော အမှတ်ဖြင့် ထိုနေရာသို့ လက်ကလေးဖြင့်ကိုင်စမ်းကြည့်လိုက်ရာ ကြက်သီးမွေးညင်းများ ထ၍သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ထိုနေရာကလေး၌ရှိသော နာကြည်းဆွေးမြည့်ဖွယ်ရာ အမာရွတ်ကလေးကို စမ်းသပ်မိသောကြောင့်ပေတည်း။ ထိုအမာရွတ်ကလေးသည် ရသေ့ကလေး ဆေးရုံတက်နေစဉ်က တင်တင်လာရောက်၍ မူးစေ့အပဲ့ကလေးဖြင့် ပစ်ပေါက်သွားသောကြောင့် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်ဟောင်းကလေးပင်ဖြစ်၏။ စိတ်မကောင်းလည်း ဖြစ်မိလေ၏။ သို့ရာတွင် စိတ်မကောင်းဖြစ်ခြင်းကို မေ့ဖျောက်ပစ်လိုက်ပြီးနောက် အမာရွတ်ကလေးပေါ်၌ပင် စိတ်ကိုစိုက်၍ထားလိုက်လေ၏။

အစတွင် ရသေ့ကလေး၏စိတ်သည် ယောက်ယက်ခတ်၍ ပြေးလွှားနေ၏။ မျောက်လွှဲကျော်တစ်ကောင်ကို ထိန်းရသည်ထက်ပင် အဆပေါင်းများစွာခက်လေ၏။ အမာရွတ်ကလေး၌ထားပါလျက် ပြေး၍ပြေး၍သွား၏။ ရသေ့ကလေးသည် ပြေးသွားမှန်းသိသည်နှင့် သူ၏စိတ်ကို အမာရွတ်ကလေးပေါ်၌ပင် ပြန်၍ တင်ထားလိုက်၏။ ဤသို့နှင့်ပင် ပြေးလိုက်၊ ပြန်ဆွဲလိုက်နှင့် နောက်ဆုံးတွင် တစ်စထက်တစ်စ တည်ငြိမ်လာလေ၏။ ဝေးဝေးမပြေးတော့ဘဲ တဖြည်းဖြည်း ယဉ်ပါးလာ၏။ ထိုမှတစ်ဖန် တစ်စထက်တစ်စ အမာရွတ်ကလေးပေါ်၌ စိတ်သည် မြဲ၍လာလေတော့၏။

ထို့နောက် ရသေ့ကလေး၏ စိတ်၌ အကြောင့်ကြမဲ့၍သွား၏။ အပူပင်များ လွတ်၍သွား၏။ အေးချမ်း၍သွား၏။ နောက်ဆုံး၌ ဘာကိုမျှ မစွဲတော့ဘဲ တန့်၍သွားလေတော့၏။ ထိုတန့်၍သွားသောအချိန်ကလေးမှာ လွန်စွာတိုတောင်းလှပေသည်။ သို့ရာတွင် ရသေ့ကလေးသည် ထိုတန့်သွားသောသဘော၌ ကျေနပ်၍သွားလေ၏။ နှစ်ခြိုက်၍သွားလေ၏။

ရသေ့ကလေးသည် သမာဓိလုပ်ငန်းမှ ထလိုက်လေသည်။ ထိုအချိန်၌ နေစောင်းနေပြီဖြစ်၏။

"ရသေ့ကလေး … တယ်ဟုတ်ပါလား၊ မနက်စာ စားပြီးကတည်းက ထိုင်လိုက်တာ ညနေတောင် စောင်းသွားပြီ" ဟု ကြေးကူးဆစ်ကပြောလိုက်မှပင် မိမိထိုင်ခဲ့သောအချိန်မှာ မနည်းကြောင်း အံ့သြဖွယ်ရာ သိရလေတော့၏။

ရသေ့ကလေးသည် သမာဓိအလုပ်ကို ကျေနပ်သွားလေ၏။ ထို့ကြောင့် ညဘက်တွင်လည်း လသာဆောင်၌ သမာဓိအလုပ်ကို လုပ်ပြန်၏။ ဤသို့လျှင် အချိန်ရတိုင်းရတိုင်း သမာဓိအလုပ်ကို ကြိုးစား၍လုပ်လေ၏။ တစ်စထက်တစ်စ သမာဓိရသည်ထက် ရလာပေရာ တိုး၍တိုး၍ လုပ်ချင်စိတ်များ ပေါ်ပေါက်လာလေတော့၏။

× × × × ×

တစ်နေ့သ၌ ရသေ့ကလေးသည် သပြေပင်အရိပ် မြေပြောင်ပြောင်ကလေး၌ထိုင်၍ သမာဓိအလုပ်ကို လုပ်၍နေလေ၏။ နာရီအတော်ကြာမျှလုပ်၍ ထလိုက်ရာ မည်သည့်အချိန်ကရောက်ရှိနေသည်မသိပေ။ မိန်းကလေးတစ်စုသည် မြေကြီးပေါ်၌ပင် ထိုင်ကာ ရသေ့ကလေးကို လက်အုပ်ချီလျက် ရှိခိုးနေကြသည်ကို တွေ့ရလေ၏။

"ဘာကိစ္စရှိလို့ပါလည်း" ဟု ရသေ့ကလေးက မေးလိုက်၏။ ထိုအခါ ခက်သွက်သွက် မိန်းကလေးတစ်ဦးက "ကျွန်မတို့ …" ဟု စလိုက်လျှင်တစ်ယောက်က "ရသေ့နဲ့ စကားပြောရင် 'ကျွန်မ' လို့မပြောရဘူးဟဲ့၊ 'တပည့်တော်မ' လို့ပြောရမယ်" ဟုပြောလိုက်လေ၏။ ထို့နောက် … သူတို့ဘာသာ သဘောကျ၍ တိုးတိုးညင်းညင်းကလေး ရယ်လိုက်ကြရာ ဆည်းလည်းကလေးများ ပြိုင်တူလှုပ်ခါလိုက်ဘိသကဲ့သို့ရှိလေ၏။

"တပည့်တော်မတို့က ဝါဆိုပန်းခူး ထွက်လာကြတာပါ၊ မောတာနဲ့ ရေသောက်မလို့ ဝင်ခဲ့ကြတာပါ ရသေ့ကြီး"

"ဟဲ့ မလှဝင်း၊ ရသေ့ကြီးမဟုတ်ပါဘူးဟဲ့၊ ရသေ့ကလေးပါ" ဟု တစ်ယောက်က ဝင်၍ ဆိုလိုက်ပြန်ရာ ကျန်လူများအားလုံးက ရယ်မောကြပြန်လေ၏။ ကြေးကူးဆစ်သည် ထိုအဖြစ်အပျက်ကိုကြည့်၍ "အင်း … ငါ့ရသေ့လေးတော့ သမာဓိအလုပ်ကို လပေါင်းများစွာ နေ့စဉ်ရက်ဆက် လုပ်ထားလို့တော်ပေသေးတယ်၊ နို့မဟုတ်ရင်တော့ အခက်ပါလား" ဟု အောက်မေ့မိလေတော့၏။

"မြင့်မြင့်က ရသေ့ကြီးခေါ်တာ မကြိုက်ရင် ရသေ့လေးလို့ပဲ ခေါ်လိုက်ပါ မလှဝင်းရယ်"

"ခင်ခင် … ဒီလိုတော့မပြောပါနဲ့၊ ရသေ့ကြီးမှ မဟုတ်ဘဲ၊ ရသေ့ကြီးခေါ်ရင် သင့်လျော်ပါ့မလား"

မိန်းကလေးနှစ်ဦး စကားများကြလေ၏။ ထိုအခါကျမှပင် တစ်ခါက မိမိအလှူခံထွက်ရာတွင် "ရေပူရေချမ်း ကမ်းလှမ်းဖို့ လိုက်ခဲ့လိုကြောင်း" နောက်ပြောင်ခဲ့ကြသည့် မိန်းကလေးများဖြစ်သည်ကို ရသေ့ကလေး အမှတ်ရမိလေ၏။

ရသေ့ကလေးသည် ထိုမိန်းကလေးများအား ဖြူသည်၊ မည်းသည်၊ ပိန်သည်၊ ဝသည်ကိုမျှ မသိပါ။ မျက်လွှာကိုချ၍ထားးလေ၏။

ဤသည်ကိုပင် . . . သူ၏မိတ်ဆွေကြီး ကြေးကူးဆစ်က သဘောကျမိလေတော့၏။ ထို့နောက် မိန်းကလေးတစ်ဦးက –

"ရသေ့ကလေးရဲ့ ဘွဲ့က ဘယ်လိုခေါ်ပါသလဲ" မေး၏။

"ပဏ္ဍောသလို့ ခေါ်တယ်"

"ပဏ္ဍောသ ဆိုတာ အဓိပ္ပာယ်က ဘယ်လိုရသလဲ"

"ခေါ်လှည့်ပါလို့ အဓိပ္ပာယ်ရပါတယ်"

ရသေ့ကလေးက ရိုးရိုးသားသားဖြေသော်လည်း မိန်းကလေးများသည် "ခေါ်လှည့်ပါ" ဟူသောစကားကိုပင် ပွဲကျ၍ ရယ်မောကြပြန်လေ၏။ ခင်ခင်ဆိုသူ မိန်းကလေးက မြင့်မြင့်၏ပေါင်အား လိမ်ဆွဲ၍ "ကြားတယ်မဟုတ်လား၊ သူ့နာမည်ကိုက 'ခေါ်လှည့်ပါ' တဲ့၊ သူ့အခေါ်ကိုစောင့်မနေနဲ့၊ ကိုယ်ကသာစပြီး ခေါ်ပေတော့" ဟု တိုးတိုးကလေး နောက်လိုက်၏။ မြင့်မြင့်က ခင်ခင်အား မျက်စောင်းထိုး၍ ကြည့်သည်။ သို့ရာတွင် ထိုမျက်စောင်း၌ စိတ်ဆိုးသော အရိပ်အယောင်များမပါပေ။

မိန်းကလေးများသည် ရသေ့ကလေးအား အချိန်အတော်ကြာသည်အထိ ပြည့်တီတီ ကလက်တက်တက် စကားများပြောပြီးနောက် ပန်းနှင့် ငွေများကို ရသေ့ကလေး၏ရှေ့ မြေပြောင်ပြောင်တွင်ပင် ချ၍လှူဒါန်းကာ ပြန်သွားကြလေ၏။ ကျောင်းသင်္ခမ်းနှင့် မလှမ်းမကမ်းသို့ရောက်သည့်အခါ၌ ခပ်နောက်နောက် မိန်းကလေးက "ရသေ့လေးရေ၊ ပြန်တော့မယ်၊ ကမ်းမင်း အဖိတ်နေ့ကို လာခဲ့နော်၊ စောင့်နေမှာပဲ" ဟူ၍ နောက်တီးနောက်တောက်ပြောသွားလေ၏။

"ကျုပ်မပြောဘူးလား မာတုဂါမ ဆိုတာဟာ နာလန်ထလူမမာလိုပဲ၊ မတည့်တာကိုမှ စားချင်သောက်ချင်ကြတယ်၊ ရသေ့ပါ၊ မိန်းမတွေနဲ့ ပတ်သက်လို့ မဖြစ်ပါဘူးဆိုကာမှပဲ ပတ်သက်ချင်ကြတယ်"

"ဟုတ်တယ် ကြေးကူးဆစ်"

"မျောက်အုပ်နဲ့တွေ့တဲ့ ငှက်ပျောသီးဟာ ဖရိုဖရဲဖြစ်သွားသလို ရသေ့လေးမှာသာ ထိန်းသိမ်းမှုမရှိရင် ဖရိုဖရဲဖြစ်သွားနိုင်တယ်၊ အဲဒီမိန်းကလေးဟာ ကျုပ်တို့ရဲ့ ကျောင်းသင်္ခမ်းကို သိသွားပြီ၊ လမ်းပေါက်သွားပြီ လာကြလိမ့်မယ်၊ သားကောင်ရဲ့ ခြေရာတွေ့တဲ့ မုဆိုးလို အလွတ်ပေးကြမှာမဟုတ်ဘူး၊ လာကြလိမ့်မယ်၊ သတိဟာ သိပ်ကို အရေးကြီးတယ်"

ကြေးကူးဆစ်ပြောသည်မှာ မှန်ပေ၏။ မိန်းကလေးတို့သည် နေ့စဉ်နေ့တိုင်း ရသေ့ကလေး၏ ကျောင်းသင်္ခမ်းသို့ လာရောက်၍ တံမြက်စည်းလှည်းပေးခြင်း၊ ရေခပ်ပေးခြင်း၊ သင်္ကန်းလျှော်ပေးခြင်း၊ စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပေးခြင်း စသည်တို့ကို ပြုလုပ်လေတော့၏။ ထိုသို့ ပြုလုပ်ပေးရုံမျှမက အချိုသော မိန်းမများက "ရသေ့လေးကျောင်းက သိပ်ပြီးအေးချမ်းတာပဲ၊ ဒီရောက်ရင် ပြန်တောင် မပြန်ချင်တော့ဘူး … " ဟူ၍လည်း အဓိပ္ပာယ်နှစ်ခွထွက်သော စကားများဖြင့် ရသေ့ကလေး၏စိတ်အား နှိုးဆွလေ့ရှိ၏။

"မာတုဂါမတွေဟာ အေးချမ်းတဲ့ ရသေ့ရဲ့ကျောင်းသင်္ခမ်းကို ပူလောင်လှတဲ လူအိုးလူအိမ်ဖြစ်အောင် ဖန်တီးခဲ့ကြဖူးတယ်၊ လယ်ယာတွေဟာလည်း သူတို့ကြောင့် စစ်မြေပြင်ဖြစ်ခဲ့ဖူးတယ်၊ ဘုရင်ဧကရာဇ်အချို့ကို ထီးနန်းစွန့်စေခဲ့ဖူးတယ်၊ ယောကျ်ားအချို့ကို စက်တိုင်တင်ခဲ့ဖူးတယ်၊ သူတို့ရဲ့စကားဟာ ပျားသကာလို ချိုမြိန်လှတယ်၊ အတွင်းသဘောမှာတော့ တမာ၊ ကြောင်လျှာ၊ လက်ထုတ် စတဲ့ အရာတွေထက်တောင် ပိုပြီးခါးသေးတယ်၊ သူတို့ဟာ သူတို့ကိုယ် သူတို့လည်း လှတယ်လို့ ထင်နေတယ်၊ သူတစ်ပါးကလည်း လှတယ်လို့ ထင်စေချင်တယ်၊ အဲဒီလို ဖွတ်တရွတ်နိုင်လှတဲ့ စိတ်တွေကြောင့် ဘယ်လိုလူကိုပဲဖြစ်ဖြစ် ပမာမခန့် ဆက်ဆံလေ့ရှိတတ်ကြတယ်၊ သတိထားပါ"

"ကောင်းပါပြီ ကြေးကူးဆစ်"

"အမြောက်သေနတ်ဟာ ကျည်ဆန်ထည့်စဉ်က အသံမမြည်ပေမယ့် ပစ်ဖောက်လိုက်တဲ့အခါမှာတော့ . . . နားကွဲလုမတတ် ပေါက်ကွဲမြည်ဟိန်းတတ်တယ်၊ အဲဒီလိုပဲ မိန်းမတွေဟာ ချစ်တဲ့အခါမှာတော့ ချစ်ပါတယ် ဆိုတဲ့စကားကို တိုးတိုးကလေး အဖြေပေးတတ်ပေမယ့် . . . သူတို့က မုန်းပြီဆိုရင် အော်ကြီးဟစ်ကျယ် လုပ်လေ့ရှိတယ် ရသေ့ကလေး"

"ကောင်းပါပြီ ကြေးကူးဆစ်"

"ခွေးရှင်ဟာ မိမိခွေးက စည်းမရှိ ကမ်းမရှိ ကိုက်လေ့ရှိတာကို ဘယ်တော့မှ အပြစ်လို့မမြင်ပေမယ့် အကိုက်ခံရတဲ့လူက ခွေးကို ဆုံးမမယ်ဆိုရင်တော့ စကားနဲ့ဖြစ်ဖြစ်၊ ဓားနဲ့ဖြစ်ဖြစ် ခုခံကာကွယ်ဖို့ ဝန်မလေးဘူး၊ သူတို့ရဲ့ မောင်ဖား လင်သားတွေဟာလဲ လျှပ်ပေါ်လော်လီတဲ့အဖြစ်ကိုတော့ မမြင်ဘူး၊ တစ်ပါးသူကိုသာ ရန်လုပ်ဖို့ အံတခဲခဲ ရှိနေတတ်တယ်"

"ဟုတ်ပါတယ် ကြေးကူးဆစ်"

"အရက်ရောင်းတဲ့လူဟာ လိုင်စင်ယူရတယ်၊ အဆိပ်ရောင်းတဲ့လူလဲ လိုင်စင်ယူရတယ်၊ လက်နက်ရောင်းတဲ့လူလဲ လိုင်စင်ယူရတယ်၊ ဒါပေမဲ့လို့ မျောက်မ ထားခြင်းဟာတော့ လိုင်စင်ယူရတဲ့ အလုပ်မျိုးမဟုတ်ဘူး၊ တကယ်က မျောက်မထားတဲ့ မိန်းမကြောင့် အရက်၊ အဆိပ်၊ လက်နက်တွေဟာ အသုံးဝင်လာတတ်တယ်ဆိုတာကို သတိထားမိတဲ့လူ နည်းတယ် ရသေ့ကလေး"

"ဟုတ်ပါတယ် ကြေးကူးဆစ်"

"ညောင်ပင်ဟာ သူ့ရဲ့အနီးမှာရှိတဲ့ ထန်းပင်ကိုဖြစ်စေ၊ သရက်ပင်ကိုဖြစ်စေ၊ ကျောက်တိုင်ကြီးကိုဖြစ်စေ၊ အုတ်တံတိုင်းကြီးကိုဖြစ်စေ တဖြည်းဖြည်း မျိုပစ်လေ့ရှိတယ်၊ မာတုဂါမတွေဟာလည်း မိမိနဲ့ ရွယ်တူတန်းတူကိုသာ မဟုတ်ဘူး၊ သားအရွယ်၊ တူအရွယ်ကနေ အဖေအရွယ်၊ အဘိုးအရွယ်ထိ ချမ်းသာပေးမှာမဟုတ်ဘူး"

အထက်ပါစကားများမှာ တစ်ထိုင်တည်းပြောသောစကားများ မဟုတ်ပေ။ အခါအခွင့်သင့်တိုင်း ကြေးကူးဆစ်က ရသေ့ကလေးအား မိန်းမများနှင့်ပတ်သက်၍ မုန်းတီးသွားစေရန် ပြောပြခဲ့သော စကားများဖြစ်၏။ ရသေ့ကလေးကလည်း ကြေးကူးဆစ်ပြောသည့်အတိုင်းပင် သဘောထားပေလိမ့်မည်။ ထို့နောက် ရသေ့ကလေးသည် . . . သမာဓိလုပ်ငန်းကိုသာလျှင် မနေမနားပြုလုပ်နေသည်ဖြစ်ရာ မိန်းမများအပေါ်၌သာလျှင် မဟုတ်ပေ။ အခြားသော သမာဓိနှင့်မပတ်သက်သောကိစ္စများအား အသေးအဖွဲ့ကိစ္စများဟူ၍ပင် သဘောထားလေသည်။

ရသေ့ကလေး၏ ကျောင်းသခ်မ်းသို့လည်း မိန်းမပရိသတ်များသည် တစ်စထက်တစ်စ များပြား၍လာလေ၏။ အထက်တန်းကျသော လူကုံထံ အသိုက်အဝန်းမှ မိန်းမများသည်လည်း တစ်ဦးနှင့်တစ်ဦးတွေ့လျှင် "ကျွန်မလဲ အိမ်အလုပ်တွေ များရတဲ့အထဲက ရသေ့ကလေးကျောင်းသွားပြီး ဝေယျာဝစ္စ လုပ်ပေးနေရတယ်၊ ရှင်ကော ရသေ့ကလေးပဏ္ဏောသရဲ့ကျောင်းကို ရောက်ပြီးပြီလား" ဟု မေးလေ၏။ အမေးခံရသူက "ဘယ်က ရသေ့ကလေးပဏ္ဏောသလဲ" ဟု ပြန်မေးလျှင် "ရသေ့ကလေးပဏ္ဏောသကို ရှင်မသိဘူးလား၊ မင်းကတော်မြမြတို့၊ ညွန့်ညွန့်တို့၊ သိန်းသိန်းတို့တောင် ရောက်ပြီးကြပြီ . . . ရှင်မသိတာ အံ့ပါရဲ့" ဟူ၍ပင် ရသေ့ကလေးကျောင်းသခ်မ်းသို့ မရောက်ဖူးသေးလျှင် လူဖြစ်ကျိုး၊ မိန်းမဖြစ်ကျိုး မနပ်သကဲ့သို့ ပြောဆိုကြသည်အထိ ဖြစ်၍လာလေ၏။

ရသေ့ကလေးက သမာဓိဘက်သို့ အားစိုက်လေလေ၊ မိန်းမတွေက ပို၍ကြည်ညိုလာလေလေ ဖြစ်၍နေလေ၏။

တစ်ညသ၌ ... အသက်သုံးဆယ်ကျော်မိန်းမနှစ်ဦးသည် အဖော်ယောကျ်ားတစ်ဦးနှင့်အတူ ကျောင်းသခ်မ်းသို့ ရောက်၍လာလေ၏။ မိန်းမနှစ်ဦးသည် တစ်ဦးကိုတစ်ဦး မင်းကတော်ဟု ခေါ်ကြခြင်းကိုထောက်၍ မင်းကတော်များဖြစ်ကြောင်း သိရလေ၏။

ကြေးကူးဆစ်မှာမူ ထိုအချိန်က ကျောင်းပေါ်တွင် အိပ်လျက်ရှိပေသည်။ ရသေ့ကလေးသည် ထွက်ပြူကာစ လရောင်အောက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်လျက် သမာဓိကိုထူထောင်၍နေလေ၏။

မင်းကတော်နှစ်ဦးသည် အဖော် ခေါ်၍ လာသော ယောကျ်ားအား ကတ္တရာလမ်းသို့ ပြန်၍သွားပြီး စောင့်နေရန်မှာကြားလိုက်၏။ ထိုယောကျ်ားမှာ သူတို့၏အိမ်မှ ဒရိုင်ဘာတစ်ဦးဖြစ်ဟန်တူ၏။

ရသေ့ကလေးသည် သမာဓိလုပ်ငန်းမှ ထလိုက်သည့်အခါ၌ မိန်းမနှစ်ဦးကိုတွေ့လိုက်ရသဖြင့် လွန်စွာအံ့သြ၍သွားလေ၏။

"မိုးချုပ်လှပြီ၊ ခင်ဗျားတို့ဘယ်အတွက်လာခဲ့ကြတာလဲ" ဟု ရသေ့ကလေးက ထိတ်ထိတ်ပျာပျာဖြင့် မေး၏။

"ရသေ့လေးဆီ အကူအညီလာတောင်းတာပါ၊ ကျွန်မတို့ နှစ်ယောက်စလုံး ညကအိမ်မက် မက်ပါတယ်၊ ရသေ့ကလေးဆီမှာ သားဆုပန်ရင် သားသမီးရမယ်လို့ အိမ်မက် မက်ပါတယ်၊ အဲဒီအတွက် လာခဲ့တာပဲ" ဟု ဆိုလေ၏။ ရသေ့ကလေးသည် ထိုစကားကို မရိပ်မိသေးပေ။ ထို့ကြောင့် ... "သားသမီးလိုချင်တယ်ဆိုရင်တော့ ကျုပ်က ဘာမှ မလုပ်တတ်ဘူး"

"ကိစ္စမရှိပါဘူး ရသေ့ကလေး၊ ဒီကိစ္စကို ကျွန်မတို့တာဝန်ထားပါ၊ ရသေ့ကလေးရဲ့တာဝန်က သားဆုပေးဖို့ပါပဲ"

"ပေးပါတယ်ဗျာ"

ရသေ့ကလေးက ဤသို့ပြောလိုက်လျှင် . . . မင်းကတော်နှစ်ယောက် သူအရင်၊ ငါအရင် စသည်ဖြင့် ငြင်းခုံကြသေး၏။ ထိုအခါ၌ ရသေ့ကလေးက "ငြင်းမနေကြပါနဲ့၊ နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း သားဆုပေးလိုက်မယ်၊ ပြီးတော့ မြန်မြန်ပြန်ကြပါ" ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မင်းကတော်နှစ်ယောက်သည် ကလက်တက်တက်နိုင်လှသော ရယ်သံကိုပြုလျက်

တစ်ဦးက ရသေ့ကလေး၏ပေါင်ပေါ်တွင်လှဲ၍အိပ်၏။ တစ်ဦးက ရသေ့ကလေး၏ လည်တိုင်ကို ဖက်လိုက်လေ၏။ ထိုအခါကျမှပင် ရသေ့ကလေးသည် မျောက်ကဲ့သို့ဆော့သော မင်းကတော်နှစ်ဦး၏ ရည်ရွယ်ချက်ကို ရိပ်မိလေတော့သဖြင့် . . .

"ကြေးကူးဆစ် ... ကြေးကူးဆစ် ... လာပါဦး" ဟု အော်ဟစ်ကာ မိန်းမနှစ်ဦးကိုလည်း တွန်းဖယ်၍ ကျောင်းပေါ်သို့ တက်ပြေးလေတော့၏။

ကြေးကူးဆစ်သည် ကျောင်းပေါ်မှ ပြေးထွက်လာပြီးလျှင် ထိုမိန်းမနှစ်ဦးအား အော်ဟစ်မောင်းထုတ်လေတော့၏။ မိန်းမနှစ်ဦးမှာမူ ရှက်ရှက်နှင့် ငိုယိုကာ ပြန်၍သွားကြလေတော့၏။

မိန်းမနှစ်ဦး ပြန်သွားပြီးနောက် အကျိုးအကြောင်းကို ရသေ့ကလေးအား ကြေးကူးဆစ်က မေးမြန်းလေ၏။ ရသေ့ကလေးက လုံးစေ့ပတ်စေ့ပြောပြလိုက်ရာ ကြေးကူးဆစ်သည် ဟက်ဟက်ပက်ပက် ရယ်မော၍ ... "ကံကောင်းလို့ပါလား ရသေ့ကလေးရယ် မာတုဂါမတွေဟာ ကျုပ်ပြောတာထက်တောင် ပိုပြီးဆိုးနေပါလား" ဟု ဆိုလေ၏။

"ဟုတ်တယ် ကြေးကူးဆစ်"

"ဒီတော့ မာတုဂါမတွေနဲ့ ဝေးရာကိုပြေးမှ တော်မယ်ထင်တယ်၊ သူတို့ဟာ တရားဓမ္မရဲ့ အဆိပ်ဖြစ်တယ်၊ အနှောင်အဖွဲ့ဖြစ်တယ်'

"ကျုပ်ကတော့ ဒီလိုရှောင်မသွားချင်ဘူး၊ ရှောင်သွားတာဟာ အောင်မြင်တာမဟုတ်ဘူး၊ ခြပုံထဲကို သစ်သားတုံးတစ်ခုချလိုက်ရင်တော့ ခြတွေဟာ သစ်သားတုံးကို အမှုန့်ဖြစ်အောင် လုပ်ပစ်ကြလိမ့်မယ်၊ ဒါပေမဲ့ ကျောက်တုံးကိုတော့ ခြတွေဟာ ဘာမှလုပ်နိုင်ကြမှာမဟုတ်ဘူး၊ ဒီသဘောပဲ ... ကျုပ်ဟာ ရှောင်မပြေးဘဲနဲ့ကို အနိုင်ယူနိုင်အောင် ကြိုးစားနေတယ်"

ထိုအချိန်၌ ခပ်လှမ်းလှမ်းမှ "တွေ့ပြီ ... တွေ့ပြီ ... ဝိုင်းကြ" ဟူသောအသံများကို ကြားရသဖြင့် ရသေ့ကလေးနှင့် ကြေးကူးဆစ်သည် တံခါးဝသို့ထွက်၍ကြည့်ရာ "ဟိုမှာ မတွေ့ဘူးလား၊ ရသေ့လူယုတ်မာ" ဟူသော အသံတစ်သံထွက်၍လာပြီးလျှင် ကျောက်ခဲများ၊ တုတ်များ ကျလာလေတော့၏။ လူအုပ်ကြီးသည် ရသေ့ကလေး၏ ကျောင်းသခ်မ်းအား ဝိုင်းလိုက်၏။ ရာဇဝတ်အုပ်နှင့်အတူ တည်ကြည်ခံ့ညားသော လူနှစ်ယောက်ပါ ပါ၍လာလေ၏။ ရာဇဝတ်အုပ်သည် လရောင်နှင့် အတိုင်းသား မြင်နေရပါလျက် ရသေ့ကလေး၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်ပြီးလျှင် ... "အစ်မကြီး ... သူလား" ဟု လူအုပ်အတွင်းရှိ မိန်းမနှစ်ဦးကို လှမ်း၍မေးလိုက်ရာ မိန်းမနှစ်ဦးက "ဟုတ်ပါတယ်ရှင်" ဟု ငိုသံကြီးနှင့် ပြန်၍ဖြေလေ၏။ ကြေးကူးဆစ်သည် မိန်းမနှစ်ဦးကို သေသေချာချာ ကြည့်၍အံ့ဩနေပုံရ၏။

ခံ့ခံ့ညားညား လူကြီးနှစ်ဦးမှာ အကျင့်ယုတ်သော မိန်းမနှစ်ဦး၏ လင်ယောကျ်ားများဖြစ်ကြ၏။ မျောက်ကဲ့သို့ဆော့တတ်သော မိန်းမကို ယူ၍ထားသည့် နွားနှင့်တူသောယောကျ်ားများလည်းဖြစ်ကြ၏။ သို့ရာတွင် ထိုသူနှစ်ဦးသည် မင်းကြီးများ ဖြစ်ကြပေသည်။

"ကိုယ့်ကိုကြည်ညိုလို့ လျှုဒါန်းနေတဲ့မိန်းမတွေကို အချိန်မတော်မှာ လာခိုင်းပြီး လက်ဝတ်လက်စားတွေလဲ ဖြုတ်ယူသေးတယ်၊ အဓမ္မကျင့်ဖို့လဲ ကြံစည်တယ်ဆိုတော့ မလွန်လွန်းဘူးလား" ဟု ရာဇဝတ်အုပ်က မေးလေ၏။ ရသေ့ကလေးသည်မျက်လွှာချထားရာမှ ရာဇဝတ်အုပ်၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်ပြီးလျှင် ပြုံးလိုက်လေ၏။ သူ၏အပြုံးသည် လုယက်မှု၊ မုဒိမ်းမှုဖြင့် လက်ထိတ်ခတ်ခံရမည့်ဆဲဆဲ တရားခံ၏ အပြုံးမျိုးမဟုတ်ဘဲ မသိနားမလည်သောသားငယ်အား ဖခင်က ခွင့်လွှတ်၍ပြုံးလိုက်သော အပြုံးမျိုးဖြစ်၏။ အေးချမ်းသောအပြုံးမျိုးဖြစ်၏။ ကြေးကူးဆစ်သည် ရသေ့ကလေးအတွက် ကြိတ်မနိုင်ခဲမရဖြစ်ကာ ဝင်၍ ပြောသည်မှာ ... "ဒီမှာ ဟိုမိန်းမတွေ၊ သေသေချာချာနားထောင်၊ လူဆိုတာ ရှုပ်ချင်သလောက်ရှုပ်ပါ၊ ဒါပေမဲ့ မယုတ်ပါနဲ့၊ ရှုပ်လဲရှုပ်မယ်၊ ယုတ်လဲယုတ်မယ် ဆိုရင်တော့ . . . နင်တို့ ဒုက္ခတွေ့တော့မယ်"

"ဒီတရုတ်ကြီးက ဘာဝင်ရှုတ်တာလဲ၊ သူ့ကိုပါ ဖမ်းပါ"

"ဖမ်းမနေပါနဲ့၊ နှစ်ကောင်စလုံး ရိုက်သတ်လိုက်ပါ"

"သတ်ပါ ... မြန်မြန်သတ်ပစ်ပါ"

"လွှတ်ပေးလိုက်ပါ ရာဇဝတ်အုတ်မင်း၊ ကျုပ်တို့ဘာသာ လုပ်လိုက်ပါ့မယ်" ဟူသော အသံများသည် လူအုပ်အတွင်းမှ ထွက်ပေါ်လာလေတော့၏။ ထို့ကြောင့် ရာဇဝတ်အုပ်သည် ပုလိပ်နှစ်ယောက်ကိုခေါ်၍ ရသေ့ကလေးအား လက်ထိတ်ခတ်စေပြီးလျှင် ဂါတ်သို့ ခေါ်သွားလေ၏။ ဂါတ်သို့ရောက်လျှင် ဂါတ်စာရေးက လုယက်မှု၊ မုဒိမ်းမှု၊ ဆူပူစေမှု စသည့် ထောင်ဒဏ်ထိုက်သော ပုဒ်မများကိုတပ်ဆင်၍ အမှုဖွင့်လိုက်လေတော့၏။

× × × × ×

နောက်တစ်နေ့သတင်းစာများ၌မူ **"မိန်းမတွေကို လိမ်ညာပြီး ပစ္စည်းယူ၍ အဝေမှုကျင့်ကြံရန်ကြိုးစားခဲ့သော ရသေ့လိမ်တစ်ဦး ဖမ်းဆီးမိခြင်း"** ဟူသော ခေါင်းကြီးပိုင်းစာလုံးမည်းမည်းကြီးများနှင့်အတူ ဣန္ဒြေရှင် ရသေ့ကလေးပဏ္ဍောသ၏ သတင်းသည် မျက်နှာဖုံးတွင်ပါလာလေ၏။ သတင်းစာကိုဖတ်၍ မဆင်ခြင်မစဉ်းစားတတ်သောလူအချို့သည် ဂါတ်ကို လာ၍ဝိုင်းပြီးလျှင် ရသေ့ကလေးအား ထုတ်ပေးရန် တောင်းဆိုကြသေး၏။

ပဲခူးဆေးရုံမှ ဆရာဝန်ကြီးကိုယ်တိုင် ရသေ့ကလေး၏သက်နှိမ်များ၊ မင်းကတော်တို့၏ ထမီများကိုယူ၍ စစ်ဆေးသေး၏။ မတော်မတရားပြုကျင့်ရန် လုံ့လပြုထားသော လက္ခဏာများ လုံးဝမတွေ့ ဟူသော ဆရာဝန်ကြီး၏ စစ်ချက်များကြောင့် ရသေ့ကလေးအဖို့ ပုဒ်မတစ်ခု သက်သာခွင့်ရခဲ့လေ၏။

မိန်းမရှုပ်များ၏ယောကျ်ား မင်းကြီးနှစ်ဦးသည် ဂါတ်သို့လာရောက်၍ သေးသောအမှုကို ကြီးစေရန်၊ ကြီးသောအမှုကို ထောင်ကျစေရန် ရာဇဝတ်အုပ်များ၊ တိုက်ပိုင်အရာရှိများထံတွင် လာရောက်အကူအညီတောင်းကြသေး၏။ သို့ရာတွင် ထိုဂတ်မှ ပုလိပ်အရာရှိများသည် အမှန်တကယ်ပင် တရားနည်းလမ်းအတိုင်း ပြုလုပ်လိုသော ဆန္ဒကြောင့်လော၊ သို့တည်းမဟုတ် မင်းကတော်ကြီးများကို မျက်မုန်းကျိုးနေခြင်းကြောင့်လော မဆိုနိုင်ပေ။ အမှန်အတိုင်းသာ ဆောင်ရွက်မည်။ အပြစ်မရှိဘဲနှင့်တော့ အမှုဆင်ပြီးလုပ်တာမျိုး အလုပ်နိုင်ကြောင်း ခါးခါးသီးသီး ငြင်းဆိုလိုက်ကြလေ၏။

ထိုအချိန်၌ မျောက်မထားသောမိန်းမတို့၏ လင်ယောကျ်ားများ ဖြစ်ကြကုန်သော ချိုပေါက်လျက်ရှိကြသည့် မင်းကြီးနှစ်ဦးသည် အချုပ်ခန်းသံတိုင်အနီးသို့ လာရောက်၍ အချုပ်ခန်းထောင့်တွင် အိပ်ပျော်လျက်ရှိသော ရသေ့ကလေးအား ခေါ်ပေးရန် ကြေးကူးဆစ်အား ပြောလေ၏။

"ဒီမှာ အဘိုးကြီး ... ရသေ့ကို နှိုးပေးစမ်းပါ"

"ဘာလုပ်မလို့လဲ၊ ရသေ့ကို ဘာလုပ်ချင်လို့လဲ၊ အိပ်နေတယ်၊ မနှိုးနိုင်ဘူး" ဟု ခပ်ပြတ်ပြတ် ငြင်းဆိုလိုက်လေ၏။

"ဒီမှာ အဘိုးကြီး ... ကျုပ်တို့ကို ဘာကောင်တွေများ မှတ်နေသလဲ၊ မင်းကြီးတွေ . . ."

"မင်းကြီးဆိုတာ စစ်တုရင်ထိုးတဲ့ အရုပ်ထဲမှာ အညံ့ဆုံးအရုပ်ပဲ၊ အကွက်များများလဲ ရွှေ့လို့ရတာမှ မဟုတ်ဘဲ"

"နှိုးမလား ... မနှိုးဘူးလား"

"ရသေ့ကို ခင်ဗျားတို့ နှိုးလို့မရဘူး၊ ရသေ့ဆိုတာ လူ့လောကကြီးနဲ့ ကင်းလွတ်နေတာ . . . မင်းကြီးလဲ ဂရုစိုက်မှာ မဟုတ်ဘူး၊ ဘုရင်ခံ လာရင်တောင် ဂရုစိုက်မှာမဟုတ်ဘူး၊ သူ့မှာ သံယောဇဉ်မရှိတဲ့အတွက် သတ္တိရှိတယ်၊ ခင်ဗျားတို့သာ မျောက်လောက်ဆော့တတ်တဲ့ မိန်းမတွေကိုယူထားပြီး နွားသိုးလို ရှူးရှူးရှားရှားဖြစ်နေကြတာ၊ သွားကြ မင်းတို့ဟာမင်းတို့ မင်းကြီးပဲဖြစ်ဖြစ်၊ မင်းကလေးပဲဖြစ်ဖြစ်" ဟု ကြေးကူးဆစ်က မောင်းထုတ်လိုက်ရာ မင်းကြီးဆိုသူများသည် မျက်နှာများ နီမြန်း၍ ကြေးကူးဆစ်အားရိုက်နှက်ရန်အတွက် အချုပ်ခန်းစောင့်ပုလိပ်အား တံခါးကိုဖွင့်ခိုင်းလေ၏။

"မင်းတို့ရော၊ မင်းတို့ရဲ့ မျောက်မတွေရော အရှက်ကွဲတော့မယ်" ဟု ကြေးကူးဆစ်က ပြောလိုက်ခြင်းဖြစ်ပြန်၏။ ထိုအချိန်၌ပင် ရာဇဝတ်အုပ်တစ်ယောက်က –

"မင်းကြီးတို့ ကြွကြွပါဦးခင်ဗျား ... အမှုမှာ အရေးကြီးတဲ့ သက်သေရောက်လာပါပြီ" ဟု ခေါ်လေ၏။ မင်းကြီးနှစ်ဦးလည်း ရာဇဝတ်အုပ်နှင့်အတူ လိုက်ပါ၍ သွားလေ၏။ ဂါတ်စာရေး၏ ရှေ့တွင် သက်သေတစ်ဦး ထိုင်၍နေ၏။ ထိုသက်သေမှာ မင်းကတော်တို့ ရသေ့ကျောင်းသို့သွားရာတွင် ခေါ်၍သွားသော ယောကျ်ားတစ်ဦးဖြစ်လေ၏။

"ကဲ ... ခင်ဗျား မြင်သရွေ့၊ တွေ့သရွေ့၊ သိသရွေ့ကို မှန်မှန်ကန်ကန်ထွက်ပါ၊ ဒီအမှုမှာ ခင်ဗျားဟာ အရေးကြီးတဲ့သက်သေဖြစ်တယ်" ဟူ၍ ရာဇဝတ်အုပ်က ပြောလိုက်၏။ သက်သေကလည်း ခေါင်းညိတ်၍ ပြလိုက်၏။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"နောက်တိုးပါ"

"ဘာလုပ်သလဲ"

"ဟောဒီ မင်းကြီးအိမ်မှာ ဒရိုင်ဘာလုပ်ပါတယ်"

"ဦးမောင်မောင်အိမ်မှာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မနေ့ညက ၇ နာရီ ထိုးခါနီးလောက်မှာ ဘယ်ကိုသွားသလဲ"

"မင်းကြီး ဦးမောင်မောင်ကတော် ဒေါ်ခင်တင့်နဲ့ မင်းကြီး ဦးသိန်းကျော်ကတော် ဒေါ်ခင်ခင်တို့ကို ဘုရားကြီးသွားတဲ့ လမ်းအထိ ကားမောင်းပို့ရပါတယ်၊ ကတ္တရာလမ်းမှာ ကားရပ်ထားပြီး ရသေ့ကျောင်းထိ ခြေကျင်လိုက်ပို့ရပါတယ်"

"ကောင်းပြီ၊ လမ်းမှာ မင်းကတော်နှစ်ဦး ဘာပြောလာသလဲ"

"သူတို့အချင်းချင်း ကလေးအကြောင်း ပြောလာကြပါတယ်၊ ပြီးတော့ ရသေ့ကလေး ချောမောလှပကြောင်းကိုလဲ ပြောလာကြပါတယ်"

"မသင်္ကာစကား ဘာကြားရသလဲ"

"မကြားရပါဘူး ... တစ်ချို့စကားတွေကို အင်္ဂလိပ်လို ပြောကြပါတယ်"

"ကောင်းပြီ ... ရသေ့ကျောင်း ရောက်တော့ ရသေ့ဘာလုပ်နေသလဲ"

"ရသေ့ တရားအားထုတ်နေပါတယ်"

"ခင်ဗျားကို ဘယ်သူက ပြန်သွားလို့ ပြောသလဲ"

"ဒေါ်ခင်တင့်က ပြောပါတယ်"

"ဒါနဲ့ ခင်ဗျားက ပြန်လာခဲ့ရောလား"

"မပြန်ပါဘူး၊ ပြန်ချင်ယောင်ဆောင်ပြီး နောက်ဘက်က ကွေ့ပြီး သူတို့ ဘာလုပ်မလဲလို့ ချောင်းပါတယ်"

"ဘာတွေ့လဲ"

"ရသေ့ကလေး တရားထိုင်ပြီးတဲ့အခါမှာ မင်းကတော်နှစ်ဦးဟာ သားဆုပန်ပါတယ်၊ ပြီးတော့ မင်းကတော်နှစ်ဦးဟာ ရသေ့ကလေးကို ဖက်လားရမ်းလားနဲ့ မတော်မတရား ... "

"ဖြန်း"

ဒရိုင်ဘာ နောက်တိုး၏ စကားမဆုံးမီ၌ပင် ... မင်းကြီးဦးမောင်မောင်သည် နောက်တိုး၏ပါးကို ဖြန်းကနဲနေအောင် ရိုက်လိုက်လေ၏။ ထိုအခါ၌ ... သက်သေထွက်ချက်ကို စိတ်ဝင်စားစွာနားထောင်လျက်ရှိသည့် အရပ်အမောင်းကောင်း၍ ဉပတိရုပ်သန့်ပြန့်သော လူဆိုးထိန်းတစ်ဦးက ဦးမောင်မောင်၏ မေးစေ့အား လက်သီးဖြင့် ခွပ်ကနဲနေအောင် ထိုး၍ချလိုက်ရာ ဦးမောင်မောင်သည် အောက်သို့ လဲကျသွားလေ၏။ ထိုလူဆိုးထိန်းက ဆက်၍ . . .

"ကျုပ်တို့ ဝတ္တရားအတိုင်း သက်သေကို ခေါ်မေးတယ်၊ မျက်မြင်သက်သေ နောက်တိုးကလည်း ဉပဒေကို လေးလေးစားစားနဲ့ သက်သေခံနေတာကို ခင်ဗျားက ငါမင်းကြီးပဲဆိုပြီး ဒီလို ရိုက်လားနှက်လားလုပ်တဲ့အတွက် ပထမဆုံးအကြိမ် သတိပေးလိုက်တဲ့ လက်သီးပဲ မင်းကြီး၊ တကယ်တော့ ရသေ့ရုပ်တာမဟုတ်ဘူး၊ ခင်ဗျားတို့ရုပ်တာ၊ ဟောဒီမှာ ခင်ဗျားနဲ့ ခင်ဗျားလက်အောက်က စာရေးကလေးမိန်းမနဲ့ ရှုပ်နေတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ ဟောဒီမှာက ခင်ဗျားမိန်းမ . . . နောက်တိုးအရင်က ဒရိုင်ဘာနဲ့ ရှုပ်နေကြတဲ့ဓာတ်ပုံတွေ၊ ဦးကျော်သိန်းတို့ရဲ့ ဇာတ်ရှုပ်တွေလဲ ဓာတ်ပုံနဲ့တကွရထားပြီးပြီ၊ ဒီတော့ အမှုကို ပြန်ပြီးပိတ်မလား၊ ရုံးတော်မှာ အရှက်ကွဲခံမလား၊ ခင်ဗျားတို့ စဉ်းစားပါ" ဟု ဆိုလေ၏။ မင်းကြီးဆိုသူနှစ်ဦးသည် မျက်နှာ၌ သွေးမရှိတော့ပေ။ ထောင်ချောက်တွင်မိသော ကြက်များကဲ့သို့ ပျာယီးပျာယာ ဖြစ်ကုန်ကြလေ၏။

နောက်ဆုံးတွင် အမှုပိတ်၍ ပေးပါမည်ဟု ဝန်ခံလိုက်ကြပြီးနောက် ... မင်းကတော်များကို တယ်လီဖုန်းဖြင့် ခေါ်ယူကြရလေတော့၏။ လူဆိုးထိန်းသည် အချုပ်ခန်းသော့ကိုယူ၍ ရသေ့ကလေးနှင့် ကြေးကူးဆစ်အား တံခါးဖွင့်၍ ထုတ်လိုက်လေတော့၏။

များမကြာမီအချိန်၌ပင် မင်းကတော်နှစ်ဦး ရောက်၍လာကြလေ၏။ မင်းကတော် ဒေါ်ခင်တင့်က ရာဇဝတ်အုပ်အား "မောနင်း" ဟူ၍ပင် နှုတ်ဆက်လိုက်လေ၏။အလိုက်သိသော ရာဇဝတ်အုပ်က – "အစ်မကြီးတို့ ဒီနေရာမှာ လက်မှတ်ထိုးပါ" ဟု ပြောလိုက်၏။

"ဘာအတွက်လဲ"

"အမှုပိတ်ဖို့ပါ"

"ဟင် ... ဘာဖြစ်လို့ပိတ်ရမှာလဲ၊ ဒီလူယုတ်မာရသေ့ကို ထောင်ချပစ်ရမယ်၊ ဘာဖြစ်လို့ပိတ်ရမှာလဲ၊ ကိုကို ... အတင့်တို့ကို မတော်မတရားကြံတာတောင် အမှုပိတ်ပြီး လွှတ်ပစ်လိုက်တော့မှာလား၊ ကိုယ့်မယားကို စော်ကားတာတောင် ကြည်ဖြူရအောင် ကိုကိုက

ဘာမို့လို့လဲ၊ တင့် အမှုမပိတ်နိုင်ဘူး” ဟု ပြောလိုက်ရာ မင်းကြီးဦးမောင်မောင်သည် ရုက်လွန်းမကရုက်၍ လာသည့်အခါ၌ ခါးကြားတွင် ခါးပတ်ဖြင့် ချည်၍လာသော ခြောက်လုံးပြူးအားဆွဲထုတ်ပြီး သူ၏ဇနီးအားပစ်ချလိုက်လေတော့၏။

ထိုအချိန်၌ အချုပ်ခန်းမှထွက်၍လာသော ကြေးကူးဆစ်နှင့် ရသေ့ကလေးတို့သည် အပြင်သို့ထွက်ရန်အတွက် မင်းကြီးကတော် ဒေါ်ခင်တင့်အနီးသို့ ရောက်၍လာကြရာ မင်းကြီးသည်ရသေ့ကလေးကိုပါ ပစ်ရန်အတွက် ချိန်ရွယ်လိုက်သည်ကို မြင်လိုက်ရသော ကြေးကူးဆစ်သည် ရသေ့ကလေးအား တွန်းလှဲပစ်လိုက်ရာ ရသေ့ကလေးသည် သေဘေးမှ သီသီကလေး လွတ်သွားသော်လည်း ကြေးကူးဆစ်ကိုမူ လည်ပင်းမှဖောက်၍ ထိမှန်လေတော့၏။

ထို့နောက်ဦးမောင်မောင်သည် သေနတ်ပြောင်းဝကို ပါးစပ်ဖြင့်ငုံကာ မောင်းဖြုတ်ချလိုက်လေတော့၏။

× × × × ×

နောက်တစ်နေ့တွင် ပဲခူးဆေးရုံကြီးရင်ခွဲရုံအနီး၌ ရသေ့ကလေးသည် ကြေးကူးဆစ်အလောင်းကို ယူရန်အတွက် စောင့်ဆိုင်းလျက် ရှိလေ၏။ နေ့လယ်တစ်ချက်ထိုးခန့်တွင် ဆေးရုံအလုပ်သမားများထံမှ ကြေးကူးဆစ်၏ အလောင်းကို ရရှိခဲ့သဖြင့် ဆေးရုံမှ လူသေတင်လှည်းကို ခေတ္တငှားယူကာ မိမိဘာသာ တစ်ဦးတည်း တွန်း၍လာလေ၏။ ကျောင်းသင်္ချိုင်းသို့ ရောက်လျှင် သမာဓိအလုပ်ကိုလုပ်ခဲ့သော သပြေပင်ရင်းရှိ မြေပြောင်ပြောင်ကလေးတွင် နက်စွာသောကျင်းကို တူး၍ ကြေးကူးဆစ်၏အလောင်းအား မြှုပ်နှံရလေ၏။ မမြှုပ်နှံမီ၌ ကြေးကူးဆစ်၏ အင်္ကျီအိတ်အတွင်းသို့ ရှာဖွေရာ ပိုးအဖြူစကလေးပေါ်၌ တရုတ်မင်အနက်ဖြင့် ရေးထားသော အောက်ပါစာကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရလေ၏။

> **ကျင်းကို အနက်ကြီးမတူးပါနဲ့။ ပင်ပန်းပါတယ်။ ကျုပ်အတွက် စိတ်မကောင်းလဲ မဖြစ်ပါနဲ့။ သေတယ်ဆိုတာ အသက်ရှင်နေခြင်းရဲ့ လုပ်ငန်းတာဝန်ပြီးဆုံးကြောင်းကို ဖော်ပြခြင်းပဲဖြစ်တယ်။ အမြန်ဆုံး ဒီနေရာက ထွက်သွားပါ။**
>
> **ကြေးကူးဆစ်**

မည်သည့်အချိန်က မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးသားထားသည်မသိပေ။ ပိုးစဖြူကလေးမှာ ဝါ၍ပင် နေပေပြီ။ ရသေ့ကလေးသည် မြေမဖို့မီ ကြေးကူးဆစ်၏မျက်နှာကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လိုက်၏။ ကြေးကူးဆစ်သည် နှစ်လိုဖွယ်ရာ ပြုံးနေသည်ဟု ထင်မှတ်ရလေတော့၏။

မြေများဖို့ပစ်လိုက်ပြီးနောက် ... ရသေ့ကလေးသည် ဆိုင်းထမ်း၊ ထမ်းပိုးနှင့် ကြေးစည်ကိုလည်းကောင်း၊ ရေနံဆီမှန်အိမ်နှင့် တောင်ဝှေးကြီးကိုလည်းကောင်း ယူကာ . . .

“သွားတော့မယ် ... ကြေးကူးဆစ်” ဟု ရင်တွင်းမှ နှုတ်ဆက်ကာ ထိုကျောင်းသင်္ချိုင်းကလေးအား အပြီးအပိုင် စွန့်ခွာ၍သွားလေတော့၏။

✧✧✧✧✧

## ပုဏ္ဏားဘကွန်း ငရဲပြည်ရောက်ခြင်း

တစ်နေ့သ၌ လွန်စွာခံ့ညားလှပသော မော်တော်ကားကြီးတစ်စီးသည် ယခင်က ပုဏ္ဏားဘကွန်းနေခဲ့သော ခြံကြီးရှေ့၌ ထိုး၍ ရပ်လိုက်၏။ ဒရိုင်ဘာသည် ကားပေါ်မှ ကပျာကယာဆင်း၍ ကားနောက်တွင် အခန့်သားထိုင်၍လာသော သူဌေးကြီးအား တံခါးဖွင့်၍ ပေးလိုက်ရာ သူဌေးကြီးသည် ကားပေါ်မှဆင်းပြီး ခြံတံခါးဆီသို့ တည်ငြိမ်ခံ့ညားသော ခြေလှမ်းတို့ဖြင့် လျှောက်၍ သွားလေ၏။ ခြံတံခါးသို့ရောက်လျှင် ခြံတံခါးအုတ်တိုင်အား ကြည့်လိုက်၏။ သူကြည့်လိုက်သောနေရာမှာ တစ်ခါက "သူဌေးကြီး ပုဏ္ဏားဘကွန်း" ဟူသော စာကို ချိတ်ဆွဲထားသောနေရာပင်ဖြစ်၏။

သူဌေးကြီးသည် တံခါးပေါ်တွင် တွဲလောင်းကျလျက်ရှိသည့် ခေါင်းလောင်းကြိုးကလေးအား ဆွဲလိုက်ရာ ခြံတွင်းရှိတိုက်အိမ်ကြီးမှ မိန်းကလေးတစ်ဦး ပြေး၍ထွက်လာပြီး . . .

"ဘာကိစ္စပါလဲရှင်" ဟုမေးလေ၏။

"တံခါးဖွင့်စမ်းပါ" ဟု ဆိုလိုက်သဖြင့် မိန်းကလေးလည်း ဘုမသိဘမသိနှင့်ပင် တံခါးဖွင့်ပေးလိုက်လေ၏။ စီးလာသောကားနှင့် သူဌေးကြီး၏ ဥပတိရုပ်သည်လည်းကောင်း၊ ဝတ်စားလာသော အဖိုးတန် အဝတ်အစားများသည်လည်းကောင်း "ဖွင့်ပေးသင့်သောသူ" တစ်ယောက်ဟု မိန်းကလေးက နားလည်၍ သွား၏။ သူဌေးကြီးသည် ကွန်ကရစ်လမ်းကလေးအတိုင်း လျှောက်သွားပြီးနောက် ကြီးမားသော တိုက်အိမ်ကြီးအတွင်းရှိ ဧည့်ခန်းအတွင်းသို့ဝင်ရောက်၍ ထိုင်လိုက်လျှင် အဘိုးကြီးတစ်ဦးက အနီးရှိဆိုဖာပေါ်၌ လာ၍ထိုင်ကာ . .

"လာရင်းကိစ္စကလေး တစ်ဆိတ်လောက် အမိန့်ရှိပါ၊ ကျုပ်က ဦးဘသိုက်ပါပဲ" ဟု ဆိုလေ၏။

"ကျုပ်က ပုဏ္ဏားဘကွန်းပါ၊ သူဌေးကြီး ပုဏ္ဏားဘကွန်းနဲ့ တွေ့ချင်လို့ပါ"

"ဘာ ... ဘာ ... ဘာဗျ ... ခင်ဗျားပြောတာ ကျုပ်ဖြင့် နားမလည်ဘူး"

"ကျုပ်က ပုဏ္ဏားဘကွန်းပါ၊ ဒီအိမ်က သူဌေးကြီး ပုဏ္ဏားဘကွန်းနဲ့တွေ့ချင်လို့ပါလို့ ပြောတာပါ"

"အဲဒါကြောင့် နားမလည်ဘူးလို့ ပြောတာပေါ့၊ ပုဏ္ဏားဘကွန်းက ပုဏ္ဏားဘကွန်းကို တွေ့ချင်တယ်ဆိုတာ ကျုပ်ဖြင့် နားကိုရှုပ်သွားတာပဲ၊ သူဌေးကြီးပုဏ္ဏားဘကွန်းကိုတော့ ကျုပ်ကောင်းကောင်းသိပါတယ်၊ ခင်ဗျားက ဘယ်သူလဲ"

"ပုဏ္ဏားဘကွန်းပါ"

ထိုသူနှစ်ဦးသည် စကားနှစ်လုံးတည်းနှင့်ပင် ချာလပတ်လည်၍ နေကြလေ၏။ နောက်ဆုံး၌ မော်တော်ကားကြီးနှင့် ရောက်လာပြီး မိမိကိုယ်ကို "ပုဏ္ဏားဘကွန်းပါ" ဟု ဆိုသူက စိတ်ရှည်လက်ရှည်ဖြင့် ဤခြံ၌နေထိုင်သော သူဌေးကြီး ပုဏ္ဏားဘကွန်း၏ ဧည့်ခံပွဲအတွက် ကုလီအဖြစ်နှင့် ရောက်ခဲ့ပုံ၊ သူဌေးကြီး ပုဏ္ဏားဘကွန်းက သူ၏ ဆင်းဆင်းရဲရဲဘဝမှ ကြိုးစားခဲ့သဖြင့် သူဌေးကြီးဖြစ်ခဲ့ရပုံတို့ကို ပြောပြခဲ့ရာတွင် သူဌေးကြီးပုဏ္ဏားဘကွန်းကို အားကျ၍ ကုလီပုဏ္ဏားဘကွန်းသည် ငါးနှစ်အတွင်း ကြိုးစားခဲ့ရာ . . . ယခုအခါ၌ သိန်းပေါင်းများစွာချမ်းသာသော သူဌေးကြီးတစ်ဦးဖြစ်လာခဲ့ပုံတို့ကို ရှင်းပြသည့်အခါမှပင် တိုက်ရှင်အဘိုးကြီး ဦးဘသိုက်သည် ကောင်းစွာသဘောပေါက်၍ သွားလေ၏။

"သြော် ... ဒီလိုလား၊ ခင်ဗျားက ကုလီ ပုဏ္ဏားဘကွန်း၊ သူဌေးပုဏ္ဏားဘကွန်းကို အားကျပြီး ကြိုးစားလိုက်တာ အခုတော့ ခင်ဗျားလဲ သူဌေးကြီး ပုဏ္ဏားဘကွန်းရယ်လို့ ဖြစ်လာပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ... ဟိုက မူလလက်ဟောင်း ပုဏ္ဏားဘကွန်း၊ ခင်ဗျားက ပုဏ္ဏားဘကွန်းလက်သစ်ပေါ့"

"ဟုတ်ပါတယ်ခင်ဗျ ... အဲဒါ လာတဲ့ကိစ္စကတော့ ဦးစောစောက ပြောခဲ့တဲ့ မူလလက်ဟောင်း ပုဏ္ဏားဘကွန်းကြီးကို တွေ့ချင်လို့ပါပဲ"

"အင်း ... ခင်ဗျား မေးမှ ပြောရဦးမယ်၊ ဒီလူက သိပ်ပြီးထူးဆန်းတာပဲ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ပုဏ္ဏားဘကွန်းဟာ ရန်ကုန်ကို သူရောက်တာ ခုနစ်နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ် ဆိုပြီး ဧည့်ခံပွဲတစ်ခုလုပ်တယ်ဗျ"

"အဲဒီဧည့်ခံပွဲမှာ ကျွေးမွေးဖို့သားငါးတွေကို ကျွန်တော်က ကူလီအဖြစ်နဲ့ ထမ်းပြီးပို့ ခဲ့ရသေးတာပေါ့ ဦးရဲ့"

"အင်း ... အဲဒီဧည့်ခံပွဲလုပ်ပြီးနောက်တစ်နေ့မှာပဲ သူပိုင်ပစ္စည်းမှန်သမျှကို အကုန်လုံး လှူပစ်လိုက်တယ်၊ ဒီအိမ်ကိုလဲ ကျုပ်ကို ပြန်ရောင်းတယ်။ ရောင်းလို့ရတဲ့ငွေကိုလဲ သူက ကိုင်တောင်မကြည့်ဘူး၊ အမျိုးသမီးကယ်ဆယ်ရေးက အုပ်ချုပ်ရေးမှူးကိုခေါ်ပြီး လှူပစ်လိုက်တယ်၊ အဲဒီညမှာပဲ မှန်အိမ်စုတ်တစ်လုံးရယ်၊ တုတ်တစ်ချောင်းရယ်၊ လွယ်အိတ်တစ်လုံးရယ်ကို ယူပြီး အိမ်ကထွက်သွားတာပဲလို့ သိရတယ်ကိုရင်ရေ၊ ဒီနောက်တော့ ဘာသတင်းမှ မကြားမိပါဘူး၊ ဒီကြားထဲမှာ စစ်ကြီးကလဲ ဖြစ်လိုက်သေးတော့ သေသလား ရှင်သလားတောင် မသိတော့ပါဘူး ကိုဘကွန်းရယ် ... လူကတော့ လူထူးပဲဗျ၊ လုပ်မယ်လို့ ဆုံးဖြတ်လိုက်တာကိုတော့ ဖြစ်အောင်လုပ်တတ်တဲ့လူပဲ"

"ဒါနဲ့ နေပါဦး ဦးရယ် ... သူနဲ့အတူ ကိုရင်ကြီးတစ်ပါးကော ပါသွားသေးလား"

"ဩော် ... သူ့ဆရာ ကိုရင်ကြီးလား၊ မပါဘူး ကိုဘကွန်းရဲ့ . . .၊ သူတစ်ယောက်တည်းသွားတာ"

ပုဏ္ဏားဘကွန်းလက်သစ်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစား၍နေလေ၏။ ထို့နောက် – ဦးရယ် ဒီခြံနဲ့တိုက်ကို ကွန်တော့်ကိုရောင်းပါ"

"ဟာ ... ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဦးကြိုက်တဲ့ဈေးကို တောင်းပါ၊ ကျွန်တော်မဆစ်ပါဘူး"

ခြံရှင်အဘိုးကြီး ဦးဘသိုက်သည် ဦးကြိုက်တဲ့ဈေးကိုတောင်းပါဟု ဆိုသောစကားဖြင့် အရည်ပျော်၍သွားပုံရ၏။

"ထူးတော့ ထူးဆန်းတယ်ဗျာ၊ ပုဏ္ဏားဘကွန်းဆိုတဲ့ လူနှစ်ယောက်စလုံးဟာ ကျုပ်ရဲ့ ခြံနဲ့တိုက်ကို တယ်လဲ မျက်စိကျတာကိုး၊ မူလလက်ဟောင်း ပုဏ္ဏားဘကွန်းလဲ ဒီလိုပဲ၊ ဒီအိမ်ကို နှစ်ခါတောင် ဝယ်ရရှာတာ၊ ရလဲပြီးရော သူလဲ မနေတော့ဘူး၊ အခုတစ်ခါ ခင်ဗျားက လာပြီးဝယ်ပြန်ပြီ"

"ကျွန်တော်ကတော့ မူလလက်ဟောင်း ပုဏ္ဏားဘကွန်းကြီးနေသွားတဲ့အိမ်မို့ ဝယ်တာပါ၊ ဦးရောင်းနိုင်တဲ့ဈေးပြောပါ"

"ကျုပ်ကတော့ ကိုးသောင်းလောက်ရမှ ရောင်းနိုင်မယ်၊ အခုခေတ်က ငွေတန်ဖိုးကလဲ ဘာမှရှိတာ မဟုတ်ဘဲ"

"ကိုးသောင်း ဟုတ်လား၊ အခုပဲ စာချုပ်လိုက်ချင်တယ် ဦး"

ဤသို့လျှင် ပုဏ္ဏားဘကွန်းလက်သစ်သည် ဦးဘသိုက်ထံမှ ခြံနှင့်တိုက်ကို မရမက ဝယ်ယူခဲ့ပြီးနောက် ထိုတိုက်၌ပင် နေထိုင်လေ၏။ ခြံအဝင်အုတ်တိုင်၌ ယခင် ပုဏ္ဏားဘကွန်းကြီး၏ ဆိုင်းဘုတ်ချိတ်ဆွဲခဲ့သည့်နေရာ၌ပင် . . .

**"သူဌေးကြီး ပုဏ္ဏားဘကွန်း"** ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားလေ၏။ ထို့နောက် ပုဏ္ဏားဘကွန်း လက်သစ်သည် မြို့အသီးသီးသို့ လူယုံများစေလွှတ်ကာ မူလပုဏ္ဏားဘကွန်း၏ ပုံပန်းသဏ္ဌာန်ကို ပြောပြ၍ ရှာဖွေစေလွှတ်ခဲ့လေ၏။

ပုဏ္ဏားဘကွန်း လက်သစ်သည် ထိုခြံကြီး၌နေထိုင်သောကာလမှာ "အမေရိကန်လက်ထောက်" ဟု အများခေါ်လေ့ရှိသော ကက်စဘီခေတ်ပင် ဖြစ်ပေသည်။ ပုဏ္ဏားဘကွန်းလက်သစ်သည် သတင်းစာများမှလည်း မူလလက်ဟောင်း ပုဏ္ဏားဘကွန်းကြီးအား ကြော်ငြာ၍ ခေါ်ယူလေ၏။ ဤသို့နှင့်ပင် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရခဲ့လေ၏။

× × × × ×

လွတ်လပ်ရေးရကာစ၌ တိုင်းပြည်သည်လည်း ဟိုနေရာဒီနေရာ၌ မငြိမ်မသက်ဖြစ်လျက်ရှိပေသည်။ ပုဏ္ဏားဘကွန်းလက်သစ်သည် တပည့်များအား တစ်နှစ်တိတိရှာဖွေရန် စရိတ်စက အကုန်အကျခံလျက် မူလလက်ဟောင်း

ဘကွန်းကြီးအား စုံစမ်းခိုင်းသော်လည်း လူကိုတွေ့ရန် မဆိုထားဘိ သဲလွန်စကိုမျှ မတွေ့ရသဖြင့် မကျေမနပ်ဖြစ်၍ ကိုယ်တိုင်ရှာဖွေမှ ဖြစ်တော့မည်ဟု သဘောပိုက်ကာ သူကိုယ်တိုင် ရှာဖွေလေ၏။

သန်လျင်တွင် မူလဘကွန်းကြီး၏ချစ်သူ တင်တင်ဆိုသည့် မိန်းကလေး နေထိုင်ကြောင်းကို မူလဘကွန်းက သူ၏အတ္ထုပ္ပတ္တိပြောပြစဉ်က သိရှိထားသည်ဖြစ်ရာ ... သန်လျင်မြို့သို့ ဦးစွာသွားရောက်ခဲ့လေသည်။

သန်လျင်သို့ နံနက်စောစော သင်္ဘောပတ်ဖြင့် လိုက်ပါလာခဲ့ရာ သန်လျင်ဆိပ်သို့ရောက်လျင် ဆိပ်ကမ်းနှင့် ကပ်လျက်၌ပင် မြင်းလှည်းများကို တွေ့ရလေ၏။ ဘကွန်းလက်သစ်သည် မြင်းလှည်းတစ်စီးပေါ်သို့ တက်လိုက်ရာ မြင်းလှည်းသမားလည်း မြင်းကို "ဟဲ့" ဟု ငေါက်၍ ဇက်ကြိုးကိုခါလိုက်ရာ မြင်းလှည်းစတင်ထွက်ခွာလေ၏။ ထိုအခါ၌ မြင်းလှည်းသမားက . . .

"ဘယ်ကိုသွားမလဲ ဆရာ"

"ဘယ်ကို သွားရမှန်း မသိဘူး"

"ဒါဖြင့် ကျုပ်က ဘယ်ကိုမောင်းရမှာလဲ"

"ဒီလမ်းအတိုင်းမောင်းဗျာ" ဟု ဘကွန်းက ပြောလိုက်ရာ မြင်းလှည်းဆရာလည်း လမ်းအတိုင်း (ယခု ဗိုလ်ချုပ်နေဝင်းလမ်း) မောင်းနှင်လေ၏။ မြင်းလှည်းသမားသည် မြင်းလှည်းမောင်း လွန်စွာကျွမ်းကျင်ပေသည်။ လမ်းရှုပ်နေသည့်အခါ၌ ကြာပွတ်ကို လှည်းဘီးဒေါက်များ၌ ကပ်လိုက်ရာ . . . တောက် တောက် တောက် ဟူသောအသံသည် အဆက်မပြတ်ဖြစ်လေ၏။ ထိုအခါ၌ လမ်းသည် ရှင်း၍သွားတတ်လေ၏။

အရောင်အတိမ်းလည်း လွန်စွာကျွမ်းကျင်ပေ၏။ မြင်းကိုလည်း "သမီး .. ပြေးပါတော့လား၊ သမီး ..နားတော့" စသည့်ဖြင့် ချော့၍ညာခိုင်းတတ်လေ၏။ လမ်းအတိုင်းမောင်းနှင်လာရာ မြင်းသည် အတော်ကလေး မော၍နေပြီဖြစ်၏။ ထိုအခါ မြင်းလှည်းသမားသည် . . .

"ဘယ်ကိုသွားမှာလည်းဆရာ၊ မြင်းလဲ မောနေပြီဗျ"

"လာလမ်းအတိုင်း ပြန်ကွေ့ပြီးမောင်းဗျာ"

"နေစမ်းပါဦး ... ခင်ဗျားဥစ္စာက ကိုယ်သွားမယ့်ခရီးကို ကိုယ့်ဘာသာကိုယ် မသိပါလား၊ ဘယ်ကိုသွားချင်တာလဲ"

"သွားချင်တာမဟုတ်ဘူး . . ရှာချင်တာဗျ"

"ဘယ်သူ့ကို ရှာချင်တာလဲ"

"ပြောရမှာက ကျုပ်လည်း လုံးစေ့ပတ်စေ့သိတာ မဟုတ်ဘူး၊ နားစွန်နားဖျားနဲ့ရှာရမှာ"

"ပြောပါလေ . . . ကျုပ်လည်း ဝိုင်းရှာပေးပါ့မယ်"

"တင်တင်လို့ခေါ်တဲ့ မိန်းမတစ်ယောက် လွန်ခဲ့တဲ့ခုနစ်နှစ်လောက်အထိတော့ ကုန်စုံဆိုင်ဖွင့်ထားတယ်၊ သားအမိနှစ်ယောက်တည်း နေကြတယ်"

"အင်း ... ဆရာဟာကလဲ အဂ္ဂိရတ်စာကို အဓိပ္ပာယ်ပြန်ရသလိုပါပဲကလားဗျာ၊ ဆိုစမ်းပါဦး"

"ဒီထက် နည်းနည်းပိုပြီး ပြောနိုင်တာကတော့ အဲဒီတင်တင် ဆိုတဲ့ မိန်းကလေးဟာ လူလိမ်တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်"

"ဟိုက်" မြင်းလှည်းသမားက ဟိုက်ခနဲ ယောင်ယမ်း၍ အော်လိုက်လေ၏။ ထို့နောက် ဆက်၍ . . .

"တင်တင့်ကို ရှာတာလား"

"တင်တင့်ကို ရှာတာမဟုတ်ဘူး၊ တင်တင်နဲ့ ပတ်သက်ဖူးတဲ့ ပုဏ္ဏားဘကွန်း ဆိုတဲ့လူကို ရှာတာ"

"ဘာပြောတယ် . . .ပုဏ္ဏားဘကွန်း ... ဟုတ်လား၊ ခင်ဗျားဘယ်သူလဲ"

"ကျုပ်လဲ ပုဏ္ဏားဘကွန်းပဲ"

"ဩော် ... သိပြီ သိပြီ၊ ကုလီ ပုဏ္ဏားဘကွန်းကိုကွ၊ ငါ့ကို မမှတ်မိတော့ဘူးလား ... ဟား ...ဟား" ဟု ခြောက်ကပ်ကပ်နိုင်လှသော ရယ်သံကြီးကို ကြားရမှပင် ဘကွန်းလက်သစ်သည် ကိုရင်ကြီးကို ကောင်းစွာမှတ်မိသွားလေ၏။

"ကိုရင်ကြီး ... တပည့်တော်ကို မှတ်မိတယ်လား"

"မင်းကလဲ လုပ်ပြီ၊ ကိုရင်ကြီး မဟုတ်တော့ဘူးကွ၊ ဦးအုန်းမြင့် ဖြစ်နေပြီ" ဟုဆိုကာ ကိုရင်ကြီးသည် ဆောင်းထားသော ဝါးဖတ်ခမောက်ကိုချွတ်၍ ပြလေ၏။

"နေစမ်းပါဦး ကုလီဘကွန်းရဲ့ ... မင်းက ပုဏ္ဏားဘကွန်းကို ဘာကိစ္စနဲ့ လိုက်ရှာနေတာလဲ"

"ကိုရင်ကြီး မမှတ်မိတော့ဘူးလား၊ ကိုရင်ကြီးနဲ့ သူဌေးကြီးပုဏ္ဏားဘကွန်းတို့နှစ်ယောက်က သူဌေးကြီး ပုဏ္ဏားဘကွန်းဖြစ်လာရပုံအကြောင်းကို ပြောပြတာလေ။ ပြီးတော့ သူဌေးကြီးပုဏ္ဏားဘကွန်းက ကျွန်တော်ကို ငွေတစ်ထောင်တောင်မှပေးတယ်၊ ကျွန်တော်က မယူဘဲ သူဌေးကြီးဖြစ်အောင်လုပ်မယ်ဆိုပြီး ထွက်သွားခဲ့တာလေ"

"အေး ... မှတ်မိပြီ ကုလီဘကွန်းရဲ့"

"အဲဒါ အခု ကျွန်တော် သူဌေးကြီးဖြစ်လာလို့ ကျွန်တော့်ဆရာ ပုဏ္ဏားဘကွန်းကို ကျေးဇူးဆပ်ချင်လွန်းလို့ လိုက်ပြီးရှာနေတာပါ"

"အေး ... မင်းပြောမှ ငါ့တပည့်ကြီးကို သတိရတယ်ကွာ၊ လွမ်းလဲ သိပ်လွမ်းတာပဲကွာ၊ အေးအေးဆေးဆေးပြောရအောင် အိမ်ကိုလိုက်ခဲ့ဦး" ဟု ဆိုကာ မြင်းလှည်းသမား ဦးအုန်းမြင့် ခေါ် ကိုရင်ကြီးသည် သူ့အိမ်ရှိရာသို့ မောင်းနှင်၍လာခဲ့လေ၏။

သချိုင်းကုန်းတစ်ခုအနီးသို့ရောက်လျှင် မြင်းလှည်းကိုရပ်၍ ကိုရင်ကြီးက ဆင်းလိုက်လေ၏။ ဘကွန်းသည် မည်သို့ဆက်၍လုပ်ရမှန်းမသိသဖြင့် မြင်းလှည်းပေါ်၌ပင် ထိုင်၍နေရာ ကိုရင်ကြီးက "ဟေ့ ... ကုလီဘကွန်း၊ ဆင်းလေကွာ" ဟု ခပ်ငေါက်ငေါက်ကလေး အော်လိုက်မှပင ဘကွန်းသည် လှည်းပေါ်မှ ခပ်သုတ်သုတ်ဆင်း၍ ကိုရင်ကြီးနှင့်အတူလိုက်ပါ၍ သွားလေ၏။ မြေပုံအချို့နှင့် အုတ်ဂူအချို့ကို ကွေ့ပတ်၍ လျှောက်ပြီးနောက် "ဟောဟိုဂူဟာ တင်တင့်ဂူပေါ့ကွာ၊ ငါ့တပည့်ကြီး ဘကွန်းမြတ်နိုးရှာတဲ့ တင်တင်ပေါ့" ဟု ဝမ်းနည်းသံကြီးဖြင့်ပြောလေ၏။

"ဘယ်လိုဖြစ်တာလဲ ကိုရင်ကြီးရယ်၊ သနားစရာပါလား"

"အဲဒီ သနားတဲ့စိတ်နဲ့သေတာပေါ့ကွာ၊ ပုဏ္ဏားဘကွန်းတစ်ယောက် တင်တင်နဲ့တွေ့ပြီးနောက်တစ်နေ့မှာ ပစ္စည်းတွေ အားလုံးစွန့်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားပြီဆိုတဲ့သတင်းကိုလဲ ကြားရ၊ ဘကွန်းပေးခဲ့တဲ့ ငွေတွေကလဲ ရောက်လာဆိုတော့ တင်တင်ဟာ ဘကွန်းအပေါ်မှာ သူ့အထင်လွဲပြီး ရိုင်းပြခဲ့တာတွေကို ယူကြုံးမရဖြစ်ပြီး အဆိပ်သောက်သေလိုက်တာပါပဲကွာ၊ ငါကတော့ သေပြီး သုံးရက်မြောက်နေ့မှာပဲ ချောက်မြို့ကနေ တင်တင်တို့အိမ်ကိုရောက်တယ်၊ တင်တင်သေတဲ့သတင်းကိုတော့ ချောက်မြို့မှာကတည်းက သိနေပြီကွ၊ တင်တင့်အဒေါ် မတင်ရီတို့ကို တင်တင့်အမေက သံကြိုးရိုက်လိုက်တာကိုးကွ၊ ငါလဲ တင်တင့်အဒေါ်တွေနဲ့အတူ လိုက်လာခဲ့တာပဲ"

ကိုရင်ကြီးသည် ရှင်းပြပြီးနောက် "လာပါကွာ" ဟုဆိုကာ ဘကွန်းလက်သစ်အား ခေါ်ယူ၍ မြင်းလှည်းနှင့်အတူ အိမ်သို့ပြန်ခဲ့လေ၏။ သဘော်ဆိပ်နှင့် များစွာမဝေးသည့် ညစ်ပတ်ပေရေ၍ တဲအိမ်များ ပြွတ်သိပ်နေအောင် ဆောက်၍ထားသော ရပ်ကွက်တစ်ခုအတွင်းသို့ မြင်းလှည်းကို မောင်း၍ဝင်လာလေ၏။ လွန်စွာ ယိုင်နဲ့၍နေသော တဲတစ်လုံးရှေ့သို့ ရောက်လျှင် ကိုယ်လုံးကိုယ်ထည်ကြီးမား၍ ဖြူဖြူဖွေးဖွေး မိန်းမတစ်ယောက်သည် သုံးနှစ်သားအရွယ် ကလေးငယ် တစ်ဦးအား စဥ့်အိုးတစ်လုံးမှ ရေကိုခပ်၍ ဖင်ဆေးပေးနေလေ၏။ ကလေးငယ်သည် ဖင်ဆေးပေးနေသည်ကို တအင်းအင်းနှင့်ငိုလျက်ရှိလေ၏။

"ဘာဖြစ်လို့ ငိုနေတာလဲ" ဟု ကိုရင်ကြီးက မေးလိုက်ရာ ထိုဖြူဖြူတုတ်တုတ် မိန်းမက – "ကာလနာတိုက်နေတာလေ၊ ဒီတစ်မနက်တည်းမှာ သုံးခါရှိပြီ" ဟု ပြောလိုက်လေ၏။

"ဝမ်းပျက်နေပါတယ် ... ပဲဟင်းမကျွေးပါနဲ့ ဆိုတာကို ကျွေးတာကိုးကွ"

"ရှင်ပေးတဲ့အဆံက ပဲဟင်းချက်ဖို့ပဲ ရတာကိုး၊ ပဲဟင်းပဲ ကျွေးမှာပေါ့၊ ကျုပ်က ဘယ်မှာသွားပြီး ... "

"တော်ပါတော့ဟယ်၊ ဧည့်သည်ပါလာပါတယ်၊ ကဲ ... အိမ်ပေါ်တက်လေကွာ" ဟု ဘကွန်းအား အိမ်ပေါ်တက်ရန် ပြောသော်လည်း ဘကွန်းသည် မိမိတက်လိုက်လျှင် အိမ်ကျိုးကျမည်လားဟု တွေးတောရင်း တုံ့ဆိုင်းဆိုင်းဖြစ်၍နေလေ၏။

"ရဲရဲတက်ခဲ့စမ်းပါကွ၊မင်းတက်ရုံနဲ့တော့ ငါ့အိမ်က မကျိုးပါဘူး"

အိမ်ပေါ်တွင် ခြောက်နှစ်အရွယ် ကလေးတစ်ဦး နေမကောင်းဖြစ်၍ စောင်စုတ်ကလေးကိုခြုံကာ တုံးလုံးလှဲနေ၏။ တော်တော်ကြီးကြီး ကလေးနှစ်ဦးမှာ ဇလုံတစ်ခုကို လုရှ်နေကြပြီးလျှင် နောက်ဆုံး၌ ဇလုံသည် တစ်ဦးလက်သို့ပါ၍သွားလေ၏။ ထိုအခါ၌ ဇလုံမရသော ကလေးသည် အော်ငိုလေတော့၏။ ကိုရင်ကြီး၏ တဲစုတ်ကလေးအတွင်း၌ ကလေးငိုသံများဖြင့် ကျွက်ကျွက်ညံလျက် ရှိပေသည်။ တဲအမိုး ခနီများမှာလည်း ပေါက်ပြဲ၍နေသဖြင့် ကြမ်းပြင်ပေါ်သို့ နေပြောက်များ ထိုးလျက်ရှိ၏။

"ကိုရင်ကြီး ကလေးဘယ်နှစ်ယောက်လဲ"

"လေးယောက်တောင်ပေါ့ကွာ၊ လူက ဆင်းရဲရတဲ့အထဲ မိန်းမက ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးတော့တာပဲဟေ့"

"မွေးမှာပေါ့ ..."

ကိုရင်ကြီး၏မိန်းမသည် ပယ်ပယ်နယ်နယ် ပြောချလိုက်မည်ဟု လုပ်ပြီးကာမှ ဧည့်သည်ကို သတိရသဖြင့် အချိန်မီ ဘရိတ်အုပ်လိုက်ခြင်း ဖြစ်ပေသည်။

"မြယဉ်ရေ ... ဟောဒီဧည့်သည်က ကူလီဘကွန်းတဲ့၊ ငါတို့ဘကွန်းကြီးကို အတုယူပြီး ကြိုးစားလိုက်တာ အခုတော့ သူဌေးကြီးဖြစ်နေပြီကွ၊ ဒါကြောင့် ငါတို့ဘကွန်းကြီးကို ကျေးဇူးဆပ်ချင်လို့လိုက်ရှာနေတာ၊ ငါနဲ့ပက်ပင်းသွားတိုးလို့ ခေါ်လာခဲ့တာပဲ"

စောစောက ကျားသစ်မကဲ့သို့မာန်ဖီနေသော ကိုရင်ကြီးကတော်သည် "ဘကွန်း" ဟူသော နာမည်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် စကားဝိုင်းအနီးသို့ ယဉ်ကျေးစွာ ချဉ်းကပ်လာလေ၏။

"ကိုရင်ကြီးက ဘယ်လိုကနေ ဘယ်လို ... " ဟု ဘကွန်းက စကားကို တန်းလန်းကြီး ရပ်၍ထားရာ ကိုရင်ကြီးက "ဘယ်လိုကနေ ဘယ်လို လူထွက်ပြီး မိန်းမရတာလဲလို့ မေးမလို့ မဟုတ်လား၊ အားနာမနေပါနဲ့ကွာ၊ မေးချင်တာ မေးလိုက်စမ်းပါ"

ဘကွန်းသည် ကိုရင်ကြီး၏စကားကြောင့် ပြုံးလိုက်လေ၏။

"ပုဏ္ဏားဘကွန်း နိပ်စက်သွားတာပေါ့ကွာ"

"ရှင် ဒီလိုတော့ မပြောပါနဲ့ . . . အစ်ကိုဘကွန်းက ရှင့်လို ဆရာသမားကိုမပြောနဲ့၊ ရန်သူကိုတောင် အနိုင်ရတဲ့အခါမှာ မနိပ်စက်တော့ဘူး"

"ငါက ရယ်စရာပြောတာပါကွာ၊ ဒီလိုကွ ကူလီဘကွန်းရ၊ ပုဏ္ဏားဘကွန်း အိမ်ကထွက်မယ့်ညမှာ ငါ့ကို ငွေတစ်သိန်းလှူခဲ့တယ်ကွ၊ အဲဒီငွေတစ်သိန်းရတဲ့အခါမှာ လူထွက်ပြီး အိမ်နဲ့နေချင်တဲ့ဆန္ဒတွေ ပေါ်ပေါက်လာတာနဲ့ ချောက်ကိုပြန်ပြီး ဆရာတော့်ဆီမှာ ခွင့်တောင်းပြီး လူထွက်လိုက်တယ်၊ လူထွက်ပြီး ဘာမှ မကြာပါဘူးကွာ၊ တင်တင့်အသုဘကို တင်တင့်အဒေါ်တွေနဲ့ လာခဲ့တာ အဲဒီမှာ မြယဉ်နဲ့ တွေ့တော့တာပဲဟေ့၊ မြယဉ်ရဲ့တဏှာကွန်ရက်ကို ငါ့တပည့်ကြီးပုဏ္ဏားဘကွန်းက ရုန်းထွက်နိုင်ခဲ့ပေမယ့် ငါကတော့ မရုန်းထွက်နိုင်ခဲ့ဘူးကွ"

"ရှင် ဒီလိုတော့ တဏှာကွန်ရက်တွေ ဘာတွေနဲ့ ကြီးကြီးကျယ်ကျယ် စကားမျိုး မပြောပါနဲ့၊ အစ်ကိုဘကွန်းကိုတော့ ကျွန်မဟာ မိန်းမမာယာနဲ့ အမိဖမ်းဖို့ ကြံခဲ့ဖူးပါတယ်၊ ရှင့်လို လူနုံလူအကြီးကိုတော့ ဝေးသေးတယ်၊ ရှင့်ဟာရှင်လာပြီးတိုးတာပါ . . . ရှင့်လိုလူက အစ်ကိုဘကွန်းနဲ့ နှိုင်းပြီး မပြောစမ်းပါနဲ့၊ နားကလောပါတယ်၊ ဟိုက တကယ့်ကို လူသူတော်ကောင်းကြီး၊ ရှင်က နွားအို မြက်နုကြိုက်၊ ဘာဆိုင်လို့လဲ"

မြယဉ်သည် ဆတ်ဆတ်ထိမခံ ပြန်၍ပြောလိုက်လေ၏။ ဘကွန်းသည် ကိုရင်ကြီးအား မိန်းမက ဤမျှအထိ အနိုင်ယူနေသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိလေသည်။ ကိုရင်ကြီးကမူ မြယဉ်ပြောသည်ကို နာရကောင်းမှန်းပင် မသိတော့ပေ။ အသံနက်ကြီးနှင့် တဟဲဟဲ ရယ်မောနေလေ၏။ ထို့နောက် ဆက်၍ ပြောပြန်သည်မှာ - "ငွေတစ်သိန်းဆိုတာ ငြိမ်ငြိမ်ကလေး ထိုင်စားရင်တောင်မှ ဒါလောက်မြွဲသွားဖို့ မရှိပါဘူးကွာ၊ ဒါပေမဲ့ တိုးလာလေမလားလို့ ဟိုဟာလုပ် ဒီဟာလုပ်နဲ့ပဲ တဖြည်းဖြည်း ကုန်ကုန်သွားလိုက်တာ၊ စစ်ကလဲ ဖြစ်လိုက်သေးတာကိုးကွ၊ စစ်ကြီးလဲပြီးရော ငါ့ငွေတစ်သိန်းလဲ တက်တက်ပြောင်တော့တာပဲဟေ့"

"ရှင့်ငွေချည်း ကုန်တာမဟုတ်ပါဘူး၊ ကျွန်မကို အစ်ကိုဘကွန်းပေးသွားတဲ့ ငွေတစ်သောင်းလဲ ပါ,ပါတယ်၊ ဟောဒီ ငွေမတ်စေ့ပဲ ကျန်တော့တယ် . . . အစ်ကိုဘကွန်းဆီက ရတဲ့ အမှတ်တရပစ္စည်း" ဟု ဆိုကာ လည်ပင်းတွင် ဘန်ချည်ကြိုးဖြင့် ဆွဲ၍ထားသော ငွေမတ်စေ့ကလေးအား ထုတ်၍ပြလေ၏။ သားတွဲလဲ ဖြစ်နေသည့်တိုင်အောင် ပုဏ္ဏားဘကွန်း ပြန်၍ပေးလိုက်သည့် ငွေမတ်စေ့ကလေးအား မြတ်နိုးစွာဆွဲ၍ထားသော မြယဉ်အား ကူလီဘကွန်းက ဂရုဏာသက်မိလေ၏။ မြယဉ်က ဆက်၍ ပြောပြန်သည်မှာ - "တင်တင်သေတော့ သူ့လက်ထဲမှာ အစ်ကိုဘကွန်းပေးခဲ့တဲ့ မူးစေ့အပဲ့ကလေးကို ဆုပ်လျက်သား သေသွားရှာတာ၊ ကျွန်မတို့နှစ်ယောက်ဟာ အစ်ကိုဘကွန်းကို ဘယ်တော့မှ မမေ့ခဲ့ပါဘူး၊ တင်တင်ကတော့ ဝဋ်ကျွတ်သွားပြီ၊ ကျွန်မပဲ ကျန်ပါတော့တယ်" ဟု ဆိုကာ မြယဉ်သည် မျက်ရည်များ ကျ၍လာလေ၏။ ကိုရင်ကြီးက မြယဉ်အား ချော့မော့နှစ်သိမ့်ရပြန်၏။

ထိုအချိန်၌ ကိုရင်ကြီး၏မြင်းမသည် မျက်နှာချင်းဆိုင်တဲမှ လှမ်း၍ထားသော အဝတ်ရေစိုတစ်ထည်အား ဆွဲယူပြီး ဝါးသဖြင့် အဝတ်ရှင် မိန်းမကြီးက ...

"အောင်မလေးတော် ... ရှင်တို့မြင်းက ဘယ်လောက်များ ငတ်နေပြီလဲ မသိပါဘူး၊ သူများအဝတ်တွေကို ဆွဲပြီးစားနေပြီရှင့်၊ မြင်းကို ခိုင်းတော့ခိုင်းပြီး အစာတော့ မကျွေးကြပဲကိုး" ဟု ရန်တွေ့လေတော့၏။

"ရှင့်မြင်းကို အစာမကျွေးဘူးလား၊ အစာလဲ မဝယ်ခဲ့ပါလား" ဟု မြယဉ်က ကိုရင်ကြီးအား တိုးတိုးမေးလိုက်လေ၏။

"ဟိုရက်တွေက အစာဖိုးအကြွေးကျန်လို့ ယူလို့မရတော့ဘူးကွ"

"ခက်တော့တာပါပဲရှင်"

"မြင်းထားလို့ ငါတောင် ဒီမနက် ဘာမှ မစားရသေးဘူး" ဟု ကိုရင်ကြီးက ညည်းတွားလိုက်လေ၏။ ဘကွန်းသည် အိမ်ထောင်ဝန်များပိ၍နေသည့် ကိုရင်ကြီးအဖြစ်ကို ကြည့်ကာ ဝမ်းနည်းသလိုဖြစ်သွားမိ၏။ မိမိသည်ပင် ဤမျှအထိ ဝမ်းနည်းပါလျှင် ပုဏ္ဏားဘကွန်းသာ ကိုရင်ကြီးအဖြစ်ကို မြင်ရပါက အဘယ်မျှ ကြေကွဲဝမ်းနည်းလိမ့်မည်ကိုလည်း စဉ်းစားမိလေ၏။

"ဒါနဲ့ ကိုရင်ကြီး ... ပုဏ္ဏားဘကွန်း ထွက်သွားပြီးနောက်မှာ သူ့သတင်းကို တစ်ခါမှ မကြားမိတော့ဘူးလား" ဟု ဘကွန်းက မေးလိုက်မိလေ၏။

"ထွက်သွားပြီး တစ်နှစ်လောက်အကြာမှာ ပဲခူးဘက်မှာ ရှိသလိုလိုတော့ ကြားတယ်ကွ၊ ရှင်းရှင်းပြောရရင် အဲဒီအချိန်မှာ မြယဉ်နဲ့ ရခါစဆိုတော့ သူ့အကြောင်းလဲ သိပ်ပြီး စိတ်မဝင်စားတော့ပါဘူးကွာ၊ မြယဉ်ကတော့ အမြဲစုံစမ်းနေတာပဲ၊ ဒါပေမဲ့ ဘာသတင်းမှ မကြားရတော့ပါဘူးကွာ"

ကုလီဘကွန်းသည် ပျောက်ချင်းမလှ ပျောက်သွားသော ပုဏ္ဏားဘကွန်းအား တွေ့လိုလှပေသည်။ သူ၏ဆရာ ကိုရင်ကြီးကိုယ်တိုင်က မိန်းမရနေပြီဖြစ်၍ ပုဏ္ဏားဘကွန်းအား စိတ်ဝင်စားခြင်း မရှိတော့ဟု ပြောလိုက်သောအခါတွင် ရင်တွင်း၌ ဆို့နင့်သွားလေသည်။

ထိုအချိန်၌ပင် ကြွေးရှင် မိန်းမတစ်ဦးက တဲရှေ့တွင် လာရောက်၍ မတ်တတ်ရပ်ပြီးလျှင် . . .

"ဒီမှာ ကိုရင်ကြီး ... ရှင်ဟာ ဆန်တစ်ပြည်ပေးပါဦး၊ ပဲတစ်ပြည်ပေးပါဦး၊ ကလေးအုပ်ဆေးတစ်ထုတ် ပေးပါဦးနဲ့ ယူ,သာယူသွားတယ်၊ ကြွေးလဲ ဘယ်တော့မှ မဆပ်ဘူး၊ ကျုပ်တို့လဲ ရှိလို့ရောင်းစားရတာ မဟုတ်ဘူးရှင့်"

"အေးဗျာ ဒေါ်အေးရှင် စိတ်မဆိုးပါနဲ့ဗျာ၊ မြင်းလှည်းက ကောင်းကောင်း မဆွဲရလို့ပါ၊ မနက်ဖြန်တော့ ကျုပ်ဆပ်ပါ့မယ်"

"ရှင်ပြောရင် ဒီလိုချည်းပဲ . . . မနက်ဖြန် မနက်ဖြန်နဲ့ ဘယ်တော့ဆုံးမှာလဲ"

ကြွေးရှင်မိန်းမကြီးသည် ခါးထောက်၍ မျက်စောင်းထိုးကာ ပြန်၍သွားလေ၏။

ထိုအချိန်၌ နေမကောင်း၍ တုံးလုံးလဲ့နေသော ကလေးက "အဖေ ဆာတယ်" ဟု ပူဆာလိုက်ရာ ကိုရင်ကြီး၏ မျက်နှာသည် ညှိုး၍သွားသည်ကို ကိုဘကွန်းသတိပြုလိုက်မိ၏။

"ဟောဒီမှာ ကိုရင်ကြီးတို့ သုံးချင်ရာသုံးဖို့ ငွေတစ်ထောင်" ဟု ဆိုကာ ဘကွန်းက ကိုရင်ကြီး၏လက်တွင်းသို့ လက်နှစ်ဖက်ဖြင့် ရိုသေစွာပေးလေ၏။ ကိုရင်ကြီးက မယူဘဲ နောက်သို့ တွန့်သွားလေ၏။

"ယူပါ ကိုရင်ကြီး ... ကျွန်တော့်ကိုလည်း ကိုရင်ကြီးရဲ့တပည့် ပုဏ္ဏားဘကွန်းလို သဘောထားစမ်းပါ"

"အဲဒါကြောင့် မယူရဲတာပေါ့ကွ"

"ဘာဖြစ်လို့လဲ"

"မင်းတို့ဘကွန်း နှစ်ကွန်းစလုံးဟာ တကယ်ဖြစ်အောင်လုပ်နိုင်စွမ်းရှိတဲ့ မင်းယောကျ်ား အာဇာနည်တွေကွ၊ ငါကတော့ ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့လို့ဆိုရလောက်အောင် ညံ့တဲ့ ညှံ့ဖျင်း မဟုတ်လားကွာ"

"ဒီလိုလဲ ဘယ်ဟုတ်မလဲဗျာ"

"ဟုတ်တယ် ဘကွန်း၊ ငါ့တပည့်ကြီးဘကွန်းက ငါ့ကို ငွေတွေပေးသွားတယ်၊ သူပေးသွားတဲ့ငွေတွေဟာ ငါ့လက်ထဲလဲရောက်ရော ဒုက္ခဖြစ်ဖို့ ကိရိယာတွေ ဖြစ်လာတယ်၊ အခုတစ်ခါ မင်းကပေးပြန်ပြီ"

"မဟုတ်ဘူး ကိုရင်ကြီး၊ ငြင်းချင်ရင် ပုဏ္ဏားဘကွန်းပေးစဉ်ကတည်းက ငြင်းသင့်တယ်၊ အဲဒီတုန်းက ငွေဆိုတာ ခင်ဗျားအတွက် အပိုပစ္စည်း၊ အခုမှတော့ မငြင်းနဲ့တော့ ကိုရင်ကြီး၊ အခုအခါမှာတော့ ငွေဟာ ခင်ဗျားအတွက် အလိုအပ်ဆုံးပစ္စည်းဖြစ်နေပြီ၊ ယူစမ်းပါ" ဟု တိုက်တွန်းလိုက်မှပင် ကိုရင်ကြီးသည် တုန်တုန်ရင်ရင်နှင့် ယူလိုက်ပြီးလျှင် "သာဓု ... သာဓု ... သာဓု" ဟု အစချီကာ ရှည်လျားစွာ ဆုကိုပေးလေ၏။ ဆုပေးများကိုရွတ်ဆိုရင်း၌ပင် ကိုရင်ကြီး၏ မျက်လုံးအိမ်တွင်းမှ မျက်ရည်များသည် တပေါက်ပေါက်ကျ၍ လာလေတော့၏။

ဘကွန်းသည် ကိုရင်ကြီးကိုကြည့်၍ အထူးပင် စိတ်မကောင်း ဖြစ်၍သွားလေတော့၏။

"ကဲ ... ကျွန်တော်ပြန်မယ် ကိုရင်ကြီး၊ မြယဉ် ကျွန်တော် ပြန်မယ်၊ ကျွန်တော် ခရီးဆက်ရဦးမယ်၊ မြန်မာပြည်ထဲမှာ ရှိတယ်ဆိုရင်တော့ . . . ကျွန်တော့်ဆရာ ပုဏ္ဏားဘကွန်းကို တွေ့ရမှာ အမှန်ပဲ၊ မတွေ့ တွေ့အောင်ရှာမယ်"

"ရှာပါရှင်၊ တွေ့ရင်လဲ မြယဉ်တို့ကို အကြောင်းကြားပါ၊ မမေ့ပါနဲ့နော်" ဟု ပြောရင်း မြယဉ်သည် ကလေးငယ်ကဲ့သို့ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

"မြယဉ် ... သင်္ဘောဆိပ်ကို လိုက်ပို့လိုက်ဦးမယ်ကွာ" ဟု ဆိုကာ ကိုရင်ကြီးသည် ကူလီဘကွန်းက လိုက်မပို့ရန် အတန်တန် ပြောသည့်ကြားကပင် မရမက လိုက်ပို့လေ၏။ သင်္ဘောဆိပ်သို့ ရောက်သည့်အချိန်မှာ အလောတော်ဖြစ်၍ နေ၏။ ကျွန်ုပ် သင်္ဘောပေါ်သို့ရောက်သည်နှင့် သင်္ဘောလည်း ကမ်းက ခွာလေသည်။

အိမ်ထောင်မှုညွန့်ဖွက်အတွင်း၌ အနှစ်ခံထားရသဖြင့် ချုံးချုံးကျလျက်ရှိသော ကိုရင်ကြီး မဟုတ်သော ကိုရင်ကြီးသည် တံတားပေါ်မှ လက်ပြ၍ ကျန်ရစ်ခဲ့လေတော့၏။

✧✧✧✧✧

## ကူလီပုဏ္ဏားဘကွန်းက သူဌေးကြီးပုဏ္ဏားဘကွန်းအား ရှာဖွေခြင်း

ကူလီဘကွန်းသည် ဖောတံတားပေါ်တွင် လက်ပြ၍ ကျန်ရစ်ခဲ့သော ကိုရင်ကြီးကိုကြည့်၍ စိတ်မကောင်းခြင်းဖြစ်မိလေ၏။ တစ်ခါက ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နေတတ်သော ကိုရင်ကြီးသည် မရယ်နိုင်မမောနိုင်တော့ပေ။ ငရဲတမျှ ကျွက်ကျွက်ညံ၍ နေ့စဉ်နှင့်အမျှ စားရေး၊ နေရေး၊ ဝတ်ရေးတို့အတွက် ပူလောင်နေရသော **ဃရာဝါသ** အဖွဲ့အစည်း ညွှန်ပူအိုင်အတွင်း၌ နစ်မြုပ်၍ နေရရှာပြီဖြစ်၏။

ပုဏ္ဏားဘကွန်းဆိုသူက တိုက်တာအိမ်ခြေ၊ စိန်ရွှေငွေအမြောက်အများကို စွန့်နိုင်စွမ်းရှိသော်လည်း ကိုရင်ကြီးမှာမူ ပုဏ္ဏားဘကွန်းပေးလှူခဲ့သည့် အစွန်းထွက်မျှသော ငွေကလေးကို မစွန့်ပစ်ရက်နိုင်ခဲ့ပုံ၊ ပုဏ္ဏားဘကွန်းက မြယဉ်၏ တဏှာပိုက်ကွန်ကို ဖြတ်တောက်ရုန်းထွက်နိုင်ခဲ့သော်လည်း ကိုရင်ကြီးမှာမူ မိမိအား မဖမ်းမအုပ်ပါဘဲလျက် ပိုက်ကွန်တွင်းသို့ တိုး၍ ဝင်သွားခဲ့ပုံတို့ကို တွေးမိသဖြင့် ပုဏ္ဏားဘကွန်း၏ သံမဏိကဲ့သို့မာကျောခိုင်ခံ့လှသော စိတ်ဓာတ်ကို လေးစား ကြည်ညိုမိလေတော့၏။

ထို့ကြောင့် ပုဏ္ဏားဘကွန်းအား မတွေ့ တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်လေတော့၏။ သန်လျင်ဘက်မှ ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ဘကွန်းသည် သူ၏ လုပ်ငန်းများအား မန်နေဂျာ၊ လူယုံတော် စသည်တို့ဖြင့် လွှဲအပ်ကာ မြန်မာပြည်ရှိ မြို့ကြီးများသို့ တစ်မြို့ပြီးတစ်မြို့ လှည့်လည်၍ ပုဏ္ဏားဘကွန်းအား ရှာဖွေလေတော့၏။

ကူလီဘကွန်း၏ ရှာဖွေပုံမှာ . . . မြို့တစ်မြို့ရောက်လျှင် ရှေးဦးစွာ စာတိုက်သို့သွား၍ ဘကွန်းအမည်ရှိသော သူတို့၏ စာရင်းကို စာပို့သမားများထံမှ မေးမြန်းစုံစမ်း၍ သွားရောက်လေ၏။ ထိုမှတဖန် . . . တစ်မြို့လုံး သတင်းစာဖြန့်ချီရသော သတင်းစာကိုယ်စားလှယ်နှင့် တစ်မြို့လုံးမျက်မှန်းတန်းမိနေသော ဘတ်စ်ကားဂိတ်များ၌ ဘကွန်းအမည်ပါသူတို့ကို မေးမြန်း၍ သွားရောက်တွေ့ဆုံလေ၏။

ဤသို့ပြုလုပ်ပြီးနောက် တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက်၊ တစ်လမ်းပြီးတစ်လမ်း ပိုက်စိတ်တိုက်၍ ဘကွန်းအမည်ပါသူတို့ကို မေးမြန်းစုံစမ်းလေ၏။

ကူလီဘကွန်း ခေါ် ပုဏ္ဏားဘကွန်းလက်သစ်သည် ယခုအခါ သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်၍ နေပေပြီ။ အေးအေးဆေးဆေးဇိမ်ခံနေသင့်ပါလျက် အဘယ်ကြောင့် . . . သဲသဲမဲမဲရှာဖွေနေရပါသနည်းဟုဆိုမူ ပုဏ္ဏားဘကွန်းကြီးအား ကျေးဇူးဆပ်လိုသည်လည်းတစ်ကြောင်း၊ အခြားအကြောင်းတစ်ခုမှာ မူလလက်ဟောင်း ပုဏ္ဏားဘကွန်းသည်ချမ်းသာ ကြွယ်ဝလာအောင် မရမကကြိုးစားခဲ့ပြီး အဘယ်ကြောင့် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်၍ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထွက်၍သွားရပါသနည်း ဆိုသည်ကို သေချာဂန သိလိုလှသည်ကလည်းတစ်ကြောင်းကြောင့် ဖြစ်၏။

မြောက်များလှစွာသော စည်းစိမ်ဥစ္စာကို ဖွဲဆန်ကွဲသဖွယ် သဘောထား၍ စွန့်လွှတ်နိုင်စွမ်းရှိသောသူ၌ စွန့်လွှတ်နိုင်လောက်သော အကြောင်းရှိပေမည်။ ထို့အတူ စွန့်လွှတ်နိုင်လိုက်သော စွမ်းရည်လည်း ရှိပေလိမ့်မည်ဟု ဘကွန်းလက်သစ်က ခိုင်မာစွာ ယုံကြည်နေ၏။ ထို့ကြောင့် မူလပုဏ္ဏားဘကွန်းကို တွေ့အောင်ရှာမည်၊ တွေ့လျှင်မေးမည် ဟူသော ရည်ရွယ်ချက်သည် ယခုအခါ သူ့အတွက် အကြီးမားဆုံး ရည်ရွယ်ချက် ဖြစ်ပေသည်။

ထို့ကြောင့် သူသည် သုံးနှစ်နီးပါးတိုင်အောင် မြန်မာပြည်အနှံ့အပြားကို ငွေကုန်လူပန်းခံ၍ ကိုယ်တိုင်ကိုယ်ကျ ရှာဖွေခဲ့လေသည်။ ထိုသို့ရှာဖွေခဲ့ရာတွင် မြို့တိုင်းမြို့တိုင်း၌ သူခိုးဘကွန်း၊ ဓားပြဘကွန်း၊ လူလိမ်ဘကွန်း၊ ခါးပိုက်နှိုက်ဘကွန်း၊ ဘုရားလူကြီးဘကွန်း၊ ဆယ်အိမ်ခေါင်းဘကွန်း၊ ကားသမားဘကွန်း၊ ဖဲသမားဘကွန်း၊ မြင်းသမားဘကွန်း၊ အရာရှိဘကွန်း၊ ဖာခေါင်းဘကွန်း၊ လူနံ့ဘကွန်း၊ မယားကြောက်ဘကွန်း စသော များစွာသော ဘကွန်းဆိုသူတို့အား တွေ့ခဲ့ပြီးဖြစ်၏။ ထိုအထဲတွင် သူ တွေ့လိုသော ပုဏ္ဏားဘကွန်းဆိုသည့် လူထူးလူဆန်းကြီးကိုမူ တွေ့ဖို့ထား၍ တွေ့နိုင်သော သဲလွန်စကိုပင် မရခဲ့ပေ။ ထို့ကြောင့် . . .

ပုဏ္ဏားဘကွန်းလက်သစ်သည် နောက်ဆုံးရောက်ရှိသော မိတ္ထီလာမြို့မှ မော်တော်ကားတစ်စီးကို ဝယ်ယူပြီးလျှင် ဒရိုင်ဘာတစ်ယောက်အားလည်းငှားရမ်းကာ ရန်ကုန်သို့ ပြန်၍လာလေ၏။

ဤမျှရှာပါလျက် မတွေ့ခြင်းမှာ မူလပုဏ္ဏားဘကွန်းသည် စစ်အတွင်း၌ သေဆုံးပြီဟုသာ ယူဆဖွယ်ရာ ရှိလေတော့၏။ ထို့ကြောင့် . . . ဘကွန်းလက်သစ်သည် ပျောက်သောသူရှာလျင်တွေ့ ဆိုသော စကားကို အားကိုးပြုလျက် လူပင်ပန်း၊ စိတ်ပင်ပန်းခံကာ ရှာဖွေခဲ့ရသောအလုပ်ကို လုံးဝ ရပ်ဆိုင်းလိုက်လေတော့၏။

ပုဏ္ဏားဘကွန်းလက်သစ်သည် ကားနောက်ခန်း၌ထိုင်လျက် မိတ္ထီလာမှ ရန်ကုန်သို့ လိုက်ပါလာလေ၏။ ကားမှာ လွန်စွာပြေးသကဲ့သို့ ဒရိုင်ဘာမှာလည်း ကားမောင်းလွန်စွာကျွမ်းကျင်သည်ဖြစ်ရာ နောက်မှလိုက်ပါလာခဲ့ရသော ပုဏ္ဏားဘကွန်းလက်သစ်အဖို့ကား ပြတင်းပေါက်မှ တိုး၍ တိုး၍ ဝင်လာသောလေအေးကလေးကြောင့် အထူးပင် စည်းစိမ်တွေ့လျက် ရှိပေသည်။

သူ၏စိတ်သည် ပေါ့ပါးလျက်ရှိပေသည်။ နှစ်ရှည်လများ ကြိုးစား၍ ရှာဖွေခဲ့ရသော လုပ်ငန်းတာဝန်ကြီးတစ်ခုသည် ပေါ့ပါး၍သွားပြီဖြစ်သည့်အတွက် စိတ်ညစ်စရာဟူ၍ စဉ်းစား၍ပင် မရနိုင်တော့ပေ။ ထို့ကြောင့် ရန်ကုန်ပြန်၍ ရောက်သည်နှင့် အမျိုးမျိုးသော အဖုံဖုံသော လူ့စည်းစိမ်တို့ကို ခံစားမည်ဟု တွေးတောခဲ့လေ၏။

စည်းစိမ်တကာတို့တွင်လည်း ကာမဂုဏ်စည်းစိမ်ထက် သာလွန်သော စည်းစိမ်ကို မရနိုင်ရာ။ အရွယ်အမျိုးမျိုးသော၊ ရုပ်ရည်အမျိုးမျိုးသော မိန်းမတို့အား ထိုက်သင့်သော လစာရိက္ခာကိုပေး၍ ပေါင်းသင်းခြင်းဖြင့် ကာမဂုဏ်စည်းစိမ်ကို ခံစားမည်ဟု တွေးတောလာလေ၏။

ပုဏ္ဏားဘကွန်းလက်သစ်သည် ကားနောက်ဘက်တွင် ဇိမ်နှင့်လိုက်ပါလာခဲ့ရင်း ဖြူသောမိန်းမ၊ ညိုသောမိန်းမ၊ ဝါသောမိန်းမ၊ ပုသောမိန်းမ၊ ရှည်သောမိန်းမ၊ မပုမရှည်သောမိန်းမ တို့ကို စိတ်ကူးဖြင့် ပေါင်းဖက်၍လာခဲ့လေ၏။

သူဌေးမဖြစ်မီက သူဌေးကြီးဖြစ်အောင် မနေမနားကြိုးစားခဲ့ရသည်။ သူဌေးကြီးဖြစ်သည့်အခါ၌ တစ်စုံတစ်ရာ ပြုလုပ်ဖွယ်မရှိတော့။ အကောင်းဆုံး အစားအသောက်ကို စား၍ လုံချည်ကို တစ်ထည်ပြီးတစ်ထည်လဲ သကဲ့သို့ မိန်းမများကိုလည်း တစ်ယောက်ပြီးတစ်ယောက် လဲလှယ်၍ ပေါင်းဖော်သွားခြင်းသာလျှင် သူဌေးကြီးဖြစ်ရခြင်း၏ အဆုံးစွန်သော အဓိပ္ပာယ်ဖြစ်ပေသည်ဟု တွေးတောမိလေ၏။

ဤသို့နှင့်ပင် ပုဏ္ဏားဘကွန်းလက်သစ်သည် ကားပေါ်တွင် စိတ်ကူးဖြင့် မိန်းမတစ်ယောက်ယူသကဲ့သို့ သူ့အဖော်မော်တော်ကားသည်လည်း တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်၍ လာလေ၏။ ဒရိုင်ဘာသည်အချို့သောမြို့များ၌ ရပ်တန့်၍ မော်တော်ကားကို ရေထည့်ခြင်း၊ ဆီထည့်ခြင်းများ ပြုလုပ်သကဲ့သို့ ပုဏ္ဏားဘကွန်းလက်သစ်သည်လည်း လက်ဖက်ရည်၊ မုန့် စသည်များ မှာယူစားသောက်ခြင်း၊ အပေါ့အပါးသွားခြင်းကို ပြုလုပ်လေ၏။ ရန်ကုန်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူ့အတွက် မိန်းမများကို နာရီမဆိုင်း ရှာဖွေခိုင်းမည်ဟုလည်း စိတ်၌ ပိုင်းဖြတ်ထားလေ၏။

ပုဏ္ဏားဘကွန်းလက်သစ်၏ စိတ်ကူးများသည် စည်းစိမ်ခံခြင်း၊ အပျော်ကြူးခြင်းများသာလျှင် ဖြစ်ပေသည်။ ဤသို့နှင့်ပင် တောင်ငူမြို့ကိုကျော်လွန်ခဲ့လေ၏။ ထိုနေရာ၌ မော်တော်ကားသည် တုံ့ခနဲ တုံ့ခနဲ ဖြစ်ပြီးလျှင် စက်ရပ်၍သွားလေ၏။

"ဘာဖြစ်တာလဲဟေ့" ဟု မေးလိုက်ရာ ဒရိုင်ဘာက . . .

"ဆီပိတ်လို့ပါ ဆရာ" ဟု ပြန်၍ ဖြေလေ၏။

"ကြာမှာလား"

"သိပ်ပြီး မကြာပါဘူးခင်ဗျာ" ဟုဆိုကာ ဒရိုင်ဘာလည်း ကားပြင်ရန်ကိရိယာများကို ယူ၍ ကားအဖုံးကို ဖွင့်လှစ်လေ၏။ ပုဏ္ဏားဘကွန်းလက်သစ်သည် အညောင်းဆန့်ရန်အတွက် ကားပေါ်မှ ဆင်းလိုက်ပြီးလျှင် အညောင်းဆန့်လေ၏။ ကတ္တရာလမ်းပေါ်တွင် နေသည် ခြစ်ခြစ်တောက် ပူပြင်းလှသဖြင့် လမ်းဘေးသစ်ပင်အောက်သို့ဆင်း၍ အရိပ်ခိုရလေ၏။ အရိပ်ခိုသော သစ်ပင်မှာ အရိပ်ကောင်းစွာ မရသဖြင့် သူနှင့် မလှမ်းမကမ်းမှ နေပြောက်မထိုးသော ညောင်ပင်တစ်ပင်၏ အရိပ်သို့ ကူးပြောင်း၍ အရိပ်ခိုပြန်၏။ ထိုမှတစ်ဖန် တောစပ်ဘက်သို့ကြည့်လိုက်ရာ မလှမ်းမကမ်းနေရာ၌ စမ်းချောင်းကလေးတစ်ခုကို မြင်ရလေ၏။ သူ၏ စိတ်သည် စမ်းချောင်းကလေးထံ ရောက်သွားပြန်၏။ စမ်းချောင်းသို့သွားရောက်၍ ခြေလက်ဆေးခြင်း၊ မျက်နှာသစ်ခြင်းများပြုလုပ်ရလျှင် နွမ်းနယ်မှုများ သက်သာလိမ့်မည်ဟုတွေးကာ စမ်းချောင်းကလေးဆီသို့ လျှောက်၍သွားမိပြန်၏။

စမ်းချောင်းကလေးသည် ကြည်လင်သန့်ရှင်း၍ အေးမြလှပေ၏။ ချောင်း၏ တစ်ဖက်တစ်ချက်တွင်လည်း သစ်ပင်ဝါးပင်များ အစီအရီပေါက်ရောက်လျက်ရှိပေရာ လွန်စွာအေးချမ်းလှပေ၏။ ပုဏ္ဏားဘကွန်းလက်သစ်သည် စမ်းချောင်းအတွင်းမှရေကို လက်ခုပ်ဖြင့်ယူ၍ မျက်နှာသစ်ခြင်း၊ ခြေလက်ဆေးခြင်းများကို ပြုလုပ်လိုက်သည်နှင့် ညောင်းညာမှုများ၊ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်သွားပြီးလျှင် အေးချမ်း၍သွားလေ၏။ ထိုနေရာကလေး၌ပင် တရေးတမောလောက်ပင် အိပ်စက်ချင်စိတ်ပေါ်လာလေ၏။ သဘာဝ၏အေးချမ်းမှုကို နှစ်ခြိုက်သဘောကျ၍ သွားလေ၏။

ပုဏ္ဏားဘကွန်းလက်သစ်သည် မော်တော်ကားဆီသို့ ပြန်မည်ဟု စမ်းချောင်းကလေးမှထလိုက်ရာ . . . မလှမ်းမကမ်းတွင် နေပြောက်မျှပင်မထိုးသော တောအုပ်ကလေးကို တွေ့ရလေ၏။ ဘကွန်း၏စိတ်သည် ထိုတောအုပ်ကလေးဆီသို့ ရောက်၍သွားပြန်၏။ ထို့ကြောင့် တောအုပ်ကလေးဆီသို့ သေချာစွာ ကြည့်လိုက်မိလေ၏။

တောအုပ်အတွင်း တစ်ခုသော သစ်ပင်ရင်း၌ ဘုန်းကြီးတစ်ပါးသည် ကိုယ်ကိုမတ်မတ်ထား၍ ထိုင်နေသည်ကို အဝေးမှနေ၍ တွေ့ရသဖြင့် စိတ်ဝင်စား၍သွားလေ၏။ ထို့ကြောင့် စမ်းချောင်းကလေးပေါ်တွင် ဝါးလုံးကလေး သုံးလုံးပူး၍ချည်နှောင်ကာ တံတားခင်း၍ထားသော နေရာမှဖြတ်၍ တောအုပ်ဆီသို့ တဖြည်းဖြည်းလျှောက်၍သွားလေ၏။ တောအုပ်ကလေးမှာ အမြင်အားဖြင့်နီးသော်လည်း မကယ်တမ်းသွားရသောအခါ၌ ထင်သလောက်မနီးပေ။ အတော်ကလေးသွားရလေ၏။

တောအုပ်ဆီသို့ရောက်သောအခါ၌ မိမိအတွက် အနှောက်အယှက် မဖြစ်စေရန်အတွက် ဖိနပ်ကိုချွတ်ပြီးလျှင် ခြေလှမ်းကိုလည်း ဖြည်းညင်းစွာလှမ်းလေ၏။ တောအုပ်မှာလည်း အပေါ်ပိုင်း၌ အရွက်အခက်တို့နှင့် ရှုပ်၍နေသလောက် အောက်ပိုင်း၌ ရှင်း၍ နေ၏။ မြေမှာလည်း သဲမြေဖြစ်ပေရာ လွန်စွာလျှောက်၍ ကောင်းပေ၏။

သပြေပင်အောက်၌ ထိုင်လျက်ရှိသော ဘုန်းကြီးအနီးသို့ တဖြည်းဖြည်း တိုး၍ ကပ်သွားလေ၏။ အနီးသို့ရောက်သည့်အခါ၌ တရားဘာဝနာ စီးဖြန်းနေကြောင်း သိရသည့်အပြင် ခေါင်းပေါ်၌လည်း ဆံကျစ်ကို တွေ့မြင်ရပေရာ . . . ဘုန်းကြီးရဟန်းမဟုတ်ဘဲ ရသေ့ဖြစ်ကြောင်း သိရလေတော့၏။

ဘကွန်းသည် ရသေ့အနီးသို့ကပ်၍သွားပြီးလျှင် လက်အုပ်ချီလျက် ဦးချ၍သာနေလေ၏။ ရသေ့လည်း ဘာဝနာလုပ်ငန်းပြီးသွားသည့်အခါ၌ မိမိရှေ့တွင်ဝပ်လျက် ဦးချနေသောသူအား ချမ်းမြေ့သောအသံဖြင့် မေတ္တာပို့သလေ၏။

ဘကွန်းလက်သစ်လည်း ရသေ့၏ မျက်နှာအားဖူးရန်အတွက် မော့လိုက်ရာ သူ၏ ဘဝတွင် အအံ့သြဆုံး အဖြစ်ကို ကြုံတွေ့ရလေတော့၏။ ကြက်သီးမွေးညင်းများလည်း ထလေ၏။ ရင်၌လည်း တလှပ်လှပ် ခုန်နေ၏။ တစ်ကိုယ်လုံးလည်း နတ်ကျသကဲ့သို့ တဆတ်ဆတ်တုန်၍ နေလေတော့၏။

“ဟင် . . . သူဌေးကြီး ပုဏ္ဏားဘကွန်းပါလား” ဟု ရေရွတ်လိုက်လေ၏။

“ငါ အခု သူဌေးကြီးလဲမဟုတ်တော့သလို ပုဏ္ဏားဘကွန်းလဲ မဟုတ်တော့ဘူး၊ ရသေ့ ပဏ္ဏောသ ဖြစ်နေပြီ” ဟု ဆိုကာ ချ၍ထားသော မျက်လွှာကို ပင့်၍ကြည့်လေ၏။ ကူလီဘကွန်းဖြစ်ကြောင်းကိုလည်း သိရှိသွားလေ၏။ သို့ရာတွင် လွန်စွာအံ့သြခြင်း အမှတ်လက္ခဏာကို မပြပေ။ ကရုဏာနှင့် ယှဉ်သော၊ မေတ္တာနှင့် ယှဉ်သော၊ မုဒိတာနှင့်ယှဉ်သော၊ ဥပေက္ခာနှင့်ယှဉ်သော အပြုံးမျိုးဖြင့်မူ ပြုံးလိုက်လေ၏။

“ရှာနေတာ သုံးနှစ်ရှိပါပြီ၊ ကူလီဘဝကနေ ဆရာသမားရဲ့ အတ္တုပ္ပတ္တိကို ကြားရတဲ့အချိန်ကစပြီး သူဌေးကြီးဖြစ်အောင် ကြိုးစားလိုက်တာ ငါးနှစ်အတွင်းမှာပဲ သူဌေးကြီး ဖြစ်ခဲ့ပါပြီ၊ သူဌေးကြီးဖြစ်တဲ့အခါ ကျေးဇူးဆပ်ချင်လို့ ရှာဖွေခဲ့တာ သုံးနှစ်ရှိပါပြီ၊ ဆရာ့ကို မတွေ့တဲ့အဆုံးမှာ စစ်အတွင်း သေဆုံးခဲ့ပြီလို့ ယူဆပြီး ပြန်ခဲ့ပါတယ်၊ ပြန်တဲ့အခါကျမှပဲ လာပြီးတွေ့ပါတော့တယ်”

ရသေ့ပဏ္ဏောသသည် ကူလီဘကွန်း ခေါ် ဘကွန်းလက်သစ် ပြောနေသည်ကို နားထောင်၍နေသော်လည်း တစ်စုံတစ်ခု ဝင်ရောက်၍ မပြောပေ။ ကူလီဘကွန်းက – “ကိုရင်ကြီးလဲ အိမ်ထောင်ကျပြီး တော်တော်ပဲဆင်းရဲနေပါတယ်ဘုရား၊ သူယူတဲ့ မိန်းမကလဲ တစ်ခြားလူမဟုတ်ပါဘူး၊ မြယဉ်ပါ” ဟု အံ့သြဖွယ်ရာသော စကားကို ပြောသည့်အခါ၌လည်း အံ့သြမှုကို မပြပေ။

“တင်တင်ကတော့ ဆရာသမား အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ထွက်သွားတယ်လို့ ကြားရတဲ့နေ့မှာပဲ အဆိပ်သောက်ပြီး သေလိုက်ပါတယ်ဘုရား၊ တင်တင့်ဂူကိုလဲ တွေ့ခဲ့ရပါတယ်” ဟူ၍ ထိတ်လန့်ဖွယ်ရာ၊ သနားဖွယ်ရာသော စကားကို ပြောသည့်တိုင်အောင်လည်း ရသေ့ပဏ္ဏောသ၏ မျက်နှာ၌ ထူးခြားမှုကိုမပြပေ။

သူ၏မျက်နှာသည် အေးချမ်းနေ၏။ ကြည်လင်နေ၏။ တည်ငြိမ်နေ၏။ ပူလောင်ခြင်းနှင့် ပတ်သက်သောအရာတို့ကို ရသေ့ပဏ္ဏောသ၏မျက်နှာ၌ ကူလီဘကွန်းက ရှာဖွေ၍ ကြည့်မိသည်။ သို့ရာတွင် ပူလောင်မှု အရိပ်အယောင်ကို မတွေ့ရပေ။

“ဆရာနဲ့တွေ့ရအောင် လူပင်ပန်း စိတ်ပင်ပန်းခံပြီး ရှာနေတဲ့သူပါ၊ တပည့်အတွက် အကျိုးရှိမယ့်စကားမျိုးပြောပါဦး” ဟု ကူလီဘကွန်းက တောင်းပန်လိုက်သည်။

“ သံသရာနယ် ခရီးသည်မှာ လွတ်ဖွယ်မျှော်မှီး၊ နေတုံငြီးတွင်၊ **‘ကာကြီး’** ကွယ်၍၊ **‘နငယ်’** ကိုမမြင်ဟု အစချီသော လောကုတ္တရာ တဘောင်ပဟေဠိစကားကို အစချီလျက် နီဝရဏခြောက်ပါးဟုဆိုအပ်သော ဖုံးကွယ်တတ်သည့် တရားခြောက်ပါးအား ‘ကာကြီး’ ဟူ၍ မှတ်။ ထိုကာကြီးကွယ်၍နေသောကြောင့် နငယ်ဟုဆိုအပ်သော ပကတိအေးငြိမ်းသော နိဗ္ဗာန်ကို သတ္တဝါတို့ မမြင်ကြရပုံကို အစချီလျက် ရသေ့ပဏ္ဏောသက ဘကွန်းအား ဟောပြလေ၏။ ရသေ့ပဏ္ဏောသ၏ အသံသည် ကူလီဘကွန်း၏နားကိုသာမဟုတ်ဘဲ နှလုံးအိမ်သို့ပါ အေးချမ်းစေလေ၏။

*မှတ်ချက်။ ။ ယင်းလောကုတ္တရာတဘောင်စကားနှင့် ပတ်သက်၍ အုတ်ဖိုဆရာတော်ဘုရားကြီးက ဖြေဆိုရှင်းလင်းတော်မူခဲ့ပါသည်။ အကျယ်ကိုသိလိုမူ သာစုဟဒယနန္ဒီကျမ်းကို ကြည့်ကြပါကုန်။ စာရေးသူ*

"ဆရာဟာ ပကတိ အေးချမ်းနေတယ်လို့ တပည့်တွေ့ရပါတယ်၊ ဆရာ့ရဲ့ အေးချမ်းမှုတွေဟာ တပည့်ကို ကူးစက်စေပါတယ်"

"တစ်ပါးသူရဲ့ အေးချမ်းမှုကို တစ်ဆင့်ရတာထက် မင်းကိုယ်တိုင်ကော မအေးချမ်းချင်ဘူးလား"

"အေးချမ်းချင်ပါတယ် ဘုရား"

"အေးချမ်းချင်ရင်တော့ ပူလောင်တဲ့အရာဝတ္ထုကို စွန့်လွှတ်ပစ်ရမယ်၊ မီးတောက်ကြီးကို စွန့်လွှတ်နိုင်ပြီး မီးခဲကလေးကို ချန်ထားရင် ပူလောင်မှုဟာ အဆုံးမသတ်သေးဘူး၊ မီးခဲကလေးကနေ မီးတောက်ကြီး ဖြစ်သွားနိုင်တယ် မဟုတ်လား၊ ကိုရင်ကြီးဟာ မီးခဲကလေးကို ဆုပ်ကိုင်ထားမိရာက မီးတောက် မီးပုံကြီးထဲကို ကျဆင်းခံရတာပဲ"

"မှန်ပါတယ်"

"မက်မောခြင်းဟာ နှစ်မျိုးရှိတယ်၊ တစ်မျိုးက ကိုယ့်ကိုယ်ကို မက်မောခြင်း၊ တစ်မျိုးကတော့ တခြားကို မက်မောခြင်းပဲ၊ အဲဒီမက်မောခြင်းနှစ်မျိုးစလုံးဟာ အဖြေကျတော့ အတူတူပဲ၊ ဒုက္ခလို့ အဖြေရတယ်"

"ကောင်းပါပြီ"

"ငါဟာ ဆရာသမားပေါင်းများစွာဆီမှ အထူးသဖြင့် ဆရာတော် သမားတော်ထံမှာ ကျိုးနွံစွာ တပည့်ခံပြီး အေးငြိမ်းခြင်းလမ်းစဉ်ကို မေးမြန်းသင်ယူခဲ့တယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားလို့ဆိုတဲ့ တရားပေါင်းများစွာကို နာယူခဲ့ရတယ်၊ အေးငြိမ်းမှုကိုလိုချင်ရင်တော့ ဆရာကောင်းထံမှာနည်းနာခံပြီး ညွှန်ပြချက်အတိုင်း တစ်သဝေမတိမ်းကျင့်ကြံပါ"

"ပြောပါဦး ဆရာ"

"ပစ္စည်းဥစ္စာမရှိရင် ပူလောင်ရတယ်၊ ပစ္စည်းဥစ္စာ ရှိရင်တော့ ပိုပြီးပူလောင်ရတယ်၊ တစ်ခုက ကိုယ်၏ဆင်းရဲခြင်းဖြစ်စေပြီး တစ်ခုကတော့ စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတယ်၊ ရှိခြင်းနဲ့ မရှိခြင်းရယ်လို့ နှစ်မျိုးနှစ်စားရှိပေမယ့်လို့ အဖြေကျတော့ အတူတူပဲ၊ ဆင်းရဲခြင်းလို့ပဲ အဖြေရတယ်"

"ဟုတ်ပါတယ်"

"ဖိုနဲ့မ ပေါင်းစပ်ခြင်းကို ကြီးမားတဲ့အရသာ၊ မြင့်မြတ်တဲ့စည်းစိမ်လို့ ထင်နေသရွေ့တော့ အေးချမ်းမှုကို မရှာပါနဲ့ဦး၊ အဲဒီကိစ္စကို တိရစ္ဆာန်တွေလည်း ဒီလိုပဲ နားလည်ကြတာပဲ မဟုတ်လား"

"တပည့်သိချင်တာက ဆရာပြောသလိုဆိုရင် တပည့်တော်တို့ဟာ ပစ္စည်းဥစ္စာ ရှိရှိမရှိရှိ ဆင်းရဲနေဦးမယ်ဆိုတာ သိရပါပြီ၊ အဲဒီလို ဆင်းရဲတဲ့အဖြစ်ကို ဘယ်သူက ဖန်တီးနေတာလဲ"

"ရင်ဝမှာ မြားမှန်တဲ့သူဟာ စူးဝင်နေတဲ့မြားကို အမြန်ဆုံးထုတ်ပစ်ဖို့ပဲ အရေးကြီးပါတယ်၊ စူးဝင်နေတဲ့မြားကို ဘာနဲ့လုပ်တာလဲ၊ ဘယ်သူလုပ်တာလဲ၊ မြားကိုပစ်တဲ့လူဟာ အသားဖြူသူလား၊ မည်းသူလား၊ အရပ်မြင့်သူလား၊ နိမ့်သူလား၊ မျိုးရိုးကဘယ်လိုလဲ စသည်ဖြင့် စူးစမ်းနေဖို့ မလိုပါဘူး၊ အဲဒီလိုပဲ ဆင်းရဲ ပူလောင်ခြင်းရဲ့ လက်သည်ကို ရှာနေတာထက် ဆင်းရဲပူလောင်ခြင်းကို မိနစ် စက္ကန့်မဆိုင်းဘဲ ဖြတ်တောက်သင့်တယ်"

"ဆရာဟာ သူဌေးကြီး ပုဏ္ဏားဘကွန်းအဖြစ်နဲ့ ရသေ့ပဏ္ဍောသအဖြစ် ဘယ်ဟာက ပိုပြီးချမ်းသာပါသလဲ"

"ကြွက်နဲ့ဆင်ကို ဘယ်ဟာကြီးသလဲလို့မေးတာမျိုး၊ မြင့်မိုရ်တောင်နဲ့ခြတောင်ပို့ကို ဘယ်ဟာပိုမြင့်သလဲလို့ မေးတာမျိုး၊ တမာနဲ့သကာကို ဘယ်ဟာပိုချိုသလဲလို့မေးတာမျိုးနဲ့တူပါတယ်၊ မနှိုင်းယှဉ်လောက်အောင်ကွာခြားပါတယ်၊ လောဘ၊ ဒေါသ၊ မောဟတရားတွေမှာ စိုက်ပျိုးရင်တော့ တဏှာဆိုတဲ့အပင်၊ မာနဆိုတဲ့အပင်၊ ဒိဋ္ဌိဆိုတဲ့အပင်တွေ၊ ပြီးတော့ ကိလေသာဝဋ်၊ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့အပင်တွေပဲ ပေါက်ပါလိမ့်မယ်၊ ကဲကဲ ... ဒါလောက်ဆိုရင် သဘောပေါက်ပေတော့"

ကုလီဘကွန်းသည် မေးလိုသမျှကို တစ်ခုပြီးတစ်ခုမေးမြန်းလျက်ရှိပေသည်။ ရသေ့ကလေးက မေးသမျှကို အေးချမ်းသောအသံနှင့်ပင် စိတ်ရှည်လက်ရှည် ဖြေဆိုလေ၏။ ရသေ့ကို ကြည့်ရသည်မှာ ပကတိအေးချမ်းလျက်ရှိကြောင်း သိသာပေသည်။ မေးခွန်းပေါင်းများစွာကို ကျေနပ်လောက်အောင် မေးမြန်းပြီးနောက် ကုလီဘကွန်းက ရသေ့အား ဦးချ၍ ပြန်ခွင့်တောင်းလေ၏။

"ကောင်းပြီ ... ပြန်လိုက ပြန်နိုင်ပြီ" ဟု ခွင့်ပေးလိုက်ပြီးလျှင် မျက်စိမှိတ်လျက် ကုလီဘကွန်းအား မေတ္တာပို့သခြင်း ပြုလေ၏။ ကုလီဘကွန်းသည် ရသေ့လေးထံမှထ၍ အေးချမ်းသော တောအုပ်ကလေးကိုဖြတ်ကာ ဝါးတံတားကလေးဆီသို့ ရောက်လာလေ၏။ တံတားကလေး၏ ဟိုဘက်အခြမ်းမှစ၍ နေသည် ခြစ်ခြစ်တောက်ပူပြင်းလျက်ရှိပေသည်။ အေးချမ်းသော တောအုပ်ကလေးနှင့် ဝေး၍လာသည်နှင့်အမျှ တစ်စတစ်စ ပူပြင်း၍လာလေ၏။ ဝါးတံတားကလေးမှနေ၍ ကြည့်လိုက်ရာ မျက်စိတစ်ဆုံး

မိုးကုပ်စက်ဝိုင်းအထိ ခြစ်ခြစ်တောက်ပူပြင်းလျက်ရှိလေ၏။ ရသေ့ကလေးပက္ကောသရှိရာ စမ်းချောင်း၏ တစ်ဖက်မှာမူ သစ်ပင်ဝါးပင်များ၊ တောအုပ်များဖြင့် အေးချမ်းလျက်ရှိလေ၏။

ကူလီဘကွန်းသည် ဝါးသုံးလုံးကို ခင်း၍ထားသော တံတားပေါ်သို့ လှမ်း၍တက်လိုက်ပြီးလျှင် ခြစ်ခြစ်တောက်ပူပြင်းလျက်ရှိသောဘက်သို့ မိမိခရီးဆက်ရမည်ကို တွေးမိလိုက်သည့်ခဏ၌ ရင်တွင်းဝယ် စိုးရိမ်စိတ်များ ဖြစ်ပေါ်၍လာလေ၏။

ထို့ကြောင့် တံတားပေါ်တွင် ခြေစုံရပ်၍ စဉ်းစားနေလေ၏။ ဤတံတားကလေး၏ ဝါးလုံးတစ်လုံးသည် အပူပိုင်းဘက်သို့ ပြန်၍သွားစေနိုင်ရန်လည်း အကျိုးပြုပေသည်။ ရသေ့ကလေးပက္ကောသရှိရာ၏ အအေးပိုင်းဘက်သို့သွားရန်လည်း အကျိုးပြုပေသည်။ ဤဝါးလုံးကလေးသုံးလုံးကား . . .

လောဘ၊ ဒေါသ၊ မောဟတရားအဖြစ်နှင့်လည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟတရားအဖြစ်နှင့်လည်းကောင်း၊ တင်စားနိုင်ပေသည်။ တံတားပေါ်သို့ ရောက်သူသည် မိမိကြိုက်နှစ်သက်ရာလမ်းကို မိမိကိုယ်တိုင် ရွေးချယ်နိုင်ခွင့်ရပေသည်။

ကူလီဘကွန်းသည် တံတား၏ အလယ်တွင် ရပ်လျက် လေးနက်စွာ စဉ်းစားနေလေ၏။

ရှေ့ဆက်ရမည်လော ... နောက်ဆုတ်ရမည်လော။

အပူလော ... အအေးလော။

အဆင်းလော ... အတက်လော။

ချမ်းသာတုလော ... ချမ်းသာစစ်လော။

အမှောင်လော ... အလင်းလော။

ပြဿနာလော ... အဖြေလော ဟူသည်တို့ကို လေးလေးနက်နက် စဉ်းစားနေ၏။ တစ်ခုနှင့်တစ်ခု အားပြိုင်လျက်ရှိနေကြ၏။ ကူလီပုဏ္ဏားဘကွန်း ခေါ် သူဌေးကြီးပုဏ္ဏားဘကွန်းလက်သစ်သည် ကျောက်တိုင်ကြီး စိုက်ထူထားသကဲ့သို့ ဝါးလုံးသုံးလုံးဖြင့်ပြုလုပ်ထားသော ဝါးတံတားကလေး၏ အလယ်တည့်တည့်တွင် တည်ငြိမ်စွာရပ်လျက်ရှိလေ၏။ သို့ရာတွင် သူ၏စိတ်သည် ကျွမ်းကျင်သောရက်ကန်းသည်မ၏လက်သို့ရောက်သော ရက်ကန်းလွန်းကဲ့သို့ ဟိုဘက်သည်ဘက်ကို လျင်မြန်စွာ ပြေးလွှားလျက် ရှိလေတော့သတည်း။

? ? ? ? ?

နင်နှင့်မဆိုင်

နင်ပိုင်မဟုတ်

နင့်ရုပ် နင့်နာမ်

နင့်သဏ္ဌာန်ကို

နင့်ဉာဏ်မစူး

အပေါ်ဖြူး၍

မူးမူးမေ့မေ့

အများလေ့ဖြင့်

နေ့ရက်အပုံ

လွန်ခဲ့တုံပြီ။

**လယ်တီဆရာတော်**

**တဏှာဘုရင်**

**နင့်သခင်၏**

**လိုအင်လိုက်လျော**

**မိုက်သဘောနှင့်**

**မိုက်ဇောရေတွေ**

**မွှန်၍နေသော်**

**လှိုင်းလေပြင်းပြ**

**ပင်လယ်ဝ၌**

**မျောရမည်မှာ**

**မလွဲရာတည်း။**

**လယ်တီဆရာတော်**

**တပန်းဟိုက်ဟိုက်**

**တရှိုက်ငင်ငင်**

**တငြင်ငြီးငြီး**

**ဆင်းရဲပိုလျက်**

**ထိုထိုဘဝ**

**အနန္တလျှင်**

**အစ မဆုံး**

**အများထုံးတည့်**

**အနှုန်းမပျက်**

**အောက်နရက်ဝယ်**

**တစ်သက်နွယ်နွယ်**

**အမြစ်တွယ်သို့**

**အပါယ်ထိုထို**

**ဥဒဟိုသည်**

**နင်လိုလူမိုက် သွားလမ်းတည်း။**

**လယ်တီဆရာတော်**

## ပုဏ္ဏားဘကွန်း နောက်ဆက်တွဲ

လေးစားအပ်သော စာဖတ်သူခင်ဗျား … ပုဏ္ဏားဘကွန်းဝတ္ထုသည် ကူလီပုဏ္ဏားဘကွန်း ဝါးတံတားပေါ်၌ စုံရပ်လျက် စဉ်းစားနေသော နေရာ၌ပင် ပြီးဆုံးပြီဖြစ်ပါသည်။ တံတားပေါ်တွင် စုံရပ်လျက်စဉ်းစားနေရာမှ ဒီမှာဘက်သို့ ပြန်လာခဲ့ပါမူ သူ၏ကားပေါ်သို့တက်ကာ ထိုင်လိုက်ပြီးလျှင် ရန်ကုန်သို့ပြန်၍ ရောက်သည်နှင့် မူလက စိတ်ကူးယဉ်လာခဲ့သည့်အတိုင်း လူ့လောကကြီး၏ စည်းစိမ်ချမ်းသာများကို အပြည့်အဝ ခံစားရပေလိမ့်မည်။ ထိုသို့မဟုတ်မူပဲ မူလပုဏ္ဏားဘကွန်း ခေါ် ရသေ့ကလေး ပက္ကောသဆီသို့ ပြန်၍သွားပါကလည်း ရသေ့ကလေးပက္ကောသကဲ့သို့သော လောကီနှင့် မစပ်သော ချမ်းသာမျိုးကို တွေ့ရှိနိုင်ပေလိမ့်မည်။

ကူလီဘကွန်းမည်သည့်ဘက်သို့ ဆုံးဖြတ်လိုက်သည်ကိုမူ ကျွန်ုပ်အနေနှင့် ဖော်ပြလိုခြင်းမရှိပါ။ စာဖတ်သူတို့ကိုယ်တိုင် တွေးတော၍ ကြိုက်နှစ်သက်သလို ယူဆရန်သာ ဖြစ်ပါသည်။ သို့ရာတွင် အောက်၌ ဖော်ပြလတ္တံ့သော အဖြစ်အပျက်များကြောင့် ဤ “ပုဏ္ဏားဘကွန်း နောက်ဆက်တွဲ” ကို ရေးသားရခြင်း ဖြစ်ပေသည်။

စာရေးသူ

## ဒရိုင်ဘာတစ်ဦး၏ ပြောပြချက်

မန္တလေး – ရန်ကုန် အဝေးပြေး ဘတ်စ်ကားဒရိုင်ဘာကိုသာတင့် ဆိုသူသည် တစ်ခါက ညောင်လေးပင်အလွန်တွင် မော်တော်ကားရုပ်ကျိုးရာမှအစ လမ်းဘေးချောက်တွင်းသို့ ထိုး၍ ကျသွားဘူးသည်ဆို၏။ အချိန်မှာ ညဆယ်နာရီနီးပါးရှိပြီဖြစ်၍ ကူညီမည့်သူလည်း မရှိဘဲ ကားပေါ်၌ပင် ထိုင်၍နေရလေ၏။ စပယ်ရာမှာလည်း တောင်ငူကျမှ ဝင်၍ခေါ်ရမည်ဖြစ်ရာ ထိတ်လန့်စွာဖြင့် နေရလေ၏။ ချောက်တွင်းသို့ကျခဲ့စဉ်က ဒဏ်ရာတစ်စုံတစ်ရာ မရရှိခဲ့သည်ကိုပင် တော်ပေသေးသည်ဟု အောက်မေ့မိလေ၏။ ထမင်းလည်း ရွှေ့ကျမှစားမည်ဟု မစားဘဲထွက်လာခဲ့ရာ လွန်စွာဆာလောင်မွတ်သိပ်လှပေ၏။ ရေငတ်ခြင်း၊ ထမင်းဆာခြင်း၊ လူဆိုးဓားပြတို့၏ရန်ကို ကြောက်ရခြင်း ဒုက္ခအပြင် ဆေးလိပ်မသောက်ရသဖြင့် ခံတွင်းချဉ်သောဒုက္ခကပါ ဖိစီးလျက်ရှိသည် ဆို၏။

ထိုအချိန်၌ တောစပ်ကလေးဘက်မှ မီးအလင်းရောင်ပျပျကလေးကို တွေ့ရသဖြင့် လုဖို့ယက်ဖို့များ လာလေပြီလားဟု အောက်မေ့ကာ မော်တော်ကား ဟင်တယ်ကြီးကိုကိုင်ပြီး အသာ အရိပ်အခြည်ကို ကြည့်၍ နေလေ၏။ ပျပျမှုမြင်ရသော မီးရောင်ကလေးသည် တစ်စထက်တစ်စ နီးကပ်လာသဖြင့် သူက အိပ်ချင်ဟန်ဆောင်နေလေ၏။ ထိုအခါ၌ လူနှစ်ယောက်သည် အနီးသို့ရောက်လာပြီးလျှင် သူတို့၏ မှန်အိမ်ကို မြှောက်၍ကြည့်ပြီးနောက် တစ်ယောက်သောသူက . . .

“ချမ်းသာပါစေ” ဟု မေတ္တာပို့လေ၏။

“ဒဏ်ရာတွေဘာတွေတော့ မတွေ့ပါဘူး၊ မေ့များနေတာလား … ရေနဲ့မျက်နှာကို ဖျန်းကြည့်မယ်” ဟု ဆိုကာ ရေနှင့် ဖျန်း၍ကြည့်လေ၏။ ထိုအခါ၌ ဒရိုင်ဘာလည်း အိပ်ချင်ဟန်ဆောင်နေရာမှ ထ၍ကြည့်လိုက်ရာ လွန်စွာဥပဓိရုပ်သန့်ပြန့်သော ရသေ့ကလေးနှစ်ဦးကို တွေ့ရသည်ဆို၏။ ထိုရသေ့နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး အသက်အားဖြင့် ရွယ်တူခန့်ပင် ရှိကြပေ၏။

ရသေ့များသည် ဒဏ်ရာ ရ,မရ မေးကြပြီးလျှင် ငှက်ပျောသီးကို ကျွေး၏။ ရေဘူးမှ ရေကိုတိုက်၏။ ထို့နောက် ဆေးလိပ်နှင့် ယမ်းမီးခြစ်တစ်လုံးကိုပင် ပေးခဲ့ပြီးနောက် ရသေ့နှစ်ဦးသည် “သဗ္ဗေသတ္တာ ကမ္မဿကာ” ဟု ရေရွတ်ကာ ထွက်ခွာသွားကြလေတော့၏။

ဒရိုင်ဘာသည် အတော်ကြာအောင် ထိုင်၍နေပြီးနောက် ကျေးဇူးရှင် ရသေ့နှစ်ဦးအား ကားပေါ်မှဆင်းကာ ထိုင်၍ ဦးချလေ၏။ ရသေ့နှစ်ဦးမှာမူ ဒရိုင်ဘာ ဦးချကန်တော့သည်ကို မသိတော့ပေ။ ကျောခိုင်း၍ ထွက်ခွာသွားကြပြီဖြစ်၏။

ရသေ့တစ်ဦးသည် မှန်အိမ်နှင့်တောင်ဝှေးကို ကိုင်ဆောင်၍ ရသေ့တစ်ဦးမှာမူ . . . ဆိုင်းထမ်းကို ထမ်းလျက် အေးဆေးတည်ငြိမ်စွာ လျှောက်သွားလေတော့၏။

## ဓားပြတိုက်ခံရသော ခရီးသည်တစ်စု

ရှမ်းပြည်နယ် အောင်ပန်းမြို့နှင့် မနီးမဝေး၌ 'ဝက်ဖြူရေ' ဟုခေါ်သော တောင်ပေါ်လမ်းတစ်ခုရှိ၏။ တစ်ချိန်က ထိုနေရာတစ်ဝိုက်တွင် ဓားပြများ လွန်စွာပေါများခဲ့လေသည်။

တစ်နေ့သ၌ မော်တော်ကားတစ်စီးကို ဓားပြများကတား၍ ဓားပြတိုက်ရာ ကားသမားက ရပ်မပေးသဖြင့် ဓားပြများက သေနတ်ဖြင့် ပစ်ခတ်ကြရာ ခရီးသည်များ ဒဏ်ရာရကြလေ၏။ ခရီးသည်တို့သည် ဒဏ်ရာများနှင့် ညည်းညူနေကြစဉ်တွင် ရသေ့ကလေးနှစ်ဦးရောက်လာပြီး ဒဏ်ရာများကို ပတ်တီးစည်းပေးခြင်း၊ ရေတိုက်ခြင်း၊ ငှက်ပျောသီး၊ ထန်းလျက် စသည်တို့ ကျွေးမွေးခြင်းကို ပြုသည့်အပြင် "သဗ္ဗေသတ္တာ ကမ္မသကာ" ဟု ရေရွတ်ကာ ထွက်၍သွားကြလေ၏။ ရသေ့ကလေးနှစ်ဦးသည် သက်တူရွယ်တူခန့်ရှိ၏။ တစ်ဦးက ဆိုင်းထမ်းကို ထမ်းလျက်၊ တစ်ဦးက မှန်အိမ်နှင့်တောင်ဝှေးကို ကိုင်ဆောင်လျက်ရှိသည်ကိုမူ ခရီးသည်တိုင်း အမှတ်ရမိကြလေ၏။

ဤနည်းနှင်နှင်ပင် ရခိုင်ရိုးမအနီး၌ ဒဏ်ရာရ၍ လူအုပ်ကွဲသွားသော တပ်မတော်သား တစ်ဦးသည် လည်းကောင်း၊ ဆင်ဖမ်းအဖွဲ့သည်လည်းကောင်း၊ သစ်တောဌာနမှ တောအုပ်တစ်ယောက်နှင့် တောခေါင်းတို့သည် လည်းကောင်း၊ ပြည် ပေါက်ခေါင်း အလယ်ရိုးမအနီး၌ မုဆိုးသားအဖသည် လည်းကောင်း ဒုက္ခရောက်နေစဉ်၌ ရသေ့ကလေးနှစ်ဦးရောက်လာ၍ ကူညီပုံ၊ အစာရေစာ ကျွေးမွေးပုံတို့နှင့်တကွ ရသေ့ကလေးနှစ်ဦးသည် တစ်ဦးက ဆိုင်းထမ်းကို ထမ်းလျက်၊ တစ်ဦးက မှန်အိမ်နှင့်တောင်ဝှေး ကိုင်ဆောင်ကြပုံမှာလည်း တူညီကြပေသည်။

ထို့အပြင် . . . ၎င်းတို့သည် ထွက်ခွာသွားသည့်အခါမှာလည်း အောက်ပါအတိုင်းချည်း ရွတ်ဆိုသွားကြသည်ဟု ဆို၏။

"သဗ္ဗေသတ္တာ ကမ္မသကာ"

ထို့ကြောင့် အရှေ့ရိုးမဟု ခေါ်သော ရှမ်းရိုးမ၊ အလယ်ရိုးမဟု ခေါ်သော ပဲခူးရိုးမနှင့် အနောက်ရိုးမဟု ခေါ်သော ရခိုင်ရိုးမ တောင်တန်းကြီးများနှင့် ထိုတောင်တန်းကြီးများနှင့် ဆက်စပ်လျက်ရှိသော တောအုပ်တောစပ်များအတွင်း လှည့်လည်၍ သွားလာကာ ကျင့်ကြံအားထုတ်လျက်ရှိသော ရသေ့ကလေးနှစ်ဦးရှိသည်ဟူ၍ ... ကိုယ်တွေ့ကြုံဖူးသူများ ယုံကြည်ကြပေသည်။

အကယ်၍ . . . ထိုနှစ်ဦးသည် တစ်ဦးက ပုဏ္ဏားဘကွန်း ခေါ် ရသေ့ကလေး ပဏ္ဏောသ ဖြစ်သည်ဆိုလျှင် ကျန်တစ်ဦးမှာ မည်သူဖြစ်မည်ဟု လေးစားအပ်သော အသင်စာရှုသူများက ထင်မြင်ကြမည်နည်း။



**သဗ္ဗေသတ္တာ ကမ္မသကာ**

**မင်းသိခ်**